
www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

# လမ်းခွဲမှာ . . . လမ်းခွဲမှာလားကွယ်

ဒုတိယအကြိမ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

# လမ်းခွဲမှာ . . .လမ်းခွဲမှာလားကွယ်

ပထမအကြိမ် ၁၉၈၅ခုနှစ်၊ဧပြီလ
ဒုတိယအကြိမ်၂၀၀၆ခုနှစ်၊အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၂၄၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၉၉၀၆၀၉

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၆ ခုနှစ် အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ချင်လှပြီ။

မမ "ဝသန်"ကလည်း နေမကောင်းနိုင်သေး။ အိမ်ရာပေါ်မှ လုံးဝမထနိုင်သော အစ်မ လှနုကိုပစ်၍ ရန်ကုန်ပြန်ရန်လည်း မဖြစ်နိုင်။

လှနုဝပြုစုရန် ရောက်လာရသည်ဆိုပါလျက် ပက်လက်လူမမာကို ထားခဲ့၍မကောင်း။ မကောင်းဆိုသည်ထက်ကို မထားခဲ့ရက်ဟု ပြောရပါလိမ့်မည်။ ဆွေမျိုးကလည်း အရင်းအချာ။ သူတို့မှာလည်း ဒုက္ခတွေဝေနေချိန်။ "ပန်းဝေသီ" အနေနှင့်လည်း အားလပ်ရက်များမို့ အိမ်သို့ ဘယ်နည်းနှင့်မှ ပြန်၍ မသင့်လျော်ပါ။

ရောက်စကတော့ ရတနာမြေ၏ သာမောဖွယ်ပြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ပန်းဝေသီကို ဖမ်းစားနိုင်ခဲ့သည်။ ရေကန်ကြီးပတ်လည်မှာ တည်ထားသော ချိုင့်ဝှမ်းတွင်းမှ မြို့ရှခင်း။ မြင့်မတ်သော ကျောက်တောင်များ။ ကောက်ကွေ့ဝေ့ဝိုက်နေသော တောင်တက် တောင်ဆင်းလမ်းသွယ်များစွာတို့ကို ပန်းဝေသီ နှစ်ခြိုက်နေမိသည်။

ယခုတော့ မြင်ရဖန်များလာ၍လား မသိ။ မြင်ကွင်းတို့သည် မစိမ်းတော့၊ မဆန်းတော့။

ရတနာမြေသည် အနေကြာလာသောအခါ အရာရာတိုင်းသည် ရင်းနှီးနေသည့်သို့ရှိလာသည်။

မြင်ကွင်းဆန်း၏ ဖမ်းစားမှု လျော့နည်းလာချိန်မှာ . . .

ဤအိမ်၏ ငြိမ်းချမ်းမှုအဆီအငေ့ကြ ပို၍ကြီးစိုးလာတော့သည်။

ဤ ရတနာမြေဆိုသော "မိုးကုတ်"မြို့ရှိ ဘဘ "ဦးမျိုးခန့်"၏ တိုက်နှင့်ခြံကြီးမှာ ပန်းဝေသီ နေရသော ရန်ကုန်မှအိမ်ထက် အဆများစွာ ကျယ်ဝန်းပါသော်လည်း . . . .

ပန်းဝေသီအဖို့ ဤတိုက်ကြီးမှာ လွတ်လပ်ခြင်းကင်းမဲ့နေသည်။ ဘယ်လိုပင် ကျယ်ဝန်းပါစေ၊ ကိုယ့်တစ်ယောက်စာအတွက်တော့ ကျဉ်းမြောင်းလှချေသည်။

ဖေဖေ၏ အစ်ကိုအရင်း ဘဘ ဦးမျိုးခန့်၏ တိုက်ကြီးသို့ အဖိတ်ခေါ်ခံ ဧည့်သည်အဖြစ်နှင့်ရောက်ရှိနေရသည့်တိုင် သည်မှလာမီ ကာလဆီက မှာကြားလိုက်သော စကားသံတို့က ပန်းဝေသီ၏ စိတ်နှင့်ခန္ဓာကို အနေကျုံ့စေသည်။ စိတ်လွတ်ကိုယ်လွတ် နေထိုင်ခွင့်ရခြင်း





များကို ဖွဲ့ချွေယူငင်ထားလိုက်သည်သို့ ရှိပါ၏။

"ကိုယ့်ဘဘအိမ်ဆိုပေမယ့် "မောင်မိုးစွေ" ပြဿနာက မသေးဘူးနော် သမီး"

"ဟိုအိမ်မှာ နေထိုင်ရတဲ့ အချိန်တိုင်းမှာ သတိဝီရိယနဲ့နေပါ .. နောက်ဆုံးအိမ်ချိန်မှာတောင် ကိုယ့်အခန်းတံခါး လုံလုံခြုံခြုံရှိရဲ့လားလို့ စစ်ဆေးပြီးမှအိပ်နော် သမီး"

အထပ်ထပ် မှာကြားလိုက်သော ဖေဖေ၊ မေမေတို့၏စကားက အမြဲတစေလွှင့်ထုတ်နေသော သံစဉ်လိုင်းများလို ပန်းဝေသီ ထာဝရကြားနေရသည်။

ကိုမိုးစွေဆိုသော ပဟေဠိအပြည့်နှင့် လူကို ပန်းဝေသီ တိတ်တခိုးကြည့်ရသည်မှာ အမော။

ကိုမိုးစွေကတော့ ပန်းဝေသီကို ရင်မဆိုင်ချင်စရာ သတ္တဝါ တစ်ကောင်လို သူက ရှောင်ရှောင်သွားတတ်သည်။

ပန်းဝေသီကတော့ ကိုမိုးစွေဟာ ဘာလဲ၊ ဘယ်လိုလူလဲ ဟူ၍ အကြီးအကျယ် သိချင်နေမိသည်။

နှစ်ထပ်တိုက်ကြီးတစ်လုံးအတွင်းမှာ အတူနေထိုင်ရသော်လည်း တစ်ခါတစ်ရံ သုံးရက်လောက်ကြာအောင် တစ်ယောက်နှင့်တစ်ယောက် ဆုံခွင့်မရကြ။

သူသည် လူသားအားလုံးနှင့် ကင်းဝေးအောင် ကြိုးစား၍ နေထိုင်နေပုံရသည်။ သူ့မိဘများနှင့်ပင် မိသားစု စကားဝိုင်းမျိုး တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မှ မမြင်ရဖူးပါ။

သူ့မိဘဆိုသည်မှာ ဘဘ ဦးမျိုးခန့်နှင့် ကြီးကြီးဒေါ်ငြိမ်းငြိမ်းထွေးတို့ ဖြစ်ကြသည်။

ပန်းဝေသီနှင့်တော့ ဘသွေးမှမစပ်။

ကိုမိုးဇွေ ငါးနှစ်သားအရွယ်က သားသမီး မထွန်းကားသေးသော ဘဘတို့ဇနီးမောင်နှံက ကောက်ယူ မွေးစားထားသောသား ဖြစ်လေသည်။

"ကောက်ယူမွေးစားသည်"

ဆိုသောစကားမှာ. တိကျမှန်ကန်လှပါပေသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ် ကာလဆီက ဘဘနှင့် ကြီးကြီးတို့ မိုးမိတ်မြို့မှ လဲန်ရိဗာကားနှင့် ပြန်အလာ ရွာင် မိုးတွေရွာနေသည့် တောလမ်းဘေး၌ ရှိုက်ကြီးတငင်ငိုနေသော ကလေးငယ်တစ်ယောက်ကိုတွေ့ရှိရ၍ အိမ်သို့ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

သည်ကလေး၏အကြောင်းကို ရတနာမြေ ဝန်းကျင်တစ်ခုလုံးသာမက မန္တလေးသို့တိုင် ဆင်းပြီးစုံစမ်းသည်။ မန္တလေးဗုတ်ဟုံသာဝတီသတင်းစာမှနေ၍ ကလေးတစ်ယောက် ကောက်ရထားကြောင်း ကြော်ငြာသုံးကြိမ်တိတိထည့်သည်။

ဘယ်သူတစ်ယောက်မှ လာရောက်ဆွေးနွေး တောင်းခံခြင်းမပြုကြ။

ကလေးကို မေးတော့လည်း ဘာမှ ရေရေရာရာမပြောနိုင်ရှာ။





"မငြိမ်းရေ - -ကလေးရောက်လာတာ ဆယ်ရက်ရှိပြီ - - မိဘနဲ့ပိုင်ရှင်လဲ မပေါ်ဘူး။ တို့မှာလဲ သားသမီး မထွန်းကားသေးလို့ ဒီကလေးကို ကိုယ်တို့ပဲ မွေးစားကြရအောင်လား"

"ကျွန်မကလဲ ဒီစကားပြောချင်နေတာပါပဲ - - - ကိုမျိုးခန့်မကြိုက်မှာစိုးလို့ - - ကလေးက သနားစရာ ချစ်စရာလေးရှင် - -"

"ကဲ - - -ဒါဖြင့်ပဲ ဒီနေ့ကစပြီး တို့သားပေါ့ကွာ - -"

"စတွေ့တာ ကြာသပတေးနေ့ - - -မိုးလေးကလဲ တဖွဲဖွဲရွာနေ ဇွေနေတုန်းတွေ့ရလို့ သားလေးနာမည်ကို "မောင်မိုးဇွေ" လို့ပေးကြရအောင်လား"

ဦးမျိုးခန့်နှင့်ဒေါ်ငြိမ်းငြိမ်းထွေးတို့၏ သားအဖြစ် အသိအမှတ်ပြုပွဲကို တခမ်းတနားကျင်းပပြီး ရေနေမှုများနှင့်တရားဝင်အမွေစားအမွေခံသားအဖြစ် မွေးစားလိုက်ကြလေတော့သည်။

သည့်နောက်မှာတော့ မမဝသန် မွေးဖွားသည်။

နောက်တမိုးတွင်းမှာတော့ အမြွှာညီအစ်မနှစ်ယောက်ကို ရရှိခဲ့ကြသည်။ ဤအမြွှာညီအစ်မ၏ အမည်များကတော့ - - -

"ပန္နက် နဲ့ အမြွှန်တဲ့"

နောက်ထပ် ရရှိလာကြသည်ကလည်း သမီးလေးတွေချည်းမို့ ကိုမိုးဇွေကို ချစ်မြတ်နိုးခဲ့ကြသည်ဟု ပန်းဝေသီ ငယ်စဉ်က ကြားဖူးခဲ့သည်။

ယခုတော့- - -ကိုမိုးဇွေ ဟူသည်မှာ ပြဿနာအများဆုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့်လူဖြစ်နေလေပြီ။

သူပြဿနာများ၏ နောက်ပိုင်းတွင် သူသည် ပယောင်းဆန်စွာ နေထိုင် လှုပ်ရှားနေသူတစ်ယောက် ဖြစ်လာတော့သည်။

ပတ်ဝန်းကျင်ဟူသည် သူနှင့် ပတ်သက်ဆက်နွယ်စကောင်းသော ကိစ္စမဟုတ်ဟု ခံယူထားလေသလား မသိ။

ကိုမိုးခွေ...မည်သူ့ကိုမျှ စကားမပြောတော့။

သူ့ဘဝ၏ ရက်ပေါင်းများစွာကို အထီးကျန်ဘဝဖြင့် ကုန်ဆုံးနေစေသောသူ...

ဟူ၍ သည်အိမ်သို့ရောက်စကပင် ပန်းဝေသီ အကဲခတ်မိပါ၏။

မေမေတို့ကလည်း ဘာမှ သွေးမတော် သားမစပ်ရုံမက အတိတ်ဆိုးနှင့်လူ့အတွက် စိတ်ပူစွာဖြင့် တဖွဖွ မှာကြားလိုက်သော စကားကိုလည်း ပန်းဝေသီ မမေ့ပါ။

စိတ်ဆိုတာကလည်း ဆန်းပြားသား

သူ့ကို ရှုံ့ရှာကြောက်ရွံ့စွာ ရှောင်ရှားနေပါလျက်နှင့် သူ၏ဖြစ်စဉ်များကို သိချင်နေမိသည်။ သူ ဘာတွေလုပ်ခဲ့လို့လဲ။ အခုသူ ဘာတွေလုပ်နေသလဲ။ နောက်ဆုံး သူ ဘာတွေခံစားနေရသလဲကအစ ပန်းဝေသီ သိချင်နေမိသည်။

အကြောင်းစုံစွာ သိခွင့်ရလာစေချင်မိသည်။ သူနှင့်ဆုံလေတိုင်း သူက မျက်နှာလွှဲသွားပါလျက်နှင့် ကိုယ်ကလိုက်၍ ကြည့်



BURMESE CLASSIC



နေမိသည်။ မိမိ၏ ခိုးကြောင်ခိုးဝှက် သိချင်စိတ်များကို အိမ်သားများ သိသွားမှာတော့ စိုးရိမ် ရက်ရွံ့မိသား။ အထူးသဖြင့် ကိုမိုးခွေကိုယ်တိုင်ပေါ့လေ...။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ပန်းဝေသီကိုလဲ မမဝသန့် အားနာလှပါပြီ ကွယ် . . အခုလို ဒုက္ခိတဘဝကြီးနဲ့ အိပ်ရာထဲမှာနေပြီး အားလုံးကို ဒုက္ခ ပေးနေမယ့်အစား သေသွားတာကကောင်းပါတယ် . . . မမဝသန့် သေချင်လှပါပြီ . . . အမြန်ဆုံး သေပါရစေတော့"

"မငိုပါနဲ့ မမဝသန့်ရယ် . . . ပန်းဝေသီကိုလဲ ဘာမှ အားမနာပါနဲ့ . . . မမဝသန့်ကို ပြုစုဖို့အတွက် ပန်းဝေသီ ဒီအိမ်ကို ရောက်လာတာပဲဟာ"

"ညီမလေးကို ခေါ်ညှင်းပြီး အကျဉ်းချထားသလိုပဲ"

"ဟာ . . . မဟုတ်တာ . . . မမဝသန့်ကလဲ အတွေးမလွန်စမ်းပါနဲ့ . . . ပန်းဝေသီ ဖြန့်မယ်ဆိုလဲ ဖြစ်ပါတယ် . . . ဒီအိမ်မှာက ပန်းဝေသီ နေပေးသင့်သေးတယ် မဟုတ်လား . . . ညီမလေး ပစ္စုပ္ပန်





နဲ့ အမှန်ကလဲ ပန်းဝေသီတို့အိမ် ရောက်နေတော့ . . ."

"မေမေကတောင် ငါ့သမီးကြီး ဒီလိုဖြစ်မယ်မှန်းသိရင် အငယ်မတွေကို ရန်ကုန် မပို့ပါဘူးတဲ့"

"အင်းပေါ့လေ . . . သူတို့ ညီအစ်မရှိနေရင် မမ ဝသန့် ပိုပြီးအားရှိမှာပေါ့"

"မရှိပါဘူး ညီမရယ် . . . မရှိပါဘူး . . ကိုယ့်ကြောင့် ကိုယ့်ညီမလေးတွေရဲ့ ပညာရေးကို မပိတ်ပင်ရက်ပါဘူး . . . သူတို့ ညီအစ်မက တသိပ်တော်ကြတာ . . ဆေးတက္ကသိုလ်ဝင်နိုင်ဖို့ အများကြီး မျှော်လင့်ချက်ရှိကြလို့ တမင်ကို ဦးလေးဆီ ပို့ထား လိုက်တာပါ"

"ဟုတ်ကဲ့ မေမေကလဲ သူတို့မနှစ်ယောက်ကို သူကိုယ်တိုင် စာသင်နေတာ မမဝသန့်ရဲ့"

"ဒါကြောင့် ပြောတာပေါ့ . . မမဝသန့်ဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ကာမှ"

"အို . . . ဒီအကြောင်းတွေ တော်ပါတော့ မမဝသန့်ရာ . . ကဲပါ . . . ပန်းဝေသီ ထူပေးမယ် . . . ထောပတ်သီးဖျော်ထားတာ လေး သောက်ရအောင်နော်"

ပန်းဝေသီက ပွေ့ထူပေးလိုက်ပြီး ခုတင်ဘေးနံရံမှာမှီ၍ ထိုင်နေစေလိုက်ရသည်။

စိတ်ကောင်းရှိသော၊ အားနာတတ်လွန်းသော မမဝသန့် မှာ သည်သို့ ဖြစ်ရလေခြင်းကွယ် . . .။



www.burmeseclassic.com

ကိုယ်တိုင် ထောပတ်သီးကို ကြေညက်အောင်မွှေ သကြား နွားနို့များနှင့် ရောစပ်ထားသော ဖျော်ရည်ပျစ်ပျစ်ကို ခွံ့ကျွေးနေစဉ်မှာ...

မမဝသန့်သည် သူ လှုပ်ရှားနိုင်သော လက်ကလေးတစ်ဘက်နှင့် လိုက်လံ ဖေးမနေရှာသည်။

ဆရာဝန်အဆိုအရ နှလုံးရောဂါကြောင့် ဗယ်ဘက်တခြမ်း သေသွားသည်။ မြန်မာလိုတော့ လေဖြတ်သည်ပေါ့။ အောက်ပိုင်း တခုလုံးပါ လှုပ်ရှား၍မရ၊ လမ်းမလျှောက်နိုင်ရှာ။

မမဝသန့် ပညာရေးတက္ကသိုလ်သို့ တက်ခွင့်ရပြီးနောက် နှစ်လလောက်အကြာမှ ရုတ်တရက် ပုံလဲပြီး ဆေးရုံသို့ တင်လိုက်ရပြီးနောက်မှာ အသက်ချမ်းသာရာ ရခဲ့သော်လည်း အိပ်ရာမှ မထနိုင်သော လူမမာကြီး ဖြစ်ခဲ့ရရှာသည်။

ဘဘ ဦးမျိုးခန့်၏ဇနီး ဒေါ်ငြိမ်းငြိမ်းထွေးမှာလည်း နဂိုကတည်းက ရောဂါသည်။ ဆီးရောဂါကြောင့် ကျောက်ကပ်တစ်လုံး ခွဲစိတ် ထုတ်ထားရလေသူ။ အိပ်ရာထဲ လဲမနေရုံမှလွဲ၍ သမီး လူမမာကို တပင်တပန်း မပြုစုနိုင်။

မိုးကုတ်မြို့မှာကလည်း အိမ်၌ နေ့စဉ် လာရောက်ပြုစုပေးနိုင်မည့် အထူးသူနာပြုဆရာမ မရှိ။ အားလုံးလို ကိုယ်ပိုင်အလုပ်တွေနှင့်။

"ဝသန့် ဆေးရုံတင်ထားရသည်။ အမြန်လာပါ"





ဟု၍ ဘဘ၏ ကြေးနန်းရစဉ်က မေမေရော ဖေဖေပါ လိုက်လာခဲ့ကြရသည်။ ဖေဖေတို့မှာလည်း ဒီ ညီအစ်ကိုအရင်း နှစ်ယောက်သာရှိကြသည်။ မေမေ့ဘက်ကလည်း ညီအစ်ကို မောင်နှမ မရှိ၍ ဤမိသားစု နှစ်စုမှာ တမြို့စီသာနေကြသော်လည်း စည်းစည်းလုံးလုံး ရှိကြသည်။

သူ့ဒုက္ခ ကိုယ့်သောကတို့ကို မျှဝေခံစားလေ့ရှိကြသော မိသားစု နှစ်စုပါ။

ဖေဖေက တက္ကသိုလ်မှ ကထိကတစ်ဦးဖြစ်၍ မိုးကုတ်မှာ ကြာရှည်မနေနိုင်။

မေမေနှင့်ဖေဖေတို့ အပြန်တွင် အိမ်၌ အားလပ်နေသော ပန်းဝေသီကို...

"မိုးကုတ်ကို သမီးသွားပါ.. တစ်လတန်သည် နှစ်လတန်သည် ကူညီပြုစုပေးလိုက်ပါကွယ်... သူတို့မှာ သိပ်ဒုက္ခရောက်နေရှာတယ်"

ဟူသော မေမေ၏ ညွှန်ကြားချက်ကြောင့် ပန်းဝေသီ မိုးကုတ်မြို့သို့ ရောက်လာခဲ့သည်မှာ ရက်နှစ်ဆယ်ကျော်ခဲ့ပါပြီ။

"စားလို့ကောင်းဘူးလား ဟင်...မမဝသန့်"

"ကောင်းပါတယ်...သိပ်ကောင်းပါတယ်...များများ စားနိုင်ဘူးကွယ်"

မမဝသန့် ကျန်နေသော ထောပတ်သီးဖျော်ရည်ကို

www.burmeseclassic.com



ပန်းဝေသီက ခပ်သောက်နေတော့ ဝသန်သည် မျက်ရည်လည်နေသည့်ကြားမှ ပီတိဖုံးသော နှုတ်ခမ်းဖြင့် ပြုံးနေရှာသည်။ လူမမာအစ်မဖြစ်သူ၏အကျန်ကို ရွံရှာစိတ်ကင်းစွာဖြင့် စားသောက်နေခြင်းကြောင့်ပါ။ အမှန်တော့ မမဝသန်၏ ရောဂါသည် ကြောက်စရာပိုးမွှားဖြင့် ကူးစက်တတ်နိုင်ခြင်းမှ မဟုတ်တာပဲ။

"ပန်းဝေသီနဲ့ အစ်ကို မိုးစွေနဲ့ ဘယ်နှစ်ခါ စကားပြောမှုပြီလဲဟင်"

"ပြောတော့ ပြောဖြစ်တယ်...ဒါပေမယ့် တစ်ခါမှ ဆယ်လုံးမပြည့်ဘူး...ပန်းဝေသီ မေးတာကို ယတိပြတ်ပဲဖြေတယ်...တစ်မျိုးပဲနော်"

"အင်း...သူဟာ သနားစရာတော့ ကောင်းတယ်...ဒါပေမယ့် အသိရ သိပ်ခက်တယ်"

"ဘယ်လို အသိရခက်တာလဲ ဟင်...အိမ်မှာ သူ ဘာတွေလုပ်နေလို့လဲ"

"အိမ်မှာ ဘာမှမလုပ်ပါဘူး...အိမ်အတွက် အကောင်းဆုံးဖြစ်အောင် ကူညီပေးနေတဲ့သူပါ...ဘာသွေးမှ မစပ်တဲ့ မွေးစားသားဖြစ်ပေမယ့် မမဝသန်တို့ညီအစ်မတွေက သူ့ကိုချစ်လဲချစ် တယ်...လေးလဲ လေးစားကြတယ်"

"ဒါဆို...ဘာကို အသိရခက်တာလဲ ဟင်"

"သူ့ နှလုံးသားရေးရာ ပြဿနာကိုပါ"





"ဟင်..."

"မိုးကုတ်မှာ ဆယ်တန်းအောင်ပြီး မန္တလေးတက္ကသိုလ်ကို ကျောင်းသွားတက်တယ်...ဒုတိယနှစ်ဖြေပြီးချိန်မှာ သူ ကျောင်းပြန်မတက်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"မိန်းကလေးတစ်ယောက် အတွက်ကြောင့်ပဲ"

"အဲဒီ မိန်းကလေးဆိုတာ ဘယ်သူလဲဟင်"

"အစ်ကို မိုးစွေရဲ့ ချစ်သူ"

"သြော်...သြော်"

ပန်းဝေသီ ခေတ္တမျှ တွေဝေနေပြီးမှ...

"မမဝသန် ပြောနိုင်ရင် ပြောပြပါလား ဟင်"

"ပြောရမှာ အရှည်ကြီး... မမဝသန် မောလာပြီကွယ်"

"အို...နေ...နေပါ မမ ဝသန်ရယ်...ကဲ...ဆေးသောက်ပြီး ခဏပြန်မှိန်းနေလိုက်ဦးနော်"

မမဝသန်ကို ပွေ့လှဲပေးပြီး စောင်ပါးလေး လွှမ်းခြုံပေးလိုက်ရသည်။

မိုးကုတ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ပေါင်း ...ဝ မြင့်၍ ပူလောင်အိုက်စပ်လှသည်ဟု မရှိလှ။ ထာဝရလို ...စိမ့်နေတတ်သည်။

မှိန်းနေသော မမဝသန်ကို မနှောင့်ယှက်ချင်၍ အသာလေး



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းမှ ထွက်ခဲ့ရသည်။

တအိမ်လုံး တိတ်ဆိတ်နေ၏။

လူဆယ်ယောက်လောက် ဤတိုက်ကြီးအတွင်းမှာ ရှိနေစေကာမူ ကိုယ့်အခန်းနှင့်ကိုယ် သီးခြားဆောင်နှင့် မီးဖိုချောင်မှာတွင်ရှိနေတတ်ကြ၍ တစ်ယောက်နှင့် တစ်ယောက် မတွေ့သာ မမြင်သာနိုင်ကြပါ။

ဤတိုက်ကြီးမှာ အောင်နန်းရိပ်သာ၊ မြို့မရပ်၊ ပိတ်စွယ်ရပ်စသော အိမ်ခြေချင်းနီးကြသည့် ရပ်ကွက်တွင်းမှာ ရှိမနေပါ။

မိုးကုတ်မြို့၏ အပြင်ဘက် မိုးမိတ်သို့ သွားသော ကားလမ်းမကြီး၏ လမ်းသွယ်တစ်ခုအတွင်းမှာ အနိုင်အခန့် အကျအနဆောက်တည်ထားခဲ့သော ရှေးတိုက်ကြီးတလုံးသာ ဖြစ်ပါ၏။

ဖေဖေနှင့် ဘဘတို့သည် မိုးကုတ်သားများ မဟုတ်ကြပါ။ ဘဘက မိုးကုတ်သူနှင့် အိမ်ထောင်ကျပြီးမှ မိုးကုတ်တွင် အခြေနေထိုင်ခဲ့ခြင်းဖြစ်ပါ၏။

ဤတိုက်ကြီးမှာလည်း ကြီးကြီး ဒေါ်ငြိမ်းငြိမ်းထွေးတို့၏ မိဘများလက်ထက်ကတည်းက ဆောက်တည်ထားခဲ့သော တိုက်ကြီးဖြစ်ပါသည်။ ကြီးကြီး၏ မိဘများမှာ ရှေးအခါက အကြီးအကျယ် ကျောက်အောင်ခဲ့ဖူးသည်ဟု သိရပါ၏။

ထိုမတိုင်မီက တနင့်နေခဲ့ဖူးသော ဤနေရာလေးကို မစွန့်ရက်၍ မြို့ထဲသို့မပြောင်းကြဘဲ တဲကလေးကိုဖျက်၍ တိုက်ကြီး





တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါ၏။

ခြံဝန်းကျယ်ကြီးနှင့် တိုက်ကြီးမှာ ပုံစံအိုဟောင်းပြီး စိတ်ချောက်ချားဖွယ် တိုက်အိုကြီးမျိုး မဟုတ်သေးပါ။

ခန့်ထည် ထယ်ထဲသော၊ လုံခြုံသိပ်သည်းသော၊ အားကိုးအားထားဖွယ်ကောင်းသော၊ နားနေစရာ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် တိုက်ကြီးတစ်ခုသာ ဖြစ်ပါသတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ကြီးကြီးငြိမ်း တစ်ခု တိုင်ပင်စရာရှိလို့"

အိမ်၏ ပြင်ပခြံတွင်းမှာ ဖြစ်သည်။ တောင်ပတ်လည် ဝိုင်းနေသောနေရာများဆီမှ တောင်ခိုးတောင်ငွေ့တွေ ဝေနေသည်။ ခွတ်ပျံ့ကြည်နူးစွာ ငေးကြည့်နေဆဲ ကြီးကြီးငြိမ်း၏ စကားကြောင့် စိတ်ဝင်စားမှုက ချက်ချင်း ရွေ့ပြောင်းသွားတော့သည်။

"ပြောပါ ကြီးကြီးငြိမ်း"

"သမီးကြီး ဝသန်အတွက်ပဲပေါ့ကွယ်"

တောင်ခိုးလိုပင် ဝေမှိုင်းလွန်းနေသော ကြီးကြီးငြိမ်း မျက်နှာကိုကြည့်ရင်း သူ့ထံမှ စကားသံကို စောင့်မျှော်နေဆဲ…

"သမီးလဲ သိတဲ့အတိုင်း ဆရာဝန်တွေရဲ့ ကုထုံးနဲ့တော





မပျောက်နိုင်တော့ဘူးလေ… အာရုံကြောဆေးတွေကျွေးပြီး ထိန်းထားနိုင်ရုံလောက်ပဲ ရှိမယ်တဲ့…"

"ဟုတ်ကဲ့"

"သမီးကြီးဟာ ပညာလဲတတ်၊ ရုပ်ကလဲချော၊ ကြီးကြီးငြိမ်းတို့ရဲ့ ကြွယ်ဝမှုကလဲ သမီးသိတဲ့အတိုင်းလေ…ဒါကြောင့် ဒီလောက် ပြည့်စုံပါလျက်နဲ့ ဇုက္ခိတဘဝကြီးနဲ့ နေနေရရှာတဲ့ သမီးကြီးကို သနားလွန်းလို့"

ရှိုက်သံကို ထိန်းချုပ်သည်။ ဝဲနေသော မျက်ရည်တို့ဆွယ်စီးဖြစ်အောင် ခေါင်းငြိမ်းငြိမ်းထွေး ကြိုးစားရင်းမှ…

"ဆရာ ပြောင်းမလား စိတ်ကူးတယ်"

"ဘယ်က ဆရာဝန်လဲ ကြီးကြီးငြိမ်း"

"ဆရာဝန် မဟုတ်ဘူး။ ဗမာဆရာ"

"ဩော်"

"မန္တလေးကပဲ…သမီးရဲ့ အခြေအနေနဲ့ ရောဂါကို သူက ကိုကနေပြီး ကြိုသိနေတယ် ပန်းဝေသီရယ်… တကယ်ပဲ အံ့ရော"

"ဘယ်လို ကြိုသိတာလဲဟင်"

"ဩော် … သူက ဗေဒင်လဲ သိပ်တတ်တဲ့ မြန်မာလူအားတော်ပါ… အဲဒါ ကြီးကြီးငြိမ်းရဲ့ အစ်မဝမ်းကွဲ မန္တလေးကဒေါ်သိန်းအုန်းက သူ့ကို ဝသန်ရဲ့ ရောဂါအခြေအနေ သွားမေးတော့အဲဒီလေး ပြောလိုက်တာမှ မမအုန်း မသိသေးတာတွေတောင်

www.burmeseclassic.com



သူ သိနေတယ်ဆိုပါလား"

"ဘာကိုလဲဟင်"

"ဪ ...မမအုန်းက ရောဂါအခြေအနေမေးတာကို သမီးရဲ့ အချစ်ရေးတွေ၊ အတွင်းရေးတွေကအစ သိနေပြီး ဝသန်နဲ့ အတိုးလက်ထက်က ကိစ္စတွေအထိ ပြောလိုက်တာများ မမအုန်း တောင် အံ့ဩယူရတယ် ... အဲဒါနဲ့ မမအုန်းက စာလှမ်းရေး လိုက်တာ...အဲဒီဆရာကို ပင့်ခဲ့မယ်တဲ့..."

"မမဝသန်ကို မြန်မာနည်းနဲ့ ကုကြည့်မယ်ပေါ့နော်"

"အေး...အဲဒီ ကိစ္စအတွက် ကားလွှတ်လိုက်ပြီ... သန်ဘက်ခါ ရောက်လာတော့မယ်"

"ဪ ...ဪ"

ပန်းဝေသီကို တိုင်ပင်စရာရှိလို့ပါဟု နိဒါန်းဆင်ခဲ့သော ကြီးကြီးငြိမ်း၏ စကားအတွင်းမှာ တိုင်ပင်ခြင်းဆိုသည်များ တလုံး တပိုဒ်မျှ မပါရှိ၊ ပြောကြားခြင်းသာ ဖြစ်နေပါ၏။

"ငါ့အရွယ်ကလဲ ကြည့်အုန်းလေ... တိုင်ပင်စရာ အရွယ် မဟုတ်ပဲ"

ကိုယ့်စိတ်ကို ဖြေသိမ့်ဆဲ...

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး သမီးရဲ့ ဘဘကို ဖျောင်းဖျောင်း ဖျဖျ ပြောပေးပါလို့ ပြောချင်လို့ပါ"

"ပန်းဝေသီက ဘယ်လို ပြောပေးရမှာလဲရှင်"





"ဪ ..သူက ကြီးကြီးငြိမ်း အဲဒီလိုလုပ်တာမျိုးကို မကြိုက်ဘူး...တောင်ပြုံးပွဲ တခါသွားတိုင်းလဲ ရန်ဖြစ်ရတာချည်း ပဲ ..သူက အရာရာ သိပ္ပံနည်းကျလေ...လောကမှာ သိပ္ပံနည်း နဲ့ တွက်ချက်ယူလို့ မရနိုင်အောင် လျှို့ဝှက်နက်နဲတဲ့ ကိစ္စတွေ အများကြီးမဟုတ်လား"

"ဟုတ်ကဲ့...ဒါတွေတော့ ပန်းဝေသီ နားမလည်ပါဘူး ရှင်"

"အေးကွယ်...ကြီးကြီးငြိမ်း ပြောလိုတာကတော့ ကိုယ့် သားသမီးအတွက်ပဲ ဆေးလာကုပေးမယ့်ဆရာကို ကြည်ကြည်ဖြူ ဖြူ လက်ခံပါ...ထော်လော်ကန့်လန့်တွေ မလုပ်ပါနဲ့လို့ သမီးရဲ့ ဘဘကို ပြောပေးပါလို့ ကြီးကြီးငြိမ်းက ပြောချင်တာပါ"

"ဟုတ်ကဲ့"

"သမီးဘဘက သမီးပြောတာဆိုရင် ဘာမဆို ရမှာပါ"

"ဘာမဆိုရယ်တော့ ဟုတ်မယ်မထင်ပါဘူး...ဒါပေမယ့် သမီး ပြောကြည့်ပါ့မယ်"

"အင်းပါ သူက သူ့အမျိုးဆို သိပ်ခင်တာ"

ကြီးကြီးငြိမ်း၏ နောက်ဆုံးစကားကြောင့် စိတ်လမ်းကြောင်း တွင် ဆူးညှောင့်လေးတစ်ခု စူးနစ်သွားရသလို ခံစားလိုက်ရသည်။

ကြီးကြီးငြိမ်းသည် အလွန် အသိရခက်သော မိန်းမ အမျိုး အစားတွင် အပါအဝင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမျိုးဆို သိပ်ခင်တာ" ဟူသော ခပ်ငေါ်ငေါ်စကားလုံးမျိုး သုံးတတ်သော်လည်း စေတနာကျပြန်တော့ မလျော့နည်း။

ရန်ကုန်မှာနေသည့် ပန်းဝေသီတို့ကိုပင် လှမ်း၍ ခွယ်တာတွေ၊ လုံချည်တွေ ပို့ပေးတတ်သည်။ ယခု သူ့အိမ်မှာ လာရောက်နေခိုက်မှာလည်း ပြန်လည် အားနာယူရလောက်အောင် အနေအထိုင် အစားအသောက် ကိစ္စများကို ဂရုစိုက်လှသည်။

စားစရာမျိုးစုံ ဝယ်လာတတ်ပြီး တစ်ခါတစ်ရံ ဝ အီနေပါလျက် အတင်းကျွေး၍ နှစ်ပြီးစားရသည့်အခါလည်း ရှိပါ၏။

ဒေါ်ငြိမ်းငြိမ်းထွေးမှာ စေတနာ ထက်သန်သူ မှန်သော် လည်း စိတ်အပြောင်းအလဲ မြန်တတ်လွန်းသည်။ စိတ်လောကြီး လွန်းသည်။ အရာခပ်သိမ်းသော ကိစ္စများကို ဆုံးဖြတ်လွယ်သော မိန်းမစားမျိုး ဖြစ်ချေသည်။

သူ့ မွေးစားသားကြီး ကိုမိုးစွေကိုလည်း ချစ်လိုက်တာမှ လွန်လွန်ကဲကဲပါ။

ဟိုကတော့ မိခင်ရင်းမဟုတ်မှန်းသိ၍လား မသိ၊ ခပ်တန်းတန်းပင်။

ဒေါ်ငြိမ်းငြိမ်းထွေးသည်မှ "သားကြီး""မိုးစွေက"ဟူ၍ နှုတ်မှမချ၊ သူ မြတ်နိုးရသလို ဟိုကတုံ့ပြန်မလာ၍ ဒေါ်ငြိမ်းငြိမ်းထွေးအတွက် ရင်နင့်စရာပါ။ ဒေါ်ငြိမ်းငြိမ်းထွေး တိုက်ပေါ်ပြန်တက်သွားတော့ ပန်းဝေသီသည် ခြံဓါးမြောက်ဘက်မှ ခက်လက်ဝေဖြာနေသော မက်မုံ





ပင်များအကြားသို့-ဘာရယ်မဟုတ်တွေးရင်းတောရင်း လျှောက်သွားနေခိုက်မှာပဲ...

"အို...အမယ်လေး"

အရိပ်မည်းတစ်ခုနှင့် ဘွားကနဲ ရင်ဆိုင်တွေ့လိုက်ရသဖြင့် လန့်အော်ရင်း နောက်အဆုတ်မှာ...

"ဒီဘက်ကို ဖလာနဲ့လေ"

တစ်ချက်မှ လှည့်မကြည့်၊ ဘေးတိုက်အနေအထားနှင့် ပြောနေသော ကိုမိုးစွေ။

"ဘာ... ဘာလုပ်နေတာလဲ ဟင်"

"မြင်တဲ့အတိုင်းပဲ"

ကင်းဘတ်ပေါ်မှာ ကောက်ကြောင်းတင်နေသည်။

"ဩော် ... သူ ပန်းချီဆွဲနေတာပါလား"

ယင်းအသိဖြင့် မပီပြင်သော ကောက်ကြောင်းမှ ကျော်လွန်၍ ကြည့်လိုက်တော့...

"စာချောက်ရုပ်ကြီး"

ထိုအကျည်းတန်အရုပ်မှ ထိုးထွက်လာသော အရိပ်မည်းကို ပန်းဝေသီ လန့်သွားမိခြင်း ဖြစ်သည်။

အရုပ်ကလည်း ကြည့်ပါဦး။

နွားကျောင်းသားငယ်များ၊ စာကလေးများ၊ ငှက်ကလေးများ ကြောက်အောင် ဖြစ်သလိုလုပ်ထားသော အရုပ်တရုပ်လို မသေ



www.burmeseclassic.com

www.burmeseclassic.com



မသဝ် မလှမပနိုင်ပါ။ ခြေလက် ကိုယ်ခန္ဓာကို ကောက်ရိုးစည်းများနှင့် ဖြစ်သလိုဖွဲ့စည်းပြီး မျက်နှာကို မြေအိုးတလုံးမှောက်ပြီး မြေဖြူနှင့် မျက်နှာပုံ ရေးထားခြင်းဖြစ်သည်။

"အဟား...ဟား"

သည်မျှ မလှမပသော အရုပ်ကြီးကို နိုင်ငံခြားဖြစ်ကင်းဘတ်နှင့် ပန်းချီကားတင်၊ ဒေါက်ကြီးဖြင့် ဆီဆေးများနှင့် တခမ်းတနား ဆွဲနေ၍...

မရယ်ပဲ မနေနိုင်တော့...

"မရယ်နဲ့လေ"

"ရယ်စရာကြီးမို့ ရယ်တာပေါ့ရှင်...ပန်းချီဆွဲတယ်ဆိုတာ မိန်းမလှလှလေးကို ဆွဲမှပေါ့"

"မိန်းမလှတွေရဲ့ ရင်ထဲက အသည်းနှလုံးက လူသားတွေကို ဒုက္ခပေးနိုင်စွမ်းရှိတယ်..အခုလို စာခြောက်ရုပ်က နှလုံးသားမရှိဘူး...ဒုက္ခမပေးနိုင်ဘူး... ပြီးတော့ သစ္စာရှိတယ် သိလားဒီမှာ..."

"ရှင်"

"ကျေးဇူးပြုပြီး ဒီနေရာက ထွက်သွားစမ်းပါဗျာ"

ပန်းဝေသီမှာ ပထမတော့ ကြောင်သွားရသေးသည်။ ပြီးတော့မှ မခံချင်စိတ်၏ တွန်းအားအရ...

"မနင်ပါနဲ့...ဒီခြံကြီးတစ်ခုလုံးရဲ့ ပိုင်ရှင်က ရှင်ပါ..





ကျွန်မက ခဏလာနေရတဲ့ ဧည့်သည်ပါ"

စကားသံ၌ ခံစားမှုများ၊ မခံချင်စိတ်များ ရောယှက်ပါဝင်နေခဲ့ပါလိမ့်မည်။

စကားအဆုံးတွင် ခြေလှမ်းစိပ်စိပ်ဖြင့် ပန်းဝေသီ အိမ်ကြီးဆီသို့ ပြန်လာခဲ့ပါသည်။

၁ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



ဘဘ၏ စာကြည့်ခန်းကြီးက ဟည်းနေသည်။ ပိဋကတ်တော် မြန်မာပြန်မှအစ ဗုဒ္ဓနှင့်ပတ်သက်သော ဓမ္မစာပေများ၊ ရာဇဝင်အစောင်စောင်များ၊ သမိုင်းဝင်မှတ်တမ်းများ၊ ရတု၊ ကဗျာ၊ ပို့၊ အလင်္ကာစသော ရှေးစာဆိုတော်ကြီးများ၏ စာပေ ကျမ်းဂန်မျိုးစုံ များနှင့်တကွ သုတ၊ ရသ၊ ခေတ်စမ်းစာပေမျိုးစုံ၊ စွယ်စုံကျမ်း၊ မှတ်တမ်းများ၊ မဂ္ဂဇင်းများနှင့်အတူ ဂန္ထဝင်အင်္ဂလိပ်စာပေများစွာ . .

စာအုပ်စင်များတွင် သူ့အကန့်နှင့်သူ စာတမ်းလေးများ ချိတ်ဆွဲ၍ စာအုပ်နံပါတ်တွေ ထိုးထားသည်။

အက္ခရာစဉ် စာရင်းစာအုပ်ကြီးက အဆင်သင့် ဖတ်ချင်စရာ၊ စာအုပ်မျိုးစုံကို မာတိကာမှရှာ၍ နံပါတ်နှင့်တိုက်ပြီး အလွယ်





တကူ ရှာယူရုံရှိသည်။

ဤစာအုပ်စင်များ၏အပေါ်တွင် လက်ရာမြောက် ဆီဆေးကားများကို တွေ့ရသည်။ မန္တလေးမှ ပန်းချီဆရာများ၏ လက်ရာများကို ပန်းချီဆရာတို့၏ လက်မှတ်ဘေးတွင် (မန္တလေး)ဟူ၍ တွေ့ရလေသည်။

ပြီးတော့ ကျွန်းသားစင်ပေါ်မှာ မှန်စီရွှေချစောင်းနှင့် ပတ္တလား။

တကယ့်ကို အနုပညာနန်းတော်လေးတစ်ခုပါပဲလား။ ကွန်ပါစာလုံးထုဖြင့် ရေးထွင်းထားသော ဝန်ကြီးပဒေသရာဇာ၏ စာကောက်နုတ်ချက်ကိုလည်း တခမ်းတနားချိတ်ထားလိုက်သေးသည်။

ပန်းဝေသီတို့ သိမှတ် ကြားဖူးပြီးသား စာသားများပါပဲ။ ဒါပေမယ့် ထပ်၍ဖတ်ဖြစ်သည်။

စာပေဝတ္ထု၊ ရတုကဗျာ၊ ပို့လင်္ကာနှင့် သာသည့်
သီချင်း။ အဲ စောင်းညှင်းတို့ မကင်းမပြတ်၊ ရွှတ်
ဖတ်လေ့ကျက် တီးမှုတ်လျက်သာနေကောင်းစွ . .

"ဩော် . . .သမီးက စာကြည့်ခန်းထဲ ရောက်နေတာကိုး"

ဘဘ ဦးမျိုးခန့်တို့သည်လည်း ဖေဖေ မေမေတို့ ခေါ်သလို ပန်းဝေသီကို သမီးဟူ၍ ခေါ်လေ့ရှိကြပါ၏။

"ဟုတ်ကဲ့ . . . ဘဘ စာကြည့်ခန်းကြီးကလဲ ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနော်...ဒါတွေသာ အကုန်ဖတ်နိုင် မှတ်နိုင်ရင်တော့ မဟာပညာရှိကြီး ဖြစ်မှာပဲ"

"အဖိုးတန် စာပေတွေ ဖတ်သင့်တယ်... ဒါပေမယ့် ဖတ်ရုံနဲ့လဲ ပညာရှိ မဖြစ်နိုင်ဘူး သမီး... ပညာရှိဆိုတာ ပညာရှိတွေရဲ့ ပညာကို သိမ်းနည်းယူပြီး ကိုယ်ပိုင် အသိဉာဏ်၊ ကိုယ်ပိုင် ဆင်ခြင်တုံတရားတွေနဲ့ ပေါင်းစပ်ပြီး သီးခံခွင့်လွှတ်ခြင်း ကြိုးစားအားထုတ်ခြင်းတွေနဲ့ ကျင့်ကြံနေထိုင်မှ ပညာရှိလို့ သတ်မှတ်နိုင်မှာပါ"

ဘဘ၏ ပညာရှိပီသသော စကားကို နားထောင်ရင်း ခေါင်းညိတ်ရသည်။

"သမီးတော့ ပျော်သွားပြီ... စာအုပ်တွေ ယူဖတ်ပြီး သူ့နေရာသူ ပြန်ထားမယ်နော် ဘဘ"

"အေး...အေး"

"အစက ဘာဖြစ်လို့ တံခါးပိတ်ထားရတာလဲဟင် ဘဘ"

"အစက ဘဘလဲ မပိတ်ဘူး... ဒီနေ့လဲ ဘဘ မဖွင့်ဘူး... မိုးဇွေ ဖွင့်တာပါ... ဒါဟာ ဘဘရဲ့ စာကြည့်ခန်းလဲ မဟုတ်ပါဘူး သမီး"

"ဟင်"

"ဘဘရဲ့ ယောက္ခမ မငြိမ်းထွေးရဲ့ ဖခင်ရဲ့ စာကြည့်ခန်းကြီးပါ"





"ဟုတ်လား... ဒါဆို အဲဒီ အဘိုးကြီးက စာပေသိပ် မြတ်နိုးတယ်ထင်တယ်နော်"

"အနုပညာအားလုံးကို မြတ်နိုးတာ... အခု ကိုမိုးဇွေ အတိုင်းပဲ...ဒီ စာကြည့်ခန်းဟာလဲ သူ့အခန်းပဲ"

"ဒါဆို သူ့ဆီက သမီး ခွင့်တောင်းရမှာပေါ့နော်"

"ခွင့်တောင်းမနေရအောင် သော့တစ်ချောင်း သူ့ဆီက ဘဘ တောင်းထားပေးပါ့မယ်"

"ကိုမိုးဇွေဆိုတဲ့ လူကြီးကတမျိုးပဲနော် ဘဘ"

"ဘာဖြစ်လို့လဲ သမီးရဲ့"

မနေ့က ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည်များကို ဘဘအား အကျဉ်းရုံး၍ ပြောလိုက်တော့

"အင်း...သားဟာ သနားစရာပါကွယ်... သူဟာ ဘဘတို့ရဲ့ မွေးစားသားဆိုတာသိရတော့ သူ့ဘဝရဲ့အစနဲ့မိဘအရင်းကို သိပ်သိချင်ရှာတာ...အဲဒါကလည်းသိခွင့်မရ... မိန်းကလေးတစ်ယောက်နဲ့လဲ ချစ်ရေးကိစ္စမှာအဆင်မပြေလေတော့ သူ့ဘဝကိုနာကျည်းလွန်းစွာနဲ့ အခုလို ဘယ်သူနဲ့မှမရောနှောပဲ တသီးတသန့်ကြီး နေနေတော့တာပါ"

သူ့ရဲ့ အချစ်ရေးကိစ္စဆိုသည်များကို သိချင်လှသော်လည်း ဘဘကို မမေးဝံ့။

"ဘဘရဲ့ ယောက္ခမကြီး မသေမီကတည်းက သူ့ ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလို့ . . . နို့မဟုတ်ရင် အဲဒီအဘိုးကြီး ဝင်စားသလားလို့ တောင်ထင်ရမယ်"

"ဘာဖြစ်လို့လဲဟင် . . . ဘဘ"

"အဲဒီ အဘိုးကြီး ဝါသနာပါတာတွေ သူက အကုန်ဝါသနာပါပြီး . . . အဘိုးကြီးလုပ်တာတွေ သူ လိုက်လုပ်နေလို့ပဲ"

ကိုမိုးစွေဆိုသော ပဟေဠိနှင့် လူကို ပန်းခဝေသီမှာဖြင့် စိတ်ဝင်စားပြီးရင်း စိတ်ဝင်စားရင်းပါ။

"ဩော် . . . သမီးနဲ့စကားစပ်မိတုန်း ပြောထားရအုန်းမယ်"

"ဘာများပါလဲ ဘဘ"

"ဒီအိမ်ကြီးရဲ့ တစ်နေရာရာမှာ ဘဘ ယောက္ခမကြီးရဲ့ အဖိုးတန် ရတနာသေတ္တာတစ်ခုဟာရှိနေရမယ်လို့ အားလုံးကယူဆထားကြတယ်"

"ဟင်"

"မတော်တဆများ ကြုံကြိုက်လို့တွေ့ရင် ဘယ်သူ့မှမသိရခင် ဘဘကို အရင်ဆုံးပြောနော် သမီး"

"ဘဘရယ် . . . သမီး သူများပစ္စည်းကို ဘယ်တော့မှ မတရား မယူပါဘူး"

"သမီးကို ဘဘယုံတယ် . . . ရတနာသေတ္တာရယ်လို့ အဘိုးကြီးရှိတုန်းက ပြောခဲ့ဖူးလို့သာဝိုင်းပြီး ရတနာသေတ္တာလို့ ပြောနေရတာ . . . အဲဒီအထဲမှာ ဘာတွေရှိနေမှန်းကို ဘယ်သူမှ ဒီနေ့ထိ





မသိကြရသေးဘူး"

"မရှာကြဘူးလားဟင်"

"ရှာတာတော့ မပြောနဲ့တော့ . . . မြို့ထဲပါမကျန် မြေလှန်ရှာကြတာ"

"အို"

"တစ်ခုရှိတာက သူ့ဝယ်သမျှ ဒီမိုးကုတ်က ပတ္တမြားပွင့်၊ နီလာပွင့်တွေအားလုံး သူ့သမီးလက်ထဲ အပ်တာပဲ . . . အပေါ်ထပ်က မီးခံသေတ္တာထဲမှာ အားလုံးရှိနေတာပဲ . . . ပြီးတော့ သူ့သမီး နဲ့ ...နီးမသိအောင် ဝယ်တဲ့ပစ္စည်းဆိုလို့လဲ ဘာမှကို မရှိခဲ့ဖူးဘူးတဲ့"

"ဟင် . . . ဒါဆို အဲဒီ ရတနာသေတ္တာက ဘာပါတော့မှာ ...နို့လို့လဲ"

"အဲဒါ မသိကြလို့ အားလုံးက စိတ်ဝင်စားပြီး ရှာနေကြတာပေါ့"

"ကိုမိုးစွေရော ရှာတာပဲလားဟင်"

"လုံးဝ မရှာဘူး"

"ဒါဆို ဘယ်သူက ရှာတာလဲ"

"မငြိမ်းထွေးရော . . . ဝသန့် နေကောင်းစဉ်ကရော ဘဘ ...ကိုယ်တိုင်ရော အကြီးအကျယ် ရှာတာပေါ့ကွယ်"

"ဟင် . . . ဒါတောင် မတွေ့ဘူး"

"ဟုတ်တယ် . . . မတွေ့သေးဘူး သမီး" ဝသန့်ရှာ ...မိုး ...တ်မတ်



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ပန်းဝေသီ ထင်တာတော့ အနုပညာနဲ့ ပတ်သက်တဲ့ အဖိုးတန်ပစ္စည်းတစ်ခုခုကို သိမ်းဆည်းထားတာပဲ ဖြစ်ချင်ဖြစ်မှာပေါ့နော် ဘဘ"

"ဘယ်လိုမှ မထင်တတ် မထင်အပ်ဘူးကွယ်...ဘဘဆိုလိုချင်တာက သူတို့ရဲ့ ဘိုးစဉ်ဘောင်ဆက်က အမွေကို ဘဘ သမီးက သူစိမ်းမို့ ဘာမှ ဝင်ပြီးမပါချင်လို့ ကြိုပြီး မှာထားရတာပါ"

"စိတ်ချပါ ဘဘ... တွေ့တာနဲ့ ဘဘလက်ထဲကို သပ်ပြေးပြီး အပ်မှာပါ"

"အင်း... တို့ မျိုးရိုးက လောဘနည်းကြတယ်... ဒါကြောင့်လဲ မချမ်းသာတာလားတော့မသိဘူး... မချမ်းသာရင်လဲ နေပါစေကွယ်... လူဆိုတာ လူဖြစ်ရကျိုးနပ်အောင်တော့ ငဲ့ညှာထောက်ထားခြင်း၊ သစ္စာရှိခြင်း၊ ရိုးသားခြင်းဆိုတဲ့ ဂုဏ်ဖြစ်တွေနဲ့သာ "လူ" ရယ်လို့ ဖြစ်သင့်တယ် သမီး"

"ဟုတ်ကဲ့ပါ ဘဘ"

"အင်း... ဘဘရဲ့ ယောက္ခမကြီး "ဦးချမ်းမြေ့" ဆိုတဲ့ အဘိုးကြီးကတော့ တကယ့်ကို အသိရခက်လွန်းတဲ့ လူထူးဆန်းကြီး မယူဘစ်ယောက်ပဲ သမီးရေ..."

○ ○ ○

အဘိုးကြီးရဲ့ ...
ရတာ... အဲ့





ယနေ့ မိုးကုတ်မြို့ရှိ ဘဘတို့၏ ခြံကြီးသို့ ဆရာ "ဦးစက္က" ရောက်ရှိလာခဲ့လေသည်။

ဆရာ "ဦးစက္က" သည် တည်ငြိမ်သောအင်္ဂါရုပ်ဖြစ်အောင် ပြုပြင်ဝတ်ဆင်ထားပုံရသည်။ သူ့အရွယ်နှင့် သည်မျှရင့်ကျက်နေစရာမလိုပါ။ သူသည် အသက်လေးဆယ်အရွယ်မျှသာ ရှိမည်ဖြစ်သော်လည်း တကယ့် ဆရာကြီး၊ သမားကြီး၊ သက်ကြီး၊ ဝါကြီး ဆန်ဆောင်နေသည်။

"လူနာကို ခဏလေး ကြည့်မယ်"

သူ့နောက်မှာ လူငါးယောက် ပါလာသည်။ မမဝသန္တိရှိရာ အခန်းသို့ သူ့နောက်မှ လိုက်ပါသွားကြပါလျက် အားလုံး မိုးမိုး မတ်မတ်



www.burmeseclassic.com

www.burmeseclassic.com



မလျှောက်ကြ။ ရိုကျိုးနှိမ့်ချစွာဖြင့် ငြိမ်ငြိမ်သက်သက်လိုက်ပါသွားကြသည်။

"စမ်းသပ်ခွင့်ပြုပါ"

မိခင်ဖြစ်သူ ကြီးကြီးငြိမ်းကို တစ်ချက်ကြည့်ပြီး ဣန္ဒြေစွာ သူ ခွင့်တောင်း၏။

"စမ်းပါ ဆရာ...စမ်းပါ...ကျွန်မ တူမလေးကို ဆရာ့ အပ်ပါတယ်ရှင်...ဆရာ ပျောက်အောင်သာကုပေးပါ ဆရာရယ်"

ကြီးကြီးငြိမ်း၏ အစ်မဝမ်းကွဲ မန္တလေးမှ လိုက်ပါလာသော ဒေါ်သိန်းအုန်းက လက်အုပ်ကလေးချီပြီး ရိုကျိုးလွန်းစွာ ရှုန်းရှုန်း ဝေဝင်ပြောသည်။

ဆရာ ဦးစက္ကသည် မမဝလနန်၏ နဖူးကို သူ့လက်ဖဝါး တို့ရုံလေး အုပ်စမ်းသည်။ မလှုပ်နိုင်အောင် သေနေသော ခြေများကို ခဏမျှ ဆုပ်ကိုင်ကြည့်သည်။ ပြီးတော့ လက်သွေးစမ်းသည်။ မျက်ဝန်းကို ဟိုမှသည်မှ ရွေ့လျားခိုင်းပြီးနောက် ခုတင်ဘေးမှာ မထိုင်တော့ပဲ အပြင်သို့ထွက်လာ၍ ဧည့်ခန်းဆိုဖာမှာထိုင်ပြီးမှ...

"ဒေါ်သိန်းအုန်းကတော့ ကျွန်တော်ကုလို့ သူ့ခင်ပွန်း ရော ပျောက်တယ်ဆိုပြီး ကျွန်တော့်ကို သိပ်ယုံကြည်နေတာ"

"ဟုတ်တယ်လေ ဆရာရဲ့"

"ဒီလိုရှိပါတယ် ခင်ဗျာ...ဒေါ်ငြိမ်းငြိမ်းရွှေ ခဏထိုင်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"





"ကျွန်တော်ဟာ ပျောက်စေဆရာလဲ မဟုတ်ပါဘူး...ဘာဝါးပြီး ပစ္စည်းချူမယ့်လူလဲ မဟုတ်ဘူး"

"အို...ဆရာကလဲ"

"ကျွန်တော် အမှန်ပြောပြတာပါ...ကျွန်တော် ကုသတိုင်းသာ ပျောက်ရင် မြန်မာပြည်မှာ ဆေးရုံတွေဆောက်နေစရာမလို ဖြစ်နေ လောက်ပေါ့ဘူးဗျာ... မဟုတ်ဘူးလား"

ဆရာ့စကားကို ပန်းဝေသီ သဘောကျသွားမိသည်။

"တခုတော့ရှိပါတယ်... ကျွန်တော့်မှာ နှစ်ပေါင်းသုံးခဲ့တဲ့ မြန်မာ့ဆေးနည်းကောင်းတွေ ကျွန်တော့်အဘိုးမှ ဆင့်ကမ်းရထားတာ ရှိပါတယ်...ပြီးတော့ ပထမဆုံး ကိုယ့်ကိုယ်ကို သမာဓိတည် အောင်ကြိုးစားပြီး ကိုယ်ရဲ့ဝေဒနာသည်ကို မေတ္တာထားနဲ့ကုပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါပေမယ့် ဘယ်လူနာကိုမှ ပျောက်ရမယ်လို့ ကျွန်တော် အာမ မခံရပါဘူးခင်ဗျာ...သူ့ရဲ့ ကံကြမ္မာ ဝဋ်နာ ကံနာကလဲ ရှိ သေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ...ဟုတ်ပါတယ်"

"ဒီတော့ ကျွန်တော့်ရဲ့ မြန်မာ့ဆေးနည်းနဲ့ ကုကြည့်ပါမယ် ဒါခု အာမခံနိုင်တာက ကျွန်တော့်ဆေးကြောင့် လူနာမှာ ဘာ အန္တရာယ်မှ မရှိစေရဘူး"

"ဟုတ်ကဲ့ဆရာ...စိတ်ချပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရောဂါမျိုးဟာ ချက်ချင်းတော့ မပျောက်နိုင်ဘူး...အချိန်တော့ ယူရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"ဝေဒနာရှင်ရဲ့ မွေးနေ့သက္ကရာဇ်နဲ့ မွေးဖွားချိန် နာရီအတိအကျ ပေးလိုက်ပါ...ကျွန်တော် ပြန်ပြီး တွက်စစ်ကြည့်ပါမယ်၊ ကဲ... ဒီနေ့ကစပြီး မဝသန်ဟာ ကျွန်တော့် လူနာဖြစ်ပြီလို့ သတ်မှတ်ပြီး ဒီညကစပြီး ကျွန်တော် မေတ္တာပို့ပါမယ်"

"ကျေးဇူးပါပဲ ဆရာရယ်"

"ကဲ...ကျွန်တော် ပြန်မယ်"

"ဟာ ဆရာ... လက်ဖက်ရည်နဲ့ မုန့် သုံးဆောင်သွားပါဦး"

"တော်ပြီ မဆာလို့...နောက်...ပြောရဦးမယ်... ကျွန်တော့်ကို ကန်တော့တာပါဆိုပြီး ငွေတွေ ပစ္စည်းတွေမပေးကြနဲ့ဦးနော်... ကျွန်တော့်မေတ္တာ မထိရောက်မှာစိုးလို့"

အားလုံး ငြိမ်သက်စွာဖြင့် ဆရာဦးစက္ကကို ကြည်ညိုသည့်မျက်ဝန်းများနှင့် ကြည့်နေကြသည်။

ဆရာဦးစက္ကသည် အားလုံးကို ပြုံးရွှင်ကြည်သာသောမျက်နှာဖြင့် ကြည့်ရှုနှုတ်ဆက်ပြီး ပြန်ထွက်သွားလေတော့သည်။

ဆရာဦးစက္ကကို တင်ဆောင်သွားသော မာစီဒီးကားပိုင်ရှင်မှာ မိုးကုတ်မြို့၏ အချမ်းသာဆုံးများစာရင်းဝင် ဦးလှညို၏ကားဖြစ်၏။





ဆရာဦးစက္ကသည် ဦးလှညို၏အိမ်တွင်တည်းခိုပြီး ပင့်ကျောင်းတွင် အဓိဋ္ဌာန်ဝင်မည်။ တစ်လကြာမည်။

ဤကာလအတွင်း မမဝသန်ကို သူ့ဆေးစွမ်း၊ မေတ္တာစွမ်းများဖြင့် ကုသမည်။

ရှေးဘဝ ဝဋ်ကြွေးကြောင့်ဆိုလျှင်ဖြင့် မပျောက်နိုင်တော့။ ယခု ဘဝ၏ ကံတရားကြောင့်ဆိုလျှင် ဤဆရာ၏ ကုသမှု မေတ္တာစွမ်းရည်ဖြင့် ပျောက်ကင်းနိုင်လေမည်ဟူ၍....

ဒေါ်သိန်းအုန်းနှင့် ဒေါ်ငြိမ်းငြိမ်းတွေးဆိုသော သူဌေးမကြီးနှစ်ဦး၏ မျက်နှာမှာ မျှော်လင့်ခြင်း ရောင်ခြည်များဖြင့် လင်းလက်တောက်ပနေကြည်လျက်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်ဗူးဝမှ ပြင်ပသို့ ခြေတလှမ်း အရင်ချပြီးမှ ခေါင်းလျှို၍ ထွက်လိုက်တော့...

ပြင်ပ၏လေသည် သန့်ရှင်းလတ်ဆတ်လှချေသည်။

နေရောင်ခြည်သည်ပင်လျှင် ဖိုရ်တောက်ပသည်ဟု ထင်မှတ်မိသည်။

"ခြော် ...အပြင်မှာလဲ ပွဲဈေးတန်းကြီးတမျှ စည်ကားလို့ပါလား"

လူတွေရဲ့ ဝတ်ပုံစားပုံကအစ ပြောင်းလဲကုန်ကြပါရောလား။ အင်းလေ...

"ငါ့ရဲ့ ကျောဘက်က အင်းစိန်ထောင်ကြီးထဲမှာ ငါနေခဲ့ရ





တာက အနှစ်နှစ်ဆယ်နီးပါးပဲကိုး"

"ဦးမြဒင်"သည် သူများဆီက တောင်းလာသော ကျွတ်ကျွတ်အိတ်ကလေးအတွင်းမှာ သူပိုင်ဆိုင်သောပစ္စည်းလေးအချို့ကို ထည့်၍ ဆွဲထွက်လာခဲ့သည်။

မထွက်မီက ပညာပေးလိုက်သည်များကို မည်သူမျှ သတိရကြတော့မည်မထင်။ လာကြိုကြသော မိသားစုအသီးသီး၏ အလယ်တွင် "ထောင်ထွက်"တို့သည် ပြုံးရွှင်တက်ကြွစွာရှိနေကြသည်။

သူမှာတော့...

ဦးမြဒင်သည် ထောင်ကြီးကိုပင် သံယောဇဉ်မကုန်နိုင်သလိုလိုဖြင့် တချက် ပြန်လှည့်ကြည့်ပြီးမှ လေးကန်စွာကျောခိုင်းလျက် ထွက်လာခဲ့တော့သည်။

သူ့ကို ဘယ်သူမှ လာကြိုမည့်သူမရှိ။

ဘယ်အရပ်သို့ သွားရမှန်းလည်းမသိ။

ထောင်ကြီးကို ကျောခိုင်းပြီး အင်းစိန်လမ်းမကြီးပေါ်သို့ အရောက်လျှောက်လှမ်းရသည့်လမ်းက ရှည်ဝေးလှပါဘိ။

"ဒီမှာကွယ် ငါ့တူရယ်... ဒီကနေပြီး မြို့ထဲကို ဘာကားစီးရလဲဟင်"

"အင်းစိန်ကနေ ရန်ကုန်ဘက်ထွက်တဲ့ကားတိုင်း မြို့ထဲကို ရောက်ပါတယ်...အဘက ဘယ်လမ်းသွားမှာမို့လဲ"

"အင်းလျားလမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…အင်းလျားလမ်းက ရန်ကုန်မြို့ထဲမှာမှမဟုတ်တာ"

"ဒါဆို ဘယ်ဘက်မှာလဲကွယ်"

"တက္ကသိုလ်နယ်မြေ…အဲလေ…ဒါဆိုလဲ အဘ သိမှာ မဟုတ်ဘူး…ဟို…ကမာရွတ်ဘက်မှာ"

"ဪ… ဪ…ကမာရွတ်ဆိုတာ ကြားဖူးတယ်"

"ဒါဆို လွယ်တယ်…ဒီက ကားတွေတက်စီးသွားပြီး ကမာရွတ်မှာ ဆင်းပြီး လက်ဝဲဘက်မှာရှိမယ့် တက္ကသိုလ်ရိပ်သာ လမ်းအတိုင်းသာသွား…"

"လက်ဝဲဘက်ဆိုတာ အရှေ့ဘက်လား…အနောက်ဘက် လား"

"ကျွန်တော်တို့ ရန်ကုန်မှာ "အရှေ့သွား" "တောင်ချိုး" "မြောက်မှာရှိတယ်" စသည်ဖြင့် မညွှန်ကြဘူး အဘရဲ့… လမ်း တခုကို လမ်းပြရင် "ဘယ်ချိုး" "ညာကွေ့" ဒီလိုပဲပြောကြတယ်… အဘက မန္တလေးကလား"

"အင်း…အ…အညာသားပါကွယ်"

လူငယ်လေးက သူ့တွက်ကိန်းမှန်သွားသည့်အတွက် အောင်မြင်စွာ ပြုံးနေပါ၏။

"ကဲ… ဆက်ပြောပါဦး…ကမာရွတ်အဝိုင်းကြီးကိုတော့ သိတယ်"

"ဟာ…အခု အဲဒီ အဝိုင်းကြီးမရှိတော့ဘူး…ယာဉ်





သွားလာမှု လွယ်ကူအောင် ဖျက်လိုက်ပြီး အဘရဲ့…ရန်ကုန်မြို့ မှာရှိကြတဲ့ လမ်းငါးခွဆုံ တော်တော်များများထဲမှာတော့ ကမာရွတ် က လမ်းငါးခွဆုံက အကြီးကျယ်ဆုံးနဲ့ ကားအရှုပ်ဆုံးပေါ့"

"ဪ…ဪ ဆက်ပြောပါဦးကွယ်"

"အဘ ရန်ကုန်မရောက်တာ ကြာပြီထင်တယ်"

"အနှစ် နှစ်ဆယ်လောက်ရှိပါပြီ"

"ဟာ…ကျွန်တော်တို့ တသက်လောက်ရှိပြီပဲ…ဒီ ရန်ကုန်မှာ ဆွေမျိုးမရှိလို့လား"

"ဆိုပါတော့ကွယ်…ကဲ ဆက်ပြောပါဦး"

"လက်ဝဲချိုးပြီး တည့်တည့်လျှောက်သာသွား… မီးပွိုင့် ရှိတဲ့ ပထမဆုံးတွေ့တဲ့လမ်းဟာ အင်းလျားလမ်းပဲ အဘ"

"ကျေးဇူးပါပဲ သားရယ်"

"ဪ… အင်းလျားလမ်းက နှစ်ဘက်ရှိတယ်နော် အဘက ဘယ်ဘက်သွားမှာလဲ"

"မပြောတတ်ပါဘူး သားရယ်…ရှာရမှာပဲ"

"ဘယ်သူ့အိမ်လဲ ပြောလေ… ကျွန်တော်သိရင် ညွှန် ရအောင်ပါ"

ဦးမြဒင်သည် လူငယ်လေးကို ခပ်စူးစူးကြည့်လိုက်ပြီး လျှို့ဝှက်သိပ်သည်းသော အပြုံးကို အားနည်းစွာ ပြုံးလိုက်ပြီးမှ…

"နေ…နေပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသား ဖြစ်ပုံရပြီး အင်းလျားမြေတဝိုက်ကို ကျွမ်းပုံရသော လူငယ်သည် ဦးမြခင်ကို နားလည်စွာ ကြည့်လိုက်ပြီး နှုတ်ဆက်၍ ထွက်သွားတော့သည်။

လူငယ်လေး ပြောသည့်အတိုင်း အင်းစိန်မြို့မှ ရန်ကုန်ဘက်သို့ ထွက်ခွာမည့် ဟီးနိုးကားကို တက်စီးလိုက်သည်။ ဒတ်ဆန်းတွေ၊ ဒိုင်နာ့တွေလဲ တွေ့သား။ မစီးရဲ။ ကမာရွတ် ရောက်မလား မေးပြီး စီးခဲ့သော ကားပေါ်မှနေ၍ . . .

"သြော် . . . ရန်ကုန်မြို့ကြီးမှာ ကားတွေ ရှုပ်ထွေးလိုက်ပါဘိ၊ ဟို အရင်နဲ့များ တခြားစီပါလား"

လမ်းဘေးသို့ ငေးမောရင်း အနှစ် နှစ်ဆယ်ကာလဆီသို့ ပြန်လည် တွေးလိုက်မိသည်နှင့် . . .

"လူသတ်မှု"

ဆိုသော ပြစ်မှုကြီးက အနှစ်နှစ်ဆယ်ပတ်လုံး နှိပ်စက်ခဲ့ပြီးလေပြီ။ ယခု ထောင်ကလွတ်လာတော့လည်း ဤပြစ်မှုကြီးသည် ထောင်တွင်း၌ မကျန်ရစ်ခဲ့ပါလား . . .

ကြိုတင်ကြံရွယ်ချက်ဖြင့် မသေမချင်း ကြိုးစားအားထုတ်၍သတ်ခဲ့ကြောင်း ထင်ရှားသဖြင့် သေစားသေစေ အမိန့်ချခဲ့ပြီးမှ အသနားခံလွှာကြောင့် ကြိုးမိန့်မှ ကျွန်းမိန့်သို့ ပြောင်းလဲခဲ့ပါ၏။

ကျွန်းမိန့်တစ်ခုတည်းဆိုပါလျှင် သူ သည်အချိန်လောက်အထိ နေစရာမလို။





ထောင်တွင်းဝင်ကာစက အသက်ကလည်း သုံးဆယ်ကျော်၊ ဒေါသကလည်းကြီး။ မဟုတ်လျှင်လည်း မခံတတ်သော စိတ်ဓာတ်များကြောင့် "ကိုမြခင်"မှာ ထောင်တွင် ပြဿနာအကြိမ်ကြိမ်တက်ခဲ့သည်။

"သူ့ချစ်သူ" မကောင်းသတင်းကို ဆောင်ကြဉ်းသယ်ယူ ပြီး ပြောပြလာသော ထောင်သားတစ်ဦးကို ရိုက်ပုတ်ရာမှ ထိုလူ အထိနာခဲ့သဖြင့် ထပ်မံ အပြစ်ရခဲ့ပြန်သည်။

ဤသို့ အပြစ်ပေါ် အပြစ်များထပ်ဆင့်နေသဖြင့် ထောင်တွင်း၌ အနှစ်နှစ်ဆယ်နီးပါးမျှလောက် ကြာခဲ့ရလေသည်။

"အဘ . . . ကမာရွတ် ဆင်းမယ်ဆို . . . အဆင်သင့်လုပ်ထား"

ကားပေါ်၌ နှစ်ခါလောက် ကမာရွတ်ရောက်ရင် ပြောပါဟု မှာထားသဖြင့် စပယ်ယာလေးက သတိပေးရှာသည်။

ကြပ်ညပ်နေသော လူကြားထဲမှ တိုးထွက်ပြီး မြေကြီးပေါ် ရောက်တော့ လူပင် ဒယီးဒယိုင် . . .

"ဒီနေရာမှာ လူတွေ စည်လှချည်လား . . . ဆိုင်တွေကလဲ ပြည့်လို့"

ဦးမြခင် မျက်စိလည်သွားသည်။ တက္ကသိုလ်ရိပ်သာလမ်း ဆိုသည်ကို ဘယ်ဘက်ချိုးရမှန်း မသိတော့ . . .

တွေ့သမျှလူကိုမေးပြီး ညွှန်သမျှလမ်းအတိုင်း လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အင်းလျားလမ်းကို ရောက်ရှိလာခဲ့ပါပြီ။

ခြံဝင်းဝများမှာ စာများ ချိတ်ဆွဲထားလေမလားဟု ရှာသော်လည်း ဘာစာမှမတွေ့မိ။ နံပါတ်များကိုသာ မြင်ရပါ၏။ အင်းလျားလမ်းမှာနေကြောင်းသာသိသည်။ ခြံအမှတ် မသိ။

"အင်း...သူတို့ ဒီနေရာမှာ ရှိမှရှိကြသေးရဲ့လား"

ဦးမြဒင်သည် အင်အားမဲ့သော ခြေလှမ်းများဖြင့် လှမ်းရင်း လမ်းသွားလမ်းလာနှစ်ဦးကို မေးမိသည်။ မသိကြ။ နောက်ဆုံးတွင်မှ တက္ကသိုလ်ကျောင်းသား ဖြစ်ပုံရသော လူငယ်တစ်ဦးကို...

"ဒီမှာကွယ်...ဒီနားမှာနေတဲ့ ဆရာ"ဦးမျိုးသန့်"ရဲ့ အိမ်ကို သိသလားဟင်"

"ဦးမျိုးသန့်"

လူငယ်က ကြားဖူးဟန်နှင့် စဉ်းစားသလို လုပ်နေ၍...

"ဟိုကွယ်...ဒဿနဗေဒလဲတော့ မခေါ်တတ်ဘူး... ဝေသဏ္ဌာဝါတွေအကြောင်းသင်တဲ့ ဆရာလေ"

"ဩော်...ဟုတ်ပြီ...ဓူးကပဲ.. ဒါကြောင့် ကြားဖူးတယ်လို့တော့ထင်သား... သတ္တဗေဒဌာနက ကထိက ဆရာဦးမျိုးသန့်ကို ပြောတာ မဟုတ်လားဟင်"

"ဟုတ်..ဟုတ်မယ်ထင်တယ်..သူ့မိန်းမက ဒေါ်ခင်မြွှာသွယ် မဟုတ်လား"

"သူ့မိန်းမတော့ ကျွန်တော်မသိဘူး အဘ... ဆရာက





တော့ မိုးကုတ်ကထင်တယ်..ဟိုတလောကတောင် သူ့ အစ်ကိုဆီကို သွားသေးတယ်"

"အာ...ဟုတ်လိုက်တာ လူလေးရယ်...အဲ..သူပဲ.. သူပဲ...သူ့အစ်ကိုက မိုးကုတ်က ကိုမျိုးခန့်...အဲ..အဲ...အိမ်က ဘယ်မှာလဲဟင်"

"ဆရာဦးမျိုးသန့် အိမ်လား"

"ဒါပေါ့"

"ဟော ဟိုရှေ့ကဓာတ်တိုင်အလွန်မှာ လမ်းသွယ်လေးရှိ တယ်.. အဲဒီထဲကို ဝင်သွား...ငါးခြံကျော်လောက်မှာရှိတယ်"

"ကျေးဇူး အတူးတင်ပါတယ် လူလေးရယ်"

ဦးမြဒင်မှာ အင်းလျားလမ်းသွယ်အတွင်းသို့ ချိုးကွေ့ပြီး ငါးခြံကျော်လောက် ရောက်သည်နှင့်...

"မျိုးသန့်"

စာတမ်း ချိတ်ဆွဲထားခြင်းမဟုတ်။ အုတ်တိုင်မှာ အင်္ဂတေ စာလုံးနှင့် ထွင်းထားသော စာတမ်းငယ်...

ဦးမြဒင်တို့၏ ရင်တို့ တထိတ်ထိတ်ခုန်လာသည်။ ခြံကို မျှော်ကြည့်ပြီး ခပ်သုတ်သုတ် ဖြတ်လျှောက်ဖြစ်သည်။ ခြံဝင်းတံခါး ပိတ်ထားရုံမက ခြံဝနှင့် တိုက်တွင်း၌လည်း လူသူ အရိပ်အရောင် မမြင်ရ။

ဦးမြဒင် ခြံကိုလွန်လျှောက်ပြီးမှ နောက်တခေါက် ပြန်ကွေ့



www.burmeseclassic.com

www.burmeseclassic.com



လာချိန်မှာ ခပ်ဖြည်းဖြည်းလှမ်းရင်း ခြံထိပ်မှာ သူ့လွယ်အိတ်ကလေး နှိုက်သလိုလိုနှင့် မယောင်မလည် လုပ်နေ၏။ မျက်စိကလည်း သူနိုးကြည့်နှင့် ခြံတွင်းကို ချောင်းလိုက်၊ လွယ်အိတ်ကို ငုံ့ကြည့်လိုက် လုပ်နေဆဲမှာ...

မိန်းမပျိုလေးတစ်ယောက် တိုက်တွင်းမှ ထွက်လာသည်ကို ရိပ်ကနဲ မြင်လိုက်သည်နှင့် ဦးမြဒင်မှာ အသွက်ဆုံးခြေလှမ်းများဖြင့် လမ်းထိပ်သို့ ပြန်ထွက်ပြေးသွားရသည်။

"ငါ အရိပ်အကဲ ကြည့်ဖို့ပဲလေ... သူတို့နဲ့ ငါနဲ့ ဘယ်လိုလုပ်ပြီး ရင်ဆိုင်လို့ ဖြစ်ပါ့မလဲ"

"မပြတ်သေးဘူး...သွားပြီး ဖြေရှင်းလိုက်ရ ကောင်းမလား"

"အို...ဒီမှာ ဖြေရှင်းရမယ့်အစား မိုးကုတ်ကို ပြန်တာပဲ ပိုကောင်းမယ် ထင်ပါရဲ့"

ဥပဒေ အနှောင်အဖွဲ့မှ လွတ်မြောက်ကာစ ဦးမြဒင်မှာ အတိတ်ဆိုး၏ အနှောင်အဖွဲ့များအတွင်းသို့ ပြန်လည် သက်ဆင်းရန် သူကိုယ်တိုင် ကြိုးစားနေမိလေပြီ...

○ ○ ○





ဒီကောင် ရင်ကွဲပါစေ... မမ စိတ်ချမ်းသာရင် ကျေနပ်ပါပြီကွာ။

မမရဲ့ သံယောဇဉ်လေး

မောင်...

စာအဆုံးသတ်ကို ဖတ်ပြီး...ဝသန်သို့ ပြန်ပေးလိုက်၏။

"ဘယ်လိုသဘောရလဲဟင်"

"မမဝသန်ရဲ့ချစ်သူက အချွဲကောင်းပုံရတယ်"

"သူက ငယ်တာကိုကွယ်"

"ဘာပဲဖြစ်ဖြစ် သူကပဲ စာတွေရေးနေတယ်...မမဝသန်က ဘာမှဖြေရှင်းခွင့်မရအောင် ခြေရာဖျောက်ထားတာတော့

www.burmeseclassic.com



မကောင်းပါဘူးလေ"

"ဟုတ်တယ်...သူ ဒီမြို့ကထွက်သွားပြီးနောက်မှာ ရောက်ရာအရပ်က စာတွေထည့်ပါတယ်...ဒါပေမယ့် စာပြန်ဖို့ သူ့လိပ်စာ ရေးမထားဘူး ပန်းဝေသီရယ်...အဆိုးဆုံးက သူ မိတ္တူလာက ထည့်လိုက်တဲ့ စာပဲ"

"သူ ခံစားရကြောင်းတွေပဲ မဟုတ်လား"

"ဟုတ်တယ်...သနားပါတယ်"

"မမဝသန်ကတော့ ကိုယ့်ချစ်သူဆိုတော့ အကောင်းဆုံးဘက်က လှည့်တွေးပြီး သနားနေတာပါ...တကယ်တော့ တဘက်သတ် စာတွေရေးပြီး ပြန်ကြားခွင့်မပေးတဲ့လူ... ဒီဘက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ တင်ပြခွင့်မရအောင် လိပ်စာဖျောက်ထားတဲ့ မမဝသန်ရဲ့ ချစ်သူဟာ ဘာနဲ့တူလဲဆိုတော့..."

"ဘာနဲ့တူလဲ ဟင်..."

"ခြေလက်မရှိတဲ့လူကို ကြိုးတုပ်ပြီး ရိုက်နေသလိုပဲ"

"ဟင်..."

"ဘာမှ မတုံ့ပြန်နိုင်ပါဘူးဆိုတာ သိရက်နဲ့ စာတွေရေးပြီး သက်သက် နှိပ်စက်နေတာ...ဒီကို တကယ်သံယောဇဉ်ရှိတယ်ဆိုရင် မမေ့နိုင်ဘူးဆိုရင် သူ့ဆီစာရေးဖို့ လိပ်စာပေးသင့်တာပေါ့လေ"

"သူ ပြောင်းသွားတဲ့မြို့သစ်မှာ တဆင့်ဆိုပြီး ပေးစရာလိပ်စာ





...လို့ပဲလား မသိပါဘူးကွယ်...ဒါမှမဟုတ် ခရီးတွေများထွက်နေ...သွားပဲ... ဘာပဲဖြစ်ဖြစ် မမကတော့လေ... သူ့ကို ဘယ်သော...ခါမှ မမေ့နိုင်တဲ့ သံယောဇဉ်တွေနဲ့ ခွင့်လွှတ်စွာ စောင့်နေဆဲပါ...တာ "မမရဲ့မောင်" သိခွင့်ရရင် ကျေနပ်ပါပြီ ပန်းဝေသီရယ်"

အိပ်ရာထဲမှာ နာမကျန်းစွာလဲနေရင်း သူ့ အချစ်ဆုံးကို ...တနေရှာသော မမဝသန်ကို ပန်းဝေသီ သနားမဆုံးနိုင်တော့...

သူ့ခမြာ သူ့ရင်တွင်းခံစားချက်များ၊ လက်ရှိအခြေအနေများကို ...ချစ်သူ သိစေချင်လှမည်။ ပြောပြခွင့် ကြုံချင်လှပေမည်။

'မမ ဝသန်၏ချစ်သူ "မောင်"ဆိုသောသူသည် စာထဲက ...ဆိုင်း မမဝသန်ပေါ် တကယ်သစ္စာရှိစွာ ချစ်နေပြီး အခြေအနေ ...နားလည်စွာ နောက်ဆုတ်သွားခြင်းလား။

သို့မဟုတ်...

အဝေးမှနေ၍ မမဝသန်ကို အသည်းကွဲနေစေရအောင် ...ကြေကွဲဖွယ် စာသားတွေနဲ့ တမင်နှိပ်စက်နေခြင်းလား။ ပန်းဝေသီ ...ခွဲတတ်တော့ပါ။

မမ ဝသန်ကတော့ သူ့အချစ်ဆုံးလေးကို ယုံကြည်နေဆဲ၊ ...သင့်နေဆဲ၊ တမ်းတနေဆဲဆိုတာ သိပေးပါ "မောင်" ဆိုသူရယ်။

ဒီတစ်ခါ စာလာရင် လိပ်စာ ပါပါစေ။ မမဝသန် စာပြန်...ပြန်ကြားခွင့်လေးတွေ ပေးခွင့်ရပါစေလို့ ပန်းဝေသီမှာ မမဝသန်



www.burmeseclassic.com

www.burmeseclassic.com



ကို သနားစိတ်နှင့် ကြိတ်၍ ဆုတောင်းပေးနေမိပါတော့သည်။

"ရော့...ဆေးတွေ... ဆရာ မှာလိုက်တာ...ဒီမှာ စာရေးထားတယ်"

ဝသန်နှင့် ပန်းဝေသီတို့နှစ်ယောက်ရှိနေသော အခန်းတွင်းသို့ ကိုမိုးဇွေ ဝင်လာသည်။

စကားရှည်ရှည်ဝေးဝေး ပြောရမှာ ကြောက်၍လား မသိ စာရွက်ငယ်တစ်ခုနှင့် ဘာဆေးအမည်က ဘယ်အချိန်၊ ဘယ်ဆေးက ဘယ်နှစ်ခွန်း၊ ဘယ်နှစ်ကြိမ် စသည်များကို အတိုချုပ်ရေးသား ပြီး ဆေးများနှင့် ဆေးစာကိုပေး၍ ပြန်ထွက်ခါနီးဆဲဆဲမှာ...

"ကိုကို"

မမဝသန်ခေါ်တော့ သူက လှည့်ကြည့်လာသည်။ သူ့အကြည့်က မမဝသန်သို့သာ စူးစိုက်လျက်ရှိသည်။ ဘေးဘီသို့ မရွေ့လျား။

"ဒီမှာ ကိုကို...ပန်းဝေသီကိုလဲ ကိုယ့်ညီမလေး သဘောထားခေါ်ပါ...ပြောပါ ကိုကိုရယ်... သူ့ခမျာ ပစ္စုပ္ပန်တိုင် အဖော်လဲမရှိ...ဝသန်ကလဲ မထနိုင်ဆိုတော့..."

"ကိုကိုက ဘာလုပ်ပေးရမှာလဲ"

"ဘာမှ လုပ်မပေးရပါဘူး... ရင်းရင်းနှီးနှီး ခေါ်ခေါ်ပြော ပြောနေရုံပါ"

"ကိုကို ဘယ်သူနဲ့မှ မရင်းနှီးချင်ဘူး"





ပြောရင်း ဆိုရင်း ချက်ချင်းပင် သူ အခန်းထဲက ထွက်သွား၍...

"ကိုကိုကြောင့် ခက်တယ်...ဒါကြောင့် သူ ဒီလို ဖြစ်နေတာ"

မမ ဝသန်က ညည်းညည်းညူညူ ပြောလျက် လှုပ်ရှားနိုင်သောလက်ဖြင့် စောင်ကို ဆွဲခြုံနေသည်။

မမဝသန်ကို ပန်းဝေသီ စောင်ခြုံမပေးဖြစ်။

ရင်ထဲသို့ လေးလံသော အစိုင်အခဲတစ်ခု ထည့်ပေးသွားသလို ကိုမိုးဇွေအပေါ်မှာ ပန်းဝေသီ နာကျည်းရုံမက မုန်းတီးစိတ်ပါ ဝင်သွားမိသည်။ မိန်းကလေး တစ်ယောက်ရှေ့မှာ သူ့မို့ ဒီလောက် ရိုင်းရိုင်းပျပျ ပြောရက်လေတယ်။

"ကိုမိုးဇွေရယ် ၊ ပန်းဝေသီကို ရင်းနှီးချင်စိတ်မရှိဘူးဆိုတဲ့သူ နဲ့ကုန်မြေနဲ့ တက္ကသိုလ်ဝန်းကျင်မှာ မရှိခဲ့ပါဖူးပါဘူးရှင်... ပန်းဝေသီ လဲ ရှက်တတ်၊ နာကျည်းတတ်တဲ့ ခံစားမှု နှလုံးသားနဲ့ မိန်းကလေးပါ ..ပန်းဝေသီရဲ့အကြောင်း ရှင် သိရပါစေ့မယ် ကိုမိုးဇွေ"

မခံချင်စိတ်နှင့် မျက်ရည်ဝဲလာသည့် ပန်းဝေသီ၏မျက်နှာကို ဝသန် မမြင်တွေ့ရှာ။

"သူဟာသူ မိန်းကလေးတစ်ယောက်အတွက်နဲ့ အရက် ရူးပြီး သောကားနေရင်း မိန်းမလှလေးတွေကို မုန်းနေတဲ့ ကိုကို ရယ်လေ"

သူ့ဟာသူ ညည်းညူသလိုပြောနေသော မမဝသန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကိုမိုးစွေ၏အကြောင်းကို မေးချင်လာသည်၊ သိချင်စိ
ဖြင်းပြလာသည်။ မေးသင့် မမေးသင့် ချင့်ချိန်နေဆဲမှာပင်...

"ဟဲ့...ဆရာက ဆေးပေးလိုက်တယ်ဆို"

ကြီးကြီးငြိမ်း ဝင်လာသည်။

"ဪသားကြီးကလေ...မနည်း မေးယူရတယ်..ပြ
ပါအုန်း"

စောစောက ကိုမိုးစွေပေးသွားသော ဆေးထုပ်လေးများ
ဖြေကြည့် နမ်းကြည့်သည်။ ဆေးထုပ်ထဲတွင် ဆေးကခပ် နည်းနည်
သွေးဆေးလို နီညိုရောင်များ။ မြန်မာ့ဆေးစွမ်းကောင်း များဖြစ်ပါ
မမဝသန်ရဲ့ ရောဂါနှင့်တည့်သော ဆေးများဖြစ်ပါစေ ဟု ပန်းဝေ
ဆုတောင်းမိပါသည်။

"ပန်းဝေသီကို ပြောထားရဦးမယ်"

"ဘာများပါလဲ ကြီးကြီးငြိမ်း"

"သားကြီးနဲ့ ပတ်သက်လို့"

"ရှင်"

"သူဟာ မိန်းမတစ်ယောက်အတွက်နဲ့ပတ်သက်ပြီး
ဘဝကို ရပ်ထားလိုက်တဲ့သူပါ"

"ရှင်"

"အေး...သူ့ဘဝရဲ့ တိုးတက်မှုအတွက် ဘာတ
မဆောင်ရွက်ဘဲ ရပ်ထားတယ်လို့ ပြောတာပါ"

"အေး"





"သားကြီးဟာ သိပ်သနားစရာကောင်းတဲ့သူပါ...သူနဲ့
ပတ်သက်ပြီး ပန်းဝေသီ မကျေနပ်တာများရှိရင် ခွင့်လွှတ်ပါလို့
ကြီးကြီးငြိမ်း ပန်းဝေသီကို တောင်းပန်ပါတယ်"

"ဟာ...မလိုပါဘူး ကြီးကြီးငြိမ်းရယ်"

"ပြီးတော့ တဆက်တည်းပြောပါရစေ... သားကြီးနဲ့လည်း
စိမ်းစိမ်းကားကား မနေပါနဲ့ကွယ်...ကိုယ့်မောင်နှမတွေပဲဟာ"

ဒေါ်ငြိမ်းငြိမ်းထွေးသည် ကိုမိုးစွေကို မွေးစားသည်ဟုပြော
လျှင်ပင်မကြိုက်။ နောက်ထပ်မွေးသော ကလေးများကလည်း သုံး
ယောက်လုံး မိန်းကလေးများချည်းမို့ သူ့သားကြီးကို အချစ်မလျှော့
နိုင်ခြင်းလည်း ဖြစ်သည်။

ပန်းဝေသီတို့နှင့် စကားပြောလေတိုင်း ကိုယ့်မောင်နှမတွေ
ပဲဆိုသော ရောသည့်စကားမျိုးပြောလေ့ရှိသည်။ သူ့သမီးများနည်းတူ
ညီအစ်မွေမျိုး အသိုင်းအဝိုင်းတွင်းမှာ ဝင်ဆံ့စေချင်သော စေတနာလွန်
ဆန္ဒရှိလေသူပါ။

ကြီးကြီးဒေါ်ငြိမ်းငြိမ်းထွေးသည် သူ့သားကြီးကို လွန်လွန်
ကဲကဲချစ်သလို ဘာဘာကတော့ သိပ်ပြီး အဖြစ်မသည်းလှ။ မျက်နှာသာ
လည်း မပေး။

ကိုမိုးစွေ၏ မှုန်တေတေအကြည့်၊ ခပ်တည်တည်မျက်နှာ
ထားနှင့် သီးသန့်နေ၍လားမသိ။ ဘာဘာနှင့် ရောရောဝင်ဝင် ရင်းရင်း
နှီးနှီးစကားပြောနေသည်ကို တခါမှ မမြင်ရဖူးပါချေ။



www.burmeseclassic.com

www.burmeseclassic.com



မိခင်စိတ်နှင့်မွေးခဲ့ရသော ဒေါ်ငြိမ်းငြိမ်းထွေးက မိခင်ဆ
စွာချစ်ရသော်လည်း မွေးစားမိခင်ဟု သိနေသော ကိုမိုးဇွေသည်
ဒေါ်ငြိမ်းငြိမ်းထွေးကိုရော အားလုံးကိုပါ သူ့နေထိုင်ပုံကို စိမ်းလှနေ
သည်။

"သင်္ဂီး...ညနေကျရင် ဆရာဦးစက္က ကြွလာမယ်တဲ့...
ဒီအိမ်နဲ့ပတ်သက်ပြီး သူမှာ အာရုံရတဲ့ ကိစ္စတွေကို ပြောစရာ
လို့ဆိုပဲ"

"ဘာ အာရုံရတာလဲ မေမေ"

"မပြောတတ်သေးဘူး..."ဒေါ်မြနှင်း"နဲ့တွေ့လို့ သားကြ
ကို ဆေးပေးလိုက်ကြောင်းနဲ့ အဲဒီအကြောင်းပြောပြတာ"

အာရုံရတယ်...အကြားအမြင်ရတယ်ဆိုပြီး လိမ်လည်
လှည့်ဖြားသော ဆရာများရှိနေတတ်ကြောင်း ကြားဖူးသော ပန်းဝေ
မှာ ကြီးကြီးငြိမ်း၏ ဆရာကို ကြည်ညိုဖွယ်စကားများ မပြော
လေလားမသိ...

"လွန်ခဲ့တဲ့ သုံးနှစ်ကလဲ ဒီမိုးကုတ်ကို လာဖူးတယ်...
ဟောတာတွေ မှန်လွန်းလို့ သူ့ကို ဝိုင်းလှူလိုက်ကြတာ...အား
လက်ခံပြီး ပြန်ခါနီးမှာ ဘုရားပုထိုးနဲ့ ဘုန်းကြီးကျောင်းအတွ
အားလုံးလှူပစ်ခဲ့တယ်..ဘာဆို ဘာတစ်ခုမှမယူပဲ ပြန်သွားခဲ့ဖူးတ
ဆရာဟာ ငွေကြေးပစ္စည်း စတဲ့အပေါ်မှာ ဘာနှမြောမှုမှမရှိခဲ့
စေတနာသက်သက်နဲ့ ကုသတယ်...တွက်ချက်ပြီး ဗေဒင်ဟောတ





အဲဒါကြောင့် ကြီးကြီးငြိမ်းက ဆရာစက္ကကို ကြည်ညိုနေတာပါ"

ဒေါ်ငြိမ်းငြိမ်းထွေးသည် ခံစားလွယ်သော မိန်းမမျိုးဖြစ်သော်လည်း ယုံကြည်လွယ်သော အစားထဲကတော့မဟုတ်ပေ။

ဆရာစက္ကဆိုသူနှင့်ပတ်သက်၍ ယုံကြည်ထိုက်စရာ အကြောင်းလုံလုံလောက်လောက် ရှိပေလိမ့်မည်ဟု ထင်ရသည်။

"နေကောင်းလား သမီးကြီး"

"လူက နေကောင်းပေမယ့် မလှုပ်နိုင် မရှားနိုင် အိပ်ရာထဲမှာ..."

"အို...သမီးရယ်"

စကားမဆက်နိုင်ပဲ မျက်ရည်တွေကျလာသော ဝသန်ကို ဒေါ်ငြိမ်းငြိမ်းထွေးက ပွေ့ယူရင်း နှစ်သိမ့်နေရှာသည်။

ပန်းဝေသီသည်လည်း ဝိုင်းကူကာ အားပေးရပါ၏။

မဝသန်သည် သနားစရာကောင်းလှစွာ နားလည်လွန်းသူဖြစ်ပါလေသည်။

သူ့အတွက် သူ့မိခင် ပျာယာခတ်သွားခြင်းများ... သူ့ကို လာ၍ကူညီပေးနေသော ပန်းဝေသီ စိတ်အနှောင့်အယှက်ဖြစ်သွားရခြင်းများအတွက် ချက်ချင်းပင် သူ့ အငိုကိုရပ်ကာ ထိန်းသိမ်းရာသည်။

"ပန်းဝေသီ...သားကြီးကို ခဏသွားခေါ်ပေးပါ"

ကြီးကြီးငြိမ်းခိုင်းတော့ မနေသာ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝေသီ အခန်းတွင်းမှထွက်လာပြီး သူ့ကို ရှာရသည်။ အိမ်ထဲမှာမတွေ့။ ခြံထဲဆင်း၍ရှာမည်ဟု စာကြည့်ခန်းရှေ့မှအဖြတ်...

ကိုယ်တော်ချောက ဘာစာတွေများ ထိုင်ရေးနေသလဲ မသိပါဘူး။

"ဒီမှာ...ဒီမှာရှင့်"

အံ့သြဟန်ဖြင့် သူ လှည့်ကြည့်သည်နှင့်...

"ကြီးကြီးငြိမ်းခေါ်နေတယ်"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကိုပေါ့"

မျက်ဝန်းမာန်လေး ခပ်တင်းတင်းနှင့်ကြည့်ပြီး ရှေ့က ထွက်လာ နှင့်သည်။

မမဝသန်၏ အခန်းဝရောက်ပြီးမှ...

"ဩော်...သူတို့မိသားစုချင်း ဘာပြောချင်ကြလို့လဲ မသိဘူး...ငါရှိနေဖို့မသင့်ဘူး"

ဟူသော အတွေးဝင်စိတ်ဖြင့် ပန်းဝေသီမှာ သူ့အတွက် ပေးထားသော အပေါ်ထပ်၏ ထောင့်ဘက်အခန်းလေးသို့ တက်မည် လုပ်ပြီးမှ...

"နောက်ဖေးမီးဖိုခန်းထဲပဲ သွားလိုက်ပါ့မယ်လေ... မချိုတို့ ဘာတွေလုပ်နေကြလဲ မသိဘူး"





နေ့လည်ကြီး ဖြစ်ပါလျက် နောက်ဖေးမီးဖိုဆောင်မှာ ထောင်းသံ ထုသံ စီစီညံညံကြားနေရ၍ ပန်းဝေသီ ဝင်လာပြီး...

"ဘာလုပ်နေကြတာလဲ ဟင်...မချို... ဘာကူလုပ်ပေးရမလဲ"

"အမယ်လေး နေပါစေ... လက်လှလှလေးတွေ ပေရေကုန်ပါဦးမယ်"

"ပေစမ်းပါစေ... အလကားကြီးနေရတာ ပျင်းလွန်းလို့ပါ ဒါနဲ့ မနက်ကလဲ ဟင်းတွေအစုံချက်ပြီးကြပြီလေ... ခုချက်တာ ဘာအတွက်လဲဟင်"

"ဧည့်သည်ကျွေးဖို့လေ...ညနေစာတဲ့...ဒေါ်ဒေါ်ငြိမ်း စောစောက မြို့ထဲကပြန်လာမှ သတင်းရော ဈေးခြင်းရောပါလာတာ"

"ဘယ်က ဧည့်သည်လဲဟင်"

"ဆရာ ဦးစက္ကတဲ့"

"အဲဒီဆရာက အရင်ကရော ဒီလိုပဲ လာနေကျလားဟင်"

"ဒီအိမ်တော့ မလာဖူးဘါဘူး...မြို့ထဲက ဒေါ်မြနှင်းတို့ အိမ်တော့ လာဖူးတယ်တဲ့... ဒီတုန်းက ဒေါ်ဒေါ်ငြိမ်းနဲ့ မသိသေးဘူး"

"ဩော်...ဩော်"

"အဲဒီဆရာက ဗေဒင် သိပ်မှန်တာ...အကြားအမြင်လဲ ရနေတာတဲ့... ပြောလိုက်ရင် ဒက်ခနဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေ ဘယ်လောက်ပေးရင် တွက်ပေးလဲဟင်"

"ငွေမယူဘူး... သူ့အလုပ်က မေတ္တာတဲ့... မေတ္တာ စေတနာနဲ့ ကူညီတာပါ... မေတ္တာတခါ တခါပိုရင်လဲ အကြာကြီး ငွေမမက်လို့ သူ့ကို ကြည်ညိုသူများတာပေါ့"

ကြီးကြီးငြိမ်း အိမ်သားများကလည်း ကြီးကြီးငြိမ်းနှင့် တလေတည်းပါလား။

မချိုနှင့်အတူ အသက်ငါးဆယ်အရွယ် ဒေါ်အေးစိန်က လည်း ဆရာဦးစက္က၏ ဂုဏ်သတင်းကို ဖော်ကျူးနေကြသည်။

ညနေ ဆရာ ကြွလာမည်ဆို၍ သူတို့လည်း ပျော်နေကြ လေသည်။

နောက်ဖေးချောင်မှာ အပေါ်စား အလုပ်ကလေးများ ဝိုင်း ဝင်လုပ်ပေးနေမိ၏။

ညနေပိုင်း မမဝသ်န်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပြီး စီးချိန်လောက်မှာ ဆရာဦးစက္က ရောက်ရှိလာတော့သည်။

အသက်က လေးဆယ်အရွယ်။ အသားအရေက စိုပြည် ဝင်းဝါနေသည်။ ဝဝကြီးမဟုတ်သော်လည်း ခပ်ဖိုင့်ဖိုင့်ပုံစံမျိုး။ အရပ် ကပုသည်။

မျက်နှာက ကြည်လင်ရွှန်းလက်နေပေသည်။ မျက်ခုံးထူ ထူအောက်မှ မျက်ဝန်းများက စူးရှလှသည်။ မျက်နှာဝိုင်းပြီး သူ့အပြုံးက ကြည်လင်လှသည်။ သဘောကောင်းမည့် မျက်နှာမျိုး ဖြစ်ပါ၏။





ဝသန်ကို စမ်းသပ်ကြည့်ရှုညွှန်ကြားပြီး ဘုရားစင်ရှေ့မှာ သူ ဝယ်ခိုင်းထားသော အောင်သပြေနှင့် သစ္စာပန်းများကို သူ ကိုယ်တိုင် ကပ်လှူ ဘုရားရှိခိုး ဆုတောင်းပြီးမှ ထမင်းစားဖြစ် သည်။

"ဒီ မိုးကုတ် ရောက်ကတည်းကဗျာ... ဝသန်အတွက် မေတ္တာပို့ပြီး အာရုံခံကြည့်တာ... တခါမှ အာရုံမရပဲ ဘာသွားပြီး တွေ့ရသလဲ သိလား"

"အမိန့်ရှိပါ ဆရာ"

"ဦးချမ်းမြေ့ အကြောင်းတွေချည်း ပေါ်ပေါ်လာတယ်"

"ရှင်... ဖေဖေ့အကြောင်း"

"ဟုတ်တယ်...ဆရာကြီး ဦးချမ်းမြေ့ဟာ တကယ့် သူတော် ကောင်းကြီးပါဗျာ...သူ့ရဲ့ အလှူ ရက်ရောမှုကို သားသမီးတွေသိရင် နမြောမှာစိုးလို့ ငွေငါးသောင်းကို တိတ်တိတ်လှူသွားတာပဲ"

"ဟုတ်လား... ဘယ်မှာလဲ ဆရာ"

"တောင်ပေါ် ဘုန်းကြီးကျောင်းတစ်ကျောင်းပဲ"

"ဦးဇင်း ဦးဝိသုဒ္ဓများ ဖြစ်မလားမသိဘူး"

"အဲ...ဟုတ်လိမ့်မယ်...ဗုဒ္ဓဟူးနံနဲ့ ဆရာတော်ဖြစ် လိမ့်မယ်...သူ လှူပြီးသွားတာကို စေတနာတော့မပျက်ကြနဲ့ဗျာ"

"ဟာ...မပျက်ပါဘူး ဆရာရယ်"

" နောက်တစ်ခုရှိသေးတယ်ဗျ"

"ဘာများလဲ အမိန့်ရှိပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသား ကိုမိုးစွေနဲ့ ပတ်သက်လို့ပဲ"

"အင်း...ဘာများပါလိမ့်"

"သူ့မြေးကို ဘယ်သူမှမသိအောင် အဖိုးတန်ရတနာတစ်ခု ပေးခဲ့တယ်...အပြာဆိုတော့ နီလာပေါ့...ရှစ်ရတီလောက်ရှိတယ် အရည်အသွေး အကောင်းစားဆိုပဲ"

"ဟုတ်လား ဆရာ"

"ကြုံကြုံဖန်ဖန်ဗျာ...အဲဒါနှစ်ခု အာရုံသွားရတယ်... ဝသန်ကို ကုသဖို့အတွက် ဘာမှ အသုံးမဝင်တဲ့ အာရုံတွေရလာ တယ်...ဒီအိမ်နဲ့တော့ ပတ်သက်တာပေါ့လေ...ဟုတ် မဟုတ် ဒေါ်ငြိမ်းငြိမ်းထွေး စုံစမ်းကြည့်ပါဦး"

"ဟုတ်ကဲ့ ဆရာ...ဟုတ်ကဲ့"

"မဟုတ်လဲ တိုးတိုးကိတ်ကိတ်လုပ်ဗျာ... ကျုပ် နာမည် ပျက်နေပါဦးမယ်"

ဆရာ၏ အရွှန်းဖောက်မှုကို အားလုံးက သဘောကျစွာ လိုသည်ထက် ပို၍ ရယ်မောကြသည်။

"သားကြီး...ဟော့ သားကြီး"

ဒေါ်ငြိမ်းငြိမ်းထွေးက အောက်ထပ်မှ သူ့သားကို ကြုံးခေါ် လိုက်၏။

"သားကြီးကို ဘိုးဘိုးက မေမေတို့မသိအောင် တခုခုပေး သွားတယ်ဆို"





ဆရာ စက္ကုကာ၏ စိတ်ဓာကြွစွာ စောင့်စားမျှော်လင့်နေ ကြသည်။

"ဘာလဲ"

ကိုမိုးစွေက စိတ်ရှုပ်ထွေးဟန်နှင့် မျက်ခုံးနက်ကြီးနှစ်ခု ဆက်စပ်သွားအောင် နဖူးကြောတွေ ရှုံ့လိုက်သည်။

"သားကို သားဘိုးဘိုးက နီလာကြီးတစ်လုံး ပေးသွားတယ် ဆို"

"ဟင်...မေမေ့ကို ဘယ်သူပြောလဲ"

"ဒီမှာ ငါ့တူ...ဆရာ့ အာရုံထဲမှာ ပေါ်လာလို့ပါကွာ... ဟုတ်ရင်လဲ ဆရာ တောင်းပန်ပါတယ်"

"ကျွန်တော် ဘာမှမဖြေနိုင်ဘူး မေမေ"

ကိုမိုးစွေ အောက်ထပ်သို့ ပြန်ဆင်းသွားတော့ ဒေါ်ငြိမ်းငြိမ်း ထွေးမှာ ဆရာစက္ကုကို အားနာလွန်းစွာဖြင့် အထပ်ထပ် တောင်းပန်နေ ရှာသည်။

"ရပါတယ်ဗျာ...ဒေါ်ငြိမ်းငြိမ်းထွေးနယ် ဒါ သားအမိချင်း ပြောရမယ့်စကားဗျ... ဘယ့်နှယ် ကျွန်တော့်ရှေ့မှာ ပေါ်တင်ကြီး လာမေးရတာလဲ"

ဆရာဦးစက္ကု၏ ပြောပုံဆိုပုံ ပြုံးပုံတို့က လွတ်လပ်ပွင့်လင်း လှသည်။

ဆရာပြန်သွားပြီးသည်နှင့် ကိုမိုးစွေသည် ဒေါ်ငြိမ်းငြိမ်းထွေး



www.burmeseclassic.com

www.burmeseclassic.com



ရေမှာ မတ်တပ်ရပ်လျက်...

"ဘိုးဘိုးက ကျွန်တော့်ကို ပေးသွားတာကို ကျွန်တော် မရထိုက်ဘူးထင်လို့လား မေမေ"

"ဟဲ့...သား ဘယ်လိုပြောလိုက်တာလဲကွယ်"

"ဒီကိစ္စကို ဆရာနဲ့ပေါင်းပြီး မေးနေစရာမလိုပါဘူးဗျာ"

"သားကြီးရယ်...ခက်တော့တာပဲ...သားဘိုးဘိုးက သားကို ချစ်လို့ပေးသွားတာကို မေမေက ဝိုပြီး ဝမ်းသာရမှာပေါ့ သားရယ်"

"သိပ်ထူးဆန်းတယ်"

"ဘာကိုလဲသား"

"အဲဒီကိစ္စကို"

"သားဘိုးဘိုးက နို့လာတာပွင့် တကယ်ပေးသွားတယ်လား"

"ဟုတ်တယ်... ဒါကြောင့် သိပ်ထူးဆန်းတယ်လို့ ပြောတာပေါ့"

"ဟင်..."

"အဲဒီကိစ္စကို ဘယ်သူ့မှ မပြောပါဘူးလို့ သားကို သစ္စာဆိုနိုင်းပြီးမှပေးတာ... သူလဲ သစ္စာဆိုတယ်...ငါ့မြေးကြီးကိုပေးခဲ့တာ...သူ သေသည်အထိ ဘယ်သူ့မှမပြောပါဘူးလို့"

"အို"

"ဘိုးဘိုးနဲ့ သားနဲ့ နှစ်ယောက်တည်းသိပြီး...သိပ်ပြီး





လျှို့ဝှက်ထားတဲ့ကိစ္စကို ဒီဆရာ ဘယ်လိုနည်းနဲ့မှ မသိနိုင်ဘူး မေမေ"

"သူ ခုသိနေပြီလေ...ဩော်...နေဦး...ဒါဆို ဦးဝိသုဒ္ဓနဲ့ မေမေနဲ့က ဆရာရင်း ဒကာရင်းပဲ...လှူခဲ့တာ ဟုတ် သလားမေး ကြည့်နိုင်းရအောင်"

ဒေါ်မြင့်မြင့်ထွေး ချက်ချင်းထ၍ စာတစောင်ရေးပြီး ဒရိုင်ဘာနှင့် ပို့နိုင်းလိုက်သည်။

တစ်နာရီမကြာမီမှာပင် ဦးဝိသုဒ္ဓ၏ စာနှင့်အတူ ဒရိုင်ဘာ ပြန်ရောက်လာသည်။

ဒါယိကာမကြီး မမြင့်မြင့်ထွေး...

ဒကာကြီးရှိစဉ်က ဘယ်သူ့မှမပြောပါနဲ့..သူနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်းပဲ သိပါစေဆိုလို့ ကျုပ် ကတိတည်စွာ မပြောပဲ နေခဲ့တာပါ။

ခုလို အမေးရှိတော့လဲ ပြောရမှာ ကျုပ်ဝတ္တရားပဲ..

ဒကာကြီး ဦးချမ်းမြေ့ မသေမီသုံးနှစ်အလိုမှာ ကျုပ်ကို ငွေငါးသောင်း တိတိ လှူသွားတယ်ဆိုတာ မှန်ပါတယ်...

ဒီငွေနဲ့ပဲ ကျုပ်နေတဲ့ ခုကျောင်းကို ပြင်ဆောက်ခဲ့တယ်။

ဦးဝိသုဒ္ဓ

*

ဆရာတော်၏စာကိုဖတ်ပြီး သားအမိနှစ်ယောက် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"သိပ်ထူးခြားဆန်းတာပဲ...ဘိုးဘိုးတစ်ယောက်တည်း တိ

တာဆိတ်ဆောင်ရွက်သွားတဲ့ ကိစ္စတွေကို ဒီလူ ဘယ်လိုလုပ်ပြီး သိ

လဲ"

"သား"

"ဟင်"

"လောကမှာ အင်မတန်မှ ထူးခြားဆန်းပြားတဲ့ အရာ

ရှိပါတယ် သား...သမထတို့...အာရုံတို့...နိမိတ်တို့ဆိုတာ

ဟာ မယုံမရှိနဲ့ သားရေ..."

"ယုံတော့ မယုံဘူး မေမေ... ဒါပေမယ့် အပြင်

တစ်ယောက်အနေနဲ့ ဘယ်လိုနည်းနဲ့မှ မသိနိုင်တဲ့ကိစ္စကို သူ သိနေ

ကျွန်တော် သိပ်အံ့ဩတယ်"

"ဆရာ့ရဲ့ အာရုံပေါ့...ဒါကြောင့်လဲ ဒီဆရာ ဒီလော

နာမည်ကြီးနေတာပေါ့ကွယ်"

"ထူးဆန်းတယ်...သိပ်ထူးဆန်းတယ်"

ဦးချမ်းမြေ့နှင့်ပတ်သက်သော အတိတ်ဇာတ်ကြောင်းများ

တူးဖော် ထုတ်ပြနိုင်စွမ်းရှိသော ဆရာဦးစက္ကူ၏ အကြောင်း ချည်

ထိုညက ဒေါ်ငြိမ်းငြိမ်းတွေးတို့အိမ်တွင် ပြောဆိုနေမိကြသည်။

○ ○ ○





"ဟာဗျာ...သွားပါပြီ"

"ဘာလဲ"

"အဲဒီပန်းကို ကျုပ် ပန်း ဘာ နေတာ"

"ကျွန်မ မသိလို့ခုမိတာ ? မျိုး ရှိုင် ပန်းချီဆွဲနေတာလဲ ကျွန်မ မမြင်ဘူး"

"လူတစ်ယောက်လုံး ထိုင်နေတာဗျ... ခွေး မဟုတ်ဘူး"

"ရှင်...ကျွန်မကို မအော်ပါနဲ့"

"မင်း... လူလိုသိတတ်ရင် ငါ ဘာမှအော်နေစရာ မလိုဘူး"

"ဟင်...ရှင်"

"ငါ့ ပန်းချီကားတစ်ချပ်လုံး ဆုံးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လျော်မယ်"

"မင်း တစ်သက်လုံး ငါ့ဆီမှာ ကျွန်ခံဆပ်တော်မ မရ[...] ဒါ တန်ဖိုးဖြတ်လို့ မရဘူး...နားလည်လား...တောက်"

ပန်းချီကားချပ်ကြီးကို မြက်ခင်းပေါ်သို့ ဆောင့်ပစ်ချပြီး ကိုမိုး[...] ဒေါမာန်ကြီးစွာ ထွက်သွားတော့သည်။

ပန်းဝေသီ၏ နှလုံးသားတို့ ဖျပ်ဖျပ်ခုန်လာသည်။

မခံချင်လိုက်သည့်ဖြစ်ခြင်း။

"မင်း တသက်လုံး ငါ့ဆီမှာ ကျွန်ခံဆပ်တော် မရ[...] တဲ့"

ရှိုင်းပျစော်ကားလွန်းသော စကားလုံးတို့သည် ပန်းဝေ[...] ကို မျက်ရည်ပေါက်ပေါက် ကြွေကျစေခဲ့ပါပြီ။

ပန်းဝေသီ၏အဖြစ်က သူ့ခြံတွင်းမှ ပန်းပွင့်ကို ကတ်ကြေး[...] ဖြင့် ကိုက်ဖြတ် ခူးမိ၍တဲ့ပါ...

ဆယ်လက်မလေး အချင်းရှိသော နေကြာပွင့်ကြီး[...] လည်း ပန်းဝေသီ ဘယ်နည်းနှင့်မှ ပန်၍ မရပါ။

ပန်းအဝါနဲ့ ယှဉ်တွဲလိုချဲ့မှာမို့ ခြံထဲက နေကြာပန်းပဲ[...] ပေးစမ်းပါ ပန်းဝေသီရယ်ဆိုသော ဒေါ်ငြိမ်းငြိမ်းထွေး၏ အသိန်း[...] ခူးရခြင်းသာပါ။

ပန်းစည်းရိုး၏ ဟိုမှာဘက်တွင် သူရှိနေမှန်းလည်း မ[...] မိ။ ဖြည်းဖြည်းချင်းလျှောက်ပြီး အိမ်ပေါ်အရောက်တွင် ပန်း[...]





[...]သည့် ကတ်ကြေးနှင့် နေကြာပွင့်ကြီးကို ကျစ်ကျစ်ပါအောင်ဆုပ်[...] မချိုလက်သို့ အပ်လိုက်သည်။

လက်မှ နာရီကိုကြည့်လိုက်တော့ နံနက် ရှစ်နာရီခွဲပြီ။ [...]တ -မွန်နေလေးသွား လိုင်းကားများ ထွက်သွားကြကုန်ပြီ။

ဖြစ်နိုင်ပါလျှင် ယခု စက္ကန့်ပိုင်းအတွင်းမှာပင် ဤအိမ်၏[...]သို့ ထွက်သွားချင်လှပါပြီ။ ကိုမိုးစွေဆိုသူ၏ အသံ...ဟန်ပန်[...] မျက်နှာထားများကို လုံးဝမကြည့်လို မမြင်လိုတော့ပါ။

"အို...မျက်ရည်တွေနဲ့ပါလား...ဘာ...ဘာဖြစ်လို့လဲ[...]"

"မချို"

"ရှင်"

"ကြီးကြီးငြိမ်းကိုပြောပေးပါ"

"ဟုတ်ကဲ့...ဟုတ်ကဲ့...ဘာပြောပေးရမလဲ"

"အဲဒီ ပန်းတစ်ပွင့်အတွက် မျက်ရည်ကျရတာပါလို့... [...]ဖြစ်သလဲလို့ သိချင်ရင် ကိုယ့်သားပဲ ကိုယ်မေးကြည့်ပါလို့"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"သြော်...နေဦး"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"ပန်းဝေသီ နက်ဖြန် ပြန်တော့မယ်လို့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်း ပြောပေးပါ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

မချိုသည် ဘာမှန်း ညာမှန်းမသိပါပဲနှင့် ဟုတ် ဲချည်း
ပြောပြီး အပေါ်ထပ်သို့ တက်သွားချိန်မှာ...

"ဖြစ်ရလေကွယ်"

"ကျွန်တော် မှားသွားတယ်"

ကိုမိုးဇွေနှင့် ဒေါ်ငြိမ်းငြိမ်းထွေးတို့ ဒီအကြောင်း ပြော
ဆဲ မချို တက်သွားပြီး...

"ဒီ...ဒီအကြောင်း အစ်ကိုကြီးကို မေးကြည့်တဲ့... သူ
နက်ဖြန် ပြန်တော့မယ်တဲ့...ပန်းဝေသီလေ ဗိုလို..."

"ဟင်"

သားအမိနှစ်ယောက်လုံး မျက်လုံးပြူးသွားကြသည်။

"သားနယ့်ကွယ်...သူ့ခမြာ သက်သက် လာကူညီပေ
နေတာ...ဒီပန်းတပွင့် သူ ခူးတော့လဲ ဘာဖြစ်လဲ... မင်း ပန်း
ကား ပျက်စီးတော့လဲ ထပ်ဆွဲပေါ့"

"ဟုတ်တယ်...ကျွန်တော် ပြောပြီးကတည်းက မှားမှ
သိသွားပါတယ်...ကျွန်တော့်ရဲ့ အနုပညာမာန်စိတ်ကြောင့်ပါ"

"မင်းမလဲ တခါလာ စာ...တခါလာ ပန်းချီနဲ့...ကဲ...
ပန်းဝေသီကို မင်းကိုယ်တိုင် သွားတောင်းပန်ချည်...နက်ဖြ
ကောင်မလေး တကယ်ပြန်မယ်ဆိုရင် ကိုမိုးခန့်နဲ့ ငါနဲ့လဲ ပြဿနာ





က်ရတော့မှာပဲ"

"သူ မပြန်စေရပါဘူး...ကျွန်တော် သွားတောင်းပန်ပါ့
မယ်"

ကိုမိုးဇွေက လေ့ကားမှအဆင်း...

ပန်းဝေသီက လေ့ကားပေါ်သို့အတက်...

တဆစ်ချိုးကွေ့မှာ ရင်ဆိုင်အတွေ့တွင်...

"မ...ပန်း...ဝေ...သီ..ကျွန်တော်..."

"ဒီမှာ"

ကိုမိုးဇွေ၏ နှုတ်မှ ဘာစကားမှ မထွက်နိုင်မီမှာပင်...

"ကျွန်မ ထမင်းငတ်လို့ ရှင့်အိမ်မှာလာပြီး ကျွန်ခံနေတာ
ဟုတ်ဘူး"

"မဟုတ်ပါဘူး...ကျွန်တော်"

"ဒီမှာ...သူဌေး ဦးချမ်းမြေ့ရဲ့ မျိုးဆက်က ပြောတာဆို
ငြိသေးတယ်... ခုတော့ ဘာမဟုတ်တဲ့ ရှင်လို လမ်းပေါ်က
က်လာတဲ့ မွေးစားသားကပြောတာ လုံးဝမခံနိုင်ဘူး"

လေ့ကားလက်ရန်းကို ကိုင်ပြီး ကိုမိုးဇွေ ခေါင်းငုံ့ချလိုက်
ည်။ လျှံလာသော မျက်ရည်တို့ကို အံခဲ၍ ထိန်းပစ်လိုက်၏။
ကြတတ်သော အရာသာဆိုပါလျှင် ကျွန်းသား လေ့ကားတိုင်
သည် မွမွကြေလောက်ပြီ။

ဘဝ၏ နာကျည်းချက်များကို မြိုသိပ်ရလေ...သူ့ လက်ဆုပ်း



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကာ ကျစ်မာလေ...

"ငါဟာ ကိစ္စတစ်ခုကို အလောတကြီး ဆုံးဖြတ်တတ်တယ် ဆုံးဖြတ်မိခဲ့တယ်...ဒါကြောင့်လဲ ငါ့ဘဝမှာ ဆုံးရှုံးမှုတွေ ရင်နဲ့အပြည့်"

"ခုလဲ...ငါ့ရဲ့ အနုပညာ ဝန်တိုစိတ်ကြောင့် အပြစ်မဲ့ မိန်းကလေးကို ငါ ရိုင်းရိုင်းပျပျ ပြောမိလို့ ခုလို..."

"ပြောပါစေ... သူ ကြိုက်သလို ပြောပါစေ...ငါ့ဘဝ ကလဲ"

ကိုမိုးစွေ ဆက်မတွေးတော့။ ဒီအိမ်ကြီးပေါ်မှာ မျက်နှာ အငယ်ဆုံးဘဝနှင့် တိမ်မြုပ်လျှိုဝှက်စွာ နေရသောအဖြစ်တို့ကို ပြန်လည် မစဉ်းစားချင်။

ပန်းဝေသီက မိမိဘဝကို ဖော်ကျူးကာ ရင့်သီးစွာပြော လာတော့...

"အို...ဒါ ငါ့ အပြစ်ပဲလေ"

မပန်းဝေသီရယ်... ခင်ဗျား ဒီအိမ်ကြီးပေါ်ကနေပြီး ကျွန်တော့်ကြောင့် ပြန်မသွားစေရပါဘူးဗျာ...

သေတ္တာထဲသို့ အဝတ်များအားလုံး ထည့်ပြီးပြီ။ ဝီရိယ ရှိသော ပန်းဝေသီမှို ကိုယ်ပေါ်က အဝတ်အစားမှလွဲ၍ အဟောင်း မရှိ။

မနက်ဖြန် ကားဂိတ်သို့ အသွားတွင် အဝတ်အစားသစ် များလဲလှယ်ပြီး ကိုယ်ပေါ်မှ အဝတ်ဟောင်းများကို ပလပ်စတစ်





အိတ်ဖြင့် ထည့်ယူရန်လည်း အသင့်ထားပြီးပါပြီ။

အဝတ်ဟောင်းနှင့် အသစ်တို့ ရောထွေးနေလျှင် အနံ့ အသက်မကောင်းနိုင်တော့။ အဟောင်းကို ပလပ်စတစ်အိတ်လုံလုံ ဖြင့်ထည့်ပြီးမှ ခရီးဆောင် သေတ္တာတွင်းထည့်၍ ယူသင့်သည်။

"သမီး ပန်းဝေသီ"

အသံကြားရုံနှင့် ကြီးကြီးငြိမ်း၌ ကြီးကျယ်သော ခံစားမှု တစ်ခု ဖြစ်ထွန်းနေပြီဟု သိလိုက်ရသည်။

"မပြန်ပါနဲ့ကွယ်... မပြန်ပါနဲ့...သမီးရဲ့ ဘဘသာ ဒီအကြောင်းတွေသိသွားရင် မီးကုန် ယမ်းကုန် ဒေါ်ပွပြီး ကြီးကြီးငြိမ်း တို့ကို ရန်ပြုတော့မယ်"

"သမီးလဲ မပြန်ချင်ပါဘူး...ကြီးကြီးရဲ့သားက..."

"အေးကွယ်...ဒါတွေအားလုံး ကြီးကြီးငြိမ်းကပဲ တောင်း ပန်ပါတယ်...ဒီမှာ သူ့အမှားကို သူ သိသွားရှာတဲ့ သားကြီးရဲ့ စာ"

မျက်ရည်လေးစမ်းစမ်းနှင့် လှမ်းပေးနေသော ကြီးကြီးငြိမ်း လက်ထဲမှ စာရွက်တစ်ရွက်ကို လှမ်းယူဖတ်ကြည့်တော့...

မပန်းဝေသီ

မပန်းဝေသီဟာ ဒီအိမ်မှာ လိုအပ်နေသူပါ။

ကျွန်တော်က ပိုနေတဲ့ကောင်ပါ။ ဒါကြောင့် ကျွန်တော် ထွက်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအားလုံးအတွက် ဝမ်းစင်းစွာ တောင်းပန်ပါတယ်။

မိုးဇွေ

သူ့စာကိုကိုင်လျက် ဒေါ်ငြိမ်းငြိမ်းတွေးကို ကြည့်လိုက်တော့ မျက်ဝန်းမှာ မျက်ရည်တွေလျှံလို့။

"ပန်းဝေသီပဲ ပြန်ပါရစေ ကြီးကြီးငြိမ်း...ပန်းဝေသီ ပြန်သွားတာနဲ့ သူ ပြန်လာမှာပါလေ"

"ကြီးကြီးငြိမ်း တောင်းပန်ပါတယ်ကွယ်"

"ဘာကိုလဲ ကြီးကြီးငြိမ်း"

"ပန်းဝေသီ မပြန်ပါနဲ့"

"မဖြစ်ပါဘူး... ကြီးကြီးငြိမ်းတို့က သားအမိချင်းပါ... အချိန်တန်တော့လဲ အားလုံးပြေလည်ကုန်ကြမှာပါလေ...ပန်းဝေသီ ပြန်ပါရစေတော့"

"ပန်းဝေသီ"

"ဟုတ်ကဲ့"

"ဒီအိမ်ကြီးမှာလေ ပြဿနာတက်ရင် ဥပမာ...မချိုတို့လို မီးဖိုချောင်ကစပြီး ဘုရားစင်အထိ ပြဿနာတက်စေဦး.. ကိုမိုးခန်က ခွန့်လွှတ်တဲ့အမြင် မြင်တယ်..ကြီးကြီးငြိမ်း သားကြီး ကိုမိုးဇွေ ဆိုကနေပြီး အပ်ဖျားလောက်ပဲဖြစ်ဖြစ် ပြဿနာစကြည့် အဲဒီ ပြဿနာ ဟာ မပြီးဆုံးနိုင်အောင် ကြီးထွားလာရော"





"အဲဒါ ပန်းဝေသီနဲ့မှ မဆိုင်ပဲ"

"မဟုတ်ပါဘူးကွယ်... ပြောပြတာပါ...ခုကိစ္စကတော့ သားကြီးရဲ့အမှားမို့ သူ ပိုပြီး စိတ်ဆိုးလိမ့်မယ်...ဒါကြောင့် ကြီးကြီး ငြိမ်းကို သနားပါ... ပြီးတော့ ဝသန်ကို ငဲ့ညှာပါလို့ ကြီးကြီးငြိမ်း အနူးညွှတ်တောင်းပန်ပါရစေကွယ်"

"အင်း...ခက်တော့တာပဲ"

"မခက်ပါနဲ့ သမီးလေးရယ်...တစ်ပတ်တန်သည်... နှစ်ပတ်တန်သည်တော့ နေပေးပါဦးနော်"

"ဒါဆို ပန်းဝေသီ ရှိနေသမျှ ကိုမိုးဇွေ ဒီအိမ်ပြန်လာမှာ မဟုတ်ဘူးနော်...ကြီးကြီးငြိမ်းတို့ သားအမိကို ခွဲထားသလို ဖြစ်နေမှာပါ...ပန်းဝေသီ ပြန်တာပဲ ကောင်းပါတယ်ရှင်"

"သားက ခုလို အိမ်ကထွက်သွားနေကျပါ...အခု သူ မွှေလေးကို ဆင်းသွားပါပြီ ... ဟိုမှာ ကြာမှာပါ...သား ဒီအိမ်မှာ မရှိတာပဲ ကောင်းတယ်...ရှိနေရင် ကြီးကြီးငြိမ်းမှာ ဟိုဖေးရ ဒီ ဓ ရနဲ့...ရင်မောလွန်းလို့ပါကွယ်"

"ဘဘက ကိုမိုးဇွေကို မချစ်ဘူးလားဟင်"

"မချစ်ဘူး...လုံးဝမချစ်ဘူး...ကြီးကြီးငြိမ်း မွေးစားထား သို့သာ သား တော်နေရတာ...သူ ဒီကလေးပေါ်မှာ ဘယ်လို ခံစားပါလဲမသိပါဘူးကွယ်...နည်းနည်းမှကို သံယောဇဉ်မရှိဘူး"

"ဒါကြောင့်သာ ဘဘက ဖေဖေ့လို မဟုတ်ဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြီးတယ် . . . ဖေဖေက အေးတယ်လို့ အားလုံးကပြောကြတာနေမှာနော်"

"ဟုတ်တယ် . . . ခင်ငယ်ငယ်ဆို သင်မယား ရန်ဖြစ်ရင် ကြီးကြီးငြိမ်းကို သူ ရိုက်တာ"

"ဟင်"

"လက်ထပ်ပြီး ငါးနှစ်လုံးလုံး သားသမီးမရတော့ ကလေး သိပ်ချစ်တဲ့ ကြီးကြီးငြိမ်းဟာ လမ်းပေါ်မှာတွေ့ရတဲ့ ကလေးကို ကောက်ယူမွေးစားမိတယ်ကွယ်"

"ကိုမိုးစွေကို မွေးစားတော့ လေးငါးနှစ်သားအရွယ်ဆို"

"ဟုတ်တယ်"

"ဒါဆို သူ မိဘရင်းကို သူ မှတ်မိမှာပေါ့နော်"

"မှတ်မိစရာ သူ့မှာ မိဘကိုမရှိဘူး"

"ဟင်"

"မိုးမိတ်ဘက်က တောင်ယာတဲရွေမှာ သူ့ကို လသားလေး လာချထားတာတဲ့"

"ဪ"

"အဲဒီကနေ နှစ်ဆင့်လောက် လက်ပြောင်းပြီးမှ နောက်ဆုံး အဘိုးအို လင်မယားဆီ ရောက်လာတာဆိုပဲ"

ကိုမိုးစွေ၏ ငယ်ဘဝကို အံ့သြစွာ ကြားနေရသည်။

"နောက်ဆုံးမှာ ဒီအဘိုးကြီး အမယ်ကြီးကလဲ မမွေးနိုင်





ဘူး . . . ကလေးကိုပဲဆိုပြီး ကားလမ်းဘေးမှာ ထိုင်နေခိုပြီး သူတို့ နှစ်ယောက်က တောင်ကုန်းကွယ်ကနေ ပုန်းပြီးစောင့်ကြည့်နေကြတာတဲ့ . . . အဲဒီအချိန်မှာ မိုးတွေတအားရွာချပါလေရော ပန်းဝေသီရယ်"

"အို"

"ကြီးကြီးငြိမ်းနဲ့ ကိုမျိုးခန့်ကလဲ အဲဒီလမ်းကအဖြတ်မှာ ငိုနေတဲ့ကလေးကို တွေ့ရတော့တာပါပဲ . . သားဟာလေ ချမ်းလွန်းလို့ တုန်နေရှာတယ် . . . ကြောက်ကြောက်ရွံ့ရွံ့နဲ့ ရှိုက်ရှိုက်ပြီး ငိုနေလိုက်တာလဲ အင်မတန် သနားစရာကောင်းပါတယ်ကွယ်"

"ဒါတွေ သူ ပြန်ပြောပြတယ်လား"

"သူ အစအဆုံး မပြောတတ်ပါဘူး . . သားကိုခေါ်လာပြီးမှ ရာဇဝင်ကို စုံစမ်းလိုက်တော့ စောစောကပြောတဲ့ အဘိုးအို အဘွားအိုနဲ့ ကြီးကြီး ဆုံတွေ့ခွင့်ရတယ်"

"သူ့နဲ့ရော တွေ့ရလား"

"တွေ့တယ် . . . တွေ့လဲတွေ့ရော ကြီးကြီးငြိမ်းကို ဖက်ထားလိုက်တာလေ . . . သူ ပြန်လိုက်သွားရမှာ ကြောက်ရှာလွန်းလို့"

အနှစ် နှစ်ဆယ်မျှ ကာလဆီမှ အကြောင်းအရာများ ဖြစ်လျက်နှင့် ခေါ်ငြိမ်းငြိမ်းထွေးမှာ မျက်ရည်တွေ ဝိုင်းနေရှာသည်။

"သူ့ မိဘတွေကရော . . ."



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်ထိ ရှာမတွေ့ဘူး··· စောစောကပြောတဲ့ အတိုးအဲ့ လင်မယားလဲ ဆုံးကုန်ကြပြီ"

"သနားစရာပါလား"ဆိုသောမှတ်ချက်ကို မပြောဖြစ်အောင် ငြိမ်နေလိုက်ရတော့သည်။

"ကလေးက သိပ်သနားကောင်းတာ···ဘာနဲ့မှ မပေးရှာဘူး···ကြီးကြီးငြိမ်းကတော့ ကိုယ့်သားအရင်းလေးလို သဘောထားပြီး မွေးခဲ့တာမဟုတ်လား···သနားပြီး ချစ်တယ်···ကလေး ဝေယျာဝစ္စတွေ လုပ်ပေးမိတယ်··· ဒါကိုပဲ သမီးရဲ့ ဘဘက မကျေမနပ်ဖြစ်လာတယ်···နောက်···သမီးတွေ မွေးလာတော့ ပိုဆိုးတာပေါ့လေ"

ပန်းဝေသီမှာ ကိုမိုးစွေ၏ အတိတ်ပေါင်းကို ရင်နင့်စွာ ကြားနာရပါ၏။

"ကြီးကြီးငြိမ်းက ဘာ့ကွယ်··· ဝမ်းနဲ့ မလွယ်ရပေမယ့် ရင်ခွင်မှာပိုက်ပြီး မွေးခဲ့ရတော့ သမီးတွေထက် မပိုတောင် မလျော့တဲ့အချစ်နဲ့ ချစ်ပါတယ်···သနားတာတောင် ပိုပါသေးတယ်"

"အင်း···"

"သမီးတို့ ဘဘကတော့ သားကြီး ဘာလုပ်လုပ်မှ အကောင်မထင်ပဲ အမြဲအပြစ်မြင်နေတာပဲ"

"ဒါလဲ အကြောင်းရှိလို့ နေမှာပေါ့လေ"

"အကြောင်း ဟုတ်လား··· ဘာ အကြောင်းလဲဟင်"





ဒေါ်ငြိမ်းငြိမ်းတွေးက လန့်သလိုလို ထိတ်သလိုလိုမေးလာ၍···

"ဩော်···တခြားအကြောင်း မဟုတ်ပါဘူးလေ··· သူ ဟို···ကိုမိုးစွေက ပန်းဝေသီကို ပြောသလိုမျိုး ရှေ့မကြည့် နောက်မကြည့် ပြောမိသလားလို့ပါ"

"တခါမှတော့ မဖြစ်ဖူးသေးပါဘူး"

"အင်းပါလေ···ဒါဆိုလဲ ပြီးတာပါပဲ···ပန်းဝေသီ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး··· ကြီးကြီးငြိမ်းရယ်"

"ဘယ်လိုမှ မလုပ်ပါနဲ့ကွယ်··· ဘာမှမဖြစ်သလို ပုံစံ နဲ့ ဆက်ပြီး နေပါနော်"

"ဒါဆို ကြီးကြီးသားက···"

"ရတယ်···မန္တလေးမှာ သူ့ သူငယ်ချင်းတွေရှိတယ်·· ဟိုမှာ သူ ပျော်ပါတယ်··· ကြီးကြီးငြိမ်းနဲ့လဲ အဆက်အသွယ် မပြတ်ပါဘူး"

"ကောင်းပါပြီလေ·· ဒါဆိုလဲ မနက်ဖြန်တော့မပြန်ပါဘူး ဒါပေမယ့် သိပ်အကြာကြီးတော့ မနေပါရစေနဲ့တော့ နော်"

"အေးပါကွယ်···အေးပါ"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"အခုလိုပြောနိုင်တဲ့အတွက် ကျွန်တော့်မှာ ဘာအကို ကျေးဇူးမှ ခံစားရစရာ အကြောင်းမရှိပါဘူး ဦးမျိုးခန့်... ကျွန်တော် ရဲ့ ပညာအမြင် မှန် မမှန်သာ သိပါရစေခင်ဗျာ"

ဘာဘ ဦးမျိုးခန့်၏မျက်နှာတစ်ခုလုံး နီမြန်းသွားသည် ဆရာစက္ကကို မကျေနပ်သလို ကြည့်နေသော်လည်း သူ့ပုံစံက ပြ ဟန်မပြ။ ဤကိစ္စကို ဖုံးကွယ်ရန် စကားလုံးရှေးမရနိုင်အောင်ရှိနေပုံ သည်။

"ဟုတ်သလားဟင် ကိုမျိုးခန့်...ဆရာ မေးတာဖြေလိုက်ပါ ဦးရှင်"

"အေး ဟုတ်တယ်...မင်းကို မကျေနပ်ခဲ့တာ မင်း





အသိပဲလေ"

ဒေါ်ငြိမ်းငြိမ်းထွေး မျက်နှာပျက်သွားရပြန်သည်။

"တော်ကြပါတော့ ခင်ဗျာ.. ကျွန်တော် ပြောမိတဲ့အတွက်"

"မဟုတ်ဘူး...ရပါတယ်..ကျုပ် အမှန်အတိုင်းပြောမယ် နော်...ဆရာစက္က"

"ဟုတ်ကဲ့...အမိန့်ရှိပါခင်ဗျာ"

ဒေါ်ငြိမ်းငြိမ်းထွေးသည် သူ့ခင်ပွန်းနှင့် သူ ကြည်ညိုလေး စားအားကိုးလွန်းသော ဆရာတို့ချင်း မပြေလည်ကြမှာ စိုးရိမ်လွန်း၍ ရင်ပင့်စွာဖြင့် ဟိုကြည့်သည်ကြည့်နှင့်...

"ဒီလို ပညာတွေကို ဦး မယုံကြည်ဘူး..လက်လဲ လက်မခံ ဘူး...ဒါပေမယ့် ဆရာစက္ကပြောတာ သိပ်မှန်လွန်းနေတယ်... ပြီး တော့ ဒီကိစ္စကလဲ ကျွန်တော့် ယောက္ခမ ဦးချမ်းမြေ့ နဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းသိကြတဲ့ကိစ္စ"

ဘုရားခန်းရှေ့မှာ တစ်မိန်းလူ ဘယ်သူမှမရှိကြ၊ မိသားစုကိစ္စမို့ သူတပည့်များကို ပြန်ခိုင်းပြီး ဆရာစက္ကတစ်ယောက်တည်း နေရစ်ခဲ့ သည်။

ဦးမျိုးခန့် ၊ ဒေါ်ငြိမ်းငြိမ်းထွေးနှင့် ပန်းဝေသီတို့သုံးဦးနှင့် ဦးစက္ကသာ ရှိနေကြသည်။

အိမ်ဖော်များကိုပင် အိမ်ပေါ်သို့ တက်ခွင့်မပေး။

ယနေ့ညနေ ဆရာဦးစက္ကရောက်လာပြီး မမဝသန့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခဏောင်ကြည့်သည်။ ပြီးတော့ အပေါ်ထပ် ဘုရားခန်းရှေ့မှာထိုင်
ဆေးများပေးပြီး...

"ကျွန်တော်လဲဗျာ ခုတလော ကိုယ့်လူနာအတွက် အ
အာရုံမှုကို ခံလို့မရဘူး... ဘာဆေး...ဘာစာတ်စာဆိုတာ
အာရုံမှာ ပေါ်မလာဘဲ ဦးချမ်းမြေ့အကြောင်းချည်းပဲ သိသိနေတ
တစ်ခုမေးပါရစေ..."

ဟု အစချီကာ...

"လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ရဲ့ တနင်္ဂနွေနေ့ တစ်နေ့မှာ ဦးမျိုး
ဟာ ဒေါ်ငြိမ်းငြိမ်းထွေးနဲ့ မပေါင်းနိုင်ပါဘူးဆိုပြီး ကွာရှင်းမယ်လုပ်တ
ငိုနေတဲ့ ဒေါ်ငြိမ်းငြိမ်းထွေးကိုထားခဲ့ပြီး ဦးချမ်းမြေ့ဟာ ဦးမျိုးခန့်
ခြံထောင့်က ကညင်ပင်အောက်ကို ခေါ်သွားပြီး တောင်းပန်တယ်...
ပြီးတော့ ငွေနှစ်သောင်းပေးလိုက်တယ်... ဦးမျိုးခန့်ဟာ တစ်သော
ကျော်တန် ကားသစ်တစ်စီး ဝယ်စီးလိုက်တယ်... သူ့ ကတိအတိုင်း
ဒေါ်ငြိမ်းငြိမ်းထွေးနဲ့ ကွာရှင်းမယ်ဆိုတဲ့စကားကို ဦးချမ်းမြေ့ သေဆုံး
အထိ မပြောတော့ဘူး"

ဆိုသော အတိတ်ဖောင်း၏ အကြောင်းများကို အဆေး
စိတ် ပြန်လည်ပြောပြနိုင်သော ဆရာဦးစက္က။

"အရင်တခါလဲ နှစ်ခုမှန်ပြီနော်... မောင်မိုးစွေနဲ့ ဦးဝိ
ကို ငွေလုပ်တာ...နောက် ကွာရှင်းမယ်ဆိုတဲ့ ကိစ္စ...အခုလဲ
ထပ်ပြီး ပြောပါရစေ"





ဒေါ်ငြိမ်းငြိမ်းထွေးရော ဦးမျိုးခန့်ပါ "ဘာများလာဦးမလဲ"
ဆိုသော စိုးရိမ်စိတ်ဖြင့် စောင့်နေကြသည်။

"တချိန်က ဒီအိမ်မှာ ကိုလှမောင်ဆိုတဲ့ အလုပ်သမား
တစ်ယောက် ရှိဖူးလား"

"ရှင်...ကိုလှမောင်"

"ဟုတ်တယ်...ဗလကောင်းကောင်း...အသားမည်း
မည်းလေ"

"ရှိ...ရှိပါတယ်...ဒါပေမယ့် သူ သေတာကြာပါပြီ"

"အဲဒီ သေတာကို ပြောမလို့"

"ရှင်"

"အဲဒီ ကိုလှမောင်ဟာ သူ့ဟာသူ ဆေးများသောက်တာ
ကို လေဖြတ်ပြီး သေတာလို့ ကြေငြာပြီး သင်္ဂြိုလ်လိုက်ကြတယ်
မဟုတ်လား"

"ရှင်...ဒါ..ဒါ"

"ဟုတ်တယ်...ဦးချမ်းမြေ့ရဲ့ အစီအစဉ်ပဲ.. ဒီလူ တကယ်
ဆေးများသောက်ပြီး သေတာပါ... ဒါပေမယ့် ဆေးရုံတင်ရင် အမှု
တတ်နေမယ်ဆိုပြီး လေဖြတ်သေတယ်လို့ လုပ်လိုက်တာပါ...ဦးချမ်းမြေ့
ဟာ တကယ် ဦးနှောက်ကောင်းတဲ့လူနော်"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤအိမ်၏ အိမ်တွင်း‌ေ
အဖြစ်အပျက်များစွာကို ခရေစေ့တွင်းကျ သိနေလေသော ဆ
ဦးစက္ကုပါတကား။

"ဒီမှာ...ဦးစက္ကု"

"ပြောပါ ဦးမျိုးခန့်"

"ခင်ဗျား ဒါတွေ ဘယ်လိုလုပ် သိသလဲဟင်"

"ပြောပါရော...ကျွန်တော့် အာရုံမှာပေါ်လာတာပါလို့...
ဒီအကြောင်း ပြန်ပြောပြလို့လဲ ကျွန်တော့်အတွက် အကျိုးကျေ
တပြားသားမှ မရှိနိုင်ပါဘူးခင်ဗျာ... ဒါကြောင့် မဟုတ်ပဲနဲ့ မယ
နဲ့ ပြောစရာအကြောင်း ကျွန်တော့်မှာ မရှိပါဘူး"

"ဖြစ်နိုင်ပါတယ်...ဒါပေမယ့် သိပ်ထူးဆန်းနေတယ်"

"ဦးမျိုးခန့် ခင်ဗျာ"

"အင်း"

"သိပ် ထူးဆန်းနေတယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော်
ထင်ပါတယ်...ကျွန်တော် ပြောလိုက်တာတွေ မှန်တယ်
ပြောကြတိုင်း ကျွန်တော့်မှာ ကြက်သီးမွေးညင်းတွေ ထထ
ပါတယ်"

"ဟုတ်တယ်...သိပ်ထူးဆန်းနေတာ"

"မဖြစ်နိုင်တာ တစ်ခုကို ကျွန်တော် တွေးမိလာပါတယ်"

"ဘာများလဲ..."





"ဦးချမ်းမြေ့ရဲ့ အင်အားကြီးတဲ့ အစိတ်အပိုင်းတခုခု...ဝိညာဉ်
တစ်ခုလို့ ဆိုရမလားပဲ... အဲဒါ ကျွန်တော့်ကိုယ်မှာ ပူးကပ်နေ
ယ်လို့ ကျွန်တော်ထင်..."

"အမယ်လေး"

ဆရာစက္ကု၏ စကားမဆုံးခင် ဒေါ်ငြိမ်းငြိမ်းထွေး ကြုံးအော်
ိုက်သည်။

ဤတွင် ဆရာစက္ကုသည် ဒေါ်ငြိမ်းငြိမ်းထွေးသို့ ယုယကြင်
သော နှစ်သိမ့်မှုမျိုးဖြင့် ဒေါ်ငြိမ်းငြိမ်းထွေး၏ လက်တဘက်ကို
၏ လက်နှစ်ဘက်ဖြင့် ကိုင်ပြီး...

"ကျွန်တော် မှားသွားရင် ခွင့်လွှတ်ပါ...ဟုတ်တယ်...
ျွန်တော် မှားသွားတယ်...ဒီစကားမျိုး ကျွန်တော် မပြောသင့်
ဘူး"

ဟု အားနာလွန်းစွာ တောင်းပန်ရသည်။

"သိပ်ထူးဆန်းတယ် ဦးမျိုးခန့်ရယ်... ကျွန်တော့် တသက်မှာ
မျိုးလဲ တခါမှမဖြစ်ဖူးပါဘူးဗျာ"

ဦးမျိုးခန့် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကျွန်တော့်နေရာက စဉ်းစားကြည့်ပါ...ကျွန်တော် သိ
တွေ ပြန်ပြောပြတဲ့အတွက် ကျွန်တော့်အနေနဲ့ ဘာအကျိုး ကျေးဇူးမှ
နိုင်ပါဘူးဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော်လဲသိပါတယ်...
ဆို ပြဿနာတွေဖြစ်လာနိုင်စရာ အကြောင်းရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အဲဒီတော့ ကျွန်တော် တစ်ခုတောင်းပန်ပါရစေ"

"ဘာများလဲ ဆရာ . . ကျွန်မ မှားသွားရင်လဲခွင့်လွှတ် . ."

"ဒေါ်ငြိမ်းငြိမ်းထွေး မမှားပါဘူးဗျာ . . . ကျွန်တော် ပြောချင်တာကို အားနာစွာနဲ့ပဲ ပြောပါရစေတော့"

"ရှင် . . ဘာများလဲ"

"ကျွန်တော် မဝသန်ကို မကုပါရစေနဲ့တော့ . . . ကျွန်တော် ပြန်ချင်ပြီ"

"ဟင်"

"နောင်ဆို ဒီမိုးကုတ်ကိုတောင် ကျွန်တော် မလာချင်တော့ဘူး"

ဒေါ်ငြိမ်းငြိမ်းထွေးမှာ အံ့အားသင့်လွန်းစိတ်ဖြင့် ကြောင်နေသည်။ တားမြစ်ရမည်လား။ လိုက်လျောရမည်လား သူ မဆုံးဖြတ်တတ်တော့။

ဦးမိုးခန့်သည် အလွန့်အလွန် နက်နဲသော ကိစ္စကြီး တရပ်ကို စဉ်းစားနေသည်ဟု သူ့မျက်နှာက ဖော်ပြနေပါ၏။

"ကဲ . . . ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါ . . . အားလုံးအတွက် ကျေးဇူးတင်ပါတယ်"

ဆရာစက္ကသည် သူ့ ဘရိ(ဖ်)ကေ့စ်ကို ဝိတ်လိုက်သည်။ ပြန်ရန် ထခါနီးအချိန်တွင်မှာ . . .





"နေဦး ဆရာ"

ဘာပဲဖြစ်ဖြစ် ဆရာစက္ကကို လက်မလွှတ်ချင်သော ဒေါ်ငြိမ်းငြိမ်းထွေး၏ မျက်နှာမှာ ကျေနပ်ခြင်းများ ဖြစ်ထွန်းသွား၏။

"ကျွန်တော်ကတော့ စူပါနချရယ်လ် (Super natural) ဆိုတဲ့ သဘာဝလွန် ဖြစ်ရပ်တွေကို ယုံကြည်သူ မဟုတ်ခဲ့ဘူး"

ဒေါ်ငြိမ်းငြိမ်းထွေးနှင့် ဦးစက္ကတို့မှာ ဦးမိုးခန့် ဆက်လက်ပြောကြားလာမည့် စကားများကို ရင်မောစွာ စောင့်မျှော်နေကြခဲ့။

"ဒါပေမယ့် ဆရာ ပြောသလိုပဲ . . . ခုလိုသိတဲ့အတွက် ဆရာ့မှာ ဘာအကျိုးမှ မရှိနိုင်ဘူးဆိုတာလဲမှန်ပါတယ် . . ပြီးတော့ ဆရာတင်ပြတဲ့ အကြောင်းအရာလေးခုလုံးဟာ ဘယ်သူမှမသိနိုင်တဲ့ ခြင်းထွေး ဖြစ်နေလို့ ဆရာ့ပညာကို ကျွန်တော် သိပ်အံ့ဩသွားတယ်"

"ပညာမဟုတ်ပါဘူး ဦးမိုးခန့် . . . အလိုလိုကိုဖြစ်လာတာဗျာ ကျွန်တော်ကိုယ်တိုင်လဲ ကျွန်တော့်ကိုယ် ကျွန်တော် ငါဟာ ငါမဟုတ်ရဲ့ လားဆိုပြီး . . ."

"ရှင် . . . ဆရာပြောတာ ကျွန်မ နားမလည်ဘူး"

"မငြိမ်းထွေး . . . ဆရာ ပြောတာပဲ နားထောင်စမ်း . . . ဒီလို ထအော်တာမျိုးလဲ မလုပ်နဲ့ . . . ဘုရားဒကာ၊ ကျောင်းဒကာလဲ ဖြစ်သတိုင်း နတ်ပြည်ရောက်ချင်မှရောက်မှာ . . . မကျွတ်ပဲ ဝိညာဉ်ဘဝ ဒီလိုနည်းလဲ ဖြစ်နေမှာပဲ"

ဒေါ်ငြိမ်းငြိမ်းထွေးမှာ ဘာမှ မပြောသော်လည်း နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



များဖြူ၍ မျက်လုံးများ ဝိုင်းဝိုင်းလည်နေသည်။

"ဆရာ ကိုစက္က"

"ဟုတ်ကဲ့ ဦးမျိုးခန့် ပြောပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ . . . ကျွန်တော်တို့ ဆွေးနွေးကြရအောင် . . . ဆရာစက္ကဘာတွေဖြစ်တယ် . . .ဘယ်လိုခံစားရတယ် ဘယ်လို အာရုံရတယ်.ဘယ်လိုသိတယ်ပေါ့ဗျာ.အဲဒါတွေ ကျွန်တော် သိချင်တယ်"

"ဟုတ်ကဲ့ ကျွန်တော်လဲ မခြွင်းမချန်အားလုံးပဲပြောပြချင်တယ်. . .ဒါပေမယ့် ဒေါ်ငြိမ်းငြိမ်းထွေးရှေ့မှာ ပြောလို့မသင့်ဘူးထင်ပါတယ်. . .ခုနလို. . ."

"ဟုတ်တယ် မငြိမ်းထွေး. . .အောက်ခဏဆင်းနေပါ"

"မဆင်းပါရစေနဲ့ ကိုမျိုးခန့်. .ကျွန်မ ဘာအနှောင့်အယှက်မှ မပေးပါဘူး. . .ဒီကိစ္စကို ကျွန်မလဲသိချင်လွန်းလို့ပါရှင်"

"ဦးမျိုးခန့် ခွင့်ပြုနိုင်ရင်လဲ နေပါစေဗျာ. . .သူက အဖြူ ဖခင်ဆိုတော့ ပိုပြီး သက်ဆိုင်မယ်ထင်ပါတယ်"

"ကောင်းပြီလေ. . .ဒါဆိုလဲ နေပါ"

ဦးမျိုးခန့်တို့နှစ်ယောက်မှာ စိတ်ဇောကြီးစွာဖြင့် ဆရာစက္က၏ စကားများကို စောင့်မျှော်နေကြသည်။

"ကျွန်တော်ဟာ မဝသန်ကို ကုသလို့ ပျောက်ကင်းပါစေဆိုတဲ့ စေတနာနဲ့ ပထမ ဘုရားရှိခိုးပုတီးစိပ်ပါတယ် . . .ပြီးတော့ မဝသန်ရဲ့ မျက်နှာကိုပေါ်အောင် စိတ်ကူးနဲ့ကြည့်ပြီး ဒီချမ်းမြေ့ဂေဟာကို





စိတ်လွှင့်လိုက်ပါတယ်"

"အင်း. . ."

"အဲဒီလိုစပြီး စိတ်က ဆောင်ရွက်ကတည်းက နှုတ်ခမ်းမွေးနဲ့ ခန့်ခန့်ထည်ထည် အသက်ခြောက်ဆယ်ကျော်အရွယ် အဘိုးကြီးတစ်ယောက်ကို ထင်ထင်ရှားရှားပဲ မြင်လာရပါတယ်"

"ဒါနဲ့ စိတ်ထဲ နည်းနည်းထူးဆန်းတယ်ထင်ပြီး. . .အဲ. . ဖြတ်ပြောရဦးမယ် . . .အရင်က ဦးချမ်းမြေ့ဆိုတာကို ကျွန်တော် မမြင်ဖူးသေးဘူး"

"ဟုတ်တာပေါ့. . .ဆုံးတာလဲ ခုနစ်နှစ်တောင်ရှိသွားပြီ"

"ဟုတ်ကဲ့. . .ဒါနဲ့ အဲဒီညက အာရုံရပြီး နောက်တစ်နေ့ ဒီအိမ်လာတဲ့အခါ အဲ. . .ဒီပန်းချီကားလဲတွေ့ရော ကျွန်တော်လန့်အော်မိမတတ်ပဲဗျာ. . .လူလဲ ကြက်သီးမွေးညင်းတွေထသွားတာပါပဲ ဒါနဲ့ မနည်းကျခြွေဆည်ပြီး ဒါ ဘယ်သူလဲလို့ ကျွန်တော်တည်းတဲ့အိမ်က ဦးလူညိုကို မေးကြည့်တော့ ဒါ "ချမ်းမြေ့ဂေဟာပိုင်ရှင် သူဌေးကြီး ဦးချမ်းမြေ့" တဲ့. . ."

"ဒီလိုနဲ့ နောက်နေ့တွေမှာလဲ. . .အဲ. . .ညကအထိပေါ့လေ. . .ဒါပဲ မြင်နေတယ်. . .တွေ့နေတယ်"

ဒေါ်ငြိမ်းငြိမ်းက ချောက်ချားစွာဖြင့် ဦးမျိုးခန့်ကို ကြည့်လိုက်သည်။

"ဘာတွေတွေ့တယ်. .မြင်တယ်ဆိုတာ အကုန်သာပြောပါ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ...အားမနာပါနဲ့"

"ဟုတ်ကဲ့...ကျွန်တော်လဲ ဒီအကြောင်း သိပ်ပြောချင်နေတာပါ...ဒီအကြောင်းကလဲ ဒီအိမ်ကလွဲလို့ တခြားမှာပြောလို့မဖြစ်ဘူး မဟုတ်လား"

"ဒါဆို ဘယ်သူမှ မသိသေးဘူးပေါ့"

"ဟုတ်ကဲ့...မသိပါဘူး"

"ကဲ...ဆက်ပြောပါ"

"အဲဒီလို အာရုံခံလိုက်တိုင်း ဦးချမ်းမြေ့ရဲ့ ရုပ်ပုံလွှာပေါ်ပေါ်လာတယ်...သူဟာ ကျွန်တော့်ကို စိုက်ကြည့်တယ်ခင်ဗျာ...အဲဒီအခါမှာ ကျွန်တော်ဟာ စိတ်ညှို့ခံလိုက်ရသူလိုလိုပဲ... အိပ်ချင် စိတ်တွေဝင်လာတယ်...အဲဒီလိုလဲဖြစ်ပြီးရော ကျွန်တော်ဟာ ဒီအိမ်နဲ့ပတ်သက်ပြီး အားလုံးလိုလို တစ်ခုပြီးတစ်ခုဆက်တိုက်သိလာတော့တာပါပဲ...အို...သိတာမှ ကျွန်တော်ကိုယ်တိုင်ဖြစ်ခဲ့တဲ့အတိုင်းပဲ"

"ဘာမှ မသိဖူး...မမြင်ဖူးတဲ့ လူတစ်ယောက်အကြောင်းကို လူဝင်စားဆိုတဲ့ လူမျိုးတွေမှ သိတတ်ကြတယ်လို့ပြောသံကြားဖူးတယ်"

"ဟုတ်ကဲ့...ဦးချမ်းမြေ့ ဝင်စားတယ်လို့ ပြောရအောင် ကျွန်တော်ကအသက်လေးဆယ်...ဦးချမ်းမြေ့ဆုံးတာကခုနစ်နှစ်"

"အင်း...ဆက်စမ်းပါဦး"

"ဟုတ်ကဲ့... ဆက်ပြောရရင်တော့...လွန်ခဲ့တဲ့ ဆယ့်





ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်က ကိစ္စတွေကို ကျွန်တော် အားလုံးပြန်သိနေတယ်...ကျွန်တော် တင်ပြတာက အရေးကြီးတဲ့ ကိစ္စလောက်ပဲ...ဥပမာ ဦးချမ်းမြေ့ရဲ့ အင်းခွေးကြီး "ရန်လုံ"ကို မသမာသူက အမဲသားမှာ အဆိပ်လူးပြီး ကျွေးခဲ့လို့ ခွေးကြီးခြံဝမှာသေဆုံးနေတာကအစသိနေတယ်... နမြောစိတ်... ဒေါသစိတ်... သနားစိတ်တွေနဲ့ ခံပြင်းလိုက်တာမှ ကျွန်တော့်ရင်တွေတောင် ခုန်လာတယ်"

"ဟုတ်တယ်...ရန်လုံ သေတဲ့ကိစ္စလဲမှန်တယ်"

"တခြား အသေးအမွှားကိစ္စလေးတွေလဲ အများကြီးသိရပါသေးတယ်...ပြီးတော့ ကျွန်တော်ကိုယ်တိုင်လဲခံစားရတယ်...နောက်ဆုံးတော့ ဦးမျိုးခန့်ရယ် အဲဒီအချိန်မျိုးတွေမှာ ကျွန်တော့်ဟာ ကျွန်တော် မဟုတ်တော့ဘူး...ဦးချမ်းမြေ့ ဖြစ်သွားတယ်"

ဦးမျိုးခန့်သည် နက်နဲစွာစဉ်းစားနေရာမှ ဆရာစက္ကကို လှမ်းကြည့်လိုက်သည်။

သူ့အကြည့်တွင် သင်္ကာမကင်းခြင်းမပါတော့...

ဆရာစက္က၏ စကားတို့ကို သူ လက်ခံနိုင်သောအဆင့်သို့ ရောက်လုနီး...

"ကျွန်တော်ဟာ ကျွန်တော်မဟုတ်တော့ဘူး...ဦးချမ်းမြေ့ ဖြစ်သွားတယ်"

ဆိုသော စကားသံကလည်း နောက်တစ်ကြိမ် ပဲ့တင်ထပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“စိတ်ရဲ့အင်အားဆိုတာ တိုင်းတာလို့မရ၊ ခန့်မှန်းလို့မရအောင် နက်ရှိုင်းကျယ်ဝန်းတယ်”

“စိတ်ရဲ့ဆန်းကြယ်မှုတွေကို ဘယ်သိပ္ပံပညာရှင်ကမှ တွက်ချက်လို့ မရနိုင်ဘူး”

ဆိုသော စိတ်ဋီကာများကို ဦးမျိုးခန့် ကြားခဲ့ဖူး ဖတ်ခဲ့ဖူး မှတ်ခဲ့ဖူးသည်။

ယခု...

ဦးချမ်းမြေ့ နှင့် ဆရာ စက္ကု...

ဆရာ စက္ကုနှင့် ဦးချမ်းမြေ့...

တို့သည် ဗွာစုံတခုသော “အံချော်မှု” သို့မဟုတ်...

တစုံတခုသော “တိုက်ဆိုင်မှု”တို့ဖြင့် ငြိတွယ်နေကြလေပြီ ဆိုသည်ကိုဖြင့် မငြင်းသာနိုင်တော့...

ကောင်းပြီ။

ဆရာ စက္ကုသည် လူလိမ် လူကောက်ပဲဖြစ်စေဦးတော့

အသစ်တဖန် မွေးဖွားလာသော ဦးချမ်းမြေ့အဖြစ်နှင့် ဦးမျိုးခန့်တို့ ချဉ်းကပ်ရလေမည်သာ။

“လျှို့ဝှက်သော သေတ္တာကိစ္စ”

ဤပြဿနာကိုလည်း ဖော်ထုတ်ချင်သေးသည်။ ဦးချမ်းမြေ့၏ ကိုယ်ပွားကိုတွေ့ရှိနေရပြီမို့ ဤသေတ္တာကိစ္စ မပေါ်စရာအကြောင်း မရှိတော့။





သူ့ကို ကိုယ့်လူအဖြစ် သိမ်းသွင်းပြီးကာမှ သေတ္တာကိစ္စကို မေးကြည့်မည်။

ဆရာစက္ကုအနေနှင့် ဦးချမ်းမြေ့၏ သေတ္တာကိစ္စကို မသိရှိနိုင်။

ဆရာစက္ကုသည် လူလိမ်တစ်ယောက် မဟုတ်ကြောင်း တော့ ယုံကြည်ထိုက်သည်။

သူ့နောက်ကြောင်းတွင် နာမည်ပျက် မရှိခဲ့။

ဒါပေမယ့် ဦးမျိုးခန့်ကိုယ်တိုင် မန္တလေးဆင်းပြီး သူ့အတိတ်ဘဝကို စုံစမ်းကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

စိတ်တန်ခိုး၏ ဆန့်ပြားမှုပေါ်မှာ အမြတ်ထုတ်ပြီး တိမ်မြုပ်နေသော ရတနာသေတ္တာကိစ္စကို ပေါ်လာအောင် ဆရာစက္ကုနှင့်ပေါင်းမည်ဟု ဦးမျိုးခန့် ချက်ချင်းပင် စိတ်တွင် စီစဉ်လိုက်ပါပြီ။

“အဲဒီအချိန်မျိုးတွေမှာ ကျွန်တော်ဟာ ကျွန်တော် မဟုတ်တော့ဘူး...ဦးချမ်းမြေ့ ဖြစ်သွားတယ်”

ဆိုသော ဆရာစက္ကု၏ စကားစသည် ဦးမျိုးခန့်၏ နားမှ မထွက်နိုင်တော့။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် ဘဘာ မရှိ။ ဆရာစက္ကနှင့် ပြေလည်မှုရကြပြီ ကျပ်ပြင်သို့ သွားနေကြသည်။ ကျပ်ပြင်သည် မိုးကုတ်နှင့် ၇ မိုင် မျှဝေးကွာသော်လည်း တဆက်တည်းလို သွားလာနေကြပေသည်။

ပန်းဝေသီသည် မမဝသန်ကို ရေပတ်တိုက်ပေးပြီးနောက် အစားအစာကျွေးပြီး အေးအေးလူလူ စကားပြောနေကြပါ၏။

"မေမေပေါ့ ပန်းဝေသီရယ်…သူ့ သားကြီးကို မိုးငွေ့ စွေတဲ့ ကြာသပတေးနေ့က ကောက်ရတယ်ဆိုပြီး ကိုမိုးစွေလို့ မှည့်ရုံနဲ့အားမရပဲ မမတို့ ညီအစ်မတတွေပါ မိုးနာမည်တွေ ပေး တော့တာပါပဲ"





"ဟုတ်ပါရဲ့…မမဝသန်ရဲ့ ညီမ အမြွှာပူးနှစ်ယောက်က တော့ အမှုန်တဲ့…ပစ္စုန်တဲ့…"

"အင်း…ပစ္စုန်က တော်သေးတယ်…မိန်းကလေးလဲ ဖြစ်ပြန် အမှုန်ဆိုတော့ ကြားရတာ တမျိုးကြီး"

"မဖြစ်ပါဘူး မမဝသန်ရဲ့…အမှုန်နဲ့ ပစ္စုန်ဆိုတော့ ခေါ်ရ တာ ကြားရတာ လှပါတယ်…နားဝင်ချိုပါတယ်"

"အင်း…တို့တွေကိုလဲ အားလုံးမိုးတွင်းမှာပဲ မွေးကြ တော့ ဖေဖေ့ အပြောခံရ သက်သာတာပေါ့လေ"

"ဘာကိုလဲ မမဝသန်"

"ဩော်…ကိုကိုနဲ့ ပတ်သက်တာဆိုရင် ဖေဖေက နည်းနည်းလေးမှ မကြိုက်ဘူးနော်"

"ဘဘက ဟို…ကိုမုံးစွေကို ဘာလို့ မချစ်တာလဲဟင်"

ပန်းဝေသီ မရဲတရဲ မေးမိ၏။

"မွေးစားသားမို့ပေါ့ကွယ်… ပြီးတော့ မေမေ သိပ်ချစ် တာကို ဖေဖေက မကြိုက်တာ"

"ငယ်ငယ်တုန်းကရော မချစ်ဘူးလားဟင်"

"မွေးကာစကတော့ ချစ်တယ်ပြောတာပဲ… မမဝသန်တို့ မွေးလာမှ မချစ်တာနေမှာ… ဖေဖေက မချစ်လေ မေမေက သနားပိုပြီး အလိုလိုက်လေ…ဖေဖေက အဲဒါကို ကြည့်မရလေ မှို နှံ့လုံးစက္ကူကပ်သလို လုံးလည်လိုက်နေတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ...ဘာဘာကလဲ"

"တကယ်တော့ ကိုကိုဟာ သနားစရာပါကွယ်... သူဟာ မွေးစားသားဓါ်ဆိုတာ သိတာနဲ့အမျှ အနေကျုံ့ရှာတယ်... အားလုံးကို အလျှော့ပေးပြီး ဆက်ဆံရှာတယ်"

"မမဝသန်"

"ဟင်"

"မမဝသန်တို့ ကိုကိုက အားလုံးကို အလျှော့ပေးရလို့ ထင်ပါရဲ့ ..ပန်းဝေသီကျတော့ ဟောက်လိုက်တာ လွင့်ထွက်သွား မတတ်ပဲလေ"

"အဲဒီအတွက် သူ့ကိုယ်သူ ဒဏ်ခတ်တဲ့အနေနဲ့ ထွက်သွားရှာပါပြီကွယ်"

"အင်းလေ...သူလုပ်ပုံက ပန်းဝေသီပဲ လူဆိုးကြီးဖြ ဖြစ်နေရပြီ"

"ဒီလိုမဟုတ်ပါဘူး ပန်းဝေသီရယ်...မမဝသန်တို့ သားအ က ပန်းဝေသီကို သိပ်ပြီးကျေးဇူးတင်နေတာပါ... ခုလို မမ ဝေယျာဝစ္စတွေ လုပ်ပေးနေရတာလဲ အားနာလှပါပြီ... မမဝသ ရဲ့ ဘဝတော့ ဆုံးပြီထင်ပါရဲ့... ခုလို နေနေရမယ့်အစား သေသွ တာကမှ ကောင်းမယ်ထင်ပါရဲ့"

"အို...အားမလျှော့စမ်းပါနဲ့...မမဝသန်ကလဲ အကြော တိုက်ဆိုင်ရင် ချက်ချင်းလျှောက်ချင် လျှောက်နိုင်တာ ပါ... ပန်းဝေ ပြုစုပေးတာ အရာရောက်တယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ...ကိုမိုး





ကြောင့်တော့ စိတ်ထဲမှာ အနေခက်အယုက်ဖြစ် သွားမိတာ အမှန်ပဲ"

"ကိုကိုက ဒီလို ထွက်သွားနေကျပါ...သူ့အတွက်တော့ တ်ထဲမှာ အနေခက်အယုက် မဖြစ်ပါနဲ့နော်...ကိုကိုဟာလေ... ပြီး စိတ်သဘောထား မြင့်မြတ်တယ်...သည်းခံတတ်တယ် င့်လွှတ်တတ်ပါတယ်...ဒါပေမယ့် သူ့အနုပညာကို ထိလာရင် တော့ သူ နည်းနည်းလေးမှ သည်းမခံတတ်ဘူး"

"သူ့ သည်းမခံပုံကြီးက လွန်လွန်းတယ်"

"ဟုတ်ပါတယ်ကွယ်...ဒါကြောင့်လဲ ဘယ်မိန်းကလေး နဲ့မှ မဆက်သွယ်ခဲ့တဲ့ကိုကိုဟာ ပန်းဝေသီကို တောင်းပန်စာရေးတယ် တောင်းပန်ပေးဖို့လဲ မမနဲ့ မေမေ့ကို အထပ်ထပ်မှာကြားသွားပါတယ်"

"နေပါဦး...သူ့ အနုပညာကို ထိလာရင်ဆိုတော့ သူက ဘာ အနုပညာသမားမို့လဲ"

"အစုံပဲ...ကဗျာလဲရေးတယ်...သီချင်းလဲစပ်တယ်... ဝတ္ထုလဲရေးတယ်... နောက် ပန်းချီလဲဆွဲတယ်"

"အဲဒါတွေလုပ်တော့ ဘာနာမည်နဲ့လဲ"

"မိုးစွေပဲ"

"ဟင်...တခါမှတောင် မကြားဖူးဘူး"

မမဝသန် ရယ်သည်။

ဒီအိမ်ရောက်မှ မမဝသန် ဟက်ဟက်ပက်ပက် ရယ်မော သည်ကို တကြိမ်သာ ပန်းဝေသီ မြင်ဖူးပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ကြားဖူးမှာလဲ···သူ့ ကဗျာ၊ သူ့ ဝတ္ထုတွေက သူ့
စာကြည့်ခန်းထဲမှာပဲ တထပ်ကြီးလေ"

"ဟင်"

"အပြင်မှာ မရှိပဲ သူ့ရင်ထဲမှာ သိမ်းထားတဲ့ ကဗျာ
တွေ···ဝတ္ထုတွေ အများကြီးရှိသေးတယ် ဆိုပဲ"

"အမယ်လေးနော်···"ရင်လေးတယ်" ဆိုတာ ဒါမျိုး
ထင်ပါရဲ့"

"ဟုတ်မှာ···ဟုတ်မှာ···သူ့အနုပညာတွေ ရင်ထဲမှာ
သိမ်းထားရရှာလို့လေ"

နှစ်ယောက်လုံး ရယ်မောမိကြပြီးနောက်မှာ···

"အဲ···တခုတော့ရှိတယ် ပန်းဝေသီ···သူ့ သိမ်းလို့မ
တာလေ"

"ဘာလဲ"

"ပန်းချီကားတွေ"

"အများကြီးပဲလား"

"အများကြီးပေါ့···အားနေရင် ပန်းချီပဲ ဆွဲနေတာ
တယ်"

"သူ့ပန်းချီထိလို့ပေါ့···ပန်းဝေသီကို···"

"တော်ပါတော့ ပန်းဝေသီရယ်···အဲဒီကိစ္စကို ကိုကို
ရှင်းပြရှာပါတယ်··· နေကြာတွေ ပွင့်နေတာအများကြီးတဲ့···





ဒီထဲက သူရေးနေတဲ့ "ဇရာရိပ်"ဆိုတဲ့ နေကြာပွင့်ကိုမှ ပန်းဝေသီ
လာခူးလို့ သူ့ ဒေါပွသွားရတာပါတဲ့··· ဒါပေမယ့် ချက်ချင်းပါ
···သူ့ အမှားကို သူသိပြီး ပန်းဝေသီကို တအား အားနာသွား
···သနားလဲ သနားသွားမိတယ်တဲ့"

"အို···တော်ပါ···သူ့ သနားတာကြီးလဲ မခံချင်ပါဘူး"

"ကဲလေ···ထားပါ···သူ့ သနားတာမခံချင်ရင် ကိုယ် က
သနားလိုက်စမ်းပါ···ကိုကို့ဘဝဟာ တကယ့်ကို သနား
ကောင်းတာ ပန်းဝေသီရဲ့"

"မမဝသန့်နော်··· ပန်းဝေသီ စိတ်ဆိုးပစ်လိုက်မှာသိ
···အဲဒီလူကြီးကို သေတောင် မသနားဘူး"

"အဟား··ဟား··ဟား"

"အလို···ငါ့ သမီးကြီး ရယ်လို့မောလို့···ဘာတွေများ
အစ်မနှစ်ယောက် သဘောကျနေကြသလဲ"

"ပန်းဝေသီနဲ့ ဈေးဆစ်နေကြတာ မေမေ"

"ဘာတွေများလဲဟဲ့"

"အလကား···ကြီးကြီးငြိမ်း"

"တကယ်···မေမေ···ကိုကိုက သနားစရာကောင်း
ယ်လို့ သမီးက ပြောတာ···သူက မသနားဘူးဆိုလို့ သနားပါ
ပြောနေကြတယ်"

"ဟုတ်ပါတယ် သမီးရယ်···သားကြီးဟာ တကယ်

www.burmeseclassic.com



သနားစရာကောင်းတာပါ...သူ့အပေါ်မှာ ကြီးကြီးငြိမ်းတော့ ချစ် တာထက် သနားတာပိုတယ်... သမီးလေး ပန်းဝေသီကယ် နည်းနည်းပါးပါး ကူပြီးသနားလိုက်လေ"

"ကြီးကြီးငြိမ်းနော်"

အခန်းထဲမှာ အပြုံးတွေလှိုင်လို့...

"သမီးလေး...ဘယ်တော့ စိတ်ဆိုးပြေမလဲ"

"ဟိုလူကြီးကိုလား"

ဒေါ်ငြိမ်းငြိမ်းထွေး နောက်လှည့် ဘေးလှည့်နှင့် လှည့်ပတ် ရှာပြီး...

"ဘယ်က လူကြီးလဲသမီး"

"ဟင်...ကြီးကြီးငြိမ်းကလဲ"

ကိုမိုးစွေကို ရည်ညွှန်းမှန်းသိလျက်နှင့် တမင်စနေ ပန်းဝေသီ နှုတ်ခမ်းစူပြလိုက်တော့ ခွင့်လွှတ်ကြည်နူးစွာ ပြုံးလျက်

"သမီး စိတ်ဆိုးပြေရင် သားကြီးကို ပြန်ခေါ်လိုက်ရမလား ဟင်"

"ခေါ်ပါ ကြီးကြီးငြိမ်းရဲ့"

"ဟင်...တကယ်"

"အို..တကယ်ပေါ့..သူက အိမ်သား..သမီးက ဧည့်သည် သူလာရင် သမီး ပြန်ရမှာပေါ့"

"ကဲ...ကဲ...တော်ပြီ...တော်ပြီ...ဒါ စိတ်ဆိုးမ





သားတဲ့စကား ဝသန်ရေ...တို့သားအမိတော့ အပြောအဆို အနေ အထိုင်ဆင်ခြင်မှပေါ့"

ဒေါ်ငြိမ်းငြိမ်းထွေးသည် ပြုံးရွှင်ရယ်မောစွာဖြင့် ကြည်ကြည် နူးနူးကြီး ပြောနေ၍ ပန်းဝေသီလည်း နှုတ်ခမ်းစူ၍ မသင့်လျော် သော့...

"အလကားပြောတာပါ သမီးရယ်...သားကြီး မန္တလေး သွားတယ်... သူ့ဆရာ ပန်းချီဆရာကြီး ဦးရွှေအိုင်အိမ်ကိုသွား တာ...အဲဒီသွားတိုင်း အနည်းဆုံး ဆယ့်ငါးရက်တော့ကြာတတ် တယ်"

ခါတိုင်းလိုမဟုတ်၊ ဒီတခါသွားရခြင်းမှာ ပန်းဝေသီကြောင့် ု ပန်းဝေသီ သိပါ၏။

"အင်မတန်မှ အေးအေးဆေးဆေးနေပြီး စာကိုပဲ ကြိုးစား တဲ့သားပါ ပန်းဝေသီရယ်... အမှိုက်ကစ ပြဿာဒ်မီးလောင် သလို ဘာမဟုတ်တဲ့အကြောင်းအရာလေးတစ်ခုကနေပြီး သားကြီး ာ နာမည်ပျက် အရှက်ရခဲ့လို့ သူ မိန်းကလေးတွေနဲ့ ကင်းရှင်း အောင် နေခဲ့ရှာတာ"

"ဘာတွေဖြစ်ခဲ့တာလဲဟင်" ဟု မေးချင်လိုက်တာမှ ရင် ၌ ဖော်မြည်နေသည်။ ဘယ် မေးလို့ဖြစ်ပါ့မလဲ၊ ခုပဲ သူ့ကို တ်ဆိုးခဲ့ပါဟု ဖော်ညွှန်းပြီးချိန်...

"အမှန်တော့ ကြီးကြီးငြိမ်း တရားခံပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"နေကြာပွင့်နဲ့ ဇရာရိပ် ပန်းချီကားကိစ္စလေ"

"ရှင်..."

"ကြီးကြီးငြိမ်းကလဲ နေကြာပွင့်ခူးခိုင်းမိတယ်... သ ကလဲ အားလုံးထဲက အကြီးဆုံး ဒီပန်းကိုမှရွေးပြီး နာမည်ပေး ရေးနေတုန်းမို့..."

"ဇရာရိပ်နဲ့ နေကြာပန်းကလဲ ဘာမှ မဆိုင်ပါလား"

"သူက အနုပညာသလားလေ...ပန်းပွင့်အကြီးဆုံး တော့ ညှိုးကာနီးပြီတဲ့... အဲဒီ ညှိုးကာစအချိန်ကို တမင်စေ ပြီးမှဆွဲတဲ့ ပန်းချီမို့ ဇရာရိပ်သန်းနေတဲ့ပန်းကို ဇရာရိပ်လို့ အမ ပေးပြီး ဆွဲနေတာတဲ့...အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဖြ သွားရလို့ပါတဲ့ကွယ်... ကဲ...ဒီကိစ္စကို ခွင့်လွှတ်လိုက်ပါတော့ နော်"

ခွင့်လွှတ်ပါသည်ဟုတော့ နှုတ်က မပြောဖြစ်ပါ။ ဒါပေမဲ့ ပန်းဝေသီ ပြုံးနေလိုက်မိပါသည်။

အမှန်တရားကို သိခွင့်ရခြင်းဖြင့် ပန်းဝေသီ၏ ရင်တွင် ဒေါသများကို အရှိန်နေလျှော့စေခဲ့ပါသတည်း...။

○ ○ ○





အင်းလျားလမ်းအတွင်းသို့ ကြေးနီရောင် အိပ်တီတူး မော်ဒယ် ဆိုယိုတာ ကားသစ်လေးတစ်စီး ချိုးဝင်လာသည်။

ကားမောင်းလာသော အမျိုးသားက ခြံဝမှ အဝတ်စား ပ်နွမ်းနွမ်းနှင့် အဘိုးကြီးတစ်ယောက်ကို တချက်အကဲခတ်ပြီး တွင်းသို့ ချိုးကွေ့ဝင်လိုက်သည်။

"ဟော...သား "ဇာနည်သန့်" ပြန်လာပြီ"

"နေ့ခင်းပေမယ့် သံတံခါးကို သော့ခတ်ထားနော် မေမေ"

"ဘာဖြစ်လို့လဲ သား"

"ခြံဝမှာ အဘိုးကြီးတစ်ယောက် မယောင်မလည်လုပ်နေ တာ သား တွေ့တာနှစ်ခါရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟုတ်လား...ဘယ်ကလူလဲ"

"ဘယ်ကလူလဲ သိမှတော့ ဘာလို့ သတိထားနေတော မှာလဲ မေမေရာ...ဘယ်သူ့မှန်း ဘယ်ဝါမှန်း မသိလို့ပေါ့"

"ဟင်...ဘယ်မှာလဲ"

ဒေါ်ခင်ဖြူသွယ် ခြံဝသို့ လှမ်းမျှော်ကြည့်ချိန် မျက်နှာ ၏ အရိပ်အရောင်ကိုမျှ မမြင်ရတော့။

သူတို့ ခြံရှေ့တွင် မယောင်မလည်နှင့် တရစ်ဝဲဝဲလုပ်နေ မှာ မိုးကုတ်အိမ်နှင့် ပတ်သက်ခဲ့ဖူးသော မိုးကုတ်မြို့မှ ကိုမြ ဆိုသူဖြစ်နေကြောင်း ဒေါ်ခင်ဖြူသွယ်တို့ ဘယ်လိုနည်းနှင့်မျှ မ ဆတတ်နိုင်ကြတော့...

"သား...ထမင်း စားတော့မလား"

"သူငယ်ချင်းတွေနဲ့တွေ့လို့ စားခဲ့ပြီးပြီ"

"သား စားဖို့ မေမေကိုယ်တိုင် ငါးသလောက်ပေါင်း တာတောင် နူးနေပြီ"

"ညစာပေါ့ မေမေရာ...မိစုရော"

"ကျောင်းက ပြန်မလာသေးဘူးလေ"

"ဟုတ်သားပဲ... သားစိတ်ထဲမှာ "မိစု"ကို ကလေး ထင်နေမိတုန်း...သား နိုင်ငံခြားသုံးနှစ်သွားလိုက်တာ မိစု ဆရာမကြီးကိုဖြစ်လို့..."

"ဦးမျိုးသန့်၊ ဒေါ်ခင်ဖြူသွယ်"တို့၏သားကြီး ဇာနည်သန့်





ရေဒီယိုအော်ဖစ်စာ (R.O) အနေနှင့် သင်္ဘောလိုက်သွားခဲ့သည်မှာ သုံးနှစ်ရှိခဲ့ပြီ။

ယခုကားက သူ့ကား။

သူ ပြန်လာသည်မှာ နှစ်လသာရှိသေးသည်။

ဒုတိယသမီး "စုယဉ်သန့်"က အင်္ဂလိပ်စာအဓိကဖြင့် ဘီအေ အောင်ပြီး အင်္ဂလိပ်စာဌာနမှာပင် အချိန်ပိုင်းနည်းပြဆရာမတစ်ယောက်ဖြစ်နေလေပြီ။

ဤသားနှင့်သမီး။

ပြီးတော့ မိုးကုတ်မြို့ရောက် အငယ်ဆုံး ပန်းဝေသီ။

သားတွေ သမီးတွေ ကျောင်းနေစဉ်က ကထိက ဦးမျိုးသန့်၏လစာနှင့် နေနိုင် စားနိုင်ရုံအဆင့်သာရှိခဲ့သည်။

ဒေါ်ခင်ဖြူသွယ်၏ မိဘလက်ထက်က အမွေရခဲ့သော အင်းလျားလမ်းမှ ခြံငယ်နှင့် တထပ်တိုက်ကလေးနှင့် နေနိုင်ခဲ့သော်လည်း ဖောဖောသီသီ မသုံးနိုင်ခဲ့။

ယခု သမီးကလည်း အလုပ်ရ၊ သားကြီးကလည်း နိုင်ငံခြားမှ ငွေပို့၍။ ပထမ ပစ်ကပ်ကားတစီးပို့ပြီး၍ ရောင်းပြီးပြီ။ ယခု သူနှင့်အတူပါလာသော "တိုယိုတာ ဂျီအယ်လ်"ကိုဖြင့် မရောင်း ပဲ စီးကြသည်။

မော်တော်ဆိုင်ကယ်၊ တီဗွီ-ဒက်(က)နှင့် တခြားသော ပစ္စည်းများ ရောင်းရငွေက တစ်သိန်းနီးပါးမို့ ဒေါ်ခင်ဖြူသွယ်တို့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ပြေလည်နေကြသည်။ သူမ၏ အချစ်ဆုံးသားကြီးနှင့် သုံးနှစ်ကျော် ကွဲကွာပြီးမှ ခွေထုပ်ကြီးပိုက်၍ပြန်လာသော သားကြီးရှိ ဒေါ်ခင်မြူသွယ်တို့ ဖူးဖူးမှုတ်ထားချိန်ပါ။

"ပန်းဝေသီဆီက ဘာသတင်းကြားသေးလဲ"

"သားမှာ တခြားမေးစရာစကား မရှိတော့ဘူးလား"

"မေမေကလဲဗျာ... ကိုယ့်ညီမလေးအကြောင်း ကိုယ်မေးတာပဲ"

"တော်စမ်းကွယ်...မသိတာ မှတ်လို့"

"ဟား...ဟား.. အလကားနေရင်း မေမေ့ကို စတာပါဗျာ..."

"အေး...ဘာပဲဖြစ်ဖြစ် ဒီအကြောင်း မင်းအဖေမသိစေနဲ့နော်"

"မေမေ တမင် မိုးကုတ်ကိုပို့ထားတယ်ဆိုတာ ဖေဖေကလဲ သိပါတယ်ဗျာ...မပြောချင်လို့သာနေမှာ"

"တော်...သား"

"ဖေဖေကလဲ ပန်းဝေသီကို တကယ်ချစ်တာပါ"

"မေမေလဲ ချစ်တာပါပဲ...ဒါပေမယ့် သူက အဖြစ်သည်းလွန်းလို့ ကြာတော့ မုန်းလာတာ"

"မေမေလား ဖေဖေ့ကို မုန်းတာ...ဘယ်သူနဲ့မှ စိတ်မချလို့ အိမ်မှာ ဘယ်မိန်းကလေးမှ ခေါ်မထားဘူးဆို"





"ဒါက ငယ်ငယ်တုန်းကပါ ဟဲ့"

"ဒါဆို အခု ဖေဖေ မိန်းမငယ်ငယ်လေး ယူရင်ကော"

"တော်စမ်း...ဇာနည်"

ဒေါ်ခင်မြူသွယ်က မိုက်ခေါက်ကို မနာအောင်လိမ်ဆွဲသည်။ ဇာနည်သန့်က မနာပဲနှင့် သိပ်နာဟန်ဆောင်ပြီး ပိုအော်ပြနေ၏။

သားအမိနှစ်ယောက် ရယ်မောပြုံးရွှင်စွာဖြင့် ထမင်းစားခန်းတွင်းသို့ ဝင်လာခဲ့ကြတော့သည်။

ထမင်းစားပြီးသော သားအတွက် အအေးဖျော်တိုက်ရန် သကြားပုလင်းတွင်းမှ ဇွန်းနှင့်ခပ်တော့ သကြားပွင့်လေးများ ပြန့်ကျဲဖိတ်စဉ်ကုန်သဖြင့်...

"ကုန်ပါပြီတော်...သကြားက ရှားကရှားနဲ့..."

"ဒါကြောင့် ရှေးလူကြီးများ စကားပုံထားခဲ့တာပေါ့"

"အောင်မယ်...ကြီးကြီးကျယ်ကျယ် ဘာများတုန်း သားကြီးရဲ့"

"ဘေးကိုဖိတ်ကျရင် ကုန်တယ်မဟုတ်လား...ဒါကြောင့် ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်"

"တော်စမ်း...ဇာနည်"

ဇာနည်သန့်က ဟားနေသော်လည်း ဒေါ်ခင်မြူသွယ်က မျက်နှာထားတည်တည်ကြီးနှင့်...

"မင်း...အပျက်ပျက်နဲ့ အတည်ပေါက်ကြီးပြောနေတာ ငါ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးများ မှတ်နေသလား"

"ဟာဗျာ... မေမေကလဲ"

"မဖြစ်ဘူး...မဖြစ်ဘူး..."ဒေါက်တာလှဲ့ဝင်းဖြူ"နဲ့ အမြန်ဆုံးစေ့စပ်မှုဖြစ်တော့မယ်"

"မာနက ကြီးနဲ့ဗျာ"

"မာနကြီးတာပေါ့ သားရဲ့...ဟိုက သူဌေးသမီး ဆရာဝန်မကို..."

"မေမေကို ဂုဏ်မက်ပါတယ်ဗျာ"

"အေး...မက်တယ်...မိန်းမဘက်က တောင့်တင်းတော့ တသက်လုံး အေးငြိမ်းရတာပဲ...တွေ့တယ်မဟုတ်လား... ဒီ တိုက်ဟာ မေမေ့ဘက်က လက်ဖွဲ့နိုင်တော့ သားစဉ်မြေးဆက် ခြံနဲ့ဝင်းနဲ့ နေရတာပေါ့"

ဇာနည်သန့်က ဘာမှမပြောတော့။ ဆက်ပြောလေ မေမေလေရှည်လေ ဖြစ်တော့မည်။

ဒေါက်တာဝင်းလှဲ့ဖြူသို့ ချီးမွမ်းခန်းများ ပို၍ဖွဲ့နေတော့မည်မို့ ဇာနည်သန့် နှုတ်ပိတ်နေခြင်းက အကောင်းဆုံးသော အခြေအနေ။

ခြံဝင်း၏ ပြင်ပတွင်မူ...

ဦးမြဒင်သည် နောက်တခေါက် မသိဝံ့တော့...

ကြေးနီရောင် ကရိုလာကားပေါ်မှ လူငယ်က သူကို ရှု





ဓိုက်စွာကြည့်သွားသဖြင့် နောက်တခါထပ်ဆုံလျှင် မယုံသင်္ကာဖြစ်လေတော့မည်။

"ခြံထဲကို ဝင်သွားတဲ့ လူငယ်ဟာ ဦးမျိုးသန့်နဲ့ ဘာများတော်ပါလိမ့်...သူ့သားလား...ဒါမှမဟုတ် မိုးကုတ်က ကျောင်းလာနေတဲ့ လူငယ်လေးတစ်ယောက်များလား"

"ငါ ဒီမှာပဲ ဆက်ပြီးစုံစမ်းနေရ ကောင်းမလား"

"မိုးကုတ်ကိုပဲ တိုက်ရိုက်ပြန်သွားရ ကောင်းမလား"

"ဩော်...အနှစ်နှစ်ဆယ်လုံးလုံး အုတ်နံရံအတွင်းမှာ အကျဉ်းကျခံခဲ့ပြီး လွတ်လာတော့လဲ ငါ့ဘဝက သားပျောက်၊ မယားပျောက်၊ အိုးပျောက်၊ အိမ်ပျောက်၊ မိသားစုပျောက် နေရတဲ့ဘဝနဲ့ နေရမယ့်အတူတူ သေသွားတာကမှ ကောင်းပါသေးတယ်လေ"

"အို...ငါ...ငါ မသေချင်သေးဘူး...အနှစ်နှစ်ဆယ်တတ်လုံး ငါ မျှော်လင့်ရည်မှန်းခဲ့တဲ့သူတွေနဲ့ တွေ့ချင်သေးတယ်"

"ဟုတ်တယ်... ငါ မသေပါရစေနဲ့ဦး"

"သူတို့တွေနဲ့ ပြန်ပြီးဆုံတွေခွင့် ပေးတော်မူပါဦး ဘုရား"

အင်းလျားလမ်းသွယ်ထိပ် အုတ်ခုံပေါ်မှာထိုင်နေသော သူဆင်းရဲအဘိုးအို၏ မျက်ဝန်းမှ မျက်ရည်တို့ စီးသွယ်ကျဆင်းလာတော့သည်။

ဦးမြဒင်သည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလဆီ



www.burmeseclassic.com

www.burmeseclassic.com



မှ အတိတ်ဟောင်းဖြစ်ရပ်များကို နေပူအောက်မှာ ထိုင်၍ တွေးနေ နိုက်နှင့် တချိန်တည်း...

အင်းလျားလမ်းသွယ်ရှိ တထပ်တိုက်လေး၏ ထမင်းစားခန်း ပန်ကာအောက်မှာ ရေခဲစိမ်ဖီမွှော်ရည်ကို သောက်ရင်း စဉ်းစားနေ သူက...

ဇာနည်သန့်။

လွန်ခဲ့သော ဆယ့်ရှစ်နှစ်တာကာလဆီသို့ သူ့အတွေးများ ပြန်လည်စီးမြောသွားသည်။

သူက ကလေးဘဝ...။

ဒါပေမယ့် နားလည်နေပြီ။ သိတတ်နေပြီ။ မှတ်မိနေပြီ။

ဘာမှမသိ နားမလည်။ မမှတ်မိနိုင်သော အရွယ်က ပန်းဝေသီ။

ဒီတုန်းက နှစ်နှစ်သမီး အရွယ်လောက်သာ ရှိရှာဦးမည်။

ဖေဖေ့ရင်ခွင်မှာ ငိုရှိုက်လို့။

ဩော်...ဒီအိမ် ဒီမိသားစုအတွင်းကို စတင်ဝင်ရောက် လာကတည်းက...

အငိုနဲ့ စခဲ့ရရှာသော ပန်းဝေသီရယ်။

○ ○ ○





"ပင့်ကူတောင်"ပေါ်က ကြည့်လိုက်တော့ ဓါးနန်းကြည်တောင်"သည် မဝေးလှ။ "တောင်မဲတောင်"ကိုလည်း မှိုင်းညို့အုံ့ပျပျ မြင်နေရပေသည်။

မိုးကုတ်မြို့သည်ပင်လျှင် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၈၅၀ မြင့်မားပြီမို့ မိုးကုတ်မြို့ဝန်းကျင်မှ တောင်တို့သည် ပေပေါင်း လေးငါးခြောက်ထောင်၏ အထက်မှာချည်းသာမို့ တောင်တိုင်းသည် မြင့်မားမတ်စောက်ကြလေသည်။

ကိုမိုးစွေမှာ မနက် နေမပွင့်မီကပင် ပေငါးထောင်ကျော် မြင့်သော ပင့်ကူတောင်ပေါ်သို့ ရောက်ရှိနေလေသည်။

ပင့်ကူတောင်သည်လည်း ကျောက်သား ကျောက်လွှာ



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ် အဲဆင့်ဆင့်တည်ရှိသော ကျောက်တောင်တစ်ခုသာ ဖြစ်ပါ၏။

မိုးကုတ်၊ ကျပ်ပြင်၊ ကသဲ စသော တဆက်တည်း လှ နေအိမ်ခြေများကို တောင်ပေါ်မှနေ၍ မျှော်မှန်းလှမ်းမျှော်ကြည့်မိ သည်။

ပေ ၄၀၀၀ ကျော်မြင့်သော ကျပ်ပြင်မှ အောက်သို့ ဆင်ခြေလျှောဆင်းပြီးမှ မိုးကုတ်မြို့ကို ဝင်ရသည်။ ရေကန်ကြီးက မြို့လယ်မှာ မြို့ကျက်သရေကို ဆောင်နေပါ၏။

"မိုးကလဲ ရွာဦးမယ် ထင်ပါရဲ့"

ကိုမိုးစွေသည် ကောင်းကင်ပြင်မှာ ညှိုမည်းစွာ ရွေ့လျားနေသော မိုးသားများကို မော့ကြည့်ပြီး ရင့်မောစွာ တွေးလိုက်မိသည်။

မိုးသည် သူ့နောက်သို့များ အညှိုးကြီးစွာ လိုက်နေလေရော့သလား...

သူသည် သုံးချောင်းထောက် ပန်းချီကားတင်သည့်စင်ပေါ်မှ ကောက်ကြောင်းလက်ရာကိုကြည့်ပြီး ရင်မောနေမိသည်။

မိုးကုတ်၏ သဘာဝကိုက မိုးရွာဖြစ်ရန် မိုးသားတို့ ခဲခဲယဉ်းယဉ်း စုဆောင်းနေရန်မလိုအပ်ဟု ထင်သည်။ အလွယ်တကူ ပင် ရွာတတ်ဆည်မို့ တောင်ပေါ်မြို့သား ပန်းချီဆရာအတွက် အောက်ဒိုးပန်းချီဆွဲရန် အဆင်မပြေလှ။

"အကျည်းတန်ချိန်"





ဟု အမည်ပေးထားသော သူ့ဆီဆေးကားအတွက် ကောက်ကြောင်းတင်ပြီးခဲ့ပြီ။ ပင့်ကူတောင်၏ နောက်ဘက်ဆီမှာ ကျင်းချင်းများ၊ ကျောက်ပွင့်များ မှောင်ခိုရောင်းဝယ်ခြင်းများကို အခြေခံ၍ သားတို့၏ လောဘစိတ်ကို စရိုက်သွင်း၍ ရေးသားမည့် ပန်းချီကား ည်။

"မင်း ဒီမှာဆိုလို့ ငါ လိုက်လာတာ"

နောက်ဘက်ဆီမှ အသံကြားရုံဖြင့် ခေါင်းမာရပ်မှ သူငယ် "လှမင်းကြည်"၏အသံမှန်း ကိုမိုးစွေ သိလိုက်သည်။

"ဘာကိစ္စလဲ လှမင်း"

အကြည့်က ဆွဲလက်စ ပန်းချီကားပေါ်မှ လုံးဝမရွေ့မလျား င့် ပြောလိုက်၍...

"မင်းတစ်ယောက်တည်းရှိနေတဲ့ နေရာကို ငါ တမင် လာတာ ငါ့မှာ ဘာကိစ္စမှမရှိဘူး"

"အေး...ဒါဆို ထိုင်"

"ဝိုး...မောလိုက်တာကွာ"

လှမင်းကြည်က သူ့ တီရှပ်၏လည်ဟိုက်နေရာကို ဆွဲမ ခါရင်း ပြောနေသည်။ ပြီးတော့ ကျောက်တုံးပြေပြေပေါ်မှ စတစ်ခြင်းပြာပြာကြီးကို ကြည့်ပြီး ဟိုလုပ် ဒီရှာလုပ်နေ၍-

"စားစရာတွေပါတယ် ဟော့ကောင်"

"ငါ သိလို့"



www.burmeseclassic.com

www.burmeseclassic.com



လှမင်းကြည်က ခြင်းအတွင်းမှ ပေါင်မုန့်နှင့် ငါးသေ
ညှပ်နှစ်ချပ်ထပ်နှင့် ကိုကာကိုလာ တဗူးကို ငိမ်နှင့်ဖောက်သော
နေရင်းက…

"မင်းအဘွားကြီးက မင်းအတွက်ဆိုရင် တကယ့်စပယ်ရှ
တွေချည်းပဲ…မင်းကို တကယ်ချစ်တာ"

"မင်း ပါးစပ်ကို ကိုကာကိုလာဗူးနဲ့ ဆို့ထားလိုက်စမ်း လှမ

"မင်းကလဲ အဘွားကြီးအကြောင်းပြောလိုက်ရင် ဒီအတ
ချည်းပဲ"

ကိုမိုးစွေ ဘာမှမပြော။ လှပ်ရှားမှုစိတ်ကို တည်ငြိမ်အေ
မျက်နှာနှင့်ဖုံးကွယ်ထားရင်း သူ့အကြည့်က ကင်းဘတ်ပြားပေါ်သို့
စူးစိုက်ထားသည်။

ကိုလှမင်းကြည် ခဏ ငြိမ်သွား၏။ ကိုကာကိုလာ တ
လုံးမော့သောက်ပြီး သူ့လက်တဆုပ်အားနှင့် ညှစ်ချလိုက်၍
ဝင်သွားသော ဗူးခွံကို အားနှင့်လွှဲ၍ တောင်အောက်သို့ ပစ်ချ
တော့သည်။

"ဒါနဲ့ မင်းအိမ်က ကောင်မလေးချောချောလေး မပြန်
ဘူးလား"

"အေး"

"သိပ်လှတယ်နော်"

"အင်း"





"နာမည်က ပန်းဝေသီ နော်"

"အင်း"

"မင်း သူ့ကို ကြိုက်သလား"

"မင်း ပါးစပ်ကိုပိတ်ထားစမ်း"

"မပိတ်နိုင်ဘူးကွ… မင်း မကြိုက်ဘူးဆိုရင် ငါ လိုက်

လှမင်းကြည်ကို ဖြတ်ကနဲ ကြည့်လိုက်မိသည်။ ပန်းချီ
ပေါ်မှ ပထမဆုံးအကြိမ် မျက်နှာလွှဲလိုက်မိခြင်း။

လှမင်းကြည်သည် မိုးကုတ်မြို့ပေါ်မှ ထင်ပေါ်ကျော်ကြား
သူဌေးစာရင်းဝင် မိသားစုထဲမှ သားတစ်ယောက်။ မန္တလေး
သိုလ်ကျောင်းသား။ ရည်းစားများသူ။

မည်သည့်အရုပ်မှ စောင့်နေမှန်းမသိသော စိုးရိမ်စိတ်သည်
စွေ၏ နှလုံးသားကို အသံထက်မြန်သော အလျှင်နှုန်းဖြင့်
ဖြတ်၏။

"ဘယ်လိုလဲ…ပန်းဝေသီကို ငါ လိုက်ရမလား"

ရေးလက်စ စုတ်တံကို လက်မှချသည်။ ဆေးတင်ထား
သစ်သားပြားကို ခေါက်ဘေးမှာ ထောင်၏။

"ငါ လိုက်လို့မရဖူးတဲ့ မိန်းကလေး "တစ်ယောက်မှမရှိ
ဘူး"

သူ ဝင့်ကြွားစွာ ကြုံးဝါး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်ကွာ... ငါ ဘယ်မိန်းကလေးကိုမှ မဖျက်ဆီး
ဖူးပါဘူး... နောက်တစ်ယောက် လှလှလေးတွေ လိုက်မိတာ
ပထမကောင်မလေးက မကျေနပ်လို့ ပြတ်တာများတယ်... ငါ့
အလှကြိုက်တဲ့ရောဂါ ရှိတယ်ကွ... အခု ပန်းဝေသီက တကယ်
လှတယ်"

"လှမင်း"

"အေး"

"မင်း ပန်းဝေသီကို မလိုက်ပါနဲ့"

"ဘာလဲ...မင်း ကြိုက်နေလို့လား"

"အေး"

"ဟာဟ...ဒါကြောင့်ကို...စိတ်ချ ဘယ်သူငယ်ချင်း
ရည်းစားကိုမှ ငါ မကြံဘူး...ကူပဲ ကူညီတယ်...မင်း
အကူအညီလိုရင် ငါ့ပြော"

"လှမင်း"

"ဘာလဲကွ"

"မင်း...ပန်းဝေသီကို တကယ်ချစ်လို့လား"

"ချစ်တဲ့အဆင့်ထိ မရောက်သေးပါဘူးကွာ...လှလို့ ကြိုက်
တာပဲ ရှိပါသေးတယ်"

လှမင်းကြည် ပေါ့ပေါ့ဖြေသည်။

လှလို့ ကြိုက်တာကတဆင့်၊ နောက်တဆင့်တက်မှ ချစ်
သတဲ့...။





လှမင်းကြည်၏ အဘိဓမ္မာ မှန်ကန်သည် ဆိုကြားအံ့...

သူ ပန်းဝေသီကို မကြိုက်ပါ။

ချစ်လည်း မချစ်သေးပါဟု ထင်သည်။

"ဒါနဲ့များ ဘာကြောင့်...မင်း ကြိုက်နေလို့လား"ဆိုသော
မေးကို အလွယ်တကူ "အေး"ဟု ဖြေပစ်လိုက်ရပါသလဲ...

သူ နှလုံးသားနှင့် ဦးနှောက်တို့၏ ကူးဆက်မှု အမြန်နှုန်း
ကို သူအသိဉာဏ်ကပင် မမီလိုက်...

သူ ပန်းဝေသီကို မကြိုက်သေး၊ မချစ်သေးဟု ဆိုခဲ့လျှင်
လည်း သူ့ရင်မှာ ပန်းဝေသီနှင့်ပတ်သက်သော "စိုးရိမ်စိတ်"များ ရှိ
နေသည်တော့ အမှန်ဖြစ်ပေလိမ့်မည်ဟု ကိုမိုးဇွေကိုယ်တိုင် ယခုမှ
သိလာရပါပြီ။

လှမင်းကြည်လို သူဌေးသား၊ ရည်းစားများသူနှင့် ပန်းဝေသီ
ကို စိတ်မချနိုင်။ ပန်းဝေသီ၏ နှလုံးသား အက်ကြောင်းရာကို သူ
မြင်ကြည့်ရက်နိုင်၍သာ လျင်မြန်လွယ်ကူစွာ လှမင်းကြည်၏ နယ်မြေ
ကို ဆွဲခေါ်မိခြင်းဖြစ်ပေမည်။

"ကောင်မလေး မဆိုးဘူးကွ... တကယ်လှတယ်...
မင်းနဲ့ဆိုလဲ အံကျပါပဲကွာ... ဟိုဘက် ဒီဘက် ဆွေမျိုးတွေ ဆို
ရင်တော့..."

"တော်စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မတော်ပါဘူးကွာ · · ·မင်းကို ဒီအကြောင်းပြောလိုက်[illegible] ဒီလိုချည်းပဲ"

ကိုမိုးစွေ သက်ပြင်းမော ချလိုက်သည်။

"တကယ်တော့ မင်း အဘွားကြီးဟာ မင်းကို ငယ်[illegible] တတ်ချစ်ရှာ[illegible]ပါကွာ·· အခု ဒီကို ပန်းချီလာဆွဲတာတောင် စား[illegible]

"မင်း သိပ်စကားများတဲ့ကောင်ပဲ"

"များရမယ်ကွ · · ·ကြီးကြီးငြိမ်းက တကယ်သနား[illegible] ကောင်းတာ"

"ငါ့ကို ချစ်လွန်းလို့ သနားစရာတောင်ကောင်းနေပြီလို့ တာလား"

"အေး· · ·ဟုတ်တယ်"

"သူ ငါ့ကို တကယ်မချစ်လို့သာ သူနဲ့ ငါ့ကြားမှာ "[illegible] သိက္ခာတံတိုင်းကြီး" ခြားထားတာပေါ့ လူမင်း"

"မဟုတ်သေးပါဘူးကွာ · · ·ဦးမျိုးခန့်ကလဲ ရှိသေး[illegible] မဟုတ်လား"

"ဒါကြောင့် ပြောတာပေါ့ · · ·ငါ့ကို တကယ်မချစ်[illegible] ဦးမျိုးခန့်တို့ ပတ်ဝန်းကျင်တို့ကို ရှေ့တန်းတင်တာပေါ့ လူမင်း[illegible]

"မင်း· · ·ဒါကြောင့် မကြီးပွားတာ· · · မင်းကို သိပ်ချ[illegible] မိခင်ကြီးရဲ့ မေတ္တာကို စော်ကားလို့"

"ငါ့အကြောင်း ငါပဲ သိပါတယ်ကွာ"





ကိုမိုးစွေ၏မျက်နှာမှာ စွေတော့မည့်မိုးသားတို့နှင့်အပြိုင် ညှိုမှောင်နေ၏။

"မင်းအကြောင်း မင်း သိသလို ငါလဲ မင်းအကြောင်းကို [illegible]သိတာပါပဲ"

လူမင်းကြည်၏ လေသံ တိုးတိမ်သွားသည်။ ငယ်သူငယ်ချင်း မိုးစွေ၏ ခံစားမှုဝေဒနာက သူ့ကို အဖျားရိုက်ခတ်ပြီ။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ· · ·အမေဟာ အမေပဲပေါ့"

"အေး· · ·အမေလို့ အသိအမှတ်ပြုရုံပဲဆိုရင်တော့ ငါ [illegible]ယ်ခံစားရမလဲ သူငယ်ချင်း· · ·ခုတော့ ငါ့အမေကို ငါ သိပ်ချစ် [illegible]တယ်"

ကိုမိုးစွေ၏ မျက်ဝန်းမှာ ဝေလာသော မျက်ရည်ကို [illegible]လူမင်းကြည် မြင်ရတော့ သူပါ ရင်နာလာသည်။

"ဘယ်လိုလူစား · · ·ဘယ်လိုလူသားတွေကို ကြောက်ရွံ့[illegible]သာလို့ ငါ့ကို "သူသားအရင်းပါ"လို့ မပြောခဲ့ရတာလဲဟင် · · ·"

"ဒါကတော့ကွာ"

"လောကမှာ မိခင်မေတ္တာထက် အင်အားကြီးမားတဲ့အရာ [illegible]ရှိဘူးဆိုကွ· · ·ဒါနဲ့များ ဘာကြောင့် ဒီမေတ္တာတရားနဲ့ မတိုက်ဖျက် [illegible]ရတာလဲ"

"ဒီလိုရှိတယ် သူငယ်ချင်း"

"ဘယ်လိုမှ ရှိမနေနဲ့ · · ·သူ့ရဲ့ သိက္ခာတရားအတွက် ငါ့



www.burmeseclassic.com

www.burmeseclassic.com



ကို ချွင်း နင်းချေပြီး ကာကွယ်နေတာကွ"

"မဟုတ်သေးပါဘူးကွာ...ကြီးကြီးငြိမ်းဟာ..."

"ငါ မကြားချင်ဘူး လှမင်း...သားအမိအရင်းဖြစ်ပါရက် ...ဒါ... ငါ မွေးတဲ့ သားပါလို့ မပြောဝံ့လို့ မွေးစားသား ကြေငြာနေ... ငါ့ရဲ့ မိခင်ရင်းဒေါ်ငြိမ်းငြိမ်းထွေးကို ငါ သိပ်ချစ် ဒါပေမယ့် ငါ မကြည်ညိုနိုင်ဘူး"

"ဟော့ကောင်..."

"အဲဒီအတွက် ငါ့ရင်ထဲမှာ ဘယ်ထိအောင် ခံစား တယ်ဆိုတာ ဘယ်သူမှသိမှာမဟုတ်ဘူး...ငါကိုယ်တိုင်လဲ မ ပြတတ်နိုင်အောင်ပါပဲ လှမင်း..."

"အင်း...သားအမိအရင်းကို အရင်းပါလို့ ပြောခွင့်မ မယ့် အတူနေခွင့်ရတယ်ကွာ...ကြီးကြီးငြိမ်းရဲ့ မေတ္တာနဲ့စော ကို မင်းအပြည့်အဝ ရယူနိုင်ခွင့်ရှိနေတာပဲ"

"အဲဒီ အပြည့်အဝဆိုတဲ့ အထဲကနေပြီး ဦးမျိုးခန့်အတ ဖဲ့ခြွေယူနေတာတွေကိုတော့ မင်းမှ မသိပဲ"

"အေးကွာ...မင်းရဲ့ဘဝကလဲ အတော့်ကို ဆန်းပြ တယ်"

"လှမင်း"

"အင်း"

"ငါ အခုအိမ်မှာ မနေတာ ဆယ်ရက်ရှိသွားပြီ"





"ငါ သိတယ်လေ...ခါတိုင်းလဲ မင်း ဒီလိုပဲထွက်လာနေ ကျပဲ"

"ဒီတခါ ငါ ထွက်လာရတာ ပန်းဝေသီကြောင့်..."

"ဟာင်..."

"ပန်းဝေသီနဲ့ ငါနဲ့ တိုတိုပြောရရင် ပန်းချီကားကိစ္စနဲ့ ရန် ဖြစ်ကြတယ် ဆိုပါတော့ကွာ...အဲဒီမှာ ပန်းဝေသီက ဘာပြောလဲ ဆိုတော့..."

"သူ့ဖေ ဦးချမ်းမြေ့ရဲ့ မျိုးဆက်က ပြောတာဆို ခံနိုင်သေး တယ်...ခုတော့ ဘာမဟုတ်တဲ့ ရှင်လို လမ်းပေါ်က ကောက်ရ လာတဲ့ မွေးစားသားက ..."

ဆိုပြီး ရင့်ရင့်သီးသီး အပြောခံခဲ့ရတယ်။

"ဟာင်...ပန်းဝေသီနဲ့ မင်းနဲ့ ကြိုက်နေကြတာ မဟုတ် ဘူးလား"

"မဟုတ်ပါဘူးကွာ...နေစမ်းပါ...ဒီကိစ္စမှာ ငါ လွန်တာ လဲပါတယ်လေ...ဒါပေမယ့်ကွာ ဒီလို အပြောခံရတော့ အောင့် တာမှ ရင်ကွဲသွားမတတ်ပဲ လှမင်း"

"အေးပေါ့ကွာ...ဒါတော့..."

လှမင်းကြည်လည်း မည်သို့သောစကားနှင့် နှစ်သိမ့်ရမည် မှန်း မသိတော့...

အချစ်ဆုံး ငယ်သူငယ်ချင်းအဖြစ်နှင့် မိုးဇွေ ရင်ဖွင့်၍ သာ

www.burmeseclassic.com



လှမ်းကြည့် သိခွင့်ရနေခြင်း ဖြစ်သော်လည်း···

ဤဇာတ်လမ်း၏ လျှို့ဝှက်ချက်ကို ဝသန်တို့လို သမီး အရင်းအချာပင်လျှင် မသိရှိကြ။

ဒေါ်ငြိမ်းငြိမ်းထွေး၏ လှည့်ကွက်ကို မိုးကုတ်တမြို့လုံးက လက်ခံနေကြသည်။

တခုတော့ ရှိသည်။

ဒေါ်ငြိမ်းငြိမ်းထွေးမှာ ငယ်စဉ်က ယောကျာ်းနောက် လိုက် ပြေးမှုသည်။ ကလေးရသည်။ သည့်နောက် ချမ်းမြေ့ဂေဟာကြီးသို့ ပြန်ရောက်လာသည်။ ဦးမျိုးခန့်နှင့် လက်ထပ်သည်။ ဤမျှသာ သိ ထားကြသည်။

ဒေါ်ငြိမ်းငြိမ်းထွေး၏ "ကလေး"ဆိုသော လျှို့ဝှက်ဇာတ် လမ်းတစ်ပုဒ်မှာ တိမ်မြုပ်ကွယ်လျှိုးနေဆဲ ရှိလေသည်။

ဤဖြစ်ရပ်မှန်ကို သိသူမှာ ဒေါ်ငြိမ်းငြိမ်းထွေး၏ဖခင် သူဌေး ကြီး ဦးချမ်းမြေ့ကိုယ်တိုင်ဖြစ်၏။

ဦးမျိုးခန့်ကိုယ်တိုင်ဝင်လျှင် ပထမပိုင်း၌ ကလေးတယော ကောက်ရသည်ဟုသာ လက်ခံယုံကြည်ခဲ့သည်။

နောက်ပိုင်းတွင် ဤမွေးစားကလေးကို ဒေါ်ငြိမ်းငြိမ်းထွေး မှာ ယုယလွန်းစွာ···ချစ်မြတ်နိုးလွန်းစွာ ပြုစုနေ၍ မသင်္ကာ ရာမှ ပြဿနာ စတော့သည်။

နောက်ဆုံးတွင် သူဌေး ဦးချမ်းမြေ့ကိုယ်တိုင် သားမက်





ဖြစ်သူကို အကြောင်းစုံ ဖွင့်ပြောပြီး တောင်းပန်ရသည်။ သားမက် ထံမှ ဘယ်သူ့ကိုမှ မပြောပါဟူသော ကတိကို တောင်းသည်။ ပြီးတော့ ငွေနှစ်သောင်း ပေးအပ်ခဲ့လေသည်။

ဖြင့်ပ လှမှုရေးပြဿနာ ပြီးပြေအေးငြိမ်းသွားသည် မှန်သော် လည်း ဦးမျိုးခန့်၏ ရင်တွင်းမှာ ကျရောက်လာသော မီးပွားလေး တပွားသည် ဘယ်သောအခါမှ မငြိမ်းသေနိုင်သော မီးအဖြစ်နှင့် ထာဝရ လောင်မြိုက်နေရသည်က···

"ငြိမ်း၏ အရင်ယောကျာ်းနှင့် ရခဲ့သော သား"

ဤကလေးတွင် ဘာပြစ်မှုမရှိဟု အသိမှာ သိပါ၏။ မုန်း သည်လည်း မမည်ပါ။

သို့သော်လည်း ဘယ်လိုနည်းနှင့်မျှ ချစ်၍မရနိုင်တော့··

"ပထွေး"ဆိုသော အသိကြောင့် ကိုမိုးစွေဘက်ကလည်း လေးစားစိတ်၊ ချစ်ခင်စိတ်များ ပျက်သုဉ်း ဆုံးရှုံးခဲ့ရသည်။

"မိုးစွေ···ငါ မေးမလို့ မမေးဖြစ်ခဲ့တာ"

"ဘာလဲ"

"ဒေါ်ငြိမ်းငြိမ်းထွေးဟာ မင်းရဲ့ မိခင်အရင်းဆိုတာ မင်း ဘယ်လိုလုပ်ပြီး သိတာလဲ"

"ငါးနှစ်သားရောက်မှ ချမ်းမြေ့ဂေဟာကို ငါ ရောက်လာ တာလေ··· သာမာန်ကလေး မမှတ်မိနိုင်ပေမယ့် သိပ်ပြီး ပြောင်း လဲသွားတဲ့ အတွေ့အကြုံမို့ ငါ မှတ်မိနေပါတယ်···နောက်



www.burmeseclassic.com

www.burmeseclassic.com



အမေကာလဲ...”

“သားကို မေမေ မွေးခဲ့တာ”ဆိုတဲ့ စကား အမြဲပြောခဲ့တယ်...ဒါပေမယ့် ငါ သိပ်နားမလည်ခဲ့ဘူး...ငါ ဆယ့်သုံးနှစ်သားရောက်မှ အဘိုးကိုယ်တိုင် ငါ့ကို သက်သေသက္ကာရတွေနဲ့ ပြောပြခဲ့တာ”

“အဲဒီအချိန်မှာ မင်း ဘယ်လိုခံစားရလဲ”

“ငါ ငိုတယ်”

“ဟော”

“ပြီးတော့ ငါ့အမေကို ငါ သိပ်စိတ်နာသွားတယ်”

“ဟ...ဘာဖြစ်လို့လဲ”

“ငါ့ကို သူ ပြောပြသလို ဘယ်သူ့ကိုမှ သူ မပြောရဲဘူးလေ”

“ဒါတော့ကွာ”

“ဒါတော့ မကွာပါနဲ့ကွာ...ငါဟာ သူ့အတွက် ဒုတိယပဲ...သူ့ရဲ့ ပထမက သူ့ရဲ့ပတ်ဝန်းကျင်”

လူမင်းကြည်က ငြိမ်တွေ့စွာ ကြည့်နေသည်။

“ခုလို ပြဿနာတွေ မပေါ်လာရတာလဲ မေမေရဲ့ မပြတ်သားမှုကြောင့်ပဲ”

“ဘာပြဿနာလဲ”

“ငါ ပြောပြတာလေကွာ”





“ဩော်...ပန်းဝေသီက မင်းကို ရင့်ရင့်သီးသီး ပြောလိုက်တဲ့ကိစ္စ မဟုတ်လား”

“အေး...ဒါကို ငါ ဘာပြန်ပြောနိုင်ခဲ့သလဲ...ခေါင်းငုံ့ခံခဲ့ရတယ် မဟုတ်လား”

“ကောင်မလေးက စွာလန်ကျယ်လား”

“ဒီလိုတော့လဲ မဟုတ်ပါဘူး...ပထမစပြီးမှားတာက ငါ”

သည့်နောက်တော့ ပန်းဝေသီ၏ အကြောင်းချည်းသာ ပြောဖြစ်ကြသည်။

“မင်းဟာ သူပြောသလို...ဦးချမ်းမြေ့ရဲ့ သွေးမပါသူ မဟုတ်ပဲ ဦးချမ်းမြေ့ရဲ့ တစ်ဦးတည်းသော ယောက်ျားလေးမြေးအရင်းလို့သာသိရင် သူ အားနာမှာပဲနော်”

“မပြောတတ်ပါဘူးကွာ”

ကိုမိုးစွေသည် သူ့ရင်တွင်း ခံစားမှုနှင့် ဆန့်ကျင်ဘက်ဖြစ်အောင် ကြိုးစားထားရသော တည်ငြိမ်မှု မျက်နှာနှင့်ဖြေ၏။

“သူငယ်ချင်း...မင်းကို ကြည့်ရတာ ငါ အားမရဘူး...ခွတ္တာနဲ့ပတ်သက်လို့ မင်းမှာ အခုထိ ခံစားနေရတုန်းပဲလား”

“အေး”

“မေ့လိုက်စမ်းပါကွာ...အများသိနေတာက အမှန်ပဲဘူး မဟုတ်ပဲ” လူတွေပဲ

“ငါ့ဘဝက အမှန်တရားမဟုတ်တာကိုပဲ အယုံနည်းနဲ့ မှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရတယ် မဟုတ်လား လှမင်း”

“သူငယ်ချင်း မင်းမှာလဲ အတိတ်ဟောင်းရဲ့ ရိုက်ခတ်မှု ဒဏ်က တကာယ်ဖိစီးခံနေရတာပဲ… ဒီမှာ…”

“အင်း”

“အဲဒါတွေကို မေ့ပစ်လိုက်စမ်းပါကွာ…ယောက်ျားပဲ”

“လှမင်း”

“ပြော”

“လွယ်လွယ် ခံစား…လွယ်လွယ် မေ့ပစ်ဆိုတာ တို့လို အနုပညာသမားရဲ့ နှလုံးသားမှာ မဖြစ်နိုင်တဲ့အရာပဲ…”

“အနုပညာသမားဆိုတာ လူများထက်ပိုပြီး ခံစားတတ်တယ်ဆိုတဲ့ မင်းရဲ့ သီအိုရီကြီး ဆုတ်ပစ်လိုက်စမ်းပါကွာ… ဒီ မှာ ငါ ပြောမယ်”

“အင်း”

“ပြီးခဲ့တာ ခဏလေး ရပ်ထားလိုက်စမ်းပါ…မင်းရဲ့ ဘဝသစ်ကို စတော့…”

“တာ”

“မင်း ပန်းဝေသီကို လိုက်”

ရှဲမှုဈေ့ “ဟင်…ငါ လိုက်ရအောင် ငါက ပန်းဝေသီကို ချစ်နေ

“ခြောင်ပါကွာ”

စ်ကောင်စာပေ



“ငါ့ကိုယ်ငါ မသိသေးဘူး လှမင်း”

“ချစ်တဲ့အဆင့် မရောက်သေးရင်တောင် မင်း သူ့ကို စိတ်ဝင်စားနေပြီ မဟုတ်လား”

“မင်းစကားအရ ငါ့ကိုယ်ငါတောင် ပြန်ပြီး စဉ်းစားရမလို ဖြစ်နေပြီ”

“ဘာမှ လုပ်မနေနဲ့ ဟောကောင်…ပန်းဝေသီရဲ့ အချစ် ကို အရယူ…မင်းရဲ့ ဘဝသစ်ကို တည်ဆောက်…ဒါမှ မင်းရဲ့ ဘဝဟာ အဓိပ္ပာယ်ရှိလာမယ်”

“ဟုတ်တယ်…အခု လက်ရှိဘဝက အဓိပ္ပာယ်မဲ့နေ တယ် လှမင်း”

“ပန်းဝေသီကို လိုက်ကွာ”

“မဖြစ်ဘူးထင်တယ်… သူ သိနေတာက တမျိုး”

“မင်း ရှင်းပြလိုက်လေ”

“ငါဟာ ဦးချမ်းမြေ့ရဲ့ မြေးအရင်းပါဆိုတာလား…”

“ဒါပေါ့…”

“ဒါပေမယ့် သေချာတာတခုရှိတယ်”

“ဘာလဲ”

“သူ့ ဘဘက ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး ရန်ကုန်မှာရှိတဲ့ သူ့ မိဘတွေကလဲ ဂုဏ်သရေနဲ့နေတဲ့ လူတွေရဲ့ တထိကကြီးတွေရဲ့ သမီးတွေလေးနဲ့ ငါ့လိုကောင်နဲ့ ဘယ်နည်းနဲ့ မှ

www.burmeseclassic.com

www.burmeseclassic.com



သဘောတူမှာမဟုတ်ပါဘူးကွာ"

"ဒေါ်ငြိမ်းငြိမ်းထွေးရဲ့ သားအရင်းဆိုတာ သိရင်ကောကွ"

"ပိုဆိုးလိမ့်မယ်... အဖေမျိုးရိုးက ဘာညာနဲ့.. ဦးမျိုးခန့်တို့က ဘဝင်တွေ...ဘယ်လိုနည်းနဲ့မှ သဘောတူမှာ မဟုတ်ပါဘူး"

"ဟော့ကောင်"

"ဘာလဲ"

"ငါ ပြောနေတာက ပန်းဝေသီတို့ရဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်အကြောင်း မဟုတ်ဘူး...သမီးရှင်ကို သွားတောင်းနေစရာ အဆင့်လဲမရှိသေးဘူး...တုံးပါကွာ...ပန်းဝေသီအချစ်ကို ရအောင် မင်းယူလေ"

"ဟင်"

"မင်းတို့ချင်း ချစ်ပြီးသွားကြရင် လူကြီးတွေ ဘာတတ်နိုင်တော့မှာလဲ"

"ပန်းဝေသီ ကိုယ်တိုင်က ငါနဲ့ ခတ္တာနဲ့ ဇာတ်လမ်းကို သိသွားရင် ပိုရှုပ်ကုန်ပါဦးမယ်ကွာ...ငါဟာငါ အေးအေးပဲ နေစမ်းရစေ"

"ယောက်ျားစကား ပြောပြီး ယောက်ျားလိုနေစမ်း ဟော့ကောင် ပန်းဝေသီကို ချစ်လား မချစ်ဘူးလား"

"မသိဘူး...ဒါပေမယ့် ငါ သူ့အကြောင်းတော့ အမြဲလို နေမိတယ်"



"အေး...အဲဒါ အချစ်ရဲ့ သမိုင်းဦးနိဒါန်းပဲ"

"ငါ ဘာလုပ်ရမလဲ"

"မင်း အိမ်ပြန်...ပန်းဝေသီကို တောင်းပန်...သူ့ကို ချစ်ပြ...ဒါမှ သူ့ဆီက ပြန်တုံ့ပြန်လာမှာ"

"ချစ်ခွင့်ရပြီပဲ ထားပါ...သူ့ဘက်ကိုယ့်ဘက် အဆင်မပြေ သူ့ စိတ်ဆင်းရဲနေရမှာ"

"သူ့ စိတ်ဆင်းရဲမှာ စိုးရိမ်နေတယ် မဟုတ်လား"

"အေး"

"ဒါဆို ရေမြွှာပေါက်ပြီ...အချစ်ကို မွေးဖွားတော့မယ်"

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ငါ ဆရာဝန်မနဲ့ ကြိုက်တုန်းက ကလေးမွေးအတွေ့အကြုံတွေ သိခဲ့ရတယ်လေ"

"တော်စမ်းကွာ"

"ဒီမှာ...မိုးဇွေ"

"အေး"

"မင်း မသိပေမယ့် ငါ သိနေပြီ...မင်း ပန်းဝေသီကို ချစ်နေပြီ"

ကိုမိုးဇွေ ငြိမ်တွေ့စွာ စဉ်းစားနေရှာသည်။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ စာစောင်ရီသို့တိမ်မည်းတို့သည် လေနှင်ရာ ရွေ့လျားသွားကြပြီ။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးစွေ၏ အထက်ဆီမှ မိုးကောင်းကင်သည် ဖြူစင်ကြည်သာလို့နေပါလား။

နက်ဖြန် အိမ်ပြန်မည်။

ပန်းဝေသီကို တောင်းပန်မည်။

၀ ၀ ၀





မိတ်ဆွေရှိရာ ရဲစခန်းတွင်းမှ ထွက်လာသော ဦးမျိုးခန့်၏ မှာ သံသယငွေ့များကင်းစင်လာသဖြင့် ကြည်လင်ပြုံးဝေလို့။

ဆရာစက္ကုဟာ ဘာအမှုမှမဖြစ်ခဲ့ဘူး၊ ဘယ်သူ့ကိုမှလဲ ခဲ့ဖူးသူ မဟုတ်ပါ...တဲ့။

ဥပဒေနှင့် မလွတ်ကင်းသော အလုပ်မျိုးကိုလည်း သူ မလုပ်။ ပတ်ဝန်းကျင်နှင့် သူ့ကို ယုံကြည်သူများအားလုံးပေါ်မှာလည်း ညည်ပျက်မှုမရှိခဲ့...။

"သူ့ အစဉ်အလာမှာ လူလိမ်တစ်ယောက်မဟုတ်ခဲ့ရင်ပြီး ... ဒီကိစ္စမှာ ငါခံရရင် ငါ ညံ့လို့ပဲ"

"ခံရစရာလဲ အကြောင်းမရှိပါဘူးဆရာ... သူက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အဝန်းအဝိုင်းထဲမှာ လာနေရသူပဲ"

"အေး...ငါလဲ သူ့ကို သေသေချာချာကြီး အကဲခ... တာ...ဦးချမ်းမြေ့နဲ့ပတ်သက်လို့ သူ သိနေတာတွေဟာ တ... ပဲ ဆန်းကြယ်လှတယ်"

ဦးမျိုးခန့်နှင့် သူ့ တပည့်ရင်း "ကိုအေးကျော်" ... မန္တလေး၌ ဆရာစက္ကုဟုခေါ်နေကြသော "ဦးမြင့်သိန်း" ၏ အကြော... အသေးစိတ်စုံစမ်းခဲ့ကြသော်လည်း မသမာသော လုပ်ဆောင်ချက်... တစွန်းတစလေးမျှ မတွေ့ရ။

"ကျွန်တော်လဲ အံ့ဩလွန်းလို့ အိမ်မှာပြောပြတော့ အ... တောင်ပြောတယ်...ဒါမျိုးတွေဟာ ဖြစ်တတ်တယ်တဲ့ သေ... ဝိညာဏ်ဟာ ဘဝမကူးသေးပဲ ရှိနေမယ်ဆိုရင် လူသားတစ်ယော... ပူးနိုင်ကပ်နိုင်တယ်တဲ့"

"အိ...ဟုတ်ပြီ"

ပျောက်နေသော လမ်းစတစ်ခုကို တွေ့သလို ဦးမျိုး... မျက်နှာက ပြုံးကြည်သွားသည်။

"ဖြစ်နိုင်တယ်...နတ်ဝင်တာတို့...ဝိညာဉ်ကပ်တာတို့... တချို့လဲ ယုံကြည်ကြတယ်... ဒါကြောင့် ဘုန်းကြီးတွေ အိမ်... ကမ္မဝါဖတ်တာဟာ ဝိညာဉ်ဆိုးတွေကို နှင်တာပဲ"

"သိပ်ဖြစ်နိုင်သွားပြီ ဆရာ...ဦးချမ်းမြေ့ရဲ့ ဝိညာဉ်... ထာဝရ ပူးကပ်နေတာမျိုးမဟုတ်ပဲ တခါတရံ ဆရာစက္ကုကို ...





...ဒါ သူ အကုန်သိသွားတာဖြစ်နိုင်တယ်"

"ဟုတ်ပြီ...ဆရာစက္ကုပြောခဲ့တဲ့ စကားတခွန်းဟာ အခု ...ဆွေးနွေးနေတဲ့အတိုင်း ဖြစ်သွားပြီ အေးကျော်"

"ဘယ်လိုလဲ ဆရာ"

"သူက ငါ့ကိုပြောတယ်...အဲဒီလိုသိရတဲ့အခါမှာ ...တော်ဟာ ကျွန်တော် မဟုတ်တော့ဘူး...ဦးချမ်းမြေ့ ဖြစ်သွား ...တဲ့"

"ဟင်"

"သူ ပြောသာပြောတာ...အခု ငါတို့ တွေးသလို သိသလို ...ကိုယ်တိုင်တောင် သိပုံမရပါဘူး"

"အေးဗျာ...တကယ် ဆန်းကြယ်တယ်...သေတာပဲ ...နှစ်ရှိနေပြီ...ခုမှပဲ ဘဝဟောင်းကို ပြန်ပြီး ဆက်သွယ်လာရ ...း"

"အခုလို ဝေဒနာ့ကြ ပြိတ္တာဆိုတာ အသက်ရှည်တော့ တို့ ...ပ်ဟာ သူတို့အသက် တစ်ရက်ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ"

"ဆရာ"

"အေး"

"ဦးချမ်းမြေ့ဟာ တကယ့် သူတော်ကောင်းပဲ...လှူဒါန်း ...ခဲ့တာတွေလဲ မနည်းဘူး... မကျွတ်ဘူးဆိုတာ ဖြစ်နိုင်ပါ့ ...ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျမ၏ ဝိညာဉ်ဆိုသောအကြောင်းကို ဆက်ပြော
ရှုံ့သွားဟန်ဖြင့် ဦးမျိုးခန့် ရပ်ထားလိုက်သော်လည်း ကိုအောင
ယောက်ျားတန်မဲ့ ကြက်သီးများ ဖြန်းကနဲ ထသွားရသည်။

"တို့ တောင်ခြေပဲ သွားရအောင်...အဲဒီမှာ
ဆရာစက္ကကို အခါတည်းခေါ်လာခဲ့တော့မယ်...ပြီးရင် မနက်
ကြီး မိုးကုတ်ကို ပြန်ကြမယ် အောကျော်"

ရှင်းပြန်နေသော ကားလမ်းအတိုင်း မန္တလေးတောင်ခြေ
ကားမောင်းလာကြသည်။ ကုသိုလ်တော် စေတီပုထိုးများစွာ
ဖွေးဖွေးဖြင့် ကြည်ညိုစွာ ဖူးတွေ့ရသည်။ မန္တလေးတော
ရန်ကင်းတောင်ညိုညိုကြီးတို့မှာ မန္တလေးမြို့၏ကျက်သရေ
ရှိသော နေရာများစွာအနက်မှ တစ်ခုသောနေရာများ ဖြစ်

လဲန်ရိုဗာကားကို မောင်းနေသော ဦးမျိုးခန့်မှာ
လမ်းမှ အလှအပများကို တခုမှ မမြင်၊ သူ့ အာရုံတွင်...

"ငါ ဆရာစက္ကကို လက်လွှတ်လို့မဖြစ်တော့ဘူး...
နဲ့ပူးကပ်နေပြီး ဦးချမ်းမြေ့ဝိညာဉ်ဝင်လာချိန်မှာ ငါ မေးလို
မယ်...ဒါမှမဟုတ် သူက တဆင့်မေးယူမယ်"

ပျောက်ဆုံးနေတဲ့ ရတနာသေတ္တာတစ်လုံးကိစ္စဟာ ဦး
နဲ့အတူ ဆုံးရှုံးခဲ့ပြီလို့ ထင်နေခဲ့တာ...

ခုတော့...

ပြန်လည်ဖော်ထုတ်နိုင်ဖို့ လမ်းစရပြီပေါ့လေ...





မျှော်လင့်ခြင်း အလင်းရောင်နှင့် လောဘရောင်ခြည်တို့ သည် ဦးမျိုးခန့်၏ မျက်ဝန်းမှာ စူးရှစွာ လင်းလက်လာတော့သည်။

အညာနေသည် ဦးမျိုးခန့်၏ ခေါင်းပေါ်မှာ ပူပြင်းစွာ လင်းဖြာနေသည်ကိုပင် ဦးမျိုးခန့် သတိမထားနိုင်အားတော့ပါချေ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှ စာများကိုဖတ်ပြီး ပန်းဝေသီ ဝမ်းနည်းလာသည်။
မိသားစုအိမ်သို့ အလွမ်းစိတ်သည် နာကျင် ပင်ပန်းလှ ချေ
ဖေဖေသည် ဤအိမ်မှ ဘဘနှင့် လုံးဝမတူ။ ဘဘသည်
ထာဝရ တက်ကြွစွာ စီးပွားရေးနောက်သို့ လိုက်နေတတ်သူသာ။

ဖေဖေသည်မူ…ထာဝရ ငြိမ်းအေးစွာနေချင်သူ။ လောဘ
ကို မုန်းတီးကြောက်ရွံ့သူမို့၊ ညီအစ်ကိုနှစ်ယောက်၏ စရိုက်တို့က
သီးခြားစီ။

ဖေဖေ့စာတွင်…

သမီးလဲ အားလပ်နေချိန်မို့ ကူညီနိုင်သလောက် ကူညီ
ပေးလိုက်ပါ။ နေမဖြစ်လို့ ပြန်ချင်ရင်လဲ စာရေးပါ။ ဖေဖေ လာခေ





ယ်။ ကျန်းမာရေး ဂရုစိုက်၊ စာစဉ်တွေ ပို့လိုက်တယ်။

ဟူ၍ စာတစောင်လုံးမှာ စေတနာတွေ ကရုဏာတွေနှင့်
ပြည့်မှန်းနေတော့သည်။

မေမေ၏ စာတွင်မူ…

သမီးလေးကို အားလုံးက သတိရနေကြကြောင်း။ မေမေ
ခေါ်ရင် ယောက်ျားအမျိုးမို့ မကူညီချင်လို့ ပြန်ခေါ်ရာကျနေမည်
၍ ဆက်လက်ပြီးနေပါ။ အိမ်မှာ အားလုံးအဆင်ပြေသည်။ သမီး
ကို မင်္ဂလာဆောင်ဖို့ ရက်ရွေးနေပြီ…

ဟု ပါရှိသည်။

ခေါ်ခင်ဖြူသွယ်၏ ရည်ရွယ် ရည်ညွှန်းချက်များကို ဘာတစ်
နားမလည်ရှာသော ပန်းဝေသီမှာ…

"အံမယ်…ကိုကိုတို့က တယ်ဟုတ်နေပါလား…ဘယ်
နဲ့ယူမှာပါလိမ့်…ပန်းဝေသီဆီကိုတောင် စာတစ်စောင်ရေးဖော်
ရဘူး…တွေ့မှသိမယ်"

ဟူ၍ ဆိုးနွဲ့တတ်သော ညီမလေး၏စိတ်နှင့် ကြုံးဝါးနေမိ
သည်။

ဖေဖေ့ကိုလည်း လွမ်းသည်။ မေမေ့ကိုလည်း လွမ်းသည်။
ကိုနှင့် မမတို့ကိုလည်း လွမ်းပါသည်။

အရိုးခံစိတ်ဖြင့် အားလုံးကို တမ်းတမ်းတတ လွမ်းမိသည်။
တက္ကသိုလ် ပရဝုဏ်နားမှာနေပါလျက်နှင့် မိမိကို တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ မတက်စေပဲ စာပေးစာယူသင်တန်းသား အဖြစ်နှင့်
ထားပေးပြီး မိုးကုတ်မြို့သို့ ပို့ထားခြင်းအကြောင်းရင်းကိုလည်း တစ်
မစဉ်းစားမိ။ ဒီလို ဘာလုပ်ရတာလဲဟု၍လည်း အဖြစ်မမြင်မိ
အမှန်ပါ။

မိမိ ရောက်ရှိနေရာ မိုးကုတ်မြို့မှာ မမဝသန့်အတွက် ဖြ
ဖွယ်ရာကိစ္စများကို တာဝန်ကျေစွာ လုပ်ကိုင်ပေးနေမိပါသည်။

"မပန်းဝေသီ"

မိမိဘဝမှာ မ ထည့်ခေါ်သည့်သူကို သည်တစ်ယော
သာကြုံဖူး၍ သူ ဘယ်သူဆိုတာ ပန်းဝေသီ သိနေပါပြီ။

"ဆောင်းစလာပြီ...မိုးကုတ်ဟာ သိပ်အေးပါတယ်...
ကြောင့် အနွေးထည်တွေ မပန်းဝေသီအတွက်..."

သူ့လက်ထဲမှာ ပန်းနုရောင်ရင့်ရင့် ယုန်မွေးဆွယ်တာ
ထည်၊ ခေါင်းစွပ်နှင့် သိုးမွေးလက်ထိုး တဘက်ပွပွတစ်ထည်။

"ရှင် ဝယ်ပေးတာလား"

"ဘယ် ဝယ်နိုင်ပါ့မလဲ ပန်းဝေသီရယ်...မေမေက
ပြီး ပို့ခိုင်းလိုက်လို့ပါ"

ညှိုးမှိုင်းနေသော မျက်ဝန်းအကြည့်ဖြင့် ကြာမြင့်စွာ ကြ
နေပြီးမှ...

"ကျွန်တော် ဝယ်ပေးတာဆိုရင် မယူချင်ဘူးလို့ ငြင်း
မဟုတ်လား...ဒီလောက် အဖိုးတန်တာတွေ ကျွန်တော် ဘယ်





ပေးနိုင်ပါ့မလဲဗျာ...ကျွန်တော်က ဒီအိမ်မှာကပ်နေရတဲ့ မွေးစားသား
ပါလေ"

ပြန်လည်ချေပသော စကားဖြစ်သော်လည်း နလုံးသား
လှုပ်ခတ်သံနှင့် ပေါင်းစည်းပြောကြားလာတော့ ပန်းဝေသီထံ ဝေဒနာ
ကူးစက်မြန်လာသည်။

"ကျွန်တော့်ကို ခိုင်းလိုက်လို့ ကျွန်တော်ခဏ ပြန်လာတာ
တဆက်တည်းမှာပဲ ကျွန်တော်ရဲ့ ရိုင်းပျခဲ့မှုအတွက် တောင်းပန်ရ
အောင်လာခဲ့တာပါ"

"ဟင်"

"အနုပညာခွဲကြောင့် ကျွန်... သိပ်မှားပါတယ်...လို့
ဝန်ချတောင်းပန်ပါတယ် မပန်းဝေသီ...ပြီးတော့ ခုလို ကျွန်တော်
အိမ်မှာမနေပဲ တခြားမှာသွားနေရတဲ့အတွက် ကျေနပ်ပါရဲ့လား ခင်ဗျာ"

တစ်သက်လုံး သိမ်းစုထားရင်ဘောင်မှ ဤမျှများပြား
သောစကားလုံးများကို အခင်ပြေစွာ တန်းစီထွက်လာနိုင်မည့် မဟုတ်။

အစက ကိုမိုးဇွေ စကားမတတ်ခဲ့။ စကား မများခဲ့။

ဘယ်သို့သော အားမာန်...မည်သို့သော သတ္တိတွေက
တွန်းနှင်လို့ပါလိမ့်။ မိန်းမလှတို့ရှေ့မှာ ဝပ်စင်းသော တောင်းပန်ခြင်း
စကားတို့ကို ဆိုတတ် ပြောတတ်နေလေပြီ။

"ကျွန်တော် သွားရတော့မလား မပန်းဝေသီ"

"ဒါ...ဒါတော့ ရှင့် သဘောလေ"

"ကျွန်တော့် သဘောနဲ့ ကျွန်တော် အပြင်မှာသွားနေရ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ပါဘူး ခင်ဗျာ . . . မပန်းဝေသီ ပြန်မယ်ဆိုလို့ လှချင်းလဲပေးရတဲ့ သဘောပါ"

"ဒါဆိုလဲ ပြန်လာပေါ့ . . . ကျွန်မ ပြန်ရုံပဲလေ . . . ဒီအိမ်က ရှင့်အိမ် မဟုတ်လား"

"ဒီလို မပြောပါနဲ့ဗျာ . . . ဦးချမ်းမြေ့ရဲ့ သွေးတစ်စက်မှ မပါတဲ့ မွေးစားသားပါလေ . . . ဒီအိမ်က ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး"

ပန်းဝေသီ သိနေသောလမ်းအတိုင်း ကိုမိုးစွေ နင်းဝင်လာသည်။ ဤလမ်း၏ တစ်နေရာမှာ ကရဝေးပန်းလေးတစ်ပွင့်များ မြင်ရနိုးနှင့် . . .

ပန်းဝေသီ၏ မျက်ဝန်းမှာ ကရဝေးငွေ့တော့ ဝေသား။ ဒါပေမယ့် ရင်တွင်း မကျေချမ်းသည့်စိတ်က မပြေနိုင်သေး။ အလျှော့လည်း မပေးချင်၍ ပန်းဝေသီ၏အကြည့်က ညှတ်ပြောင်းခြင်းမရှိ။

ဤမိန်းမလှနှင့်မှ ရန်ညိုးဖွဲ့ရသည့်အဖြစ်မျိုး ရောက်သွားရသည်ကို စိတ်မကောင်းမိ။

ပန်းဝေသီမှာလည်း ကိုမိုးစွေပေါ်၌ ဖြစ်တည်နေသော ဒေါသရောင်နီတို့သည် ဖျော့ပြေလာပြီဖြစ်သော်လည်း စကားမဆိုချင်သေး၍ ကိုမိုးစွေကို စူးရဲစွာ တစ်ချက်ကြည့်လိုက်ပြီး ကျောခိုင်းလိုက်မိသည်။ မမဝသန့်၏ အခန်းတွင်းသို့ ခြေလှမ်း ဦးတည်၏။

ပန်းဝေသီ၏ နောက်ကျောဘက်တွင်ရှိနေသော ကိုမိုးစွေ ဘယ်သို့ရှိလေမည်လဲဟု သိချင်ပါသော်လည်း လှည့်မကြည့်ဖြစ်အောင်





စိတ်ကိုတင်းပြီး အခန်းတွင်းသို့ ဝင်ခဲ့သည်။

"ကား ထွက်သွားပြီလား"

"ပန်းဝေသီ မသိဘူး . . . မမဝသန့်"

"အသံကြားလိုက်တယ် . . . ကိုကို့ ဒုက္ခကလဲ မသေးဘူး"

"မမဝသန့်ပြောနေတာဟာ ပန်းဝေသီကြောင့် ကိုမိုးစွေ တခြားမှာ သွားနေရတာကို ပြောတာလားဟင် . . ."

"အေးပေါ့ကွယ်"

"ဒါဆိုလဲ အလွယ်လေးပဲဟာ . . ပန်းဝေသီ ပြန်မယ်လေ ကိုမိုးစွေ သူ့အိမ်သူ ပြန်လာပေါ့"

"ပန်းဝေသီကို ပြန်မလွှတ်ပါနဲ့ဦးလို့ အန်တီခင်ဖြူသွယ့်ဆီက စာလာတယ်လေ . . . အဲဒါထက်ကို မမဝသန့် တောင်းပန်ထားလို့ပါ ဆိုတာလဲ ပန်းဝေသီ မမေ့ပါနဲ့နော် . . ."

အိပ်ရာထက်မှာ ပက်လက်လဲနေရှာသော ဝေဒနာသည်၏ အားငယ်စကားကြောင့် ပန်းဝေသီ စိတ်မကောင်းဖြစ်သွားရသည်။

"မမဝသန့်ကို မငဲ့ညှာလို့ ပြောတာမဟုတ်ပါဘူး မမဝသန့်ရယ် . . . ကိုမိုးစွေကိုဒေါပွလို့ ပြောမိတာပါ . . . ပန်းဝေသီ မပြန်သေးပါဘူး . . . အားမငယ်ပါနဲ့"

"အားမငယ်စေချင်ရင် အားကိုးပါရစေ ပန်းဝေသီရယ် . . မမဝသန့်ရဲ့ ဘဝကလဲ သူများကိုမှီပြီးမှ . . ."

"အို . . . မမဝသန့်ရယ် . . . မငိုပါနဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားကြောင့် ကိုယ့်အပြုအမူကြောင့် မမဝသန် မျက်ရည်ကျရသည့်အတွက် ပန်းဝေသီက သူထက်ပင် ပို၍ စိတ်ထိခိုက်သွားမိသည်။

"ပန်းဝေသီ မှားပါတယ် မမဝသန်ရယ်... စိတ်မကောင်း မဖြစ်ပါနဲ့နော်...ပန်းဝေသီ တောင်းပန်ပါတယ်ရှင်"

စိတ်ကောင်းရှိသော၊ စေတနာပြည့်ဝသော၊ သနားကြင်နာတတ်သော ပန်းဝေသီမှာ မမဝသန်ကို အကောင်းဆုံးသောနှစ်သိမ့်နည်းများနှင့် နှစ်သိမ့်ပြီးမှ ရေနွေးစပ်ထားသောရေဖြင့် ရေပတ်တိုက်ပေးလိုက်သည်။

မငြိုမငြင်နှင့် ပြုံးပြုံးရွှင်ရွှင် ပြုစုပေးနေရှာသော ပန်းဝေသီကို ဝသန်အားနာစိတ် ကျေးဇူးတင်စိတ်များဖြင့် စကားတွေဝေနေအောင်ပြောရှာသည်။

"မမဝသန်"

"ရှင်..."

"ကြီးကြီးနဲ့ ဘဘနဲ့မှာ ဘယ်သူက မမဝသန်ကို ပိုပြီးချစ်လဲဟင်"

"အတူတူနေမှာပေါ့ကွယ်"

"ပန်းဝေသီကျတော့ မတူဘူး...မမဝသန်ရဲ့"

"ဘယ်လို မတူတာလဲ"

"ဖေဖေက ပိုချစ်တယ်"





ဝသန်မှာ ပန်းဝေသီ၏ ပခုံးစွန်းလေးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"အဲဒီလို ပန်းဝေသီက ပြောမိတော့ အမေတွေက သားကို ချစ်တယ်...အဖေတွေက သမီးကို ပိုချစ်တယ်ဆို...ဟုတ်လား ဟင်"

"ဆေးပညာအရတော့ ဟုတ်တယ်...အပြင်မှာလဲ တွေ့နိုင်ပါတယ်လေ"

"မမဝသန်ကျတော့ တူတူချစ်ကြတာဆို..."

"ဪ...ဒါကတော့..."

စကားဆက်စရာ မရှိ။ ဝေါဟာရတို့ ပျောက်ဆုံးနေ၏။

"ပန်းဝေသီကို ဖေဖေက ကျောင်းဆက်ထားချင်တာ... မေမေက မိန်းကလေးပဲ...ဘွဲ့တစ်ခုရရင် ပြီးတာပဲမို့ စာပေးစာယူ တက်ဆိုပြီး ဒီကို ပို့လိုက်တာ မမဝသန်ရေ"

ဝသန်သည် ပန်းဝေသီ၏ အပြစ်မဲ့ပန်းနုရောင်မျက်နှာလေး အကြင်နာများစွာနှင့် စိုက်ကြည့်နေရှာသည်။

"မသိရှာလေခြင်း"

ဆိုသောအသိကြောင့် အကြင်နာတွေ ပိုပြီးကူးဆက် ပြန့်ပွားသည်။

ဝသန်သည် ဦးမျိုးသန့်၏ တူမအရင်းခေါက်ခေါက်မို့ ဦးမျိုးသန့် မိသားစု၏ အခြေခံဇာတ်လမ်းများကိုပါ သိထားခွင့်ရ သူဖြစ်ပါ၍



www.burmeseclassic.com

www.burmeseclassic.com



"နှစ်နှစ်သမီးအရွယ်လေးတည်းက မွေးစားထားတာ"

ဆိုသော ဇာစ်မြစ်ကို ဝသန်တို့ မိသားစုများအားလုံး သိထား ခွင့်ရကြပါ၏။ ဦးမျိုးသန့်၏ တောင်းပန်ထားချက်ကြောင့်သာ သူတို့ တစ်ဆင့် မည်သူ့ထံသို့မှ မပျံ့လွင့်အောင် ထိန်းသိမ်းပေးထားရှုရသည်

မေမေကိုယ်တိုင်က ပြောထားလျှင်တော့ မပြောတော့ ဝသန်တို့ကတော့ မွေးစားသား ကိုမိုးစွေကိုပင်လျှင် ယင်းအကြောင်း ဘာစကားမှ စပ်ဟပ်၍ မပြောဆိုဖြစ်ကြ။

သြော်...ဝသန်ဆိုသော မိန်းကလေးသည်...

ဦးလေးမိသားစုတွင်းမှ လျှို့ဝှက်ပြဿနာတစ်ရပ်ကို သိ ခွင့်ရနေပါသော်လည်း...

မိမိ၏ ကိုယ်ပိုင်မိသားစုအတွင်းမှ ပြဿနာကိုမူ လုံးဝ သိရှိ မရခဲ့ပါချေ။

ကိုမိုးစွေသည် မေမေ၏ သားအရင်း။ သူတို့နှင့်ဆိုလျှ မအေတူ၊ ဖအေကွဲ မောင်နှမအရင်းဖြစ်နေကြောင်းကိုမူ...

ဝသန်နှင့်တကွ ညီမငယ်လေးနှစ်ယောက်တို့ပင်လျှင် လုံး သိခွင့်မရခဲ့ကြပါ။

"မွေးစားသား"အဖြစ်နှင့်သာ ဝသန်တို့ သိနေကြသည်။ အမှန်တရားသည် ဗိုဗ်မြုပ်နေဆဲပါတကား...

○ ○ ○





"ကျွန်တော်လဲ ညနေ နေဝင်ရီတရောအချိန်တွေမှာ တိုင်းလိုပဲ အာရုံစူးစိုက်တာပါပဲ ဦးမျိုးခန့်"

"အေးလေ...ဒီအကြောင်းက ဘာလို့မသိရသေးတာလဲ"

"သူကိုယ်တိုင် မေ့နေလို့ ဖြစ်ပါလိမ့်မယ်...ကျွန်တော် ဘ ကျွန်တော်မဟုတ်တော့ပဲ ဦးချမ်းမြေ့ဖြစ်သွားတဲ့အချိန်က သိခွင့် ခဲ့သမျှတွေလဲ ပြန်ပြောပြခဲ့ပြီးပါပြီ"

"ဟုတ်တယ်...မှန်တယ်...ယုံနိုင်ဖို့ခက်ခဲလောက် အောင်ကို မှန်နေပါတယ် ကိုစက္က"

မန္တလေးကအပြန်မှာ မြေးကလေးသုံးယောက်အတွက် ဒီအယားဖိနပ် အပြာရောင်သုံးစုံ ဝယ်လာတာကအစ ကသဲ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်က ဦးထွန်းပထံမှ ငွေနှစ်ထောင့်ခုနစ်ရာ ရ...
ကျန်သည့်ကာအစ သိနေ၊ မြင်နေ၊ ပြန်ပြောပြနိုင်နေသော ဆ...
စက္ကပါတကား။

"ဟုတ်တယ်...မနက်ကပဲ ကသဲသွားပြီး ဖေဖေ့စာ...
စာအုပ် ခုမှတွေ့လို့ ဦးထွန်းပဆီက ငွေနှစ်ထောင့်ခုနစ်ရာ လာတော...
ပါတယ်ဆိုတော့လေ..."

"အင်း...အဘိုးကြီး ရက်မသွားဘူးလား...မနှ...
နီလာတစ်ပွင့်အောင်လို့ သူ့ငွေး ဖြစ်နေပြီပဲ"

"ဟုတ်တယ်...သူ့ သိပ်အံ့ဩသွားပုံရတယ်...ဒီ...
လောက်နဲ့လဲ နာမည်ပျက်မခံနိုင်လို့ ချက်ချင်းပဲ ထုတ်ပေးလိုက် တ...

ဆရာစက္ကသည် ကြည်နူးနှစ်သိမ့်လွန်းစွာ ပြုံးပြီး ခေါ...
တဆတ်ဆတ် ညိတ်နေရှာပါ၏။

"အဲဒီထဲက ဆရာ တစ်ထောင်ယူပါ"

"ဟာ"

"ယူပါဆရာ"

"မလုပ်ပါနဲ့ ဦးမျိုးခန့်...အခုလို ရရှိတဲ့အခွင့်အရေးမျိုး...
ကျွန်တော် ငွေနဲ့ရောင်းစားလို့ မဖြစ်သေးဘူး"

"ဒါ ရောင်းစားတာမှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အသိမှာ ပေါ်လာတာက...
အခြေခံပြီးရတာမို့ ကျွန်တော် မယူပါရစေနဲ့"





ဦးမျိုးခန့်က ငွေတစ်ထောင်ကို ပြန်သိမ်းလိုက်ပြီး အားလုံး
...ပြီးမှပဲ ထိုက်ထိုက်တန်တန် ကန်တော့ပါတော့မယ်လေ... ဟု
...တ်ကူးလိုက်သည်။

"အခု ဆရာ သိနေတာတွေက ဦးချမ်းမြေ့ ဆုံးကာနီး
...လေးနှစ်က ကိစ္စတွေလို့ချည်း များနေတယ်...ငယ်စဉ်က
...ကြောင်းတွေရော အတိအကျ မသိဘူးလားဟင်"

"သိချင်လဲ သိလာမှာပဲ...အခုဖြစ်နေတာက ကျွန်တော်
... ချမ်းမြေ့ဂေဟာကြီးကို အာရုံစူးစိုက်လိုက်မိကာနဲ့ ကြက်သီး
...ည်းတွေထပြီး ကျွန်တော်ကိုယ်တိုင် ဦးချမ်းမြေ့ဖြစ်သွားသလို
...ားရပြီး အခု ပြောတာတွေ စိတ်ထဲမှာ တန်းသိသွားတော့တာ
...ပဲ"

"အင်း"

"ကျွန်တော့်ကိုယ်ကျွန်တော်လဲ တော်တော် အံ့ဩမိပါတယ်
...ဆို မန္တလေးလဲ ပြန်ချင်စိတ်မရှိဘူး...ဒီမှာ ဒီအကြောင်း တွေတွေးပြီး
...ချင်တယ်...ကြာရင် ကျွန်တော့် ဘဘဝလုံးဝောင် ဦးချမ်းမြေ့ရဲ့
...ဉာဉ်က လွှမ်းမိုးသွားမလား စိုးရိမ်မိတယ်...တစ်ခါတစ်ခါ ကြောက်
...တယ်ဗျာ...ဒါ အမှန်အတိုင်း ဝန်ခံတာပါ"

"ဟုတ်တယ် ဆရာစက္က...ကျွန်တော်လဲ အရင်က လုံးဝ
...ယုံအကြည်မရှိခဲ့ဘူး... စောစောက ဦးထွန်းပကိစ္စလို မိုးစွေကို
...သာပေးခဲ့တဲ့ကိစ္စလို နှစ်ဦးချင်းသာသိနိုင်တဲ့ကိစ္စတွေကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



သိလာတော့မှ ကျွန်တော် ယုံကြည်လာတော့တယ်"

"ဟုတ်တယ်ဗျာ . . . အခုလို သဘာဝလွန်ဖြစ်ရပ်ဆို
တွေဟာ ကမ္ဘာပေါ်မှာ ကြုံခဲ့ကြဖူး ဖြစ်ခဲ့ကြဖူးပါတယ်"

"ဟုတ်တယ် . . . သိပ်ဆန်းတဲ့အထဲက တစ်ခု
အဆန်းအပြားဟာ ကျွန်တော်တို့အတွက်ဖြစ်လာတာ ကံကော
တယ်လို့ပဲ ဆိုရမလားပဲ"

"ဦးမျိုးခန့်တို့အတွက် ကံကောင်းတယ်ဆိုရင် ကျွန်တေ
အတွက် ကံဆိုးဖို့ပဲ ထင်ပါရဲ့"

"ဘာဆိုင်လဲဗျာ"

"ကျွန်တော်ကတော့ အဲဒီအကြောင်းကြီး သိပြီးတိုင်း အ
အတိအကျပြောရရင်တော့ ဦးချမ်းမြေ့ရဲ့ ဝိညာဉ်စီးပြီးတိုင်း ကျ
တဲ့ ကျွန်တော့်စိတ်တွေ လုံးဝ မကြည်လင်တော့ဘူး . . . အ
အဖြစ်ကြီး ကျွန်တော့်ဘဝထဲက ပျောက်သွားချင်ပြီ ဦးမျိုးခန့်"

ဦးမျိုးခန့်မှာ ဆရာစက္ကကို စူးရှစွာ ကြည့်လိုက်ပြီး . . .

"ကျွန်တော့်မှာ တခု သိချင်တာရှိနေတယ်"

"ဘာများပါလိမ့်"

"အဲဒါ သိပြီးသွားရင်တော့ ဆရာ ပြန်နိုင်ပါပြီ . . .
ချမ်းမြေ့ရိပ်သာနဲ့ ဝေးရာကို ပြန်သွားလိုက်ရင် ဒီကိစ္စကြီးလဲပြီးသ
မှာပါ"

"သူ့ ဝိညာဉ်မကျွတ်သမျှ တွယ်ကပ်နေရင်တော့ ခုက





. . . အဲဒါနဲ့ ဦးမျိုးခန့် သိချင်တယ်ဆိုတာက ဘာပါလိမ့်"

"ဦးချမ်းမြေ့ဟာ ကြေးနီသေတ္တာလေးတစ်လုံး တစ်နေရာ
ထားခဲ့လိမ့်မယ် . . . ဝှက်ခဲ့တာ မဟုတ်ရင်လဲ သိမ်းထားခဲ့ပြီး
ခဲ့မိတာ ဖြစ်လိမ့်မယ်"

"အဲဒီအကြောင်းကျတော့ ဘယ်လိုလုပ်ပြီးသိကြပါသလဲ"

"သိတာပေါ့ . . . ဒီသေတ္တာလေးက သူနဲ့အတူရှိနေတာ . .
အိပ်ရာခေါင်းရင်းမှာ အမြဲထားတာ . . . အဲဒါ သူ ဆုံးတော့ ရှာ
တွေ့တော့ဘူး"

"ဆုံးတဲ့အချိန်က အနားမှာ ဘယ်သူတွေရှိလဲ"

"ကျွန်တော်တို့ကိုယ်တိုင်ရှိတယ် . . . သူ့ သမီးရော . . .
ကျွန်တော့်သမီးတွေရောရှိတယ် . . . မိုးစွေကတော့ မန္တလေးမှာ ပန်းချီ
ကျောင်းတက်နေတယ်"

"ဘယ်သူမှ မယူဘူးဆိုတာ သေချာတယ်ပေါ့ . . . နော်"

"ဟုတ်တယ် . . . ဘယ်သူမှ မယူနိုင်ဘူး . . . သူစိမ်းလဲမရှိ
. . . သူကိုယ်တိုင်ပဲ တနေရာရာမှာ ထားခဲ့တာသေချာပါတယ်"

"အဲဒီထဲမှာ ဘာတွေပါလို့လဲ"

"အတိအကျတော့မသိဘူး ဆရာစက္က"

"အဖိုးတန်ရတနာတော့ ပါလိမ့်မယ် ထင်တယ်နော်"

"ဦးချမ်းမြေ့ကလဲ လျှို့ဝှက်သား ဆရာစက္ကရဲ့"

"ဦးချမ်းမြေ့ လျှို့ဝှက်ချက်လား၊ ဦးမျိုးခန့်၏ လျှို့ဝှက်ချက်



www.burmeseclassic.com

www.burmeseclassic.com



များလားဗျာ” ဟူသော သံသယမေးခွန်းကို ဆရာစက္ကက မျက်

နှင့်မေးနေသည်။

ဦးမျိုးခန့်ကလည်း သိ၏။ သိသော်လည်း မသိယော

ဆောင်နေရသည့် မျက်နှာက သိသာလှချေသည်။

“ကျွန်ုပ်ကော်လဲ အဲဒါလေးကို အာရုံခံကြည့်မယ်· · ·

နီသေတ္တာလေးနော်”

“ဟုတ်တယ်”

“ခက်တာက ကိုယ် စဉ်းစားလို့မရပဲ သူ့ အသိပေး

တွေပဲ ကျွန်တော် သိနေရတာ”

ဦးမျိုးခန့် ငြိမ်တွေစွာ စဉ်းစားနေပြီးမှ· · ·

“ဆရာစက္က”

“ဟုတ်ကဲ့”

“အခုလို ဦးချမ်းမြေ့ ဝိညာဉ် ဝင်ပူးကပ်ပြီး ခင်ဗျား အား

ပြန်သိနေတယ်ဆိုတာ ဘယ်သူမှ မသိစေနဲ့ဗျာ”

“ကျွန်တော် နားလည်ပါတယ်ဗျာ”

“နောက်ဆုံး ဒီအိမ်သားတွေက အစဗျာ”

“ကောင်းပါပြီ· · ·အဓိကအားဖြင့် ခေါ်ငြိမ်းငြိမ်းတွေး မဟု

လား”

“အင်း· · ·ပြီးတော့”

“ပြီးတော့· · ·မောင်မိုးစွေလေ”





“ခင်ဗျားလဲ ကျွန်တော့်စိတ်ကိုတောင် အတော်သိနေပြီ ပဲ”

“ဒါတောင် ကျွန်တော့် အတွေးချည်းပါ· · ·ဦးချမ်းမြေ့

အညို မပါသေးပါဘူး”

ဦးမျိုးခန့် ဖြတ်ကနဲ လှည့်ကြည့်လာ၍ ဆရာစက္ကက

မျှားစွာဖြင့် သူ့သံသယကို ချေဖျက်ပစ်လိုက်ရပါ၏။

“နောက်တစ်ခု ကျွန်တော် ပြောချင်သေးတယ်”

“ဟုတ်ကဲ့”

“ကျပ်ပြင်ကို မပြန်ပါနဲ့တော့· · ·ဒီအိမ်မှာပဲ တည်းခိုနေ

ပါတော့”

ဆရာစက္ကက စဉ်းစား ချင့်ချိန်နေဟန်ရှိသည်။

“မငြိမ်းကလဲ ခင်ဗျား ဒီမှာနေမယ်ဆိုရင် သိပ်ဝမ်းသာမှာ

· · ·သမီးအတွက်လဲ သူ မျှော်လင့်ချက် ထားနေတယ်လေ”

“ကျွန်တော် တည်းတဲ့အိမ်နဲ့ တိုင်ပင်ကြည့်ဦးမှ”

“လုပ်မနေပါနဲ့ဗျာ· · ·ဒီမှာပဲ နေတော့မယ်လို့ ကားလွှတ်

ပြောခိုင်းလိုက်မယ်· · ·ဟုတ်ပြီလား”

ဆရာစက္ကကို ပိုက်ကွန်သဖွယ် ဖြန့်ကြက်ပြီး ဦးမျိုးခန့်

ချင်နေသော ကြေးနီသေတ္တာလေးကို ဖမ်းဆီးရယူနိုင်မလား။

ဦးမျိုးခန့်သည်ပင်လျှင် ဆရာစက္က၏ သားကောင်လေလား။

ဤမျှ ထက်မြက် စွမ်းဆောင်နိုင်သော ယောကျ်ားသား

ဦး၏ အစွမ်းကို အချိန်ကာလကပင်လျှင် အကဲဖြတ်ပေးလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပါလိမ့်မည်။

၀ ၀ ၀





စိမ်းညို့သော ရေကန်ကြီးက မိုးကုတ်မြို့၏ ကျက်သရေဆောင် သင်္ကေတတစ်ခုဖြစ်လေသည်။

ကန်ရေပြင်ထက် မြင့်သောနေရာ၊ ပို၍မြင့်သော ကုန်းမြေများစွာမှာ အိမ်မြေ တိုက်တာတို့ အဆင့်ဆင့် အမြင့်မြင့်တည်ဆောက်ထားကြပါ၏။

ရွှေဘုံသာရပ်၊ မြို့မရပ်၊ ဝိတ်စွယ်ရပ်၊ အောင်နန်းရိပ်သာ စသောရပ်ကွက်ဝေါင်းများစွာနှင့် စည်ကားလှသော မြန်မာပြည်၏ နာမည်ကြီးမြို့တစ်မြို့။

မြို့လယ်၊ မြို့ပြင်တွေမှာ ကလေးကအစ၊ ချောင်းတွင်းမှ ဆင်းလာသော ကျောက်စေ့၊ ကျောက်စရစ်များကို "ပုတ်ဆော"ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည့် တောင်းကလေးနှင့်ဆယ်ယူပြီး ရေဆေး၍ ကျောက်ချက် ရတနာ ရှာကြသည်။ ၎င်းကျောက်ဖြုန်းများကို ဆယ်ယူဆေးကြောသည်ကို "ခနဲဆေးသည်"ဟု ဒေသအခေါ် ရှိပါ၏။ ယခင်ကတော့ ကိုယ်ပိုင်တွင်းများ၊ တိတ်တခိုးတွင်းများဖြင့် ပတ္တမြား၊ နီလာ၊ ဂေါ်မုတ်၊ အညံ့ပန်း ဦးနှင့် ပြောင်ခေါင်းရှာမှထွက်သော ပြောင်ခေါင်းစိမ်းတို့ကို ရှာဖွေ တူးဖော်ကြသည်။

ယခုအခါတွင်မူ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်းမှ စက်ကြီးတွင်းများဖြင့် စနစ်တကျတူးဖော်ပြီး ပြည်သူပိုင် ရတနာများ အဖြစ် ရှာဖွေပေးနေပါ၏။ ပုဂ္ဂလိကတို့ တူးယူခွင့်မရှိပါ။

မိုးကုတ်ဆိုသော တောင်ပေါ်မြို့၏ ဝန်းကျင်မှာလည်း တောင် ကြီးတောင်ငယ်တို့ ဝန်းရံလျက် ညို့မှိုင်းအုံ့ပျစွာရှိနေတတ်၍ ထာဝရ လွမ်းမောဖွယ်မြင်ကွင်းလို ရှုမြင်နေရသည်။

မိုးကုတ်၊ လှူးဝ၊ ကသဲ၊ ကသဲကျောက်ဆောင်၊ ကျပ်ပြင် စသည်များက တပြင်တည်းလိုဖြစ်နေသည်။ မိုးကုတ်မှ အနောက် သွားလျှင် ကျပ်ပြင်ဘက်မှာ ပင့်ကူတောင်၊ ဒေါ်နန်းကြည်တောင် တောင့်မဲတောင်၊ အေးစေတီ တောင်ကုန်းလေးများနှင့်ဆွတ်ပျံ့သာ မောဖွယ် ဖွဲ့စည်းထားသလို။

မိုးကုတ်ဘက်တွင်လည်း ဘိတောင်၊ ရျောတောင်၊ ဂိစ္ဆကုတ် တောင်များနှင့် ချမ်းသာကြီးဘုရား၊ ဖောင်တောင်ဦးဘုရားတို့ကို ဖူးမြော်နိုင်ပေသည်။ မိုးကုတ်မြို့မှ ကျောင်းကန်ဘုရား၊ စေတီပုထိုး





များကို ကြည့်ခြင်းအားဖြင့် မိုးကုတ်မြို့သူ မြို့သားတို့၏ သဒ္ဓါအား ကြီးမားလွန်းသည့် သရုပ်ကို ပြသနေပေသည်။ ရက်ရက်ရောရော လှူဒါန်းကြသည်ကို အံ့မခန်းတွေ့ရပါ၏။ "ပတ္တမြားမြေ"ဟု တင်စား သောသဖြင့် သူဌေးများသည်ဟု ဆိုစေဦး...ချမ်းသာခြင်းနှင့် သဒ္ဓါ တရားကို ချမ်းသာသူတိုင်း မယှဉ်တွဲနိုင်ကြပါ။

မိုးကုတ်မြို့သူ မြို့သားတို့သည် ဥပုသ်နေ့များတွင် ဆွမ်း အုပ်များနှင့် ကျောင်းကန်ဘုရား သွားကြသည့်ဓလေ့ကို အစဉ်ဆက် ထိန်းသိမ်းနေကြဆဲပင်။ ရတနာသုံးပါးကို လေးစားမြတ်နိုးစွာ သက် ဝင်ယုံကြည်ကြသူများကို...

ပန်းဝေသီ လေးစားမိပါသည်။

ရေနီချောင်းလေးများပေါ်မှ တံတားကို ကျော်ဖြတ်ပြီး တစ် ယောက်တည်း လျှောက်လာခဲ့သည်။ အချိန်က ညနေလေးနာရီ။

စောင်းတန်း လှေကားထစ်များအတိုင်း ဘိတောင်ပေါ်သို့ ပန်းဝေသီ တက်လာခဲ့သည်။ တောင်ပေါ်တွင် တည်ထားသော စေတီတော်ကိုပင် ဦးမချ ရှိမခိုးနိုင်အားသေး...

လူတစ်ယောက်ကို လှည့်ပတ်ရှာရသည်။

"ခင်ဗျား...ပန်းဝေသီလား...ဟင်"

"ရှင်"

နူးညံ့ ညက်ညောသော အသံဖြစ်ပါလျက်နှင့် ပန်းဝေသီ အားမှာ မိုးထစ်ချုန်းလိုက်သလို လန့်ဖျပ်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်…ဟုတ်ပါတယ်…ဒီ…ဒီက"

ပန်းဝေသီက အယောင်ယောင်အမှားမှားနှင့် လက်ညှိုးထိုးမေးတော့…

"ဟုတ်ကဲ့…ကျွန်တော် ဝေယံဦးပါ"

"ရှင်မှ စောင့်နေပါ့မလားလို့"

"မနေ့ကပဲ အိမ်ဖော် မချိုနဲ့တဆင့် သတင်းရတယ်လေ ပန်းဝေသီ ကျွန်တော်နဲ့လာပြီး ဆွေးနွေးမယ်…လို့"

"ကြော်…ဟုတ်ကဲ့…ဟုတ်ကဲ့"

"ကျွန်တော်လဲ ဒီမိုးကုတ်မြို့က လွှင့်သွားပြီးတဲ့နောက်မှာ မန္တလေးမှာ အတော်လေး အလုပ်ဖြစ်နေတယ်"

ဝေယံဦးလက်ထဲမှာ ဟန်းချိန်း ရွှေကြိုးနှင့် လည်ပင်းမှာ ရွှေဒင်္ဂါးပြားတပ်ထားသော ရွှေကြိုးတိုတိုလေးဆွဲလို့၊ ဝတ်ထားတာကလည်း မြန်မာပြည်ဖြစ်တစ်ခုမှမရှိ၊ သူ၏ ပြေလည်မှုအတွက်လည်း သူ ဝင့်ကြွားကျေနပ်နေပုံရပေသည်။

"ဒါနဲ့ မမဝသန်က ဘာမှာလိုက်လဲဟင်"

မမဝသန်သည် ဝေယံဦးဘဝ၏ ဒုတိယနေရာမှာရှိကြောင်း သိသာလှပြီ။

"မှာလိုက်တာတွေကတော့အများကြီးပါပဲ ကိုဝေယံဦး ဒါပေမယ့် မမဝသန်နဲ့ ပတ်သက်ပြီး ရှင့်ဘက်ကဘယ်လိုသဘောထားရှိတယ်ဆိုတာပဲ သိပါရစေ"





"ဒါ…အရှင်းကြီးပဲလေ…ကျွန်တော် မမဝသန်ကို သိပ်ချစ်ခဲ့တယ်…ကျွန်တော်နဲ့ သဘောမတူဘူးတဲ့ သူ့အိမ်က… ဒါနဲ့ ကျွန်တော် လွှင့်သွားရတာပါ"

"ယောက်ျားဖြစ်ပြီး ရှင်…သတ္တိနည်းတာ"

"ဗျာ"

"မမဝသန်ဟာ ရှင့်ကို သိပ်ချစ်တယ် ကိုဝေယံဦး… ရှင်သာ မမဝသန်ကို မမဝသန်လိုချစ်ပြီး ခွဲခွာဖို့ စိတ်မကူးရင် မမဝသန်ဟာ မြင်းမိုရ်တောင်ကိုတောင် ကျော်လွှားပြီး လိုက်လာမှာပါ"

"ဟာ ဟ သိပ်ရယ်စရာကောင်းတယ်ဗျာ…အိမ်က သဘောမတူလို့ အချိန်စောင့်ပါဦးလို့ သူပဲပြောခဲ့တာ"

"တကယ်ချစ်ရင် အဲဒီ"အချိန်"ဆိုတာကို ရှင်ကစောင့်ရမှာပေါ့"

"ဘာလဲ ဆံပင်တွေဖြူ သွားတွေကျိုးတဲ့အထိ စောင့်ရမလား"

"တကယ်ချစ်ရင် တကမ္ဘာကြာအောင်လဲ စောင့်သင့်ရင် စောင့်ရမှာပဲ"

"အဲဒါက စာအုပ်ထဲက သမီးရည်းစားတွေဗျ…အပြင်မှာ မရှိဘူး"

"လူသားတိုင်း ရှင့်လို အသည်းနုလုံးမျိုး မဟုတ်ပါဘူး ကိုဝေယံဦး"



www.burmeseclassic.com

www.burmeseclassic.com



"စကား ကောင်းကောင်းပြောပါဗျ...မိန်းမလှလေးတွေ ရန်မဖြစ်ချင်ဘူး"

သူ့ကို စပ်ဆုပ်စူးရဲစွာ ပြန်ကြည့်နေမိခဲ့မှာပဲ။

"ကျွန်တော်က အလှကို ကိုးကွယ်တတ်တဲ့သူပါဗျာ... ကျွန်တော်များရင် ခွင့်လွှတ်ပါနော်...မပန်းဝေသီ ဒီမှာကြာဦးမ လားဟင်"

"ကျွန်မအကြောင်း ကျွန်မကိစ္စကို ရှင် ဘာမှမေးနေစ မလိုဘူး"

"ရန်တွေ့တော်တယ်နော်...ရုပ်ရှင်ရိုက်လို့တောင် ရတယ်"

"ရှင်...စကားကို ကောင်းကောင်းပြောပါ...ရှင်မေးရ က မမဝသန့်အကြောင်းပါနော်"

"ဟုတ်ကဲ့...ဘာ မေးစေချင်ပါသလဲ"

"ရှင် ကျွန်မကို သက်သက်နှောက်နေပါလား"

"ဟောဗျာ...ဒီကို ချိန်းတာက ခင်ဗျားတို့လေ"

ပန်းဝေသီ ရင်တွေတဒိတ်ဒိတ် ခုန်လာသည်။ သည် အလေးအနက်မထားသူ တစ်ယောက်နှင့် မမဝသန့်၏ မေတ္တာတ တို့ လုံးဝ မထိုက်တန်။

ဝေယံဦး မိုးကုတ် ပြန်လာသည်။ ဈေးထဲမှာ မချိုနှင့် ကြရာမှ မချိုက ဝေယံဦးနှင့်တွေ့ခဲ့ကြောင်း မမဝသန့်ကိုပြန်ပြော

"မချိုရယ်...နက်ဖြန် ညနေ ဘိတောင်ပေါ်ကစောင့် န်းဝေသီ လာလိမ့်မယ်လို့ ပြောပေးပါ"





ဆိုသော မမဝသန့်၏ စီစဉ်မှာကြားမှုဖြင့် သူ လာရောက် စောင့်နေရလေသည်။

မမဝသန့်မှာဖြင့် နာမကျန်းစွာ အိပ်ရာထဲလဲနေရာက အတွတ်တွတ် မှာကြားရှာသည်။ သူ့ခံစားချက်များစွာကို ရင်ဖွင့်ရှာသည်။ ပန်းဝေသီမှတဆင့် သူ့ အချစ်ဆုံးလေး သိရှိခွင့်ရရှိပါစေရန် သူ၏ စီစဉ်မှုတို့သည် အချည်းနှီးပါလား။

"ကဲ...ဒီမှာ မမဝသန့်နဲ့ပတ်သက်ပြီး ရှင် ဘယ်လို သဘောထားသလဲသာ ပြောပါ"

"ဘယ်လို သဘောထားရမှာလဲဗျာ... သူတို့က သိပ် ချမ်းသာတော့ ကျွန်တော့်ကို ခထာချစ်...နောက်စွန့်ပစ်... ကျွန်တော်က အစားစရာအရုပ်လဲမဟုတ်...ခံစားတတ်တဲ့ နှလုံးသားနဲ့လူသား"

"ရှင် ပြောသလိုဆို မမဝသန့်မှာ အပြစ်ပေါင်း သောင်း ခြောက်ထောင်နဲ့ပေါ့"

"အာ...မဆိုလိုပါဘူး...မဆိုလိုပါဘူး"

သူက ကိုကျော့ ဒိုက်ဟင်နှင့်...

"မမဝသန့်ဟာ သိပ်ချစ်တတ်တဲ့ မိန်းမတစ်ယောက်ပါ ဝေယံဦး...ရှင် သက်သက် နှိပ်စက်နေတာ"

"ဗျာ...ကျွန်တော် ခုမှ မိုးကုတ်ကို ပြန်ရောက်တာပါဗျာ"

"မဟုတ်ဘူး...ရှင် နှိပ်စက်တာ ကိုယ်ထိလက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး...စာနဲ့ သက်သက်နှိပ်စက်နေတာ...ရှင် စာရေ
ကောင်းတိုင်း စကားလုံးလှလှလေးတွေဖွဲ့ပြီး မမဝသန့်ရဲ့ ရင်ကို
ခွဲနေတာ"

မမဝသန့်၏ကိုယ်စားသာမက တကမ္ဘာလုံးက မိန်းမများ ကို
ကိုယ်စားပြုပြီး ရန်တွေ့နေသော ပန်းဝေသီကို ဝေယံဦး ငေးကြည့်
နေသည်။ သူ့ ရင်ထဲမှာက ဘာမှမရှိ။

"သိပ်လှတဲ့ မိန်းကလေးပဲ...ပြောပုံ ဆိုပုံလေးက ဆန်းသ
မှုကို တီထွင်နေသလိုပဲ"

ဆိုသော ဝေဖန်စိတ်တို့သာ သူ့ ရင်မှာဝင်နေသည်။

"ကဲ...ဒါဆို မမဝသန့်ကို ဘာပြန်ပြောလိုက်ရမလဲ
ပြောပါ"

"မမဝသန့်က ဘာပြောမှာလဲပဲ ပြောပါလေ... ကျွန်တော်
က အဖိတ်ကြားခံ ဧည့်သည်ပဲ"

"မမဝသန့်ဟာလေ ရှင့်ကို သိပ်ချစ်တယ်...သိပ်သနား
တယ်...သိပ် စိုးရိမ်နေတယ်...ပြီးတော့...ရှင် မှာကြားမယ့်
စကားကို သိပ်ကြားချင်နေပါတယ်...အဲဒါ မမဝသန့်ရဲ့ ဆန္ဒ အကုန်ပဲ"

"ကျွန်တော်ကလဲ မမဝသန့်နဲ့ ထပ်တူပါပဲဗျာ..."

"တော်စမ်းပါရှင်... မမဝသန့်နဲ့ပတ်သက်ပြီး ရှင့်ရေ
သံယောဇဉ်ကုန်နေပြီဆိုရင်လဲ မမဝသန့်ကို ထပ်ပြီးမနှိပ်စက်ပါနဲ့တော့
ရှင်"





"ဩော်...ကျွန်တော် ဘာနှိပ်စက်လို့လဲ"

"မမဝသန့်နဲ့ ထပ်တူဆိုတာ ရှင်...ညာတာ"

"ဗျာ"

"သူနဲ့ ထပ်တူ မပြောနဲ့...သူ့ အပုံတရာပုံ တပုံခံစား
ခင်တောင် ရှင် ဒီလို နေနိုင်မှာမဟုတ်ဘူး"

"ဘယ်လိုနေရမှာလဲဗျ...ထိုင်ငိုနေရမှာလား...ခင်ဗျား
ကျွန်တော့်ကို စကားပြောတာ ရန်သူလိုပဲ"

"ရှင်နဲ့ကျွန်မ မိတ်ဆွေမှ မဟုတ်ပဲ"

"သိပ်မကြီးကျယ်ပါနဲ့ မပန်းဝေသီ"

ပန်းဝေသီသာ နဂါးမလေးဖြစ်ပါလျှင် ဝေယံဦး ပြာကျ
သွားလောက်ပြီ။

သူ့ကို ပြောနေပုံ၊ ဆိုနေပုံ၊ ကြည့်နေပုံတို့ထက် ပိုပြီး
ခံရခက်သည်က မမဝသန့်အတွက်ပါ...

နာမကျန်းဖြစ်နေရှာသော မိန်းမသားတစ်ယောက်က သေ
တတ် လွမ်းနေ၊ တမ်းတနေ၊ ချစ်နေခြင်းတို့နှင့် မတန်မျှစွာသော
ယောကျ်ားတစ်ယောက်၏ မေတ္တာ။ အချိန်အားရနိုက်မှာ ရင်ထဲက
သော အလွမ်းစာလုံးလေးများနှင့် လှမ်း၍နှိပ်စက်နေသည်ကို
ဝသန့်ခမျှာ အဟုတ်ကြီး ထင်နေရှာသည်။

"ကိုယ့်ထက် ငယ်သူကို အထင်တကြီး အမြတ်တနိုး နှင့်
ကျွယ်မတတ် ချစ်လွှမ်းရှာသော အမျိုးသမီးကြီးများ အတွက် ယူကြုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပန်းဝေသီ ဝေယံဦးကို စူးစူးဝါးဝါးကြည့်ရင်း အမျိုးသ... ထုတရပ်လုံးအတွက် ကျုံးအော်ပစ်လိုက်ချင်သည်။

"ဒီမှာဗျာ...ခင်ဗျားနဲ့ ကျွန်တော် ပြေပြေလည်လ... ဆွေးနွေးကြရအောင်လား"

"တော်ပြီ...ကျွန်မ ရှင်နဲ့ ဘာစကားမှ ပြောစရာမရှိတော့... ဘူး"

"ကျွန်တော်ကတော့ သိပ် ပြောချင်နေတယ်"

ဒေါသဒီးတွေ လျှံဖိတ်နေသော မျက်ဝန်းနှင့်ကြည့်ပြီး ဖိနပ်... ကောက်ကိုင်၍ ပြန်ရန် ခြေလှမ်းလိုက်သည်ကို ဝေယံဦးမှ ... ပိတ်ဆည်းထားလိုက်၍...

ပန်းဝေသီမှာ ရန်တွေ့ရမည်လား။ ဖိနပ်နှင့် ရိုက်ရမည်လ... တွန်းဖယ်ပြီး ပြေးဆင်းသွားရကောင်းမလားဟူသော ယှဉ်တွဲတွေး... ဖြင့် ယောက်ယက်ခတ်မျှ ချောက်ချားနေဆဲ...

"ငါ့ညီ...သူ့ ပြန်ပါစေကွာ...မနှောင့်ယှက်ပါနဲ့တော့"

"ဟင်...အစ်...အစ်ကိုမိုးဇွေ"

"သူ ပြန်ပါစေ...အချိန်လင့်နေပြီ...ပန်းဝေသီ ပြန်တော... လေ"

"နေ...နေပါ...ကျွန်တော် ပြန်မယ်အစ်ကို"

ဝေယံဦးသည် နောက်က ကျားလိုက်လာသူတစ်ယော... လို လှေကားထစ်များအတိုင်း ခရောသောပါး ဆင်းပြေးသွားတော...





...ည်။

ပန်းဝေသီမှာ မြန်ဆန်လွန်းသော အဖြစ်ပျက်များကြောင့် ...ဘာကိုမှ နားမလည်နိုင်အောင် ရှိနေရဆဲ...

"ဝသန်က ဒီလိုကောင်မျိုးနဲ့ ဆွေးနွေးရအောင် ပန်းဝေသီ မလွှတ်သင့်ဘူး"

"ရှင်..."

"ဒီကောင်လေး မကောင်းဘူး...သူ့အကြောင်းတွေ ကျွန်တော် ...လုံးသိနေတယ်လေ...ဒါပေမယ့် ဝသန်ကတော့ ယုံကြည်ရှာဆဲပဲ"

ပန်းဝေသီမှာ ညှိုးလျော်နွမ်းလျနေသော ကိုမိုးဇွေ၏ မျက်နှာ ...ငေးကြည့်နေမိသည်။

"ပြန်တော့လေ ပန်းဝေသီ...စောင်းတန်းမှာ လူပြတ်နေ ...ယ်...ကျွန်တော် နောက်ကလိုက်ခဲ့မယ်"

ပန်းဝေသီမှာ ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းပြီးမှ ရပ်လိုက် ...ခေါင်းကိုငဲ့စောင်း၍ သူ့ကို နောက်လှည့် လှည့်ကြည့်မိသည်။

သူ...လိုက်မလာ။ နေရာမှာ ရပ်နေဆဲ...ယခုအချိန်ထိ ...ချမိသေးသော ဘုရားကို ရှိခိုးပြီး ပန်းဝေသီ ပြန်ထရင်း...

"သူ...အခု ဘယ်မှာနေလဲဟင်"

"သူငယ်ချင်းတစ်ယောက် အိမ်မှာ"

"ပန်းဝေသီ ရန်ကုန် ပြန်တော့မှာပါ"

"မပြန်ပါနဲ့ ပန်းဝေသီရယ်... ကျွန်တော်ဟာ ချမ်းမြေ့...



www.burmeseclassic.com

www.burmeseclassic.com



ဂေဟာရဲ့ လူပိုပါ···ပန်းဝေသီက လိုအပ်နေသူပါ"

"ဒါပေမယ့်···"

"ကိစ္စမရှိပါဘူးဗျာ···ချမ်းမြေ့ဂေဟာမှာနေလဲ မွေးစားသ ဆိုတော့ လူ မလေးစားပါဘူး···အပြင်မှာကပ်ရပ်နေတာကမှ ပြီး လွတ်လပ်ပါသေးတယ်လေ···"

ပန်းဝေသီ ပြောခဲ့သော "မွေးစားသား"ဆိုသော စကား လာ၍ အားတုံ့အားနာ···

"ဝေယံဦးက မှောင်ခိုကုန်ကူးပြီး စီးပွားဖြစ်နေတာ··· ဝသန်နဲ့ပတ်သက်လို့ ဒီကောင့်လုပ်ရပ်တွေကို စိတ်မချတာ မျက်ခြည်ပြတ်မခံဘဲ ကြည့်နေရာက သူနဲ့ မရှေးမနှောင်း ပန်းဝေ ဒီကုန်းပေါ် တက်လာတာနဲ့ စိတ်မချလို့ လိုက်ခဲ့တာ···"

"စိတ်မချလို့" ဆိုသော စကားတလုံးက ရင်ကို လှုပ် စေသည်။

ရုပ်ရှင်ထဲကလို လူဆိုးနှင့် မင်းသား ထိုးကြ ကြိတ်ကြ မင်းသမီးကို ကယ်တင်ယူလိုက်ရသည်ထက်ပင် ရင်ခုန်လှိုက် ဖွယ်အဖြစ်ပါ···ကိုမိုးစွေသာ ကြားဝင်မလာပါလျှင် ဝေယံဦး မလွယ်···

"ပြန်တော့လေ··· တောင်ပေါ်မှာ အေးလာပြီ··· အ ထည့်လဲ မပါဘူး···ပြန်ရမှာက အဝေးကြီး"

"ဟုတ်···ဟုတ်ကဲ့"





ကိုမိုးစွေသည် အင်အား ကြီးမားလှချေသည်။

စောစောက ဝေယံဦးကို ကက်ကက်လန် ရန်တွေ့ခဲ့သော ဝေသီမှာ ကိုမိုးစွေကို စကားတလုံးမှ မတုံ့ပြန်ရဲပါပဲနှင့် သူ့ အမိန့်ကို ခံစွာ လှေကားထက်မှ ဆင်းသက်ခဲ့ရတော့သည်။

လှေကားထက်ဝက်အရောက်တွင် ပန်းဝေသီ ပြန်လှည့်ကြည့် က်တော့ စောင်းတန်းထိပ်ဆုံး အုတ်တိုင်မှာ ပခုံးစွန်းဖြင့်မှီလျက် ဝေသီကို စောင့်ကြည့်နေရှာသောသူ ကိုမိုးစွေ···

ကျေးဇူးတင်ကြောင်း၊ အားနာကြောင်းလေးမျှပင် မပြော ပါပဲနှင့် ပြန်ဆင်းလာခဲ့မိသည့်အတွက် နောင်တရနေမိသလို ···

ပန်းဝေသီ၏ အပြန်လမ်းမှာ···

ကိုမိုးစွေထံ၌ တစုံတခု ကျန်ရစ်ခဲ့သည်သို့ ···ရင်မှာ ဟာနေခြင်းလား···

သူ့ထံမှ တစုံတရာ ရင်ထဲမှာပါရှိလာသည်သို့···လေးလံ ခြင်းလား···

ပန်းဝေသီ မဝေခွဲတတ်နိုင်ပါသော်လည်း ကြီးမားသော ားမှုတရပ်သည် ပန်းဝေသီနှင့်အတူ ပါရှိခဲ့လေပြီသာ···

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...ကိုကို"

"တမင် အံ့ဩသွားအောင် ကြိုတင်အကြောင်းမကြား လိုက်လာခဲ့တာ"

"ဖေဖေ နေကောင်းလားဟင်...မေမေကရော ဘာ လိုက်သေးလဲဟင်...မမစုကိုပါ ခေါ်ခဲ့ရောပေါ့"

ပန်းဝေသီ၏ ကိုကို "ဇာနည်သန့်" ရောက်ရှိလာခြင်း တွက် အားတက်ခြင်း၊ ပျော်ရွှင်ခြင်း အရှိန်အဟုန်က ကောင်းကင်ထိ ထွင်းဖောက်ထွက်သွားတော့မတတ်။

ဒေါ်ငြိမ်းငြိမ်းထွေးကလည်း သူ့သမီးလေးနှစ်ယော အကြောင်းကို ဝင်မေးသည်။ စုယဉ်သန့်အကြောင်းလည်း ပါ





ပန်းဝေသီ၏ စိတ်ထဲတွင် ကိုကိုနှင့် ပြန်လည်တွေ့ဆုံ ရခြင်းအတွက် ကိုယ့်မိသားစု...ကိုယ့်အိမ်ကို ပြန်လည် ရောက်ရှိသွားရသည့်နှယ် စိတ်အားသစ်တွေ ဖြစ်ပေါ်လာခဲ့တော့ သည်။

ကိုကိုကလည်း အိမ်၏အကြောင်း စေ့စုံစွာ ပြောပြခဲ့၍..

"ဒါဆို ကိုကို အလည်သက်သက် လာတာလားဟင်"

"မဟုတ်ဘူး... ညီမလေးဆီ လိုက်လာတာ"

"ဟင်...ပန်းဝေသီဆီ ဟုတ်လား...ဘာကိစ္စလဲ ကိုကို"

"နောက်တော့မှ ပြောပြမယ်"

လေသံနှိမ့်၍ ပြောလိုက်သဖြင့် အိမ်သားများ မကြားစေ ချင်ကြောင်း သိရ၍ ငြိမ်နေလိုက်ရသော်လည်း ကိုကို လာရင်းကိစ္စ ကို သိလိုလှပါပြီ။

ဘဘရော ဒေါ်ငြိမ်းငြိမ်းထွေးပါ ကိုကို့နားမှာနေလျက် မေး ၍ မြန်မြန်ကြနှင့်မို့ ပန်းဝေသီ မမဝသန့်အခန်းသို့ ဝင်ခဲ့ရသည်။

အပေါ်ထပ် တက်၍လည်းမဖြစ်၊ ဆရာဝက္ကက အိမ်ပေါ် ထပ်မှာ...

မမဝသန့်သည် အိပ်ရာထက်တွင် နံ့ခွေစွာ လဲလျောင်းနေ သည်။

သူချစ်သူ ဝေယံဦး၏ အကြောင်းကို ဖေးဖေးဖော့ဖော့ ပြောပြတာတောင်မှ သည်းမျှ ခံစားနေရရှာသည်။

မမဝသန့် မှိန်းနေသည်မှာ စကားပြောချင်စိတ်မရှိ၍လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။

ပန်းဝေသီလည်း အနေခွင့်အယုက်မပေးလို၍ မဂ္ဂဇင်း တစ်
သာ ဆွဲယူပြီး ဖတ်နေမိတော့သည်။

"ညီမလေး"

အခန်းဝမှ ကိုကို့အသံကြောင့် ညီအစ်မနှစ်ယောက်
ပြိုင်တူကြည့်မိကြသည်။

ကိုကို၏ "ညီမလေး"ဆိုသည်မှာ ပန်းဝေသီရော ဝသန်
အကျုံးဝင်နေ၍ပါ။

"ညီမလေး အားရင် ကိုကို ပြောစရာရှိလို့...ဝသန်
ကောင်းတယ်နော်"

"ကောင်းပါတယ် အစ်ကိုဇာနည်...ပန်းဝေသီ သွား
ကွယ်"

ပန်းဝေသီမှာ ဇာနည်သန့်၏နောက်မှ ခပ်သွက်သွက်လို
ခဲ့ပြီး...

"ဘာအကြောင်းထူးရှိလို့လဲဟင်...ကိုကို"

သူ့လက်မောင်းကို ဆွဲခိုရင်း မေးမိသည်။

"ခြံထဲမှာ သွား စကားပြောရအောင်"

ဘဘ၏ အိမ်ဆိုသော်လည်း တခါတရံ ဝမ်းနည်းအားငယ်
စိတ်က ဝင်တတ်ပါသေးသည်။ ဒီအချိန်မှာ ကိုယ့်အစ်ကိုအ
တစ်ယောက် ရောက်ရှိလာ၍ အားတက်ဝမ်းသာစိတ်တို့က နှ





အိမ်နှင့်အပြည့်...

ချမ်းမြေ့ဂေဟာ၏ ခြံကြီးမှာ ကျယ်ဝန်းလှချေသည်။ ကိုမိုးစွေနှင့် ရန်ဖြစ်ခဲ့ရသော နေကြာခင်းကို ဖြတ်ကျော်ပြီး အိမ်နှင့် အလှမ်းဝေးသော ပင်စိမ်းပင်အုပ်အုပ်ကလေးအောက်မှ ခုံတန်းလျားတွင် ထိုင်မိကြသည်။

"ကိုကို ညီမလေးကို အောက်မေ့လို့ တွေ့ချင်လို့လိုက်လာတာ"

"ပန်းဝေသီလဲ အောက်မေ့တာပဲ ကိုကိုရဲ့...အိမ်ပြန်ချင်လှပါပြီ...ဒီမှာ ကိုကို..."

"ဟင်"

"ကိုကိုပြန်ရင် ပန်းဝေသီ တခါတည်းလိုက်ခဲ့ချင်တယ်"

"ကိုကိုကလဲ လာခေါ်တာပဲ"

"ဟာ...ဝမ်းသာလိုက်တာ ကိုကိုရာ"

ကိုကို့လက်မောင်းကြီးကိုဖက်ပြီး နဖူးပြင်နှင့် ပွတ်တိုက်လိုက်မိသည်။

"မေမေက မပြန်ခဲ့ရဘူးတဲ့...အဲဒါ ကိုကို ပြောပေးနော် အိမ်ရောက်ရင် သမီးက မပြန်ချင်ပါဘူး...ကိုကိုက အတင်းခေါ်လာတာ...လို့ ကိုကို့ အတာလွှဲချမှာနော်"

ချစ်စရာကောင်းလွန်းသော အပြောလေးကြောင့် ဇာနည်သန့်က ပန်းဝေသီ၏ ပခုံးကို သိမ်းကျုံးဖက်ထားလိုက်၍...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ကိုကိုကလဲ"

ပန်းဝေသီက တွန်းဖယ်ပြီး ခုတန်းလျားလေး၏ တဘက်စွန်းဆီမှာ ထိုင်လိုက်ကြသည်။

"ညီမလေး"

"ပြောပါ...ကိုကို"

"ကိုကို့စကားကြားရင် ညီမလေး သိပ်အံ့ဩသွားမယ်"

"ဘာတွေများလဲ ကိုကိုရဲ့...ကိုကို မိန်းမယူတော့မလို့လား"

"အေး"

"ဟင်း...ဒါ အံ့ဩစရာကိစ္စမှမဟုတ်တာ...ဒီတခါ ကိုကို သင်္ဘောကပြန်လာရင် မေမေက မိန်းမပေးစားတော့မယ်ဆိုတာ အားလုံးသိနေကြတဲ့ ဥစ္စာ"

"အေး...ကိုကိုကလဲ ဒီတစ်ခါ ခြောက်လလောက် နားမယ်...အိမ်အတွက်လဲ ကားနှစ်စီး ဝို့ပြီးပြီ...အသက်လဲအစိတ်ကျော်ပြီဆိုပြီး..."

"အမယ်လေး...မိန်းမယူဖို့ အရည်အချင်းတွေအပြည့်ဆိုတာ သိပြီးသားပါ...ကိုကိုကလဲ"

"အေး...ကိုကို သင်္ဘောမလိုက်ရခင်က ချစ်ခဲ့တဲ့ မိန်းကလေးက ကိုကို့ကို ပြန်မချစ်ခဲ့ဘူးလေ...ခုတော့မှ သူက အဖြေပေးတယ်"

"ချစ်ပါသတဲ့လား"





"အင်း"

"သတို့သားဈေးကွက်မှာ သင်္ဘောသားက ဈေးအတက်ဆုံးလေ"

"ထားပါ...အဲဒီတော့ ကိုကို့ကို သူချစ်တာမှမဟုတ်ပဲ...သင်္ဘောအရာရှိဆိုတဲ့ ဘွဲ့ကိုချစ်တာပဲ...ပြီးတော့ မေမေတို့ပေးစားမယ့် ဆရာဝန်မကလဲ ဒေါ်နှကြီးတခွဲသားနဲ့...ရုပ်ကလဲ ဆိုးလိုက်သေးတယ်"

"ဟာ...ဒေါက်တာ လှဲ့ဝင်းဖြူက ရုပ်မဆိုးပါဘူး...မျက်မှန်ထူထူကြီး တပ်ရတာတစ်ခုပဲ"

"ကိုကို...သူ့ကို ချစ်လို့ရမှာ မဟုတ်ဘူး"

"ကိုကိုက ဘယ်သူ့ကို ချစ်နေလို့လဲ... ပြောပါဦး"

"ကိုကို ချစ်နေတဲ့သူရှိတယ်...အဲဒီ မိန်းကလေးကိုပဲ လက်ထပ်ချင်တယ်...ဒါကြောင့်လဲ ကိုကို ဒီကိုရောက်လာခဲ့တာပဲ"

"ပန်းဝေသီကိုများ လူကြီးလူကောင်းလုပ်လို့ ကိုကိုရာ...ကဲ...ပြော...ညီမလေးက ဘာလုပ်ပေးရမှာလဲ"

"ညီမလေး...ပန်းဝေသီ"

"ရှင်...ကိုကို"

ဇာနည်သန့်သည် ပန်းဝေသီကို ဆန်းသစ်စူးရှသော အကြည့်ဖြင့် စိုက်ကြည့်လိုက်ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုချစ်တာ ပန်းဝေသီ...ကိုကို လက်ထပ်ချင်တာ ပန်းဝေသီ"

ပန်းဝေသီ၏ တကိုယ်လုံး လေမှာမြောက်ကြွပါသွားသလို ပင်...မျက်စိတွေပင် ပြာမိုက်လာသည်။

"ဘုရား...ဘုရား"

မောင်နှမအရင်းခေါက်ခေါက်တစ်ယောက်ကို လက်ထပ်လိုပါသည်ဟု ပြောလာသူသည် သာမန်လူသားတစ်ယောက် မဖြစ်နိုင်တော့။

"ကိုကို ရူးလေပြီ"

ဤအသိကြောင့် ပန်းဝေသီမှာ ကြောက်လာသည်။ ထွက်ပေါက်ကိုရှာပြီး ကိုကိုနှင့် အဝေးဆုံးနေရာကိုပြေးရန် ကြံရွယ်ဆဲမှာပင်

"အား..."

ပန်းဝေသီ၏ လက်တဘက်ကို သူ့လက်သန်သန်မာမာကြီးနှင့် ဆုပ်ကိုင်လိုက်ပြီး...

"ကိုကို မရူးပါဘူး ပန်းဝေသီ...နှမ အရင်းတစ်ယောက်ကို ကိုကိုချစ်တယ် လက်ထပ်ချင်တယ်လို့ပြောတဲ့အတွက် ကိုကို့ကို အရူးလို့ထင်သွားတယ်မဟုတ်လားဟင်..ကိုကို မရူးဘူး ပန်းဝေသီ"

"ရှင်"

"ပန်းဝေသီဟာ ကိုကို့ညီမလေး ဆိုပေမယ့် ဘာသွေးမှ မစပ်တဲ့ ညီမလေးပါ"





"ရှင်...ရှင်"

"ပန်းဝေသီ နှစ်နှစ်သမီးလေးအရွယ်က ကိုကိုတို့ မွေးစားခဲ့ကြ..."

"ဟင့်အင်း...ဟင့်အင်း...မဟုတ်ဘူး...မဟုတ်ဘူး မဟုတ်ပါရစေနဲ့"

ဆွဲထားသော လက်ကိုလည်းရုန်း၍ ဆံနွယ်လေးများ ဖြာဝေနေအောင် ခေါင်းလေးမော့ရင်း သွက်သွက်ခါယမ်းနေရှာသော ပန်းဝေသီ...

ပါးပြင်ပေါ်မှ မျက်ရည်ပေါက်များက သွန်ကျလာသလို..

"အမှန်အတိုင်းသိပြီးတော့ရော ဘာထူးမှာလဲကွယ်... ကိုကိုနဲ့ လက်ထပ်ပြီးရင် ဒီမိသားစုအတိုင်းအားလုံး စည်းစည်းလုံးလုံး ပြန်နေကြရမှာပဲလေ"

"အို...မကြားချင်ဘူး...ဘာမှ မကြားပါရစေနဲ့ ကိုကိုရယ် ကိုကိုပြောတာ တကယ်လားဟင်...ပန်းဝေသီဟာ ကိုကိုတို့ မိသားစုထဲက မဟုတ်ဘူးလား...ဒါဆို ပန်းဝေသီရဲ့ အဖေအရင်း၊ အမေအရင်းဟာ ဘယ်မှာလဲ...သူတို့ ဘယ်သူတွေလဲ...အို ပန်းဝေသီကို ဘာကြောင့်စွန့်ပစ်ထားကြတာလဲ ဟင်...ဟင်"

ပန်းဝေသီမှာ ရုတ်တရက် ချက်ချင်းပင် ရူးသွပ်သွားရှာသူ တစ်ယောက်လို စကားတွေအဆက်မပြတ်ရွတ်ရင်း တကိုယ်လုံး လှုပ်လှုပ်ရှားရှား တုန်တုန်ယင်ယင်ဖြင့် မမြင်ရက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် သနားစရာလေး ဖြစ်နေရှာသည်။

"ပန်းဝေသီမှာ မိဘမရှိတော့လို့ မွေးစားထားတာပေါ့ကွယ်"

"အို···ဒါဆို ဒီအချိန်ထိအောင် ဘာလို့များ လျှို့ဝှက်ထား ကြတာလဲရှင်···"

"အမှန်ကို သိပါရစေ"

"အဖြစ်မှန်အတိုင်း သိပါရစေ ကိုကိုရယ်···"

"ပန်းဝေသီကို အဖြစ်မှန်အတိုင်း ပြန်ပြောပြစမ်းပါရှင်"

○ ○ ○





သတ္တဗေဒဘာသာရပ်ကိုင်ရာ အတွေ့အကြုံများကို အမြဲတစေ လေ့လာနေသော တက္ကသိုလ်မှ သရုပ်ပြဆရာလေး ဦးမျိုးသန့်သည် အဏ္ဏဝါဗေဒဘာသာရပ်နှင့် ပတ်သက်သော လက်တွေ့လေ့လာမှုများကိုပြုလုပ်ရန်အတွက် ပုသိမ်မြို့နယ်အတွင်း ဟိုင်းကြီးကျွန်းအနီးမှ ကင်းမော်ဆိုသော ကျွန်းပေါ်မှ တံငါရွာလေးသို့ မကြာခဏ ရောက်ရောက်လာတတ်ပါ၏။

"ဦးဘိုးအံ့ကို မေးမှ···"

"ဦးဘိုးအံ့က ရေသတ္တဝါနဲ့ပတ်သက်လို့ မသိတာ မရှိဘူး"

ဆိုသော ရွာသားများ၏ စကားအရ ဤရွာသို့ စတင်ရောက်ခဲ့ကပင် ခင်မင်ရင်းနှီးခဲ့ရသော ဦးဘိုးအံ့···။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်အခါက တံငါသည်ဘဝက အတွေ့အကြုံများ။ ကျောင်းသင်ခန်းစာ မတတ်သော်လည်း အသိဉာဏ်ပြည့်ဝသော ဦးဘိုးအုံမှာ လက်တွေ့ဘဝနှင့်ယှဉ်သော ပင်လယ်တွင်းမှ ရေသတ္တဝါများ၏ အကြောင်းရပ်များကို ပြောပြနိုင်၍ ဦးမျိုးသန့် ရှင်းလင်းပြတ်သားစွာ သိနားလည်ခွင့်ရခဲ့ပါ၏။

"တို့ တံငါဆိုတာ ရေအခြေအနေကိုကြည့်ပြီး ဘာငါးအုပ် ကျမယ်ဆိုတာ မှန်းတတ်ရတယ်...

ကောင်းကင်ပြင်ကြည့်ပြီး လေတိုက်နှုန်းကို ခန့်မှန်းရုံနဲ့ မုန်တိုင်းအခြေအနေကို ကြိုတင်သိရတယ်...

ကောင်းကင်က မိုးသားနဲ့ ကြယ်တွေကတော့ အဘတို့ ရဲ့ အမှတ်သင်္ကေတတွေပဲ...

အန္တရာယ်ရှိနိုင်သလား..လွတ်ကင်းနိုင်သလားဆိုတာ တွက်ချင့်နိုင်ရတယ်..တို့များ ပင်လယ်သားဆိုတာ အသက်အန္တရာယ်က လက်တကမ်းပဲလေ...

"ယောက်ျားဖောင်စီး"ဆိုမဟုတ်လား...အင်း...မိန်းမ မီးနေဆိုတဲ့အတိုင်း အဘအုံရဲ့ ဇနီးဟာ ဒီသမီးလေးမွေးဖွားပြီး သေဆုံးသွားခဲ့ရှာတာ..."

သူ့ ရင်ခွင်တွင်းမှ နှစ်နှစ်အရွယ် ချစ်စဖွယ်ကောင်းလှသော သမီးလေးကို ငုံ့ကြည့်ပြီး ပြောရှာသည်။

ဆွေမျိုးသားချင်း အရင်းအချာမရှိ။ ဖအေဘခု သမီးတာ





သနှင့် ဖြစ်အောင် ရုန်းကန်နေခဲ့ရရှာသည်။

နွားအို နောက်ကျသားလေးဟု ရှေးစကားနှင့် နှိုင်းပြီး ဘိုးအုံကို ချစ်စနိုး ပြောကြသည်။ အသက်ကြီးမှ ကလေးရ၍ ယချစ်ခင်လှသည်။

ဦးမျိုးသန့်မှာ ဦးဘိုးအုံကို လေးစားမြတ်နိုးသလို ကလေး းကိုလည်း သံယောဇဉ်ဖြစ်ရှာသည်။

"သမီးလေး"ဟုသာ ဦးဘိုးအုံခေါ်သလို လိုက်ခေါ်နေကြသည်။ ကလေးမှာ နာမည်ပင် အတည်တကျမရှိသေး။

ဦးဘိုးအုံ ရန်ကုန်မြို့သို့ မရောက်ဖြစ်ခဲ့သည်မှာ အနှစ် ဆယ်ကျော်ခဲ့လေပြီ...

"ကျွန်တော် အပြန်မှာ လိုက်ဖြစ်အောင် လိုက်ခဲ့ကြပါ.. ဘာလဲ ဘုရားဖူးရအောင်...သမီးလေးလဲ တိရစ္ဆာန်ရုံ ပြရတာ ပေါ့"

"အင်း..သမီးလေး ကားမစီးဖူးရှာသေးဘူး.. မောင်မျိုးသန့် ဝန်ယူနိုင်မယ်ဆိုရင်လဲ လိုက်ခဲ့ချင်တယ်ကွာ"

"လိုက်ခဲ့ပါခင်ဗျာ..ကျွန်တော် အားလုံးတာဝန်ယူပါ တယ်"

"ဆက်ဆက်လိုက်ခဲ့ပါ"

ဟူသော ဦးမျိုးသန့်၏ လိုက်လှဲသော ဖိတ်ခေါ်ချက်ကြောင့် ိုးအုံနှင့် သမီးလေးတို့သည် ကင်းမော်ကျွန်းရွာကလေးမှ ရန်ကုန် ို့ အလည်လိုက်ဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မြို့အထိ သွားစရာ နှစ်ထပ်သင်္ဘောကြီးမရှိ။ … ဝတီသင်္ဘော မဆိုက်ကပ်။ ပုဂ္ဂလိက တစ်ထပ်သင်္ဘောကလေး… မှာ လူအပြည့်။ ကုန်အပြည့်။ ရေနှင့် သောင်နှင့် ညီမတတ်… မချိမဆံ့တင်ဆောင်လာသော မော်တော်ကလေးမှာ ဟိုင်းကြီးကျွ… အလွန် ပင်လယ်ပြင်ကျယ်မှာ…

မုန်တိုင်းမကျပါဝဲ…လေနီကြမ်းမတိုက်ခတ်ပါပဲနှင့်…

သာမန် လှိုင်းကြီးရုံဖြင့်ပင် မော်တော်လေးမှာ လူးနေပြီ…

ဝန်နှင့်အား မမျှ၍ မော်တော်ဆလင်မှာ မနိုင်မနင်း … နှင်နေရချိန်မှာ ပင်လယ်ပြင်၏ အနောက်လေပြင်းလုံး တ… ဆောင့်လိုက်သဖြင့်…

"ဝုန်း"

ဆိုသောအသံနှင့် တဆက်တည်း စက္ကန့်ပိုင်းအတွင်းမှာ … တွန်းလှဲလိုက်သလို မော်တော်ကလေးမှာ တိမ်းမှောက်ဖော … နစ်မြုပ်သွားလေတော့သည်။

သေခြင်းတရားနှင့် ရင်ဆိုင်ခါနီးကာလမှ လူသား… စူးနစ်သော အသံနက်ကြီးများနှင့် အော်သံကို ချောက်ချား… ကြားရပြီးသည်နှင့်…

စူးရှငန်ခါးနေသော ဆားနေရည်တို့ ပါးစပ်၊ နှာခေါ… မျက်စိစသော နေရာများသို့ ဝင်ရောက်ပြီးသည်နှင့် ဦးမြို့သ… တကိုယ်လုံး ဆောက်တည်ရာမရလောက်အောင် ပင်လယ်…





…ယ်ကြီးအတွင်းမှာ ကစဉ့်ကလျားနှင့် တွယ်ရာမဲ့နေချိန်မှာ…

"ငါ သေရတော့မယ်"

ဆိုသော အသိနှင့် မွန်းကျပ်လာအောင် ရေများက အဆုတ် …င်းသို့ဝင်ပြီး သတိမေ့မြောခါနီးမှာ…

"တွယ်ခိုစရာ"

တခုလို…တစုံတစ်ခုနှင့် ထိတွေ့ ဆုပ်ကိုင်မိသည်။

မသိတချက် သိတချက်နှင့် ဆွဲခေါ်ရာသို့ အလိုက်သင့် …ပါသွားခဲ့၏။

ရေကူးတတ်သော်လည်း ပင်လယ်ပြင်မှာ အန္တရာယ်နှင့် …ကြုံတွေ့လိုက်ရချိန်မှာ ဘာကိုမှ မသိတော့…မတတ်သာတော့။

တစုံတခုနှင့် ဆုပ်ကိုင်မိပြီး မကြာမီမှာပင် ရေပေါ်သို့ …င်းပေါ်လာသည်။

မငြိမ်သက်သော ပင်လယ်လှိုင်းလုံးများကြောင့် ခေါင်း …သော်လည်း မသက်သာ၊ လှိုင်းလုံးတွေ တလုံးပြီးတလုံး ဖုံးလွှမ်း …တော့သည်။ မြစ်ပြင်နှင့် ကန်ရေမှာပေါ်သလို ရေနစ်သူအတွက် …သာခွင့်ကို မရရှိနိုင်။

လှိုင်းကြမ်းသော ပင်လယ်ကျယ်ထဲမှာ ဆွဲခေါ်သူ၏နောက် … အသာလေးမျောလိုက်လာပြီးမှ တွယ်စရာ ပျဉ်ကချပ်ရသည်။ …ကို…

ဦးဘိုးအုံက ဦးဆောင်ကူးခတ်ဆွဲခေါ်သွားသဖြင့် မကြာမီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်းမြေတစ်ခုပေါ်သို့ တက်ရောက်ခွင့်ရသည်။

"ကလေး...ကလေးကို..."

သူကျော့ပေါ်မှ ချလိုက်သောကလေးကို လက်ညှိုးထိုး

စကားဆုံးအောင် မပြောနိုင်တော့...

မေ့နေသောကလေးကို ကျွန်းပေါ်ရောက် လူနှစ်ယော

က မြူစုကြသည်။

ဦးမျိုးသန့်မှာ သူ့အလိုလို ရေများအန်ထွက်ပြီး မျက်စိ

ပြာ၊ နားတွေအူနေသည်။ သူ...ဘာမှမကြား...မမြင်။

"ခင်ဗျားကို အဘအံ့ ခေါ်နေတယ်"

"ဟင်..."

ရေစက်လက်နှင့် အဘနားသို့ တရွတ်တိုက် တိုးသွား

မှာ...

"သ...သမီးလေး...ကို..."

"ကယ်...ပါ"

သည်နှစ်ပိုဒ်သာ ပြောနိုင်ပြီး ဦးမျိုးသန့်ကို ခက်ခဲစွာ ဆွဲ

အသက်ကယ်လာခဲ့သော ဦးဘိုးအံ့သည်...

ဦးမျိုးသန့်၏ မျက်စိရှေ့မှာပင် သေဆုံးသွားရှာတော့သ

"အဘ...အဘအံ့"

မထူးတော့...သူ ထာဝရ ငြိမ်သက်သွားလေပြီ။

ရာသက်ပန် ရေလုပ်သားဘဝနှင့် ပင်လယ်ပြင်မှာ ကျင်





သော်လည်း...

အသက်အရွယ်၏ ခံနိုင်ရည်မရှိမှုကြောင့် အမောဆို့ကာ

ပင်းကွဲသောဝေဒနာဖြင့် ဦးဘိုးအံ့ သေဆုံးခဲ့ရရှာလေပြီ။

"ကိုယ့်အသက်အတွက် သူ့အသက်ကို ပေးဆက်စွန့်လှူ

ရှာသော အဘအံ့ရယ်..."

ဦးမျိုးသန့်သည် ဆို့နစ်ကြေကွဲလွန်းသောစိတ်ဖြင့် အဘ

မှ သမီးလေးကို တင်းကျပ်စွာ ဖက်တွယ်လျက်...

"အဘ ရယူပေးခဲ့တဲ့ ကျွန်တော့်အသက်ရှင်နေသမျှ

ကာလပတ်လုံး သမီးလေးကို အဘကိုယ်စား ကောင်းကောင်း ကျွေးမွေး

ညှာသင်ပေးပြီး သမီးလေးလို မွေးစားပါ့မယ်ဗျာ"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



သားကြီးနှင့် သမီးငယ်က ညီမလေးတစ်ယောက်ရ
သဖြင့် ပျော်နေကြသည်။

ငိုနေသော ကလေးကို မောင်နှမနှစ်ယောက် နည်းအ
မျိုးဖြင့် ချော့ကြ၏။

ဒေါ်ခင်မြူသွယ်ကတော့ ဤဇာတ်လမ်းစကတည်းကို
မကျေနပ်ခဲ့။

"ကလေးတစ်ယောက် မွေးရတဲ့တာဝန်က နည်း
တာဝန်မှတ်လို့...သူ့ရွာပဲ ပြန်ပို့လိုက်ပြီး ဒီကနေ စရိတ်ထော
ပေါ့ မောင်ရဲ့"

"သူ့ရွာမှာ ဆွေမျိုးရင်းချာလဲ မရှိဘူး...ဒီကလေး ဟို





အောင်၊ ပညာတတ်အောင်၊ ကျွေးမွေးစောင့်ရှောက်ပေးနိုင်တဲ့လူလဲ
ရှိဘူး...ဒီကလေးကို ငါ မွေးရမယ် သွယ်သွယ်"

"အဘသာ ငါ့ကိုမကယ်ရင် ဒီနေ့ မင်း မုဆိုးမဖြစ်နေပြီ
သားကြီးဇာနည်နဲ့ သမီးစုယဥ်သန့်လဲ ဖခင်မဲ့တဲ့ကလေးတွေဖြစ်
ကြပါပြီ"

"ပြီးတော့ သေခါနီးမှာလဲ အပ်သွားရှာတယ်..ငါ့ အသက်
ကိုဆုံး ဒီသမီးလေးကို တာဝန်ယူသင့်တယ်...ယူရမယ်လို့လဲ ငါ
ဆုံးဖြတ်ထားပြီ"

ယောကျ်ားတွေ ပြတ်သားလာတော့ မိန်းမသားတွေ ငြိမ်
သွားရစမြဲ...မကျေနပ်သော်လည်း မပြောသာ...

သည်လိုနှင့်...

"ပန်းဝေသီ"

ဟု ဦးမျိုးသန့် အမည်ပေးခဲ့သော သမီးလေးသည် ဤ
သားစုအတွင်းမှာ သူ့ မိသားစုအရင်းဟု ထင်မှတ်ယုံကြည်ရင်း ကြီးပြင်း
လာခဲ့ရရှာသည်။

ဦးမျိုးသန့်၏ သံမဏိအမိန့်ဖြင့် ပိတ်ပင်တားဆီးခဲ့၍
ပန်းဝေသီကို "မွေးစားသမီး"ဟု ဘယ်သောအခါမှ ပြောခွင့်မရခဲ့ကြ
၏။

ကျယ်ပြန့်သော အသိုက်ဝန်းသစ်အတွင်းမှာ ပန်းဝေသီ၏
ဘဝအစသည်လည်း ပျောက်ဆုံးတိမ်မြုပ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ယခုအချိန်အထိ...

ပန်းဝေသီ ကိုယ်တိုင်လည်း လုံးဝ မရိပ်မိ မသိရှိခဲ့ပါ တကား...

○ ○ ○





ဩော်...ဖေဖေ ကောင်းပေမယ့် မေမေနှိမ်ခဲ့တာတွေ... ဆယ်တန်းအောင်ပါလျက် တက္ကသိုလ်ဆက်တက်ခွင့်မပေးဘဲ ဒီကို ပို့ထားခဲ့တာတွေဟာ သမီးအရင်း မဟုတ်လို့ကိုး...

"ပန်း...ပန်းဝေသီရဲ့ အဖြစ်က ဆိုးလှချည်လားရှင်"

ရင်ပွင့်ကွဲသွားတော့မလို သည်းသည်းထန်ထန် ငိုနေရှာသော ပန်းဝေသီကို မကြည့်ရက်တော့၍...

"ဒီလောက် ငိုမနေပါနဲ့ ညီမလေးရယ်...ကိုကို ညီမလေးကို တကယ်ချစ်တာပါ...မေမေ သဘောမတူပေမယ့် ကိုကို လက်ထပ်ယူမှာပါ"

"ဩော်...ကိုကိုရဲ့မေမေက ပန်းဝေသီနဲ့ သဘောမတူ



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့လား"

ဇာနည်သန့် ဘာမှမပြောဖြစ်နိုင်...

"ဟုတ်မှာပေါ့လေ...နိုင်ငံခြားပြန်ကြီးနဲ့ ဒီက ရေမြေ ကမ်းတင်ကောင်မနဲ့ ဘယ်သဘောတူပါ့မလဲ...ဒီမှာ ကိုကို..."

"ပန်းဝေသီရဲ့ စိတ်တွေ သိပ်လှုပ်ရှားနေတယ်ကွယ်... ဖြည်းဖြည်း အချိန်ယူပြီးမှ ပြောပါလား"

"ပန်းဝေသီမှာ အချိန်ယူဖို့ အချိန်မရှိပါဘူး...တခါတည်းပဲ ပြောပါရစေ... ခေါင်ဖြူသွယ် သဘောမတူတဲ့ ကိုဇာနည်သန့်ကိုလဲ ဘယ်တော့မှ မယူဘူး...သေတဲ့အထိလဲ မချစ်နိုင်ဘူး... ပြီးတော့ ပန်းဝေသီကိုမကြည်ဖြူတဲ့ ရန်ကုန်ကအိမ်ကိုလဲ ဘယ်တော့မှ ပြန်မလာဘူး...သိလား"

"အို...အို...ပန်းဝေသီ နေ...နေဦးလေ"

ဇာနည်သန့်၏ တားဆီးမှုက နောက်ကျခဲ့လေပြီ။

ပြင်းထန်သော ခံစားမှုတို့ ပျံ့နှံ့ရာကိုယ်ခန္ဓာနှင့် အားကုန် ပြေးသွားသော ပန်းဝေသီ၏ အပြန်လမ်းမြေပြင်မှာ မျက်ရည်စက်တို့ အလိမ့်လိမ့် အလှောင့်လှောင့် ကျကြွေကျန်ရစ်ခဲ့ပါသတည်း။

အခန်းတံခါးကိုပိတ်ပြီးနောက် ကျောနှင့် ကပ်ထားလိုက် သည်။

ခံစားမှုပြင်းပျံနေချိန်မှာ ပြေးလာရခြင်းကြောင့် မောဟိုက်ပန်း လျှနေ၍ ရင်အစုံက နိမ့်လိုက်မြင့်လိုက်...





မျက်ရည်က မျက်နှာတပြင်လုံးမှာ...

ချွေးစေးများက ကိုယ်ခန္ဓာတခုလုံးမှာ...

တလောကလုံးမှ လူသားအားလုံး ပန်းဝေသီကို စုပြုဝိုင်း ကြည့်ကာ အော်ဟစ်နေကြသလို ခံစားရသည်။

"မွေးစားသမီး...မွေးစားသမီး"

"မွေးစားသမီး...မွေးစားသမီး"

"အို...မဟုတ်ဘူး...မဟုတ်ဘူး...မဟုတ်ချင်ဘူး... မဖြစ်ချင်ဘူး"

ပန်းဝေသီမှာ မျက်စိစုံမှိတ် နားကိုပိတ်ပြီး ခေါင်းကို သွက်သွက်လည်အောင် ခါယမ်းရင်း ကြိတ်မနိုင်ခဲမရ အော်မိသည်။

ရပ်တည်နိုင်စွမ်းမရှိတော့၍ ကျောနှင့် တံခါးကိုမှီလျက်ဖြင့် ပင် ဖြည်းဖြည်းချင်းလျှောကျလာပြီး ကြမ်းပြင်ပေါ်မှာ ထိုင်လျက် မျက်နှာကိုလက်နှင့်အုပ်ပြီး သည်းသည်းထန်ထန် ငိုကြွေးနေရှာသော ပန်းဝေသီဆိုသည့် မိန်းမလှလေး...

"ငါ့ကို ဒီအိမ်ပို့ထားခြင်းရဲ့ အဓိပ္ပာယ်ကို ငါ သိပါပြီ"

"ရန်ကုန်မှာနေရင် ကိုဇာနည်သန့်နဲ့ နီးစပ်သွားမှာစိုးလို့ ဒီကို ပို့ထားကြတာ"

"ဒီအိမ်ကလဲ ငါ့လိုလူမျိုး ဆယ်ယောက်တားထားနိုင်ပါ လျက်နဲ့ ငါ မပြန်ဖြစ်အောင် နည်းအမျိုးမျိုးနဲ့လှည့်ပြီး တားနေကြ ပါလား"

"တက္ကသိုလ်မြေပေါ်မှာ နေရပါလျက်နဲ့ ငါ့ကို ကောင်းထား



www.burmeseclassic.com

www.burmeseclassic.com



မပေးခဲ့တဲ့ ဒေါ်ခင်ဖြူသွယ်...

ဒီ မိုးကုတ်အိမ်မှာလဲ ငါ မရှိရင်ဖြစ်ပါတယ်...

ရန်ကုန်အိမ်ကလဲ ငါ့ကို အလိုမရှိတော့ဘူး။ ငါ ပြန်မလာစေချင်ဘူး...

"ဒါဆို...

ငါ့ကို ဘယ်သူကမှ မလိုချင်ကြဘူးပေါ့...

ကိုဇာနည်သန့်ဟာလဲ သူ့လက်ခုပ်တွင်းကရေ... သူ့ထောင်ချောက်ထဲက သားကောင်ဆိုပြီး အပိုင်ကြံစိတ်နဲ့ ပြောတာပါ...သူ့မှာ ရည်းစားတွေအများကြီးရှိတာ ငါ အသိပါ"

နုထွတ်သစ်လွင်သော နှလုံးသားလေးနှင့် မတန်မှုအောင်ခံစားလိုက်ရသော ပထမဆုံးအတွေ့အကြုံကလည်း တကယ့်ကိုမဟာမဟာ ရင်နာကြေကွဲစရာကြီးပါလား။

ပန်းဝေသီမှာ အိပ်ရာရှိရာသို့ ထလျှောက်သွားသော်လည်း အိပ်ရာထက်မှာ လှဲချနိုင်စွမ်းအား မရှိတော့။

ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး ကုတင်ပေါ်မှာ လက်ကိုတင် မျက်နှာမှောက်ကာ ကြာမြင့်စွာ ကြေကြေကွဲကွဲ လှိုက်လှိုက်လှဲလှဲ ငိုကြွေးနေရှာသည်။

ကိုယ့်ဘဝ၏ နောင်းအတိတ်ကိုသော်လည်းကောင်း၊ အသစ်မြင် ပစ္စုပ္ပန်ကိုသော်လည်းကောင်း လူမှန်သမျှ ထိတွေ့ခံစားကြသည်ချည်းသာ။ အနာဂတ်အတွက် မျှော်လင့်ချက်ရှိကြသည်သာ။





ပန်းဝေသီအတွက်မူ...

အတိတ်ဖြစ်ရပ်များသည် မိဘများနှင့်အတူ သေဆုံးခဲ့လေပြီ။ သူ၏ ပစ္စုပ္ပန်သည်လည်း အားလုံးကွက်လပ်ချည်းသာ...

လောကအားလုံးသည် ပျက်စီးဆုံးရှုံး ပျောက်ကွယ်သွားသည့်အလား ခံစားရသည်။

မှီရာမဲ့၊ တွယ်ရာမဲ့၊ သွားစရာမရှိ၊ လာစရာမမြင်၊ နားစရာမတွေ့သည့် အဆုံးအစမရှိသော ကန္တာရကွက်လပ်ကြီး၏အလယ်တွင်

ပန်းဝေသီ တစ်ယောက်တည်း...

ပန်းဝေသီ တစ်ယောက်တည်းရယ်ပါ...

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဒင် ချမ်းမြေ့ဂေဟာရှေ့ရောက်တော့ မိုးစုပ်စုပ်ချုပ်နေပြီ။

ခြံစည်းရိုး၏ ပြင်ပ အမှောင်တွင်းမှနေ၍ ချမ်းမြေ့ဂေဟာကြီးကိုမျှော်ကြည့်လိုက်တော့ မှန်ပြတင်းတိုင်းမှာ အလင်းရောင်တွေ တောက်နေ၏။ အပေါ်ထပ်၊ အောက်ထပ်၊ ဘုရားခန်း၊ လသာဆောင်များအားလုံး မီးရောင်ဖွေးဖွေးများနှင့် ကျက်သရေရှိစွာ လင်းဖြာနေပေသည်။

"ခြော်...ချမ်းမြေ့ဂေဟာ ဟာ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကအတိုင်း မပြောင်းမလဲ ခန့်ထည်ဆဲပါလား"

"အင်း...ဒီနေရာကို ပြန်ရောက်လာနိုင်ဖို့ ငါတဘဝလုံး





နှံရင်းပြီး အနှစ်နှစ်ဆယ်လုံးလုံး စောင့်ခဲ့ရတာပါလား"

ချမ်းမြေ့ဂေဟာကို ပထမဆုံးပြန်လည်မြင်တွေ့ရတော့ ဦးမြဒင်ထိန်းထားခဲ့သော၊ ကြိတ်မှိတ်ခံစားခဲ့သော အတွင်းဝေဒနာတို့သည် မျက်ရည်အဖြစ်နှင့် သွန်ကျစီးဆင်းလာလေတော့သည်။

အင်းစိန်ထောင်မှ ထွက်ပြီးပြီးချင်း အင်းလျားလမ်းမှ ဦးမျိုးသန့်တို့အနီးမှာ ခြေရာခံခဲ့၊ စုံစမ်းခဲ့သော်လည်း ဘာမှတိတိကျကျ သိရှိခွင့်ရမလာခဲ့ပါ။

သည်အိမ်ကမိန်းကလေးသည်ပင် မိုးကုတ်သို့ရောက်နေသည်။

မိုးကုတ်မှ ဒေါ်ငြိမ်းငြိမ်းတွေး၏ သမီးကလေးနှစ်ယောက်သာ ရန်ကုန်မှာကျောင်းလာတက်နေသည်။ တခြားမည်သူမျှမရှိ..ဟူသောသတင်းကို ခြံနီးချင်းဒရိုင်ဘာမှတဆင့် စုံစမ်းသိရှိခဲ့ရ၍...

"ငါ မိုးကုတ်ကို လိုက်မယ်"

ဆိုသော ဆုံးဖြတ်ချက်နှင့်အတူ ဦးမြဒင် ကြိုးစားကြံဆောင်ခဲ့ရသည်။

ထောင်ထဲနှင့် ရဲဘက်စခန်းတွင် အတူတကွနေထိုင်ရင်းနှီးခဲ့ရသော တွဲတေးတောကြီးတန်းမှ မောင်ခိုကုန်သယ်ယူမှုနှင့်ထောင်ကျခဲ့သော ဦးလှမောင်ထံသို့ လိုက်သွားပြီး အကျိုးအကြောင်း ပြောပြခဲ့၍

ငွေတစ်ရာငါးဆယ် ကူညီလိုက်သဖြင့် ဤလမ်းစရိတ်နှင့်အတူ ဦးမြဒင် မိုးကုတ်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပေသည်။

သံလွင်-မန်း ကားက လက်ပံလှရောက်မှ ပျက်နေ၍



www.burmeseclassic.com

www.burmeseclassic.com



ပြုပြစ်ချိန်ကြာသွားသဖြင့် မိုးကုတ် အရောက်နောက်ကျခဲ့သည်။

ကားဂိတ်မှာဆင်း၊ ထမင်းစားပြီး ဤ မိုးမိတ်ကားလမ်းခွဲ အရောက် လျှောက်လာရ၍ အချိန် ကြန့်ကြာခဲ့ရသည်။

ဦးမြဒင်မှာ ဤချမ်းမြေ့ဂေဟာသို့ ရောက်ရှိလာနိုင်ရေး အတွက် ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်း၊ တောင်ပေါ်လမ်းတို့ ကို အဆင့်ဆင့်ခက်ခဲစွာ ဖြတ်သန်းလာခဲ့ရပါသော်လည်း...

တကယ်တမ်း ချမ်းမြေ့ဂေဟာ၏ မျက်နှာစာရှေ့သို့ ရောက် ရှိလာသည့်အခါတွင်မူ...

အတွင်းသို့ ဝင်နိုင်ခွင့်မရှိ၊ ဝင်ရဲသည့်သတ္တိမရှိ၊ မျှော်ကြည့် စောင့်စားရုံမှလွဲ၍ ဆန္ဒရှိသမျှ ဆွမ်းဆောင်ခွင့် မရနိုင်သည့် ထောင် ထွက်ကြီး ဦးမြဒင်၏ဘဝ...

ကိုယ့်အဖြစ်နှင့်ကိုယ် သိနားလည်စွာဖြင့် မျက်ရည်တွေ တွေ့တွေ့စီးကျရင်း လင်းနေသည့် ချမ်းမြေ့ဂေဟာကို အမှောင်တွင်း မှ မျှော်နေချိန်မှာ...

"ဟာ နောက်ဘက်ပေါက်က လူတစ်ယောက်ထွက်လာပါ လား"

မည်းမည်းအရိပ်သည် ခပ်သုတ်သုတ် ရွေ့လျားလာနေ သည်။

နောက်ကြောင်းမလုံသလို နောက်ကို ကြည့်လိုက်၊ ခပ်သွက် သွက်လှမ်းလိုက်နှင့်...





သူ့လက်မှာလည်း လေးလံသော အရာဝတ္ထုတစ်ခုကို မနိုင့် နိုင်ဆွဲလျက်...

ချမ်းမြေ့ဂေဟာထဲက တခုခု ခိုးထွက်လာတဲ့သူပဲဖြစ်ရမယ်။

ဘာပဲဖြစ်ဖြစ် ချမ်းမြေ့ဂေဟာအတွက် ငါ ကာကွယ်ပေး မယ်လေ။

ဦးမြဒင်သည် အမှောင်ရိပ်မှ ပုန်းလျှိုးကွယ်လျှိုး ထွက်လာ သောလူကို မျက်ခြည်မပြတ် လိုက်ကြည့်နေရင်းက တဖြည်းဖြည်း နှင့် နီးနီးလာ၍...

ခြံဝင်းတံခါးမကြီး၏ အုတ်တိုင်အကွယ်မှာ အသာကပ်၍ နေလိုက်ရသည်။

မှောင်ထဲမှလူသည် ဦးမြဒင်ထင်သလို တံခါးမကြီးရှိရာသို့ ျှောက်မလာ၊ အိမ်ခေါင်းရင်းဘက်သို့ ဦးတည်သွားပြီး သံဆူးကြိုး း ကာရံထားသည့်အောက်မှ ငုံ့လျှိုးတိုးထွက်လာသည်။

ပြီးတော့ မြက်ရိုင်းများဖုံးနေသော ရေမဲ့မြောင်းကို အလန့် ကြား ခုန်ကျော်လွှားပြီး ကတ္တရာလမ်းပေါ်သို့ ပြေးတက်သွား တော့သည်။

သူသည် နောက်သို့ တစ်ချက်လှည့်ကြည့်ပြီး မပြေးရုံ တမယ် ျှောက်သွားတော့သည်။

ခြေလှမ်းက မသွက်လှ။

သူသည် ချမ်းမြေ့ဂေဟာအတွင်းမှ တစုံတရာသော ပစ္စည်းကို



www.burmeseclassic.com

www.burmeseclassic.com



နိုးယူထွက်ပြေးလာသူသာ ဖြစ်ရမည်။

သေတ္တာကြီးတခုကို မနိုင့်တနိုင် သယ်မနေရ၍ သူ့
မတွင်။

ဦးမြဒင်က အလွယ်တကူပင် နောက်မှပြေးလိုက်သွား
မြရာပင်ကြီး၏အောက် မှောင်ရိပ်အရောက်မှာ နောက်က ခုန်
ပြီး လှမ်းဖက်လိုက်သဖြင့် နှစ်ယောက်စလုံး လမ်းဘေး မြက်
ပေါ်သို့ လိမ့်ကျသွားသည်နှင့်...

"လွှတ်...လွှတ်...အား..အာ"

"အော်သည့် ပါးစပ်ကို ဖမ်းပိတ်လိုက်ပြီး လက်နှစ်ဘ
ကို နောက်မှ ဖမ်းချုပ်ဆုပ်ကိုင်လိုက်မိသည်နှင့်...

"ဟင်...မိန်းကလေးပါလား"

တကိုယ်လုံး နတ်ဝင်သယ်လို ဆတ်ဆတ်တုန်နေသေ
မိန်းကလေးတစ်ယောက်ကို အံ့သြစွာ တွေ့လိုက်ရ၍...

"မင်း ဘယ်သူလဲ...ဘယ်ကလဲဟင်...ဒီသေတ္တာ
မင်း နိုးလာတာလား"

"မ...မ...မဟုတ်ဘူး..."

"အချိန်မတော်ကြီးမှာ...မင်း..."

"ကျွန်...ကျွန်.. မ သေတ္တာ"

"မင်းနာမည် ဘယ်သူလဲ"

"ပန်း...ပန်း..ဝေ.. သီ"





"ဟော..."

ဦးမြဒင်မှာ အံ့သြခြင်းကြီးစွာဖြင့် သူ့လက်မှ မိန်းကလေး
ဖြေလွှတ်ပေးလိုက်သည်။

"နေပါဦး...မင်း ဒီအိမ်မှာနေတာ မဟုတ်လား...အခု
သေတ္တာနဲ့ ဘယ်ကို ထွက်ပြေးမှာလဲကွယ်..."

ကြောင့်ကြစိတ် လွှမ်းကဲမှုကြောင့် ဦးမြဒင်၏ အသံလည်း
န်လာသည်။

"မ...မနေချင်တော့လို့"

"မနေချင်ရင် အိမ်သားတွေကို အကျိုးအကြောင်းပြောပြီး
ချိန်နဲ့အခါနဲ့ သွားပေါ့...အခုလို ညကြီးမင်းကြီး မိန်းကလေး
စ်ယောက်တည်း ထွက်ပြေးရတယ်လို့ကွယ်...ဖြစ်မှ ဖြစ်ရလေ
...သမီးလေးရယ်..."

မရဲတရဲခေါ်လိုက်သော ဦးမြဒင်၏ "သမီးလေး"ဆိုသော
သံကြောင့် ကြောက်လန့်မှုဖြင့် ဆတ်ဆတ်ခုန်နေသော နှလုံးသား
ထပ်ဆင့် တုန်ခါသွားရပြန်သည်။

"မိန်းကလေး သိပ်ကြောက်နေတယ်...ဘာဖြစ်လို့ အခု
လုပ်တာလဲဆိုတာ စိတ်အေးအေးထားပြီး အဘကို ပြောပြစမ်း
ကွယ်"

"ဒီအိမ်မှာ...နေလို့ မဖြစ်တော့လို့ပါ အဘရယ်.."

"ဒါဆို ဘယ်သွားမှာလဲ"

www.burmeseclassic.com



"မသိဘူး"

"ဟဲ့...အို...ဘုရား...ဘုရား"

"ပန်းဝေသီ သေပါရစေ အဘရယ်...ပန်းဝေသီကို သ[illegible] စစ်ခဲ့ပါရှင်"

"မဟုတ်တာကွယ်"

"ဟုတ်ပါတယ်...ပန်းဝေသီဘဝက နေဖို့မကောင်း[illegible] ပါဘူး...သေသွားတာပဲ ကောင်းပါတယ်ရှင်"

"မဟုတ်သေးပါဘူးကွယ်...လူ့ဘဝဆိုတာ ရခဲပါဘိနဲ့ [illegible] အေးလေ...ဒါတွေပြောနေလို့ မဖြစ်သေးပါဘူး...ကဲ ဒီ[illegible] ချမ်းမြေ့ဂေဟာကိုပဲ ပြန်ပါကွယ်"

"မပြန်ဘူး...မပြန်ပါရစေနဲ့ရှင်"

ငိုပြီး တောင်းပန်ရှာတော့ ဦးမြဒင်ပင် မျက်ရည်ဝဲချင်[illegible] သည်။

"ဒါဆိုလဲ ဒီတစ်ညတော့ လုံခြုံစိတ်ချရတဲ့နေရာကို [illegible] ပါပဲလေ...ထ သမီး...အဘနဲ့ လိုက်ခဲ့"

"ရှင်...ဘယ်...ဘယ်...ကိုလဲဟင်"

"တနေရာရာပေါ့"

"ဟင့်အင်း...မလိုက်ချင်ဘူး...ပန်းဝေသီ ကြောက်တယ်[illegible]"

"ဒါဆို မိန်းကလေးကို ဖမ်းပြီး ချမ်းမြေ့ဂေဟာကိုပဲ [illegible] ပို့ရလိမ့်မယ်"





သစ်ရွက်ကြားမှ ဖြာဆင်းလာသော လရောင်ဖြင့် ဦးမြဒင် [illegible] မျက်နှာကို ပန်းဝေသီ အကဲခတ်ကြည့်မိသည်။

နည်းနည်းလေးမှ ယုံကြည်စိတ်ချစရာ မကောင်းသော [illegible]ကိုးကြီးပါလား...

ဟု၍ ပန်းဝေသီ မှတ်ချက်ချမိသည်။

အာတ်နံရံတွင်းမှာ အနှစ်နှစ်ဆယ်နီးပါးမျှ ဘဝ၏ ဒဏ်ချက်[illegible] [illegible]ကို ခံလာခဲ့ရသော ဦးမြဒင်၏ ဥပဓိရုပ်မှာ ကောင်းနိုင်စရာ မရှိ [illegible]

"ကျွန်...ကျွန်မကို ဘယ်ခေါ်သွားမှာလဲ ဟင်"

ပန်းဝေသီ၏ အဝတ်သေတ္တာကြီးကို တဘက်ကဆွဲ... [illegible]ဘက်က ပန်းဝေသီ လက်ကိုဆုပ်ဆွဲလျက် လျှောက်သွားသော [illegible]မြဒင်ကို ကြောက်စိတ်နှင့် မေးမိတော့...

"လိုက်သာလိုက်ခဲ့ပါ...အော်ရင်တော့ ချမ်းမြေ့ဂေဟာ [illegible]ပဲ ပြန်ပို့လိုက်မှာ...ကဲ...လာပါ မကြောက်ပါနဲ့...ဒီနယ်မြေ [illegible] အဘ ကျွမ်းပါတယ်"

မိုးကုတ်ညက အေးလှသည်။ နှင်းပွင့်စက်တို့သည် ဝန်းကျင် [illegible]နှံ့ ဖြာဆင်းနေသော်လည်း ပန်းဝေသီကိုယ်မှာ ဇောချွေးများ ပျံ့[illegible] [illegible]ကြ်။ ခြေလက်တို့သာ အေးစက်နေပါ၏။

"မောနေပြီလား...အဘကို မကြောက်နဲ့နော်...သမီးကို [illegible]ပေးမယ့်သူ မဟုတ်ပါဘူး... ကံကြီးပေလို့သာ အဘနဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ"

ဆိုသော စကားများ တတွတ်တွတ် ပြောလာတော့... ရေနစ်သူ ပန်းဝေသီအတွက် အဘသည် နွယ်တပင် မြက်တ မျှင်ဖြစ်လာရပါပြီ...

လျှောက်ရတာ မကြာသော်လည်း ရှည်ဝေးလွန်းသော ကန္တာရတစ်ခုကို ဖြတ်သန်းရသလို ပန်းလျှလုပါဘိတော့တယ်။

o o o





"အစ်မ...အစ်မမှီ...တံခါးဖွင့်ပါ...ကျွန်တော် မြဒင်ပါ"

အိမ်ထဲကအိပ်ပုံမရသေး။ တံခါးပွင့်လာပြီး...မီးအိမ်ကို ကြည့်လိုက်သော အဘွားကြီးတစ်ယောက်နှင့် သူ့နောက်မှာ ဝေသီတို့အရွယ် မိန်းကလေးတစ်ယောက်...

ဘာပဲဖြစ်ဖြစ် မိန်းမသားနှစ်ယောက်ကိုတွေ့လိုက်ရခြင်းအ က် ပန်းဝေသီ တအားတက်ခဲ့ရပါပြီ...

"ဟယ်...မြဒင်...အမယ်လေး...ငါ့မောင်ရယ်"

အဘွားကြီးက ဦးမြဒင်၏လက်ကိုဆွဲ၍ ဆီးငိုတော့သည်။

"မင်းစာရတယ်..မင်း ထောင်ကလွတ်လာပြီဆိုကတည်းက စ်မ မျှော်နေတာ"

"ထောင်က"ဆိုသောစကားကြောင့် ပန်းဝေသီ ဦးမြဒင်ကို ကြောက်ရွံမျက်လုံးနှင့် ကြည့်မိနေချိန်မှာ ဦးမြဒင်၏အကြည့်နှင့်ဆုံ ည်းမိတော့သည်။

"သူ...သူက ဘယ်သူလေးလဲ"

"သူက..ပန်း..အဲလေ..ဒါတွေ နောက်မှပြောပါ့မယ်.. စ်မကလဲ စကားသိပ်မရှည်နဲ့ဗျာ..နေပါဦး...ဒါကဘယ်သူလဲ"

နောက်မှ မိန်းကလေးကို ဦးမြဒင်က လက်ညှိုးညွှန်၍မေး က်တော့...

"ဒါ...ပန်းအောင် သမီး မိစမ်းလေ...မင်း အဖမ်းခံရတော့ ကောင်မလေး မတ်တပ်စမ်းစပေါ့..အင်း အချိန်ကလဲအနှစ် နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



နီးပါးပဲလေ"

ဆက်လက်ပြီး သူတို့၏ ဆွေအကြောင်းမျိုးအကြောင်းေ…
ပြောနေ၍…

"ကဲ…အစ်မ ဒါတွေနောက်မှပြော…ဒီ မိန်းကလေး
မိန်းမဖော်လေးချင်း အိပ်နိုင်ဖို့စီစဉ်ပေးဦး"

"ဩော်…အေး…ဟဲ့…ငါ့မြေး သတ္တာကူဆွဲ…နှင့် အခ…
ထဲခေါ်သွား…ဟို…ထင်းရှူးသေတ္တာထဲက စောင်အသစ်ထုတ်…
လိုက်"

အဘွားကြီး၏ အစီအစဉ်ဖြင့် ပန်းဝေသီတစ်ယော…
နွေးထွေးလုံခြုံသော အခန်းတွင်းသို့ ရောက်ဖြစ်ခဲ့ရပါပြီ။

"ဒါနဲ့ ကောင်မလေးနဲ့ နှင်နဲ့ရော တွေ့ပြီးပြီလား"

"မတွေ့သေးပါဘူးဗျာ…ရောက်ရောက်ချင်း ဟိုအိမ်သွ…
ချောင်းမိတာ…အဲဒီ မိန်းကလေး ထွက်ပြေးလာတာနဲ့ကြုံပြီး…

"နေစမ်းပါဦး…သူလေးက ဘယ်သူလဲ"

"မသိဘူး…သိပ်ကြောက်နေလို့ ဘာမှမမေးဘူး…မန…
ကျတော့ သိရမှာပေါ့ဗျာ… ဒါတွေ ထားစမ်းပါ…အဘိုးကြီးဆုံးပြီးေ…
ချမ်းမြေ့ဂေဟာမှာ ဘာတွေထူးခြားသေးလဲဟင်"

"မထူးခြားလှပါဘူး…ဟို သေခြင်းဆိုးကတော့ မော်…
ကားတဝီဝီနဲ့"

"အစ်မကလဲဗျာ…"





"ဘာ…အစ်မကလဲ…သင်္ချိုင်းကြောင့် မင်း ထောင်ထဲ
ရောက်ရတာမဟုတ်လားဟင်…ဦးချမ်းမြေ့မရှိတော့ သူကအိမ်ကြီး
ရှင်ပေါ့လေ…မျိုးခန့်ဆိုတဲ့အတိုင်း ခန့်လို့"

"တော်ပါတော့ အစ်မ…ပြီးဆုံးခဲ့တာတွေကို ကျွန်တော်
ပြန်ပြီး အသစ်မခံစားချင်တော့ဘူး…မြင်တဲ့အတိုင်း လူလဲကျ…
စိတ်ဓာတ်လဲကျပြီဗျာ…ကျွန်တော်ကလေးနဲ့တွေ့ပြီး အားလုံးရှင်းပြ
ပြီးရင် သေပျော်ပါပြီ…နေလဲ မနေချင်တော့ပါဘူး…သေသွားတာကမှ
ကျွန်တော့်အတွက်, ကောင်းပါသေးတယ်လေ"

ဝါးထရံသာ ကာထားပါ၍ ဦးမြဒင်တို့၏စကားကို အတိုင်း
သားကြားနေရပေသည်။

ချမ်းမြေ့ဂေဟာနှင့် ဦးမြဒင်။

ဦးမြဒင်နှင့် ချမ်းမြေ့ဂေဟာတို့သည် လွန်ခဲ့သော အနှစ်
…နှစ်ဆယ်မျှကာလဆီက အကြီးအကျယ် ပတ်သက်ခဲ့ဖူးလေမည်။
…ဤအိမ်နှင့်သော်လည်းကောင်း၊ ဦးမျိုးခန့်နှင့် သော်လည်းကောင်း
…ပတ်သက်သော လူသတ်မှုလို အမှုကြီးနှင့် ရင်ဆိုင်ရ၍သော ဦးမြဒင်
…သည်မှာ နှစ်ရှည်ကြာ ထောင်ကျသွားခြင်းဖြစ်လေမည်။

ပန်းဝေသီ မကြားသာအောင် သူတို့နှစ်ဦး အိမ်ကပြင်ဘက်
…သို့ထွက်ပြီး စကားပြောနေကြပါ၏။

အစမ်း၏ လိုက်လှဲသော ပြုစုဖော်ရွေမှုများနှင့် အ…
…နွေးထွေးသော အိပ်ရာထက်မှာ အိပ်ခွင့်ရခဲ့ပါသော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝေသီ၏ ရှေ့ခရီးက...

နက်ဖြန် ပန်းဝေသီ လျှောက်လှမ်းရတော့မည့်လမ်းက ပန်းတိုင်မရှိသော ခရီးမို့ အဆုံးမရှိ ရှည်လေးစွာ လျှောက်ရပေဦးတော့မည်။

အပြင်တွင် ခေါင်းနှောင်းနှင်းပွင့်တို့ တဲလွင့်လွင့်ကြွေသက်နေကြသည်။

ပန်းဝေသီ၏ ရင်တွင်းမှာဖြင့် လမ်းစပျောက်သော... ဘဝပျက်သော...တွယ်ရာမဲ့သော ခံစားမှုမီးပွင့်မီးကျည်ခဲတို့သည် မငြိမ်း သေအောင်တောက်လောင်လျက်ရှိနေသည်။

ထိုညက တမေးမျှ ပန်းဝေသီ အိပ်မရခဲ့ပါ။

○ ○ ○





ချမ်းမြေ့ဂေဟာမှာ ပန်းဝေသီ ပျောက်ဆုံးကြောင်း မသိရှိနိုင်မီမှာပင် ပန်းဝေသီတို့ မိုးကုတ်မြို့မှ ဆင်းသက်ထွက်ပြေးလာခဲ့ကြသည်။

အမေမိုသည် အရှယ်နှင့်မလိုက်အောင် ဖျတ်လတ်စွာ ဖန်တီးနိုင်သော အသက်ခုနစ်ဆယ်အရွယ် အာဂအဘွားကြီးပါပင်..

မနေ့ညက သူတို့မောင်နှမလည်းမအိပ်ကြ။ ပန်းဝေသီလည်း အိပ်မရပါ၍ ပန်းဝေသီ၏ ဇာတ်ကြောင်းစုံကို ပန်းဝေသီကိုယ်တိုင် သိရှိထားသည့်အတိုင်း အပြည့်အစုံပြန်လည်ပြောပြမိတော့...

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်...ဟိုခြံလဲ ပြန်မသွားနဲ့ ချွန်ကုန်လဲ မပြန်ပါနဲ့...ငါ့သမီးလေး ဆန္ဒအတိုင်း ဖြစ်ရပါစေမယ်



www.burmeseclassic.com

www.burmeseclassic.com



..မြဒင် ငါ တခုအကြံရတယ်...ကလေးရဲ့ခြံ ပြင်ဦးလွင်မှာရှိတယ် အဲဒီကို သွားကြရင် ကောင်းမယ်ထင်တယ်"

"အစ်မ သိလို့လား"

"သော့က ငါ့ဆီမှာရှိတာဟဲ့..."

"ဒါဆို သွားကိုပါ ခေါ်လေ"

"တို့ မနက်ကျ တခါတည်း ဝင်ခေါ်သွားမယ်လေ... သူ ဟိုအိမ်မှာမှ မနေဖြစ်တာ...ကျုပ်ပြင်က လှမင်းကြည်ရဲ့အိမ်မှာ ည အိပ်မှာတဲ့...မနေ့ကတောင် ငါနဲ့ တွေ့သေးတာ"

"လှမင်းကြည်တို့ အသင်းဝင်ထားတဲ့ကားက မနက်အစော ကြီးထွက်ဖို့ အလုည့်ကျတာ...အတော်ပဲ...အကျိုးအကြောင်း ပြောပြီး ဝင်ခေါ်သွားမယ်...သူတို့အိမ်က လမ်းဘေးတင်ရယ်"

ညတွင်းချင်းအစီအစဉ်ဖြင့်ပင် ပန်းဝေသီတို့ အုပ်စုမှာ နံနက် မလင်းမီ မိုးကုတ်မြို့မှ ဆင်းသက်လျက် မန္တလေးမြို့ဆီသို့ ဦးတည် မောင်းနှင်နေသည့် ကားပေါ်တွင် လိုက်ပါလာခဲ့ကြပါပြီ။

ကားက ကြိုတင်လက်မှတ်ဝယ်မထား၍ ဦးမြဒင်က နေရာ မရ။ ပန်းဝေသီနှင့် ဒေါ်ခင်မိုတို့က နေရာရလာကြသည်။

အတက်လမ်းက မှတ်သားလာခဲ့သော လှူးထ ကသဲ ကျောက်ပြာသသဒ် လမ်းခွဲများကိုဖြတ်ကျော်ပြီး ကျုပ်ပြင်သို့ ရောက် ပြီထင်သည်။ အပြင်သို့ ကောင်းစွာမမြင်ရ။ ခဏကြာတော့ ကားရပ် ပြီး ဒေါ်ခင်မိုသာ ကားပေါ်မှဆင်းသွားပြီး အိမ်တအိမ်ကို နှိုးသည်။





အကျိုးအကြောင်းရှင်းပြပြီး သူ့အပြန်လမ်းမှာ လူပိုတစ်ယောက် ပါလာသည်။

"ငါတော့ ဒီနေရာမှာပဲ ထိုင်တော့မယ်ဟေ့...နွေးလဲ နွေးတယ်... သား ဟိုမှာထိုင်"

ဒရိုင်ဘာဘေးမှ ဂီယာအုံ ခုံပေါ်တွင်တက်ထိုင်ရင်း ပြောနေ သော ဒေါ်ခင်မိုး၏ စကားမဆုံးမီ ပန်းဝေသီ၏ဘေးမှာ လာထိုင်သူ က...

"ဟင်...ကိုမိုးဇွေ"

"ဖြစ်ရလေ ပန်းဝေသီရယ်...ကယ်တဲ့သူကကယ်ပြီး အကြီးမိုတို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေလို့ပေါ့"

စိုးရိမ်ဇီဘ် လွန်ကဲလွန်းသော လေသံနှင့် ပြောကြားလာ သော ကိုမိုးဇွေ...

"အတိအကျတော့ ဘာမှမသိရသေးဘူး ပန်းဝေသီ... ကိုကို ရောက်လာပြီလို့လဲ ကြားတယ်...ဘာကြောင့် ချမ်းမြေ့ ဂေဟာက ထွက်ပြေးလာရတာလဲဟင်...ဘယ်သူက ဘာပြော လို့လဲ...ဘာတွေဖြစ်ကြလို့လဲ ပြောစမ်းပါဦး ပန်းဝေသီရယ်"

မခံချင်သော၊ နာကျင်သော၊ မုပန်သော ခံစားမှုပေါင်းစုံ ရောထွေးယှက်တင်နေသော စကားလုံးများစွာကို ဆင့်၍ဆက်၍ မေး၏။

"ပန်းဝေသီ ဘာမှမပြောပါရစေနဲ့ဦး...ကြီးကြီးမိုတို့ အဘတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသိပါတယ် ကိုမိုးစွေရယ်"

"အဘာဆိုတာ ဘယ်သူလဲဟင်"

"ပန်းဝေသီကို ကယ်လာတဲ့သူပေါ့"

"အို...မငိုပါနဲ့ကွယ်...မငိုပါနဲ့ ပန်းဝေသီရယ်"

သူ ဂျာကင်အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ပြီး ပန်းဝေသီ ၏ပါးပြင်မှ မျက်ရည်စများကို ယုယုယယလေး တို့သုတ်ပေးရာသည်။

တွယ်ရာမဲ့မလေး ပန်းဝေသီသည် အားကိုးဖွယ် ကိုမိုးစွေ၏ ပြည့်တင်းသော ကိုယ်ခန္ဓာကို အားကိုးတကြီး ဖက်တွယ်ပြီး အားပါး တရ ငိုချပစ်လိုက်ချင်သည်။

ဆင်ခြင်ဖွယ် အသိတရားက မကောင်းလွတ်သေးသဖြင့်သာ ငြိမ်နေလိုက်ရပါ၏။

အာပဲဖြစ်စေ...ယခုလို ကိုမိုးစွေနှင့် ဆုံကြုံခွင့်ရရှိအောင် ဖြစ်ပေါ်လာသည့် ကံကြမ္မာကိုပင် ကျေးဇူးတင်မိသည်။

ကိုမိုးစွေကို တွေ့လိုက်ရသဖြင့် ပန်းဝေသီ အားကိုးစွာ အားတက်မိပါကြောင်း ကိုမိုးစွေ မသိရှိပါစေနဲ့ရှင်။

ကျပ်ပြင်လွန်ပြီး ကျောက်ဖားတွင် ခဏနားသည်။ အရှေ့ ဘက်ကောင်းကင်တွင် ရောင်နီစိုစိုကို စတင်မြင်ရပြီ။

မကြာမီမှာ တညတာအေးစက် မှောင်မိုက်ခဲ့သော လောက အား နေ၏အလင်းဖြိုင့်ဖြိုင့်ခင်းကာ နွေးထွေးစေတော့မည်။

ပန်းဝေသီ၏ အနောက်ဘက်ဘဝမှ မှောင်မိုက်ခဲ့ရသမျှ





တို့သည် အရှေ့ဆီမှ ရောင်နီနှင့်အတူ လင်းဖြာအားဖြည့်စွာ ခရီး ဆက်ခွင့်ရပါစေသတည်း။

"ပန်းဝေသီ...ချမ်းနေလား ဟင်"

"အင်း...တောင်ပေါ်လေက အေးတယ်နော်"

"နောက်ကို မှီလိုက်...ကျွန်တော် ကွယ်ပေးထားမယ်"

ပန်းဝေသီ နောက်ကိုမှီလိုက်ချိန်မှာပင် ကိုမိုးစွေက ကိုယ်ကို တစောင်းလှည့်ပြီး ကာကွယ်ပေးထား၍ လေဒဏ်ကွယ်ရုံမက ရင်ခွင်နွေးထွေးကိုပါ ခံစားရရှိလာသည်။

"ပန်းဝေသီ"

"ဟင်"

"ဘာတွေ ဘယ်လိုဖြစ်လို့ ထွက်ပြေးတဲ့အထိ ဖြစ်လာ ရတာလဲကွယ် ဟင်"

ဘေးခရီးသည်များ မကြားသာအောင် အတိုးဆုံးလေသံ နှင့်မေးရတော့ မျက်နှာချင်းက အနီးကပ်ဆုံးအနေအထားသို့ ရောက်ရှိ လာခဲ့သည်။ သူ့ လေငွေ့နွေးသည် ပန်းဝေသီ၏ နုလုံးသားဆီတိုင် ငြီးဆင်းလာသည့်သို့ပါ...

"ပြောပါဦး...ပန်းဝေသီ"

"အဲကြီးမှီက ပြောပြလိုက်တယ် မဟုတ်လား"

"ထွက်ပြေးလာတယ်လို့ပဲ ပြောတယ်...ဘာကြောင့် ထွက်ပြေးလာတယ်လို့ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ အချိန်မရလို့ နေမှာပါ"

"ကျွန်တော် သိပါရစေ"

"ကိုမိုးစွေ"

"ဗျာ...ပန်းဝေသီ"

"ပန်းဝေသီရဲ့ အဖြစ်ကြောင့် ကိုမိုးစွေကို ကိုယ်ချင်းစာ တတ်လာပါပြီရှင်...ပြောခဲ့မိတာတွေအတွက် တောင်းပန်ပါတယ်"

အသံလေးက တိုးသော်လည်း တုန်လှိုက်နေသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ စိမ့်အိုင်လာ၏။

"ဘာတွေပြောနေတာလဲ ပန်းဝေသီရယ်...ကျွန်တော် နားလည်ပါရစေလား"

"မွေးစားသား ဆိုတာကိုပါ"

"ဟင်...အဲဒါ ဘာဆိုင်လဲ"

"အဲဒါအတွက် ကိုယ်ချင်းစာစိတ်နဲ့ နောင်တရပါပြီ... ပန်းဝေသီ တောင်းပန်ပါတယ် ကိုမိုးစွေရယ်..."

"အို...ဘာကိုလဲကွယ်"

"ပြောရမှာက အရှည်ကြီး...ပြောလို့လဲ မသင့်သေးဘူး ပြောနိုင်စွမ်းအားလဲ မရှိသေးဘူး...ပန်းဝေသီကို ခွင့်လွှတ်ပါ"

"တောင်းပန်စရာ မလိုပါဘူး ပန်းဝေသီရယ်...ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်ပါတယ်ဗျာ...ဟုတ်ပါတယ်လေ...ဒီကားပေါ်မှာ ပြောလို့လဲ အဆင်မပြေသေးပါဘူး...တခရီးတည်း သွားရမှာပဲ...





ပန်းဝေသီ ကျွန်တော့်ကို မခွဲသွားခင် သိခွင့်ရရင် ကျေနပ်ပါပြီ"

ပန်းဝေသီနှင့် တထွာမျှ မဝေးကွာသော ကိုမိုးစွေ၏ မျက်နှာကို အားငယ်စွာ ကြည့်မိသည်။

ပန်းဝေသီမှာ ခွဲသွားစရာလမ်းမရှိပါဘူး။ ပန်းဝေသီရဲ့ နောက်မှာရော ရှေ့မှာပါ ပြန်စရာသွားစရာ မရှိအောင် လမ်းတွေ ပိတ်ဆို့နေတဲ့ မိန်းကလေးပါ...လို့ ရင်ထဲကပြောနေသော စကားလုံးများကို မကြားသော၊ နားမလည်ရှာသော မျက်ဝန်းများနှင့် ကိုမိုးစွေက စိုက်ကြည့်နေလေသည်။

"ပန်းဝေသီရယ်"

ကိုမိုးစွေ၏ ရင်တွင်းမှ တမ်းတသံကိုလည်း ပန်းဝေသီ မကြားသာ...

သူ စိတ်ဝင်စားခဲ့မိသော သူ တမ်းတနေသော သူ စွဲနေသော မိန်းမလှလေးသည် အခု သူ့ရင်ခွင် ပရဝုဏ်မှာ နီလုံ့လာနေသည်၊ အိပ်မက်များလား၊ အိပ်ရာမှ အကြီးမှီနိူးခဲ့၍ စွဲလမ်းတာတွေ စိတ်ကူးယဉ်နေခြင်းလားဟု စမ်းစစ်ရသည်။

မယုံနိုင်စရာ မဖြစ်နိုင်စရာ သမုဒယ ဇာတ်လမ်းတစ်ပုဒ်သည် တကယ်ပင် ဖြစ်တည်လာခဲ့ချေပြီ။

ကျောက်ဖားမှ ထွက်ပြီး အထက်ကျောက်ကြမ်း၊ အောက်ကျောက်ကြမ်း၊ ဝွေးပင်၊ စခန်းကြီး၊ ကာပိုင်၊ ကင်းရွာ၊ ညောင်ပင်သာ၊ ကျဲအေး၊ အုန်းတန်း၊ ကျောက်လှည်းဘီး စသော...စခန်းများ၊



www.burmeseclassic.com

www.burmeseclassic.com



ရွာများကို ဖြတ်သန်းလာပြီး သပိတ်ကျင်းလမ်းခွဲရှိ ဝါးဖြူတော ဖော့တောမှာ ထမင်းစားကြသည်။

အဘမြဒင်နှင့် ကိုမိုးစွေတို့ချင်း မသိကျွမ်းကြ၊ နှုတ်ဆ ခြင်း မရှိ...

မြ-ထမင်းဆိုင်မှာ လူရှင်းနေသော်လည်း ကိုမိုးစွေ ပန်းဝေသီတို့ကတစ်ဝိုင်း၊ ဒေါ်ခင်မှီနှင့် ဦးမြဒင်တို့ကတစ်ဝိုင်း စားသော ကြလေသည်။

"အဘမြဒင်ဆိုတာ တမျိုးပဲ"

ပန်းဝေသီတို့ကို ကြည့်နေသော သူ့မျက်ဝန်းက စူးရှထ မြက်လိုက်...ရီမှုန် ဝေသီလိုက်နှင့် ခံစားမှုတွေ ဖြစ်ထွန်းနေ ယောင်ယောင်...

"အဘကြည့်ရတာ တစ်စုံတခု ငါ့ကိုလျှို့ဝှက်ထားသလိုပဲ ထောင်ထွက်လို့လဲပြောတယ်..ငါ့ကို မသမာစိတ်နဲ့များ လှည့် ခေါ်ဆောင်လာတာလား..."

"အို..မဖြစ်နိုင်ပါဘူး..ဒီအဘိုးကြီး အတွေးကြီးလော ကိုတော့ ကိုမိုးစွေတစ်ယောက်တည်းနဲ့ ဖြေရှင်းနိုင်မှာပါ ငါ့အ ခဏာတာလုံခြုံမှုအတွက် ကိုမိုးစွေက ကာကွယ်ပေးမှာပါ"

ဆိုသော အားကိုးစိတ်အတွေးများနှင့် ပန်းဝေသီကို သာကြည့်နေသော ဦးမြဒင်နှင့် အကြည့်ချင်းမဆုံဖြစ်အောင် ဝှမ်း လိုက်ရသည်။





"ဟင်...ဝပြီလား..နည်းနည်းလေး စားပါလား... အားမကောင်းဘူးလား ဟင်"

"ကောင်းပါတယ်...ညက အိပ်မရလို့လားမသိဘူး... ခေါင်းတွေနောက်ပြီး စားချင်စိတ်လဲ မရှိလို့ပါ..."

"ညက အိပ်မရရုံ မဟုတ်ဘူး...တညလုံး ငိုထားတယ် မဟုတ်လားဟင်...မျက်ခွံလေးတွေမို့ပြီး မျက်လုံးတွေလဲ နီလို့ ကွယ်..."

အကြင်နာများစွာဖြင့် စိမ်နှစ်ထားသော စကားသံများ...

"ပန်းဝေသီ"

"ဟင်"

"မန္တလေးဟာ မြန်မာပြည်ရဲ့ အလယ်ဗဟိုက ဒုတိယ မြို့တော် သ...အဲဒီကနေ မြန်မာပြည်အရပ်ရပ်ကိုသွားလို့ရတဲ့ လမ်းခွဲပေါင်း များစွာ ရှိနေပါတယ်"

သူ ဘာဆိုလိုမှန်းမသိ၍ သူ့ကို ကြည့်နေမိသည်။

"အဲဒီ လမ်းခွဲမြို့ကိုရောက်ရင် ပန်းဝေသီ ကျွန်တော့်ကို လမ်းခွဲသွားမှာ မဟုတ်လားဟင်"

ပန်းဝေသီ သက်ပြင်းတချက် ရှိုက်လိုက်သည်။

"လမ်းခွဲမရောက်ခင် ကျွန်တော် သိချင်တာလေးတွေ ပြော ပါလားဗျာ"

လမ်းခွဲမြို့မှာ လမ်းပျောက်နေရတဲ့အဖြစ်ဆိုတာ သူ မသိ



www.burmeseclassic.com

www.burmeseclassic.com



လေခြင်း။ ပန်းဝေသီအတွက် ရွေးစရာလမ်းမရှိ၊ သွားစရာလမ်း မမြင်

"အို...မျက်ရည်တွေ ကျလာပြန်ပြီ...ဘာလို့ ငိုတာ ကွယ်"

ပန်းဝေသီ ခေါင်းခါပြတော့...

"ပဟေဠိ ဆန်လွန်းတဲ့ ပန်းဝေသီရယ်...ကျွန်တော့် ရင်ထဲမှာ ဝေဒနာမျိုးစုံကို တပြိုင်တည်း ဖြစ်ထွန်းစေချင်တာလား ကွယ်"

"မဟုတ်ရပါဘူး ကိုမိုးစွေရယ်... ပန်းဝေသီလေ... ပန်းဝေသီ ဘာပြောရမှန်းလဲ မသိဘူး...ဘာလုပ်ရမှန်းလဲ မသိ ဘူး..ဘယ်သွားရမှန်းလဲ မသိတော့ပါဘူးရှင်"

"ဟာ...ဟာဗျာ...မငိုပါနဲ့...ကျွန်တော့်စကား အတွက် ကျွန်တော်တောင်းပန်ပါတယ်...ကဲ..လာလာ.. ကား တက်ရအောင်ပါ...ကားထဲမှာ ဘယ်သူမှမရှိဘူး.. ထပါကွယ်"

တင်းပြည့်နေသော လက်မောင်းလေးကို မထိရဲ ထိရဲ ကိုင်ပြီး" ဖေးမ တွဲခေါ်ရသည်။

သူ့ဘောင်းဘီအိတ်တွင်းမှ ရာတန်တစ်ထပ်ကို ထုတ် တစ်ရွက်ကို စားပွဲပေါ်ချခဲ့လျက်...

"ဗိုက်တာ ဟိုစားပွဲဝိုင်းကို အမ်းလိုက်ပါ"

ဟု အမြန်ပြောပြီး ပန်းဝေသီကို ဦးဆောင်တွဲခေါ်လာ ကားပေါ်သို့ ပြန်တက်ခဲ့ကြပါတော့သည်။





ဦးမြဒင်နှင့် ဒေါ်ခင်မိုတို့နှစ်ယောက်သည် စားပွဲပေါ်မှ တာ်နက်ကို စိတ်မဝင်စားကြ။ အရေးကြီးလွန်းသော အကြောင်းအရာ စ်ခုကို တိုင်ပင်နေကြောင်း သူတို့၏ မျက်နှာများက ဖော်ပြနေ ကြတော့သည်။

ကား ပြန်လည်၍ ထွက်ခွာပါပြီ...

မြန်မာပြည်၏ တောင်ပေါ်မြို့များစွာအနက်မှ အကွေ့ ဆိုက်အများဆုံးမြို့ဟုပင် ထင်ပါသည်။ တော်ရုံ ယောက်ျားများ ပင် ဝေအော့အန်တတ်ကြပါသည်။ ကား"တောက်"တတ်သော မိန်းမ မှာမူ အလူးအလဲပင် ခံစားကြရရှာသည်။

အင်ပင်ကြီးများ၊ ကျွန်းပင်ကြီးများ၊ သစ်အယ်ပင်၊ ဝါးပင် မြင့်ကြီးများဘေးမှာ ဖောက်လုပ်ထားသော တောင်စောင်းလမ်း တိုင်း ကွေ့ကာ၊ ပတ်ကာ၊ ဝေ့ကာဝိုက်ကာမောင်းနေသော တောင် ာင်းတောင်ဆင်းလမ်းမို့ ပန်းဝေသီမှာ သတိနှင့်ကိုင်ထားလျက်က မိုးစွေဘက်သို့ ယိမ်းမိ...ယိုင်မိရပါ၏။

"ဟိုမှာ...ကြည့်စမ်း ပန်းဝေသီ...သပိတ်ကျင်းလမ်းခွဲ ...အဲဒီအတိုင်း မိုင်ခြောက်ဆယ်ခရီး ဆက်သွားရင် ဧရာဝတီ မြစ်ကမ်းဘေးကို ရောက်နိုင်တယ်"

"ဟုတ်ကဲ့"

အင်အားမဲ့သော ထောက်ခံစကားကို ဆိုရသည်။

မြန်မာပြည်မှာ လမ်းခွဲများစွာရှိနေပါသော်လည်း ပန်းဝေသီ

www.burmeseclassic.com



အတွက် သွားစရာ ပြန်စရာ လမ်းမရှိပါလားကွယ်။

မျှစ်ချဥ်ကောင်းကောင်းများ ပေါသော ဝါးဖြူတောင်မှထွက် ပြီး ရေရိက်ကွင်း၊ ချောင်းကြီး၊ နွယ်ရုံ၊ ပြီးတော့ မန္တလေး မိုးကုတ်လမ်း၏ စခန်းတစ်နေရာဖြစ်သော "လက်ပံလှ"သို့ ရောက်ရှိခဲ့ကြသည်။

ကားပေါ်က မဆင်းသော ပန်းဝေသီအတွက် လီမွန်ဘာ ပုလင်းကို ကိုမိုးစွေကိုယ်တိုင် ဝယ်မို့ပေးရာသည်။

"သိပ်ညောင်းနေမယ် . . . ခဏဆင်းပါဦးလား ဟင်"

မဆင်းချင်သော်လည်း မငြင်းချင်၍ ကားပေါ်မှဆင်းလိုက် ရသည်။ ခရီးသည်တို့၏ ပစ္စည်းများက ခြေနင်းခုံမှာ ပိတ်ဆို့နေ၍ ပန်းဝေသီ၏ အဆင်းလမ်းကို ကိုမိုးစွေက လှမ်းကြိုတွဲခေါ်သည်။ မြင်ကွင်းကို တအံ့တသြကြီး ကြည့်နေသော မော်တော်ဆိုင်ကယ် နှင့် လူငယ်နှစ်ယောက်။

သူတို့ကို ကိုမိုးစွေနှင့် ပန်းဝေသီတို့က မြင်မှာစိုး၍ ထမင်းဆိုင်အကွယ်သို့ ဝင်လိုက်ကြပြီး ကိုမိုးစွေ၏ အပြုအမူကို သူ့ စိတ်ဝင်စားခြင်းကြီးစွာ စောင့်ကြည့်နေကြသည်။

ပန်းဝေသီအတွက် အကြင်နာတွေ ပေးဝေရင်း စိုးရိမ်စိတ် တွေ လွှမ်းကဲနေရသော ကိုမိုးစွေမှာ ထိုသူနှစ်ယောက်ကို မမြင် မတွေ့လိုက်မိပါချေ။

"အဲဒီကနေ သွားရင်လဲ စဥ့်ကူးကို နှစ်မိုင်ပဲဝေးပါတယ် ပန်းဝေသီ"





လမ်းခွဲတစ်နေရာကို ငေးမျှော်ရင်း ပန်းဝေသီတို့မှာ လက် ပံလှမှ ထွက်ခဲ့ကြရပါတော့သည်။

ရွှေပြည်-ညောင်ဝန်းနှင့် ရေနံ့သာတို့ကို ကျော်ဖြတ်ပြီးချိန် ၌ မန္တလေးမြို့တော်နှင့် ၁၇ မိုင်မျှသာ ဝေးကွာသော မတ္တရာမြို့ ကို မြင်ရပါပြီ။

"မတ္တရာပြီးရင် မန္တလေးပဲနော် ပန်းဝေသီ"

"လေးနာရီတောင် မထိုးသေးဘူး . . . စောသားနော်"

"အဆင်းလမ်းမှာ ကားအဆင်ပြေရင် ဒီထက်တောင် စော ဦးမှာပါသေးတယ် . . . ဒ်မှာ ပန်းဝေသီ . . ."

"ရှင် . . ."

"ကျွန်တော် ပြောတဲ့လမ်းခွဲမြို့ကို ရောက်တော့မယ် . . . ပန်းဝေသီ ရန်ကုန်ကို ပြန်မှာလားဗျာ"

"ဟင့်အင်း"

"ဒါဖြင့် ဘယ်လမ်းခွဲကို သွားမှာလဲကွယ်"

အမေးစကားကို စကားဖြင့် မဖြေကြားဖြစ်။ အဖြူရောင် မျက်ရည်ဥတို့သည်သာ ပန်းဝေသီ၏ ပန်းနု ရောင်ပါးပြင်ပေါ်မှာ လိမ့်ဆင်းလာသည်။

"အို . . . ပန်းဝေသီရယ်ဗျာ"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ဂေဟာတွင် ပန်းဝေသီ ပျောက်ဆုံးနေကြောင်း နောက်တစ်နေ့နံနက် ကိုးနာရီကျော်မှ သိခွင့်ရကြသည်။

ပန်းဝေသီ၏ တီထွင်ချက်က အောင်မြင်သား။ အိပ်ခ… တံခါးကို အတွင်းမှ ကန့်လန့်မထိုး၊ စေ့ရုံစေ့ထားပြီး ခုတင်ပေါ်… ခြေတင်အုံးနှင့် ခေါင်းအုံးအပိုကို ခပ်လျားလျားထားပြီး အပေါ်… ဂွမ်းစောင်ကြီး ခြုံပေးထားလိုက်တော့ လူပုံသဏ္ဌာန်ဖြစ်လာသည်…

ပန်းဝေသီ အိပ်နေတယ်ပေါ့…

ဘယ်သူမှ မနှိုးကြ။ ကိုးနာရီထိုးမှ ဇာနည်သန့်က … တင်းတင်း အခန်းတွင်း ဝင်နှိုးလိုက်တော့…

"ပန်းဝေသီ မရှိတော့ဘူး"





"သူ့ အဝတ်အစားသေတ္တာပါယူပြီး ထွက်ပြေးသွားပြီ"

ဆိုသော သတင်းက ချမ်းမြေ့ဂေဟာအတွင်းမှာ တမဟုတ်ချင်း ပျံ့နှံ့၏။

"အို…ဘာဖြစ်သွားလို့ပါလိမ့်"

"ဖြစ်မှဖြစ်ရလေ…ဘယ်လို ဖြစ်သွားပါလိမ့်"

ဟူသော အံ့ဩမှု အာမေဍိတ်သံများက လူတိုင်း၏ ပါးစပ်များမှ တစ်ယောက်တစ်မျိုးစီ ထွက်ပေါ်လာတော့သည်။

ပန်းဝေသီ ဘာကြောင့် ထွက်ပြေးသွားရသည်ဟု သိသူမှာ ဇာနည်သန့် တစ်ယောက်တည်းသာ ရှိလေသည်။

သူကလည်း သူ့အကြောင်းကို ဖွင့်ပြော၍ မဖြစ်သေးသဖြင့် အားလုံးနှင့် ရောနှော၍ မသိသလိုသာ နေလိုက်တော့သည်။

"ကျွန်တော့်ညီက သူ့ သမီးလေးကို သိပ်ချစ်တာ…ဒီအိမ်က ပျောက်သွားတယ်ဆိုတော့ ကျွန်တော်တို့မှာလဲ တာဝန်ရှိတယ်…ဆရာစက္ကူ နည်းနည်းပါးပါး တွက်ချက်ကြည့်စမ်းပါဦး"

ဦးမျိုးခန့်က ဆရာစက္ကူကို ယုံကြည်စိတ်ချစွာ ပူးပေါင်းထားပြီးမို့ ဖြစ်ပျက်သမျှကိစ္စကို တင်ပြလိုက်သည်။

ဆရာစက္ကူသည် မျက်နှာတချက် ပျက်သွားသော်လည်း စာရွက်ဖြူတစ်ရွက်နှင့် ပတ်ကားဘောလ်ပင်နကို ထုတ်ပြီး…

"ပန်းဝေသီရဲ့ ခု နေ့ ပြော"

"ဇာနည်…သား သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးခန့်၏အမေးကို ဇာနည် မဖြေဖြစ်မီ ခေါင်ငြိမ်းငြိမ်းထွေးက···

“သူ ဘယ်လိုလုပ်သိနိုင်ပါ့မလဲ···ကျောင်းအပ်တာတောင် မှန်းပြီး အပ်ခဲ့ကြရတာပဲဟာ”

ဆရာစက္က ကြောင်သွားသော်လည်း ဤအိမ်၏ မိသားစု အားလုံးက သိထား နားလည်ကြပြီးသားမို့···

“ကဲဗျာ··· တွက်မနေပါနဲ့တော့···ဘာပဲဖြစ်ဖြစ် ရဲစခန်း တော့ တိုင်ထားမှ ကောင်းမယ်ထင်တယ် · · ·ဘယ်လိုသဘောရ သလဲ ဇာနည်”

“ကောင်းပါတယ်···ဒါ လုပ်သင့်တာလဲ···သူ့ မန္တလေး ကို ဆင်းမယ်ထင်တယ် · · ·ကျွန်တော်လဲ ပြန်မယ်ဘာဘ · · · မန္တလေးရောက်ရင် အိမ်ကို ဖုန်းဆက်မေးမယ်···ရန်ကုန်များ ပြန် ပြေးသလား မသိဘူး”

“မဖြစ်နိုင်ဘူး ထင်တယ်···သိပ်လိမ္မာတဲ့ ကလေး··· ဘာကြောင့်များ ထွက်ပြေးသွားရတာလဲ···ဇာနည့်ကို ဘာပြောသွား သေးသလဲ”

“ဇာနည် ဘာမှမသိဘူး ဘာဘ”

ပန်းဝေသီ ထွက်ပြေးသွားခြင်းမှာ “သူ့ကြောင့်”ဟု ဇာနည်သန် သိပါ၏။ နှမြောခြင်း၊ စိုးရိမ်ပူပန်ခြင်းများ ဖြစ်တွေန်းမိပါ သော်လည်း အသည်းနှလုံးမှာ ထိခိုက်လိုက်အောင် မခံစားရ···





ပန်းဝေသီမှာ ချစ်စရာကောင်းသူမို့ ချစ်သည်။ လက်ထပ် သင့်သူမို့ လက်ထပ်လိုသည် မှန်ပါသော်လည်း အသည်းနှလုံးထဲ မှ နက်နဲလှိုက်လှဲသော ခံစားမှုမျိုး မဖြစ်တွေန်းမိ။ ရည်းစားပေါင်းက လည်း များစွာလေ···

ထိုနေ့အဖို့ ချမ်းမြေ့ဂေဟာ၏ နေ့စဉ်ဆောင်ရွက်ဖွယ် ဝတ္တရားများကို ချန်လှပ်ထားကာ ပန်းဝေသီ ရှာဖွေရေးကိစ္စများကိုသာ ဆောင်ရွက်နေကြတော့သည်။

ဦးချမ်းမြေ့၏ ဝိဉာဉ်ပူးကပ်သည်ဆိုသော ဆရာစက္က၏ စွမ်းဆောင်ချက်ဖြင့် ဦးမျိုးခန့်တို့ အကျိုးရှိလှပြီ။

ယနေ့လည်း သူ့ ဟောကိန်းအရ ပြောင်ခေါင်းစိမ်းရွာမှ ဦးစိုးသာ ပေါင်နှံထားခဲ့သော ကျောက်ပွင့်များနှင့် ရှေးရှေးလက် ကောက်ကွင်းတကွင်းကို ရှာဖွေတွေ့ရှိထားသဖြင့်···

ဦးစိုးသာထံ သွားပြီး အကျိုးအကြောင်း အရင်ပြောမည်။ ငွေနှစ်သောင်းနှင့် ရွေးခိုင်းမည်။ သူ မရွေးနိုင်ခဲ့လျှင် ရောင်းစားခြင်း ဖြင့် အနည်းဆုံး တစ်သောင်းကျော်မျှ ရရှိလေမည်။

ယနေ့ ဤကိစ္စကို မဆောင်ရွက်ဖြစ်တော့။

ဘာပဲပြောပြော ဦးစက္ကသည် ဦးချမ်းမြေ့နှင့်ပတ်သက်ပြီး သိနိုင်လွန်းသူတစ်ယောက်ပါပေ။

သူ့စကားအတိုင်း မှန်နေသည်ကို အံ့ဩလွန်းဖွယ်ရာ တွေ့ရှိနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချမ်းမြေ့ရိပ်သာသို့ ခေါ်ထားပြီး အကဲခတ်နေသော်လည်း သူ ဘာတစ်ခုမှ မှတ်သားဖွယ်ရာ မဆောင်ရွက်ရှာပါ။

ညဘက် အိပ်ခါစအချိန်မျိုးမှာ မိုးထက်ဝက် အိပ်မက်လိုလိုဖြစ်လာပြီး အခုပြောသမျှ ကိစ္စတွေကို တိတိကျကျ ပြန်ပြောလာနိုင်ခြင်းတစ်ခုသာ ရှိလေသည်။

လူအားလုံးအပေါ်၌ အယုံအကြည် နည်းတတ်သော ဦးမျိုးခန့်သည်ပင်လျှင် ဆရာစက္ကု၏အဖြစ်ကို လက်ခံလာသည်။ ယုံကြည်လာမိသည်။

သူပြောသမျှ အားလုံးသော အားလုံးတို့မှာ အမှန်ချည်းဖြစ်နေသဖြင့် ဆရာစက္ကုသည် ယုံကြည်ထိုက်သောသူတစ်ယောက်ဖြစ်ကြောင်း ဦးမျိုးခန့် လက်ခံပါသည်။

သို့ပါသော်လည်း...

တချိန်ချိန်တွင် သူသိသမျှကို ပြန်မပြောပါနှင့် ဤတိုက်ကြီးအတွင်းမှာ သူဟာသူ ဖွင့်ယူသွားမှာလည်း စိုးရိမ်ရသေးသည်။

ဥပမာ လူ့ရန်မှာ ရှယ်စုးထားသော ရွှေငါးကျပ်သားကို ဘုရားကျောင်းဆောင် အံဝှက်အတွင်းမှ ထုတ်ယူရသည့်အဖြစ်မျိုး။

ယခုအချိန်ထိ ဦးမျိုးခန့် အသည်းအသန် လိုချင်နေသော ကြေးနီသေတ္တာလေးကို ရှာမတွေ့နိုင်သေး။

ဆရာစက္ကုသည် သူ့ကို ဘာမှပြန်မပြောပါပဲနှင့် ရတနာများစွာကို တိတ်တဆိတ် ရှာဖော်ထုတ်ယူပြီး ထွက်ပြေးသွားမှာ





စိုးရိမ်ရ၍ ဆရာစက္ကုကို မျက်စိအောက်မှ လုံးဝအပျောက်မခံဝံ့။

ပန်းဝေသီ ပျောက်ဆုံးပြီး နောက်တစ်နေ့ နေ့လယ်တွင် မော်တော်ဆိုင်ကယ်နှင့် လူငယ်တစ်ယောက် ချမ်းမြေ့ဂေဟာသို့ ရောက်လာ၍...

"ဟယ်...မောင်မောင်ဝင့်ပါလား"

အောင်နန်းရိပ်သာမှ သူဌေး ဒေါ်ဒေါ်ဒန်၏ သားကြီးကို ဒေါ်ငြိမ်းငြိမ်းထွေးက ကြိုဆိုသည်။ ဆရာစက္ကုနှင့် ဦးမျိုးခန့်တို့လည်း ဧည့်ခန်းတွင် ရှိကြ၏။

ဇာနည်သန့်တော့ မန္တလေးသို့ ဆင်းသွားလေပြီ။

"ထိုင်...ဘာကိစ္စများပါလိမ့်...မလာစဖူး"

"ဒီအိမ်က မိန်းကလေး ပျောက်သွားတဲ့ကိစ္စကို အားလုံးသိနေကြပြီထင်တာ...ဦးလေးဒွေးလာမှ လိုက်ရှာနေကြတယ်...ရဲတိုင်ထားတယ်ဆိုလို့ ကျွန်တော် လာပြောတာ"

"မောင်မောင်ဝင့် သိလို့လား"

"ဟုတ်ကဲ့...ဦးလေး...ကျွန်တော်ကိုယ်တိုင် လက်ပံလှမှာ တွေ့ခဲ့တာ"

"ဟင် ဟုတ်လား... ပန်းဝေသီကို မောင်မောင်ဝင့်သိတယ်ဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်လေးငြိမ်း...သူ့ကိုလဲ တွေ့ဖူးတယ်...ကိုမိုးစွေနဲ့ပါ တွဲတွေ့ရတော့..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ…ဘာ…ဘယ်လို"

ဒေါ်ငြိမ်းငြိမ်းထွေး အလန့်တကြားမေးလိုက်သည်။ မောင်မောင်ဝင့်က ဟန်ပါပါ ရယ်မော၍ လက်မှ သော့လေး လှည့်ပြီး….

"ဒေါ်လေးငြိမ်းသား ကိုမိုးစွေပဲ ကောင်မလေးကို ခိုးသွားတာလေ"

"အမယ်လေး…ဘုရား…ဘုရား…မဟုတ်ဘူး…မဖြစ်နိုင်ဘူး"

"ဒေါ်လေးကသာ မဖြစ်နိုင်နေ…ကားပေါ်က လက်ကလေးဆွဲခေါ်တာ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တာ…ပြီးတော့ နှစ်ယောက်ထိုင်ခုံမှာ ပူးပူးကပ်ကပ်ထိုင်ပြီး ပါသွားလေရဲ့ဗျာ"

"ဟာ…"

"ဟာ မနေနဲ့ ငြိမ်း…မင်းသား ခိုးသွားတာ အမှန်ပဲဖြစ်ရမယ်"

"အမှန်ပါပဲ…ခုလောက်ရှိ မန္တလေးမှာ လက်ထပ်ပြီးကြရောပေါ့"

"အမယ်လေး…"

ဒေါ်ငြိမ်းငြိမ်းထွေးမှာ ရင်ဘတ်ကို လက်နှင့်ဖိထားလျက် မျက်လုံးပြူး မျက်ဆံပြူးနေဆဲမှာ…

"ဘာ…အမယ်လေးလဲ…ဒါ သိပ်ဖြစ်နိုင်တဲ့ကိစ္စပေါ့





မင်းရဲ့သားက တခြားမှာနေတယ်…ပန်းဝေသီက ဒီအိမ်က ထွက်ပြေးသွားတယ်…သူတို့နှစ်ယောက် တွဲလျက် ကားပေါ်မှာတွေ့ရတယ်ဆိုတော့ ဘယ်လောက်သေချာလဲ"

"ကဲ…ကျွန်တော်ပြန်မယ်…အလကား ရှာနေကြမှာစိုးလို့ ကျွန်တော် လာပြောတာ"

"အေး…အေး…ကျေးဇူးပဲကွာ မောင်မောင်ဝင့်"

"ရပါတယ် ဦးလေး"

မောင်မောင်ဝင့်ကိုပင်လျှင် ဒေါ်ငြိမ်းငြိမ်းထွေး မနှုတ်ဆက်နိုင်တော့။

"သား…မိန်းမ ခိုးသွားပြီ"

"ခိုးတဲ့မိန်းမကလဲ…"

ဒေါ်ငြိမ်းငြိမ်းထွေး ဆက်မတွေးတော့။ ကြောင်နေသော မျက်နှာပြင်ပေါ်မှာ ချွေးသီး ချွေးပေါက်တို့ စီသီးလာသည်။

ဒေါ်ငြိမ်းငြိမ်းထွေး၏ နှလုံးသားတို့သည် ပူလောင်ခြင်းများနှင့် ဆတ်ဆတ် ခုန်လာတော့သတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းမြေသည် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကို တင်းတင်းကြိတ်လိုက်သည်။

"မြဒင်...မြဒင်...ငါ့ရဲ့ ကျေးဇူးတရားကိုမှ မထောက်တဲ့ ကောင်...တောက်"

တောမှော်ရွာဘက်မှ ခေါ်လာပြီး သူ့ကျောက်တွင်းလုပ်ငန်းမှာ အလုပ်သမားဘဝကစ၍ လုပ်လာခဲ့သော မြဒင်မှာ သစ္စာရှိသဖြင့် တဖြည်းဖြည်းနှင့် သူဌေးဦးချမ်းမြေ၏ အတွင်းရေးလူယုံတစ်ဦး ဖြစ်လာချိန်မှာ...

ဦးချမ်းမြေ၏ တစ်ဦးတည်းသော အချစ်ဆုံးသမီးထွေးလေး "ငြိမ်းငြိမ်းထွေး" နှင့် မေတ္တာမျှနေကြပြီဟု ကြားသိလိုက်ရ၍ အမှန်





ပစ်ချင်လောက်အောင် မုန်းတီးခဲ့ရသည်။ ငြိမ်းငြိမ်းထွေး အရင် မွေးခဲ့သော သားနှင့်သမီးကလည်း လကလေးအရွယ်ကပင် ဆုံးခဲ့ကြပြီ။

"မြဒင်...မင်းအပြစ်ကို မင်းသိသလား"

"ကျွန်တော့်မှာ ဘာအပြစ်မှမရှိဘူးလို့ ထင်ပါတယ် ဆရာ"

"ဟင်...ခွေးမသား...ငါ့သမီးကို မင်း ကြံတာ အပြစ် တတ်လားကွ"

"ကျွန်တော် မငြိမ်းကို မတော်တဲ့စိတ်နဲ့ ကြံစည်တာ လုံးဝ တတ်ပါဘူး ဆရာ...ရိုးသားစွာ မေတ္တာရှိတာ အပြစ်မဟုတ်ပါ

"ရိုးသားစွာ မေတ္တာရှိတယ်ဆိုပေမယ့် ငါ့သမီးကို မင်း ဆက်လုံး အလှထိုင်ကြည့်နေမှာလားကွ ဟင်...အခြေအနေ ရင် မင်း ပေါင်းသင်းမှာပဲ မဟုတ်လား"

မြဒင် ရင်ထဲမှာ ပြောစရာတွေက အနန္တ။ ဒါပေမယ့် ဘာ တစ်ခုမှ မပြောရဲခဲ့။

"မင်း ငါ့သမီးကို တကယ်ချစ်ရင် စွန့်လွှတ်ပေါ့...မင်းနဲ့ မတန်ပဲ"

ဘာမှ ပြန်မပြောတော့။ ဦးချမ်းမြေ၏ ချမ်းမြေ့ဂေဟာကို ခွာခိုင်းလာချိန်မှာ ကိုမြဒင်နှင့်အတူ မျက်ရည်များပါ ပါရှိလာခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ထိုအချိန်ကာလ၌ ချမ်းမြေ့ဂေဟာကို ကျောခိုင်းခဲ့ သည်မှာ အနှစ်နှစ်ဆယ်ကျော်မျှ ကြာရှည်သည့်အထိ။

အစ်မအရင်း ဒေါ်ခင်မိုးနှင့်အတူ တောမှော်ရွာသို့ ရောက်လာပြီး လယ်ယာအလုပ်ဖြင့်ပင် အသက်မွေးရန် ကြံစည် ဆောင်ရွက်နေဆဲမှာပဲ...

"ဟယ်...မငြိမ်း"

အထုပ်အပိုးများပိုက်ပြီး ချစ်သူနောက်သို့ လိုက်လာခဲ့ရ သော ငြိမ်းငြိမ်းထွေး။

အချစ်သည် ခွန်အား။ သတ္တိ၊ စွန့်လွှတ်နိုင်မှု၊ ဆုံးဖြတ် ခြင်း စသည်တို့ဖြင့် ဖွဲ့စည်းအပ်သောအရာ ဆိုသည်များကို ငြိမ်းငြိမ်းထွေ သက်သေပြခဲ့လေပြီ။

"မငြိမ်းရယ်...ကို ဝမ်းသာလိုက်တာ...ဒါပေမယ့် အိ ရာထဲမှာ နလုံးရောဂါနဲ့လဲနေတဲ့ မငြိမ်းရဲ့ မေမေကို ပစ်ထားခဲ့ ဖြစ်ပါ့မလား"

"အားလုံးကို စွန့်လွှတ်ချန်ရစ်ပြီး ကို့ဆီလိုက်လာတာ ပြီပဲကွယ်"

"ဒါဖြင့်လဲ ဘဝသစ်ကလေးတစ်ခု စကြပါစို့နော်...ကို ခွန်အား အားလုံးအသုံးချပြီး မငြိမ်းကို ပြုစုယုယ လုပ်ကျွေးပါမယ် ဗျာ"

○ ○ ○





BURMESE CLASSIC

ကိုမြဒင်နှင့် ငြိမ်းငြိမ်းထွေးတို့ ပေါင်းသင်းနေထိုင်၍ တစ်လ ည့်မီအချိန်မှာ...

"ဒေါ်အောင်မေ"က သူမသေခင် သူ့သမီးလေးကို တွေ့ ချင်တယ်လို့ တဖွဖွပြောနေတယ်။ ဒါကြောင့် မျှော်လင့်ချက်မရှိ တဲ့ လူနာရဲ့ဆန္ဒကို နောက်ဆုံးဖြည့်ဆည်းတဲ့အနေနဲ့ မငြိမ်း ခဲ့ပါ"

ဟူသော စကားများနှင့်အတူ ရောက်လာသူ ဦးလေး ပ ားကြောင့်...

"မငြိမ်း ဘာလုပ်ရမလဲ ရှင်"

"မငြိမ်း သဘောပါ...မငြိမ်း ကြိုက်သလို ဆုံးဖြတ်ပါ..



www.burmeseclassic.com

www.burmeseclassic.com



လိုက်သင့်တယ်ထင်ရင် လိုက်သာသွားပါကွယ်”

ဟု၍ ကြည်ကြည်ဖြူဖြူ လွှတ်လိုက်မိသည့်နေ့မှစ၍...

ကိုမြဒင်သည် သူ၏ချစ်လှစွာသော ဇနီးလေးကို ဘယ်သော

အခါမှ ပြန်လည်၍ ပိုင်ဆိုင်ခွင့် မရရှိရာတော့ပါ။

၀ ၀ ၀





ငြိမ်းငြိမ်းထွေး၏ မိခင်သည် အမှန်တကယ်ပင် နောက်ဆုံး အခြေအနေနှင့် အိပ်ရာပေါ်က မထနိုင်သည့် အဖြစ်ပါ။

ရုတ်တရက် မကွယ်လွန်...အဖိုးတန်ဆေးဝါးများ ဆရာကောင်းသမားကောင်းများနှင့် အစွမ်းကုန်ကုသနေသဖြင့် ငြိမ်းငြိမ်းထွေး ရောက်ပြီး တစ်လနှင့် ဆယ့်သုံးရက်မြောက်သောနေ့တွင်မှ မိခင်ကြီး ဒေါ်အောင်မေ ကွယ်လွန်ခဲ့ရသည်။

“ရက်လည်ပြီးရင်တော့ ပြန်မှပဲ”

ဟု၍ ခင်ပွန်းသည်ကို တမ်းတစိတ်နှင့် ကြိတ်၍ စိတ်ကူး နေပါသော်လည်း...

–“မေမေ စိတ်ပင်ပန်း လူနေမကောင်းဖြစ်ရချိန်မှာ ဒီသမီး



www.burmeseclassic.com

www.burmeseclassic.com



လေးကိုပဲ အားကိုးပါရစေ‥‥ဖေဖေနဲ့ ခဏလောက်နေပေးပါဦးနော်

ဟူသော ဖခင်ကြီး၏ တောင်းပန်စကားကို ငြိမ်းငြိမ်းထွေ
မငြင်းပယ်ရက်နိုင်တော့‥‥

နောက် အရက်နှစ်ဆယ်မျှ ထပ်ပြီးကြာခဲ့သည့်အချိန်မှာဖြ
ငြိမ်းငြိမ်းထွေးကိုယ်တိုင် မထနိုင်အောင် နေမကောင်း
ဖြစ်ရတော့သည်။

ဘာအစာမှ လုံးဝစားလို့မရ။ ဆီပါသည့် အစာကို အ
ပင်မခံနိုင်၊ တအော့အော့ တအန်အန်နှင့် ပင့်သည်းခြေရောဂါစွဲကပ်
ခဲ့လေပြီ။

ဖခင်က ခင်ပွန်းသည် ကိုမြဒင်ကို မကြည့်ဖြူ မကျေနပ်
၍ ချမ်းမြေ့ဂေဟာသို့ မှာ၍လည်းမဖြစ်။ မိမိကိုယ်တိုင်လည်း ခ
သွားနိုင်သော အခြေအနေမရှိ၍ အချိန်များစွာ ကြန့်ကြာသွားခဲ့
လေပြီ။

ထိုအချိန်တွင် ကိုမြဒင်မှာလည်း‥‥

ချစ်ဇနီးလေး ပြန်လာလျှင် အစစအရာ အဆင်ပြေမှုရှိ
ရန် အလုပ်ကိုကြိုးစားလုပ်ပြီး ငွေကြေးများရလာသောသည့်အခါ
အိုးခွက်ပန်းကန်လေးများကို စုဆောင်းနေရှာသည်။

"မြဒင်‥‥နင့်ဟာ ဟုတ်မှဟုတ်ရဲ့လားဟယ်‥‥မငြိမ်းထွေး
ပြန်မလာတော့အူး ထင်တယ်‥‥သူ့အဖေက အပြီးများ ခွဲလိုက်
လား"





အစ်မ ဖေါ်ခင်မို၏ စကားသည် ကိုမြဒင်၏ရင်တွင်းသို့
လောင်စာတစ်ခု ပစ်သွင်းလိုက်သည်သို့ပါ။ ရင်တွင်းမှ အညွှန့်လူစ
သောကမီးသည် ဟုန်းဟုန်းတောက်လောင်ရချေပြီ။

"အလွှာမတူသော အချစ်"

သည်အဖြစ်မျိုးသည် ရှေးဦး ပဒေသရာဇ်ခေတ်မတိုင်မီ ကပင်
ပေါ်ထွန်းခဲ့ဖူးသော ပြဿနာမျိုးမို့ ရိုးနေပြီဖြစ်သော အကြောင်း အရာပါ။

"ကိုဒါသနဲ့ မပတ္တာ"

"စောင်းသမားနဲ့ ဘုရင့်သမီးတော်"

စသည့် အကြောင်းရာမျိုးထက်တော့ ကိုမြဒင်နှင့် ငြိမ်းငြိမ်း
ထွေးတို့အဖြစ်က ပိုပြီး မခံနိုင်ပြားပါချေ။

အလုပ်ကို ကြိုးစားချင်သည်။ ကြိုးစားနိုင်ပါသော်လည်း
အခြေအနေက မပေး၍ ဝင်ငွေက မရှိတချက် ရှိတချက်။ မောင်နှမ
နှစ်ယောက်စာပင် ဝလင်အောင် အနိုင်နိုင်‥‥

"ကျွန်တော် မိုးကုတ်ကို လိုက်သွားဦးမယ်"

ချစ်ဇနီးသို့ တမ်းတစိတ်ဖြင့် လိုက်လာရသည့် ခရီးစရိတ်
ကိုပင် ချေးငှား၍ လာရရှာသည်။

"ငြိမ်းငြိမ်းထွေးတစ်ယောက် အတော့်ကို နေမကောင်း
ဖြစ်နေတယ်တဲ့"

ပုပန်ဖွယ်သတင်းက ဆိုးကြီးနှင့်သည်။

ကိုမြဒင်နှင့် လိုက်ပြေးသွားသည့်သတင်းကလည်း အရှယ်



www.burmeseclassic.com

www.burmeseclassic.com



မပြန့်ပွား၊ တရားဝင် အသိအမှတ်ပြုသော ညှော်ခံပွဲမျိုးသည်း မလု
ရ။ တရားရုံးတခုတွင် လက်မှတ်ရေးထိုးထားသည့် လက်ထပ်စာချု
တစ်ခုသာ ကိုမြခင်ထံတွင် ကျန်ရစ်၏။

ကိုမြခင် ချမ်းမြေ့ဂေဟာသို့ ဝင်နိုင်ရန် ကြံစည်ကြိုးစာ
နေဆဲမှာပင် ကိုမြခင်ထံသို့ ဦးချမ်းမြေ့ကိုယ်တိုင် ရောက်ရှိလာ
တော့သည်။

"ဖြစ်ပြီးတာတွေ ငါ ဘာမှမပြောချင်တော့ဘူး...မြခ
အခု သမီး သိပ်မကျန်းမာဖြစ်နေတယ်...ဒီမှာ ကုလို့မရဘူး...
မန္တလေးဆေးရုံကို ပို့ရမယ်...ဆေးဖိုးဝါးခ ထောင်ချီကုန်မယ်...
ငွေတံတားခင်းပြီး သမီးအသက်ကိုလုရမယ်...မင်းလဲ ကုနိုင်
မဟုတ်ဘူး...ငါ့ သမီးကို ငါ အဆုံးရှုံးမခံနိုင်ဘူးကွယ်...ဒီတော့

ယောက်ျားနှစ်ဦးလုံး၏ မျက်ဝန်းမှာ မျက်ရည်တွေ စိမ့်စိ
နေကြသည်။

"မင်း...မငြိမ်းကို တကယ်ချစ်ရင် သူ့အသက်ကိုကယ်
နိုင်ဖို့အတွက် ငါ့လက်ကို ပြန်အပ်ပါ...အဲဒါလဲ ငါ တကယ်ပြေ
တဲ့စကား...မယုံရင် ဒေါက်တာ ဆာကားကို မင်း စုံစမ်းကြည့်
တကယ်လို့ မင်း ပြန်ခေါ်ချင်ရင်လဲ ခေါ်သွားနိုင်တယ်...ငါ့သမီးအဖြစ်
ငါ စွန့်လွှတ်လိုက်မယ်...ငါ့ အကြောင်း မင်းသိတယ်နော်...သ
ကို ငါ တစ်သက်လုံးပြန်မကြည့်ဘူး...ကဲ...ဒါပဲ မြခင်"

ဦးချမ်းမြေ့ ထွက်သွားတော့ ကိုမြခင်မှာ ကျောက်ရုပ်





ရုပ်လို လှုပ်ရှားမှုမဲ့စွာ ကျန်ရစ်ခဲ့၏။

စိတ်ဆန္ဒအတိုင်းသာ လုပ်ဆောင်စတမ်းဆိုပါလျှင် ချစ်
ဇနီးကို ပွေ့ဖက်ပြေးရုံသာ...

နောက်ပိုင်းမှာ စုံစမ်းကြည့်တော့လည်း တကယ့်ကို ရောဂါ
သည်းနေရှာသည်။ မန္တလေးဆေးရုံသို့ ပို့ရန် ဇီစဉ်နေကြသည်ဟု
ကြားသိလိုက်ရသဖြင့်...

"ဦးချမ်းမြေ့လို ငါ မကုနိုင်ဘူး...ငါ့ အချစ်ရဲ့ အသက်
ချမ်းသာမှုအတွက် ငါ့ အသည်းနှလုံးကို စွန့်လွှတ်ရမှာပေါ့လေ"

ဟူသော အတွေးများ ဆုံးဖြတ်ချက်များဖြင့်...

မငြိမ်း...

**မင်းဖခင်နှင့် နေခြင်းသာလျှင် မင်းအတွက်**

**အကောင်းဆုံးဖြစ်မှာမို့ ကို...စွန့်လွှတ်ပေးပါတယ်..**

**မြခင်**

ဟူသော စာတစောင်ကိုပါ ဦးချမ်းမြေ့၏ တိုက်တွန်းစီစဉ်
မှုဖြင့် ရေးဖြစ်ခဲ့သည်။

သူချစ်သူသည် သူနှင့်အတူနေခြင်းဖြင့် ဆင်းရဲခြင်း၊ မပြေ
စုံခြင်း၊ ဒုက္ခရောက်ခြင်းများစွာနှင့် အတူနေရခြင်းမည်လေမည်။ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



စေတော့ နေပါစေတော့…ချမ်းသာပြည့်စုံခြင်းများဖြင့်သာ ဖွဲ့စည်းပါစေတော့…ဟူသော စေတနာများစွာနှင့် နောက်ဆုတ်ပြီးချိန်မှာ…

ကိုမြဖင်တစ်ယောက် သူ့ဘဝကို ရေစုံမျှောလိုက်လေတော့သည်။ ကြုံသလိုနေ၊ ကြုံသလိုလုပ်ပြီး ကြီးစားခြင်းကင်းမဲ့ စွာဖြင့် ဘဝကို ပေါ့ပေါ့တန်တန် ရင်ဆိုင်ပစ်လိုက်လေတော့သည်။

ငြိမ်းငြိမ်းထွေး၏ အသက်ကို တကယ်ပင် ငွေနှင့်ဆက်၍ လဲယူလိုက်ရလေသည်။

ဇနီးဆုံး၍မှ အပူမငြိမ်းသေးမီ၊ သမီး ဝေဒနာသည်းလာ၍ အပူမီးက ထပ်ဆင့်လာပြန်သည်။

ဖခင်တစ်ယောက်၏ ကြီးမားသော မေတ္တာသာမက… မိခင်၏ကိုယ်စားပါ ပြုစုရှာသော ဖခင်ကြီးအား ငြိမ်းငြိမ်းထွေး သနား မဆုံးနိုင်တော့…

ခင်ပွန်းသည်၏ စာကြောင့်လည်း စိတ်အားလျှော့ခဲ့ရပြီ…

မကျန်းမာခြင်းနှင့် ဆင်းရဲခြင်းတို့ ယှဉ်တွဲချိန်သည် လူ့လောက၏ ဒုက္ခအရောက်ဆုံးအချိန်ဖြစ်မည့် အကြောင်းကိုလည်း ငြိမ်းငြိမ်းထွေး ကောင်းစွာသိခဲ့ပြီ။

သည်လိုနှင့်…

လရင့်လာသော ကိုယ်ဝန်မှာလည်း "ကိုယ်ဝန်အဆိပ်သင့် ရောဂါ"ကြောင့် ခက်ခက်ခဲခဲ မွေးဖွားခဲ့ရသည်။

မွေးဖွားပြီးချိန်၌လည်း မကျန်းမာ…





တော်တော်နှင့်လည်း လူကောင်းပကတိမဖြစ်နိုင်သေးဟု ဆရာဝန်များက မိန့်ဆိုသည်။

ဦးချမ်းမြေ့ဘက်တွင်လည်း ရင်းရင်းချာချာမရှိ၊ ငြိမ်းငြိမ်းထွေးမှာလည်း ညီမသားချင်း အရင်းအချာမရှိ၍ ဤလူမမာနှင့် မွေးကင်းစ ကလေးကို ဘယ်လိုစီစဉ်ရမှန်းမသိအောင် ရှိနေရချိန်မှာ…

"ကျွန်တော့်သားလေးကို ကျွန်တော် ကြည့်ပါရစေ"

ဟူသော ခွင့်တောင်းချက်နှင့်အတူ ရောက်လာသော ကိုမြဖင်ကို စိတ်ဆိုးဆိုးနှင့်…

"ကြည့်ရုံမဟုတ်ဘူး…အဲဒီကလေးကို ခေါ်သွားရင်တောင် ငါက ကျေးဇူးတင်ဦးမှာ…"

"ကျွန်တော့်သားပဲဗျာ…ကျွန်တော်ခေါ်သွားလဲ ဖြစ်တာပေါ့"

"ဖြစ်ရင် ခေါ်သွားစမ်းပါကွာ…ဒီကလေးဟာ ငါ့သမီးကို နှိပ်စက်တဲ့ ကလေး…ငါ မလိုချင်ဘူး…မကြည့်ချင်ဘူး"

"အပြစ်မဲ့တဲ့ကလေးကို ဘာမှ အပြစ်ပြောစရာမလိုပါဘူး ကျုပ် ခေါ်သွားမယ်"

"အေး…ကြိုက်တယ်ကွာ…ရော့…ဒီမှာ ငွေတစ်ထောင်"

"မလိုပါဘူး…ကျုပ်သား…ကျုပ် မွေးနိုင်ပါတယ်"

သားဆိုသောဖောနှင့် ဒေါသအလျောက် ကောက်ချီ၍



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာခဲ့သော သားလေး···

ကလေးတစ်ယောက်ကို မွေးရ ကျွေးရမည့်ဒုက္ခ မည်မျှ ကြီးမားလှကြောင်း လက်တွေ့ကျမှ ကိုမြဒင် သိရပါလေပြီ။

ကလေးကိုဝိုက်ပြီး ပြန်လာရသလားဟူ၍ အစ်မနှင့် ခွေမိန်း များကလည်း မကျေနပ်ကြ။ သားလေးကို ကိုယ်တိုင် ပြုစုပိုက်ထွေးပြီး နို့ဗူးတိုက် မွေးနေရသဖြင့် ငွေရှာချိန် လျော့နည်းလာသည်။ ကလေးကို နို့မှုန့်ပင် မတိုက်နိုင်၊ နို့ဆီကိုပင် အလျှင်မီအောင် မနည်းတိုက်ကျွေး နေရ၍···

"သူ့ ဘိုးအေက သူဌေးကြီးပဲကွယ့်···ပိုက်ဆံလေး ဘာ လေးတောင်းဦးပေါ့"

"သူ့ဆီတော့ လက်ဖြန့်မတောင်းနိုင်ဘူး···ဒမြပဲ တိုက် မယ်ဗျာ"

"အေး···တိုက်···ဒမြတိုက်ပြီးတော့ပဲ မင်းသား မင်း ကျွေး···ကျုပ်တို့တော့ မကျွေးနိုင်၊ မထိန်းနိုင်တော့ဘူး"

အစ်မများနှင့် ကိုမြဒင်တို့ မပြေမလည်ဖြစ်နေကြချိန်မှာ··

"သားလေး နေမကောင်းရဲ့လား"

ဟူ၍ တဖွဖွမေးပြီး ခဏ ခဏတမ်းတနေသဖြင့် တခါ တည်းအပြတ်ရှင်းမှဟူသော ဆုံးဖြတ်ချက်ဖြင့်···

"ဟိုတုန်းက သမီး နေမကောင်းလို့ မပြောရက်သေးတာ ကလေးက မွေးကတည်းက ရောဂါပါလာတယ်ကွယ်···အထူး





သုနာပြုဆရာမတွေကလဲ ဂရုစိုက်ရှာပါတယ်···ဒါပေမယ့် ရက် သားလေးကတည်းက ဆုံးသွားရှာပြီ သမီး"

"အမယ်လေး သားလေးရဲ့"

ဟူသော အသံယဲ့ယဲ့လေးဖြင့်အော်ပြီး အားနည်းလွန်းနေ သိန်မို့ မေ့မြောသွားရှာသဖြင့် မနည်းပင် ပြုစုလိုက်ရသည်။

သည်နောက်ပိုင်းတွင်ဖြင့် ဦးချမ်းမြေ့၏ဦးဆောင်မှုကောင်း ခြင်းကြောင့် ငြိမ်းငြိမ်းထွေး၏ ကိုယ်ခန္ဓာ ဝေဒနာနှင့်အတူ စိတ်ဝေဒနာပါ တနေ့တခြား သက်သာလာခဲ့ရပါပြီ။

"ငါ့ သမီးကို မိုးကုတ်ကို ပြန်ခေါ်သွားလို့ မဖြစ်သေးဘူး"

ဟူသော စီစဉ်ချက်ဖြင့် မန္တလေးနှင့် ရန်ကုန်မြို့များတွင် သာ ငြိမ်းငြိမ်းထွေးကို အနေများစေခဲ့သည်။

တစ်နှစ်ဆိုသော ကာလကို ကျော်ဖြတ်ပြီးသည်နှင့်···

ငြိမ်းငြိမ်းထွေးအတွက် ဘဝသစ်တစ်ခု စနိုင်ရန် ဦးချမ်းမြေ့ စတင် ဖန်တီးတော့သည်။

သစ်တောအရေးပိုင်ကြီး၏သားကြီး သိပ္ပံဘွဲ့ရ "ကိုမျိုးခန့်"

ကိုမျိုးခန့်နှင့် နီးစပ်စေအောင် စီစဉ်လိုက်သည်နှင့်ပင် လှသော ချောသော မိုးကုတ်သူဌေးသမီးလေးကို ကိုမျိုးခန့် နှစ်ခြိုက် သွားတော့သည်။

အပျိုမဟုတ်ဘူး။ ကလေးတစ်ယောက် ရဘူးတယ်၊ ကလေးဆုံးပြီဆိုသော ကြေငြာချက်ကိုတော့ ကြိုတင် ထုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ကိုမျိုးခန့်၏ တွေဝေမှုကို မနှအင်အားက ချေဖျက်လိုက်သဖြင့် သားလေး တစ်နှစ်မပြည့်မီမှာပင် ကိုမျိုးခန့်နှင့် မငြိမ်းငြိမ်းထွေးတို့ လက်ထပ်ဖြစ်သွားတော့သည်။

"အရေးပိုင်သား . . . ဘွဲ့ရ အရာရှိကလေးနှင့် ငြိမ်းငြိမ်းထွေး လက်ထပ်လိုက်ပြီ"

ဆိုသော သတင်းသည် ကိုမြဒင်၏ အသည်းနှလုံးကို ကွဲအက်မှုကြေစေခဲ့ရုံမက ကိုမြဒင်၏ ဘဝကိုပါ စုံးစုံးနှစ်မြုပ်စေခဲ့ပါသတည်း။

၀ ၀ ၀





ကားမောင်းသည့်အလုပ် လုပ်နေချိန်ဖြစ်သော်လည်း အရက်သမား သူငယ်ချင်းနှင့်တွေ့လျှင် အရက်သောက်ဖြစ်သည်။ ဖဲသမား သူငယ်ချင်းနှင့်တွေ့လျှင် ဖဲဝိုင်းမှ မထဖြစ်။

သည်တော့လည်း အငှားပြေးကားမောင်းရသည့် အလုပ်က ထွက်လိုက်ရ၊ ပြန်မောင်းလိုက်ရနှင့် အလုပ်ကမမှန်။ ဝင်ငွေကလည်းသေမဟုတ်သဖြင့် အစ်မများက လုံးဝမကျေနပ်တော့။ သူ့ကို ကျေနပ်တိုင်း ကလေးကိုချည်း မပြီး ဆူကြိုရိုက်ကြလေတော့သည်။

"သား . . ငါ့သားလေး . . . အဖေ မကောင်းလို့ ငါ့သားလေး ဒုက္ခရောက်နေရတာ . . . သားအတွက် အဖေကြိုးစားမယ် . . သားလေး အဆင်ပြေပြေနေရအောင် အဖေ ကြံစည်ပါ့မယ်သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



အရက်ကလည်း မူးမူး...သားလေးအတွက်လည်း ယူကျုံး မရစိတ်နှင့် ထိုနေ့က ကိုမြဒင် ရှိုက်ကြီးတငင် ငိုမိပါတော့သည်။

အလုပ်က အဆင်မပြေ၊ သားငယ်လေးအတွက် ရင်မချမ်းမြေ့ရသော အချိန်များဖြစ်စေကာမူ ချစ်ဇနီးသည်လေး၏ အကြောင်းကိုဖြင့် မပြတ် နားစွင့်နေခဲ့မိသည်။

"ကိုမျိုးခန့်" နှင့် "ကိုမျိုးသန့်"ဟူ၍ ညီအစ်ကိုနှစ်ယောက်တည်းရှိလေသည်။ ညီကိုမျိုးသန့်က တက္ကသိုလ်မှ ဘွဲ့ရပြီး တက္ကသိုလ်မှာပင် ဆရာ ပြန်လုပ်သည်။ ညီ၏ ဇနီးကလည်း အသင့်အတင့်ချမ်းသာသည်။ အမည်က "ခင်ဖြူသွယ်" အင်းလျား လမ်းသွယ်ထဲ၌ခြံဝင်းနှင့် တထပ်တိုက်ကလေးတစ်လုံးနှင့် နေကြသည်...စသော သတင်းစကားများကိုပါ စွဲစွဲမြဲမြဲ မှတ်သားထားမိပါ၏။

ကားမောင်းခြင်းနှင့် အသက်မွေးရသော ကိုမြဒင်အတွက် အကွက်တစ်ခု ဆိုက်လာခဲ့သည်။

"ကားစီးလုံးတားပြီး မိုးကုတ်ကို တက်မလို့...ကျောက်ဝယ်ဖို့ငွေတွေ အများကြီးပါလိမ့်မယ်"

ဆိုသော သတင်းနှင့်အတူ ကိုမြဒင်တား၍ မောင်းနေသော ဂျစ်ကားကို လာ၍စီးလုံးတားသည်။

ဤတွင် ဖဲဝိုင်းမှာ တွေ့ခဲ့ရသော အပေါင်းအသင်းနှစ်ဦးက လာရောက် ချဉ်းကပ်သည်။

"ဒီတကွက်တော့ အာပိုင်ပဲကိုမြဒင်ရေ"





ဟူသော စကားနှင့် လာရောက်စည်းရုံးသည်၊

သတ်မှတ်ထားသော တောင်တက်လမ်းတစ်နေရာရောက် [illegible]အချက်ပေးဟွန်းတီးရမည်။ သူတို့က ဓမြတိုက်ကြမည်။ ကိုမြဒင်က [illegible]မသိသည့် အတုံးဒရိုင်ဘာတစ်ယောက်အဖြစ် သရုပ်ဆောင်ရ[illegible]

ကျောက်ကုန်သည်တို့ကို ယုံကြည်နိုင်းခြင်းဖြင့် ကိုမြဒင် [illegible] အမှုမပတ်စေရ။

ဓမြတိုက်၍ရသော ငွေထဲမှ သုံးပုံတပုံတိတိ ကိုမြဒင် အကျိုး[illegible]ခွင့် ရရှိစေမည်။ အနည်းဆုံး ငွေငါးသောင်းခန့်တော့ ရရှိနိုင်မည် [illegible]န်းထား၏။

ဤအစီအစဉ်ကို ကိုမြဒင် လွယ်ကူစွာပင် သဘောတူလိုက်[illegible]တော့သည်။

"သားလေး...အဖေ သားလေးအတွက် အဖေအလုပ်လုပ်[illegible]မယ်...ငါ့သားနဲ့ အဖေနဲ့ မန္တလေးပြောင်းပြီးအိမ်တစ်လုံး [illegible]သနဲ့ဝယ်နေကြမယ်...သားကိုထိန်းဖို့ ကျကျနနကလေးထိန်း[illegible]ယောက် အဖေရှာမယ်...ငါ့သားလေး ဇိမ်နဲ့နေရတော့မယ် သားရဲ့"

ကိုမြဒင်၏ အားတက်ဖွယ် မျှော်လင့်ချက်များကို သားလေး[illegible] ဘာမှသဘောမပေါက် နားမလည်နိုင်ရှာသေးပါ။

ကိုမြဒင်မှာဖြင့် သူ၏ မျှော်လင့်ခြင်းများနှင့်အတူ အားတက်[illegible]မြောက်နေရှာသည်။

သို့ပါသော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



ကိုမြခင်တို့ ထင်သလို မလွယ်ကူ...

ကျောက်ကုန်သည်တို့နှင့်အတူ သေနတ်တစ်လက်ပါရှိ
သည်ကိုဖြင့် သူတို့ လုံးဝ မသိကြ။

ချိန်းဆိုထားသည့် နေရာအရောက်တွင် ကိုမြခင်၏ အ
ပေးမှုကြောင့် သူ့မိတ်ဆွေသုံးယောက်ထွက်လာပြီး ဝိရိရွာတော
တစ်နေရာသို့ ခေါ်သွားနိုင်ခဲ့ပါ၏။

မမျှော်လင့်သောအချိန်တွင် ကုန်သည်သုံးယောက် အနက်
တစ်ယောက်က သေနတ်နှင့် ထုတ်ပစ်လိုက်သဖြင့် လုပ်သေနတ်
ကိုင်ဆောင်နိုင်သူတို့ ကစဉ့်ကလျား ထွက်ပြေး ရသည်ကို ကိုမြခ
ကြည့်မနေပဲ ကုန်သည်၏ လက်ထဲမှ သေနတ်ကို နပန်းလုံး၍ ဝင်
သူ့လက်တွင်းသို့ ရောက်ရှိလာချိန်မှာ...

ကျန်နှစ်ယောက်ကလည်း သူ့ကို ဝင်ရောက်တိုက်ခိုက်သ

"ဒိုင်း...ဒိုင်း...ဒိုင်း"

ဟူသော သေနတ်သံများ တရစပ်ပေါ်ထွန်းလာတော့သ
ကိုမြခင်တစ်ယောက် ကြောက်အားလန့်အားနှင့် သေနတ်မောင်း
တအားစွတ်ဆွဲပြီး တွေ့သမျှလူကို ထိုးချိန်ပစ်နေ၍...

ကျောက်ကုန်သည်တစ်ယောက် ဒဏ်ရာရသည်။

ကျန်နှစ်ယောက်က ပြင်းထန်သော ဒဏ်ရာများဖြင့် နေ
တွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြရာတော့သည်။

ဓမြူ လုယက်မှုနှင့် လူနှစ်ယောက်သတ်မှု စသော အ
လေးဆုံးသော အမှုများကို ကျူးလွန်ခဲ့သူ ကိုမြခင်အား...





"သေစား သေစေ"

"မသေမချင်း ကြိုးပေးသတ်စေ"

ဆိုသော စီရင်ချက်များ ချသည့်နေ့က...

"ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံ မိုက်ပြစ်ဒဏ်ကို
သက်ပေးပြီး ကျေကျေနပ်နပ် ဆပ်သွားပါ့မယ်"

"အစ်မတို့ကို နောက်ဆုံးအနေနဲ့ တစ်ခု တောင်းပန်ခဲ့ပါ
ရစေဗျာ"

"ကျွန်တော့်ရဲ့ သားလေးကို သူ့အမေဆီ ပြန်ပို့ပေးကြပါ
ဗျာ"

ဆိုသော မှာတမ်းများကိုသာ ဆင့်ကာဆင့်ကာ မှာပြီး ရိုက်
ကြီးတင်ငြိမ်း ဝိုင်းပို့ရင်း အချုပ်ကားပေါ်သို့ ပါသွားလေတော့သည်။

ထောင်ထဲတွင် အကြာကြီးနေရပြီးမှ လွတ်ငြိမ်းချမ်းသာ
ခွင့်များနှင့် တိုက်ဆိုင်၍လား မသိ။

သေစားသေစေအစား ထောင်တသက်တကျွန်းဒဏ်သို့
ပြောင်းပေးခဲ့သည်။

ဆိုးရွားလွန်းသော ကံကြမ္မာကို နာကျည်းစိတ်ဖြင့် ထောင်
ထဲ၌လည်း ခပ်မိုက်မိုက်နေခဲ့သဖြင့် ထောင်မှာလည်း ပြဿနာတွေ
ဆပ်တက်ခဲ့ရသဖြင့် ကိုမြခင်တစ်ယောက် ထောင်တွင်း၌ နှစ်ပေါင်း
များစွာ ကြာခဲ့ရခြင်းပါ။

ထောင်ထဲ၌နေရသော နှစ်များစွာအတွင်းမှာလည်း...

"ငါ့သားလေး"

ဆိုသော တမ်းတစိတ်က အချိန်ပြည့်ပင်



www.burmeseclassic.com

www.burmeseclassic.com



တခါတရံသာ ဒေါ်ခင်မှို ရန်ကုန်လာပြီး ထောင်ဝင်စာ
သဖြင့် အကျိုးအကြောင်း ဟိုတစ၊ သည်တစ သိခွင့်ရခဲ့ပါ၏။

သို့ကြောင့်သာ ထောင်မှလွတ်လွတ်ချင်း ကိုမျိုးခန့်
ကိုမျိုးသန့်၏ နေအိမ်ကို မေးမြန်းစုံစမ်းပြီး သားလေးများရှိနေမလား
သူတို့ ညီအစ်ကိုချင်းတော့ အဆက်အသွယ်ရှိကြမှာ···

ဟူသော အတွေးဖြင့် ကထိက ဦးမျိုးသန့်၏ ခြံနား
တရစ်ဝဲဝဲ လုပ်နေခဲ့မိခြင်း ဖြစ်လေ၏။

နောက်ဆုံး တွဲတေးဘက်မှ အသိဆီသို့သွား၍ အကူအ
တောင်းပြီး လမ်းစရိတ်ကို မရမက ရှာဖွေ၍ မိုးကုတ်မြို့သို့ ဦးမြ
တက်ခဲ့လေတော့သည်။

ကျွန်တော် ထောင်ကလွတ်ပြီး မကြာမီ လာမည်ဆိုသော
စာတစောင်ကို အောင်မြေဘုံသာ ဘုန်းကြီးကျောင်းမှတဆင့် အ
ဒေါ်ခင်မှိုထံသို့ ပို့လွှတ်ခဲ့သည်။

နောက်တပတ်မျှအကြာတွင် "ဦးမြခင်"တစ်ယော
မိုးကုတ်မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပြီး ဦးချမ်းမြေ
ဂေဟာရှေ့သို့ သွားရောက်ပြီး အိမ်ကြီးဆီသို့ မျှော်ကြည့်နေချိန်မှာ··

ပန်းဝေသီ ထွက်အလာနှင့် ကြုံကြိုက်ခဲ့၍ အနှစ်နှစ်ဆ
မျှ တမ်းတခဲ့ရသော သူ့သားကြီးနှင့် ပြန်လည်ဆုံဆည်းဖို့ ဖြစ်လာ
ပါတော့သတည်း။

၀ ၀ ၀





"ဒေါ်ငြိမ်းငြိမ်းထွေး"မှာလည်း···

ပထမဦး အရာရှိကလေးကတော်ဘဝနှင့် ရန်ကုန်မှာနေကြ
သည်။ ဦးချမ်းမြေ့က သမီးအတွက် တိုက်တလုံးငယ်ပေးရန် စီစဉ်
နေဆဲမှာပင်···

"ဖေဖေလဲ မိုးကုတ်မှာတစ်ယောက်တည်း···ငြိမ်းနဲ့လဲ
တကွဲစီ မနေသင့်ပါဘူး···ကျွန်တော်တို့ မိုးကုတ်ပြောင်းခဲ့ပါရစေ
ဒီက အလုပ်ထွက်ပြီး ဖေဖေနဲ့ပဲ စီးပွားရေးအတူ လုပ်ပါရစေလား"

ကိုမျိုးခန့်သည် ကိုမျိုးသန့်လို မဟုတ်။ ကိုမျိုးသန့်မှာ ပညာ
ကို တတ်နိုင်သည့်နည်းမျိုးစုံဖြင့် ရှာဖွေဆည်းပူးသည်။ အေးအေး
တည်ငြိမ်သည်။ လောဘ သဏ္ဍာရနည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးခန့်ကတော့ ထာဝရတက်ကြွနေတတ်သူ၊ သူ
တက်လမ်းအတွက်ဆိုလျှင် အချင်းချင်း၏ လည်ပင်းကိုနင်းပြီး တက်
သွားမည်ဆိုသည့် လူစားမျိုး။

သားမက်ဖြစ်သူ၏ စိတ်နေသဘောထားကို မကြိုက်ထ
သော်လည်း အကျင့်စာရိတ္တကိုဖြင့် ကျေနပ်မိသည်။

သောက်စားခြင်းမရှိ။ ဖဲရိုက်၊ ဂျင်လှည့်ဆိုသော လောင်
ကစား၌ ဝါသနာမထုံပေ။ အပေါင်းအသင်း အချင်းချင်းပေါ်မှာပင်
ပေးကမ်း အနစ်နာခံခြင်းမျိုးမရှိ။

ကိုယ့်တကိုယ်စာနှင့် ကိုယ့်မိသားစုအတွက်တော့ စီးပွား
ဖြစ်နိုင်မည့်လူမျိုး ဖြစ်ကြောင်း ဦးချမ်းမြေ့ တွက်ချက်မိ၍...

လက်ထပ်ကြပြီး နှစ်နှစ်နီးပါး ကာလအကြာမှာ ကိုမျိုးခ
နှင့် သမီး ငြိမ်းငြိမ်းဝေတို့ကို မိုးကုတ်မြို့သို့ပြောင်းလာစေခဲ့ပါ၏။

ကိုမျိုးခန့်နှင့် ဦးချမ်းမြေ့မှာ စိတ်သဘောထားချင်း အယူ
အဆချင်း တိုက်ဆိုင်လှသည် မဟုတ်သော်လည်း သားမက်ဖြစ်သူ
၏ လုပ်ရည်ကိုင်ရည် တော်မှုကြောင့် ဦးချမ်းမြေ့နှင့် ပြေလည်ကြ
ပါ၏။

အသက်ကလေး တဖြည်းဖြည်းရလာသည်နှင့်အမျှ ဦးချမ်းမြေ့
သည် ငယ်စဉ်က "ထက်"ခဲ့သော စိတ်တို့ကိုလျှော့ပြီး ဘုရား တရား
ဘက်သို့ အာရုံပိုရောက်လာခဲ့သည်။

သမီးလေးသည် သူ့အစီအစဉ်အတိုင်း တသဝေမတိမ်း





ခံရှာသဖြင့် သနားစိတ်ဖြင့် ရှိနေဆဲအချိန်မှာ...

တစ်နေ့တွင်...

ငြိမ်းငြိမ်းဝေတစ်ယောက် ရင်ကွဲထွက်တော့မတတ် သည်း
ည်းထန်ထန် ငိုကြွေးပြီး...

"သမီးရဲ့သားလေး တကယ်မသေပါဘူး...ဖေဖေ သိပ်
စက်တယ်...သမီးတို့ သားအမိကို ရက်ရက်စက်စက် ခွဲတယ်"

ဟူ၍ သမီး၏ အပြစ်တင်စွပ်စွဲသံကို ဦးချမ်းမြေ့မှာ ရင်
ချမ်းမြေ့စွာ ရင်ဆိုင်ခဲ့ရပါပြီ။

တောမှော်ရွာမှာနေသော ကိုမြဒင်တို့ အစ်မကြီးများမှတ
င့် တမင်အကြောင်းကြားနိုင်းလိုက်ခြင်းကြောင့် ငြိမ်းငြိမ်းဝေး
ဖြစ်မှန်အားလုံးကို သိရှိခွင့် ရခဲ့ပါပြီ။

"ဟုတ်တယ်သမီး...ဟိုတုန်းကတော့ သမီးကိုချစ်လွန်း
ဇောနဲ့ သမီးဆင်းရဲမှာစိုးရိမ်လွန်းတဲ့စေတနာနဲ့ ဖေဖေ ဆောင်ရွက်
ာပါ...ဖေဖေ မှားပါတယ်...သမီး ခွင့်လွှတ်ပါကွယ်..အခု
သမီး ဘာဖြစ်ချင်သလဲပြောပါ"

"သမီး ဘာမှမလိုချင်ဘူး..ဘာစည်းစိမ်ဥစ္စာကိုမှလဲ မမက်
ဘူး...သမီး လုပ်ချင်တာတစ်ခုတည်းရှိတယ်"

"ဘာလဲ သမီး"

"သမီးသားလေးနဲ့ သမီး အတူနေချင်တယ်"

မိခင်၏ မေတ္တာအားမာန်ကို ဘယ်သို့သောအင်အားကမှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ မမီနိုင်တော့...

"ဖေဖေ ခွင့်ပြုနိုင်ပါတယ် သမီး...တခုတော့ရှိ
နော်"

ဦးချမ်းမြေ့က စကား ရပ်လိုက်ပြီးမှ...

"မောင်မျိုးခန့်ကို ထည့်စဉ်းစားဦး...သူဟာ ပြီးပြီးပျော
ပျောက် လူစားမျိုး မဟုတ်ဘူး...ငါ့သမီးကိုလဲ အခု ဒုတိ
အိမ်ထောင် ထပ်ပြီးမပျက်စေချင်တော့ဘူးကွယ်...ဒီကိစ္စကို ေ
အေးအေးထား စဉ်းစားကြပြီးမှ ဖေဖေတို့ ဆောင်ရွက်ကြရအော
ပါ သမီး...သမီး စိတ်ချမ်းသာရပါစေမယ်ကွယ်"

ဘာလုပ်ရမည်ဟု မဆုံးဖြတ်ရသေးခင် ကာလများမှာလည
ဒေါ်ငြိမ်းငြိမ်းထွေးသည် ချောင်ကျလှသော တောမှော်ရွာကလေး
တိတ်တဆိတ်သွားပြီး ပစ္စည်းတွေပေး ငွေတွေပေး၊ ကလေးအတွ
လိုလေသေးမရှိအောင် ဝယ်ချမ်းပေးပြီး...

ကလေးနှင့် တွေ့ရချိန်တိုင်းမှ ရင်ခွင်တွင်းသို့ မြဲဝင်သ
မတတ် သားလေးကို တအားဖက်ပိုက်ရင်း မျက်ရည်အသွယ်သွ
နှင့် ငိုရှိုက်ခဲ့ရသည်က သားနှင့်ကြုံတွေ့ခွင့်ရသည့်အခါတိုင်းမှာပါ

ကိုမျိုးခန့်သည်...

စီးပွားရေးဘက်သို့ ဦးတည်ကာ အာရုံရောက်နေသည
နေ့သည်၏ လုပ်ရပ်များကို ဘာမှစိတ်မဝင်စား၊ ဂရုမစိုက်အ
နေသည့်၌ ဤမျှကြီးမားသော လျှို့ဝှက်မှုကြီး ရှိလိမ့်မည်ဟုလည





သူ မထင်၊ မတွေးမိ။

ကိုမျိုးခန့်၏ ရဲရင့်ပြတ်သားသော လုပ်ဆောင်ချက်များ
ကြောင့်လည်း အမှန်ကို ဖွင့်ဟ်မပြောရဲ...

နောက်ဆုံးတွင် သားလေး ထားရှိရာနေရာမှ သူကြီးကြီး
များနှင့်တိုင်ပင်ကာ ကလေးမရသဖြင့် လမ်းမှကောက်ရသော ကလေး
တစ်ယောက်ကို သားအဖြစ် မွေးစားကြမည်ဆိုသော အစီအစဉ် ကို
ကြိုကြိုတင်တင် ပိပိရိရိ ကြံစည်ဖြစ်ခဲ့ကြပါ၏။

"ကလေး ကျွန်မလက်ထဲရောက်ရင် ဘာမှလာပြီး မပတ်
သက်ကြပါနဲ့တော့နော်...ကျွန်မယောက်ျားသိလို့ မဖြစ်လို့ပါ...
ဘယ်နည်းနဲ့မှ သိလို့ မဖြစ်လွန်းလို့ပါ"

ဟူ၍ ကိုမြခင်၏ အစ်မများကို ငွေငါးရာပေးခဲ့ပြီး...

မိုးကုတ်-မိုးမိတ်သွား ကားလမ်းမကြီးဘေးမှာ ခြောင့်နေ
စေခဲ့သည်။

ကလေးကို လမ်းမပေါ်မှာထားပြီး သူကြီးကြီးများက တောင်
စောင်းကွေ့လေး အလယ်မှ စောင့်နေကြရ၏။

"သားလေး မေမေ လာခေါ်လိမ့်မယ် လိုက်သွားနော်"

ဟူ၍ ကလေးကို မှာကြားလျက် လမ်းမပေါ်၌ ချထားပြီး
စောင့်နေကြချိန်မှာ မိုး သဲကြီးမဲကြီး ရွာချပါလေတော့သည်။

မိုးရွာသွန်းမှုကြောင့် ချိန်းဆိုထားချိန်ထက် နာရီဝက်ကျော်
မျှ နောက်ကျပြီးမှ ကလေးရှိရာသို့ ရောက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းငြိမ်းထွေး၏ တီထွင်ချက်နှင့် လျှို့ဝှက်အကြံအစည်များကို ကိုမျိုးခန့် နည်းနည်းလေးမျှ မရိပ်မိခဲ့ . . .

ဝိဝိရိရိ ကြံစည်မှုကြီးမှာ လုံးလုံးလျားလျား အောင်မြင်ခဲ့ရပါတော့သည်။

"ငါ မှားခဲ့လို့ ငါ့မြေးလေးမှာ လေးနှစ်လောက် ဆင်းဆင်းရဲရဲ နေခဲ့ရရှာတယ်"

ဟူသော သနားစိတ်နှင့် နောင်တစိတ်များဖြင့် ကလေးကို ဦးချမ်းမြေ့ အလွန်အမင်း ချစ်ရှာလေတော့သည်။

နဂိုက ဖြူဖြူချောချော ကလေးလေးမှာ အကောင်းဆုံးသော အစားအစာ၊ အကောင်းဆုံးသော ပြုစုယုယမှုများကြောင့် သိပ်ချစ်စရာကောင်းလောက်အောင် ဖွံ့ထွားလာတော့သည်။

မိုးကုတ်တမြို့လုံးမှာလည်း ဦးချမ်းမြေ့၏ အရှိန်အဝါကြောင့် ဒေါ်ငြိမ်းငြိမ်းထွေး၏ အတိတ်ပောင်းတို့သည် မေးမှိန်ကွယ်ပျောက်ခဲ့ရလေပြီ။

ဒေါ်ငြိမ်းငြိမ်းထွေး ကိုယ်တိုင်ကလည်း ဖြစ်ပြီးသမျှကို ပြည်ဖုံးကားချထားရာမှ ပြန်လည်၍ မဖွင့်ချင်တော့။

"မွေးစားသား"

ဟုသာ အားလုံးသို့ ကြေငြာထားလိုက်တော့သည်။ အဖြစ်မှန်ကို ဖော်ထုတ်ရဲသည့် သတ္တိမရှိ။

သို့သော်လည်း . . .





ဒေါ်ငြိမ်းငြိမ်းထွေး မသိစေချင်ဆုံးသောသူက စတင်ရိပ်မိခဲ့လေပြီ။

"သာမန် မွေးစားသားတစ်ယောက်အပေါ်၌ သည်မျှမေတ္တာမကြီးမားနိုင် . . . အဘိုးကြီးကိုယ်တိုင်ကလည်း ကလေးကို အရေးပေးလွန်းသည်"

ဟူသော သံသယစိတ်ဖြင့် လူပါးကိုမျိုးခန့်၏ အရည်အချင်းရှိသော ကိုမျိုးခန့် စုံစမ်းလိုက်တော့ အဖြစ်မှန်အားလုံးကို သိခွင့်ရသွားလေတော့သည်။

ကိုမျိုးခန့် အကြောင်းစုံသိရသည့်အချိန်မှာ သမီးကြီး ဝသန်ကိုပင် မွေးဖွားခဲ့ပြီးလေပြီ။

ကိုမျိုးခန့်မှာ ဒေါ်သနှင့် ငြိမ်းငြိမ်းထွေးကိုပင် နင့်နင့်နဲနဲပြောဆိုပစ်လိုက်သည်။

ကိုယ့်အပြစ်မို့ ငြိမ်းငြိမ်းထွေး ကြိတ်၍ခံရသည်။ သူ့ကိုဘယ်လိုပင် ညှင်းပန်းပါစေ ရန်တုံ့မပြန်ပါ။

တခုတော့ရှိသည်။ သားကိုတော့ မထိနဲ့။

လင်မယားချင်း လိပ်ခဲတည်းလည်း ဖြစ်နေသည့်ပြဿနာများအတွင်းသို့ ကြားဝင်လာသူက ဦးချမ်းမြေ့ . . .

"မောင်မျိုးခန့်ပဲ စဉ်းစား . . . ဖေဖေတို့တော့ မှားခဲ့မိပြီ . . . ဖေဖေ့အနေနဲ့ ဒီသမီးနဲ့ မြေးတွေကို မစွန့်လွှတ်နိုင်ဘူး . . . ကြည့်ရှုစောင့်ရှောက်ရမှာပဲ . . . အမွေ ပေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စအတွက် ခွင့်မလွှတ်နိုင်ဘူးဆိုရင်လဲ မင်း သဘော အတိုင်းပဲ ဆုံးဖြတ်နိုင်ပါတယ်...သင့်တင့်တဲ့ ငွေကြေးကို ထော ကြေးသဘော တောင်းပါ"

ဦးချမ်းမြေ၏ စကားက ရှင်းနေသည်။ ဤအိမ်မှ ငွေ သောင်း၊ တစ်သိန်း စသည်ဖြင့် ယူကာ ဆင်းသွားရုံသာ။ သူ အမှ နာခံခဲ့ရသော ယောက္ခမ၏ အမွေ ငွေသိန်းပေါင်းများစွာကို စွန့်လွှ ဆုံးရှုံးရပေမည်။

စီးပွားရေးအတွက်ဖြင့် အိမ်ထောင်ရေးကို တွက်နေသော သားမက်၏ စိတ်ထားကို သိနားလည်နိုင်စွာဖြင့်...

"မောင်မျိုးခန့်အနေနဲ့သာ ဒီကိစ္စကို ခွင့်လွှတ်လိုက်နိုင်မယ် ဆိုရင် အားလုံး ဥမကွဲ သိုက်မပျက်နေကြရုံပဲပေါ့ကွယ်...ခွင့်လွှ နိုင်ပါစေလို့လဲ ဖေဖေ ဆုတောင်းပါတယ် သား"

ဟူသော ယောက္ခမကြီး၏ ပျော့ပျောင်းပြေပြစ်သော စကားများနှင့် သူ့ တဘဝစာအတွက်တွေးပြီး ဤအိမ်မှ ခွဲထွ မသွားရန် ကိုမျိုးခန့် ဆုံးဖြတ်လိုက်လေတော့သည်။

"သား...ခုလို ဆုံးဖြတ်လိုက်တဲ့အတွက် အားလုံးကောင်း ဖြစ်သွားလို့ ဖေဖေ ဝမ်းသာတယ်...ကျေးဇူးလဲ တင်ပါတယ်... ဒါပေမယ့် တစ်ခုတော့ ပြောပါရစေ"

"ပြောပါ...ဘာကိစ္စပါလဲ"

"မြေးကြီး မောင်မိုးစွေနဲ့ ပတ်သက်လို့ပါပဲကွယ်"





"ပြောပါ ဖေဖေ"

"ဒီ ကလေးဟာ အခင်မတန်သနားစရာကောင်းပါတယ်... ဖေဖေလဲ သိပ်ချစ်တယ်...ဒါကြောင့် ဒီကလေးနဲ့ပတ်သက်ပြီး တစ်သက်လုံး ဥပေက္ခာလုပ်ပေးပါ"

"ခင်ဗျာ..."

"ဆိုလိုတာက ဒီကလေးနဲ့ပတ်သက်တဲ့ကိစ္စအားလုံးကို မောင်မျိုးခန့် လျစ်လျူရှုပေးပါ"

"ကောင်းပြီ ဖေဖေ...ကျွန်တော် နားလည်ပြီ...သူ့ကို ကျွန်တော် မချစ်နိုင်သလို မုန်းနိုင်အောင်လဲ ကြိုးစားနေပါ့မယ်... ပြီးတော့ သူနဲ့ ပတ်သက်တဲ့ကိစ္စတိုင်း ကျွန်တော်နဲ့ မပတ်သက် ဘူးလို့ သတ်မှတ်ထားပါ့မယ်"

"အေးကွယ်...ဖေဖေ သားကို အများကြီးကျေးဇူးတင်ပါ တယ် သား"

ဤသို့ ပြောလည်ပြီးသည့်နောက်တွင် ဟိုခေတ် ဟိုအချိန် က ငွေသားနှစ်သောင်းတိတိကို သားမက်ဖြစ်သူ ကြိုက်သလိုသုံး ရန် ပေးအပ်ခဲ့မှုလေသည်။ ဤကိစ္စကတော့ ဦးချမ်းမြေနှင့် ကိုမျိုးခန့်တို့ နှစ်ယောက်ချင်းသာ သိရှိခဲ့ကြသည့် ကိစ္စပါ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဒင်သည် သူကိုယ်တိုင်ဖြစ်ပျက် ခံစားရခဲ့ရသော အကြောင်းအရာများကို သားအား ပြန်လည်ပြောပြခဲ့သလို...

မိမိနှင့် မိမိ၏မိခင် ဒေါ်ငြိမ်းငြိမ်းထွေးတို့၏ အကြောင်းရာ အရေးစိတ်များကိုလည်း ပြန်လည်ပြောပြနေသော ကိုမိုးဇွေ ။

သားအဖ နှစ်ယောက်လုံး၏ မျက်ဝန်းမှ မျက်ရည်များ ကို မကျဖြစ်အောင် ထိန်းနေကြသည်။ ဝေဒနာနလုံးသားကို တစ်ယောက် နှင့်တစ်ယောက် မသိစေ မမြင်စေရအောင် မလုံမလဲနှင့် ဖိတ်ဆို့ ကာဆီးနေကြပါ၏။

"သား...သားကြီး"

ဦးမြဒင်က အားတက် အားကိုးသောအသံဖြင့် ကိုမိုးဇွေ





၏ လက်မောင်းကျစ်ကျစ်ကို ဆုပ်ကိုင်ပြီး ခေါ်လိုက်သည်။

သားအဖနှစ်ယောက် ကြာမြင့်စွာကြည့်နေကြသော မျက်ဝန်းထဲမှာ နှစ်ပေါင်းနှစ်ဆယ်မျှ သိုသိပ် ကြိတ်မြိုခဲ့ကြရသော ရင်နာဖွယ် အကြောင်းများကို တစ်ဦးမှ တစ်ယောက်သို့ ပြောကြား နေမိကြသည်။

ကိုမိုးဇွေသည် သူ့ဖခင်၏လက်ကို ပြန်လည်ဆုပ်ကိုင်ပြီး..

"ကျွန်တော့်တသက်မှာ အဖေ့ကို ဘယ်သောအခါမှ ပြန်ပြီး တွေ့ခွင့်ရမှာမဟုတ်ဘူးလို့ ထင်နေခဲ့တာ..."

"ခုလို ပြန်တွေ့ရတော့ ငါ့သားအတွက် ဂုဏ်ငယ်စရာများ ဖြစ်နေမလားကွယ်...အဖေဟာ လူသတ်သမား ထောင်ထွက်ကြီး"

"အဖေ..."

"သားကြီး..."

"လူသားတွေရဲ့ အပြစ်ပေါင်းများစွာကို ဂုဏ်နဲ့ငွေနဲ့ ဖုံးလွှမ်း လို့ရသလို...မေတ္တာတရားနဲ့ ဖုံးလို့လဲရပါတယ်...ခွင့်လွှတ်ခြင်း နဲ့ ဖုံးလို့လဲ လုံပါတယ် အဖေရယ်"

"ဒါဆို အဖေ့ကို ငါ့သားကြီး ခွင့်လွှတ်တယ်ပေါ့"

"အဖေ ကျူးလွန်ခဲ့တဲ့အပြစ်ဟာ ကျွန်တော်နဲ့ ဘာမှ မဆိုင်လို့ ခွင့်လွှတ်ပေးစရာကိစ္စမဟုတ်ပါဘူး...အဖေ့ကို လူဆိုး တစ်ယောက်လို့ မမြင်နိုင်အောင် မေတ္တာတရားနဲ့ ဖုံးနိုင်ခြင်းမျိုးသာ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သား…အဖေ့ သားကြီးရယ်"

ဦးမြဒင် လှိုက်လှိုက်လှဲလှဲကြီး ငိုချလိုက်တော့သည်။

"ဝမ်းမနည်းပါနဲ့ အဖေရယ်"

"ဝမ်းနည်းလို့ ငိုရတာမဟုတ်ဘူး…ဝမ်းသာလွန်းလို့ ငိုတာပါ သားရယ်"

သည်တော့လည်း ကိုမိုးစွေကိုယ်တိုင်ပင် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့ ရောထွေးစိတ်များဖြင့် ဖခင်ကြီးကို နှစ်သိမ့်ပေးရသည်။

"ကဲ…ဒီ သားအဖနှစ်ယောက် စကားပြောနေကြတာလဲ မပြီးနိုင်ပါလား"

"အနှစ်နှစ်ဆယ်ကျော် ကွဲနေတာပဲ အစ်မရယ်…နောက်ထပ်အနှစ်နှစ်ဆယ်လောက် ပြောမှကုန်နိုင်မယ် ထင်ပါရဲ့"

အစ်မဖြစ်သူ ဒေါ်ခင်မီသို့ ပြောချိန်မှာ ဦးမြဒင်၏ မျက်နှာမှာ မျက်ရည်နှင့်အတူ အပြုံးတွေဝေလျက်ပါ…

ဒေါ်ခင်မီဆိုသည်မှာ သား၏ ကြီးကြီးတော်သည်။ ကိုမြဒင်၏အစ်မအရင်း တောမော်ရွာမှာနေသည်ဟူသော ဒေါ်ငြိမ်းငြိမ်းထွေး၏ စကားကြောင့် ကိုမိုးစွေ သွားရောက်တွေ့ဆုံခဲ့သည်။

နောက်ပိုင်းတွင် ကိုမိုးစွေ၏ ပံ့ပိုးမှုနှင့်ပင် မိုးကုတ်မြို့ပေါ်သို့ တက်လာစေပြီး အိမ်ငယ်လေးတစ်လုံးနှင့် နေစေခဲ့သည်။ သူ့သမီးမှမွေးသော မြေးမလေးများနှင့်အတူနေလေသည်။

ကိုမိုးစွေနှင့် အဆက်အသွယ်မပြတ်၍သော ဒေါ်ခင်မီ စီစဉ်





း ယခုလို လာရောက်နိုင်ခဲ့ခြင်းဖြစ်ပါ၏။

ဒေါ်ခင်မီ၏ခင်ပွန်း မဆုံးမီ လွန်ခဲ့သောလေးနှစ်ခန့်က န်ကုန်သို့ဆင်းရင်း ကိုမြဒင်ကို ထောင်ဝင်စာ တွေ့ခဲ့သည်။

ဒေါ်ခင်မီတို့ မိုးကုတ်မြို့မှာ နေထိုင်သည့် လိပ်စာ၊ ကိုမိုးစွေ၏ အခြေအနေ၊ ချမ်းမြေ့ဂေဟာနှင့် ရန်ကုန် အင်းလျားလမ်းအိမ်နှင့် ဆက်စပ်မှု စသည်တို့ကို အကျဉ်းရုံး၍ ပြောသွားခဲ့သည့် အတွက် မြဒင် ထောင်မှထွက်သည်နှင့် သားကြီးနှင့် ဆုံဆည်း နိုင်ဖို့အတွက် ာင်ကြိုးစားခဲ့ခြင်း ဖြစ်တော့သည်။

"ကဲ…ဒါဆို ကျွန်တော် သူ့ဆီ သွားလိုက်ဦးမယ်"

"အေး…အေး…သွားပါကွယ်…သူ့ခမျာ တို့ တူရီးသား တွေကို အားကိုးပြီး လိုက်လာရှာတာ…သနားပါတယ်"

ဒေါ်ခင်မီ၏ စကားမဆုံးမီ ကိုမိုးစွေသည် တစ်ထပ်တိုက်နိမ့် လေးအတွင်းမှ ထွက်ခဲ့ပြီး ခြံထဲသို့ဆင်းလာတော့သည်။

ယခု ကိုမိုးစွေတို့ ရောက်ရှိနေကြသည်က ပြင်ဦးလွင် တောလမ်းရှိ နှစ်ဧကကျော်မျှ ကျယ်ဝန်းသော ခြံကြီးအတွင်း-

စိန်ပန်းပြာပင်အောက်မှ ခုံတန်းလျားလေးပေါ်တွင် ထိုင်နေ သော ပန်းဝေသီ…

သူ့ ဝန်းကျင်တစ်ဝိုက်မှာ ခရမ်းပြာရောင် စိန်ပန်းပွင့်ကြွေ ကျွ ဝေလို့…

"ပန်းဝေသီ…စိတ်ညစ်နေလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ညှိုးနွမ်းနေသော မျက်နှာလှလှလေးကိုကြည့်ရင်း မေးမိသေ...

"စိတ်ညစ်တာထက် လွန်နေပါပြီရှင်"

"အို...ပန်းဝေသီကလဲကွယ်"

မိန်းမလှ၏ မျက်ရည်ကို မကြည့်ရက်...

ရင်ခွင်တွင်းသို့ ရောက်လာအောင်ပွေ့ယူပြီး ချော့မော့ယူ... ချင်စမ်းပါဘိ။

"ပန်းဝေသီ ဘာလုပ်ချင်သလဲဟင်"

"သိရဲ့သားနဲ့ မမေးပါနဲ့ ကိုမိုးစွေရယ်"

"ဗျာ...ကျွန်တော် ဘာမှ မသိရသေးပါလား...ပန်းဝေ... ရယ်"

"ကိုမိုးစွေ သိပါတယ်လေ...ပန်းဝေသီမှာ ဘာလုပ်စ... မှမရှိဘူး...ဘယ် သွားစရာမှ မရှိဘူးဆိုတာ"

"ဩော်...ဒါက"

"ဟုတ်ပါတယ်လေ...ဒီအိမ်ရောက်တာပဲ နှစ်ရက်ရှိပါ... ဒီလောက် ကျွေးမွေးထားတာလုံလောက်ပြီဆိုတာ ပန်းဝေသီ သိ... တယ်ရှင်"

ပွင့်ကြွေတို့အပေါ်သို့ ပန်းဝေသီ၏ မျက်ရည်တို့ ကြွေ... သည်။

"ဒီလောက် ခိုလှုံခွင့်ရတာ ကျေးဇူးတင်ပါတယ်... ပန်းဝေ... ဒီကနေ ထွက်ခွာသွားဖို့ အချိန်တန်ပါပြီ ကိုမိုးစွေရယ်"





"အို...ပန်းဝေသီ"

"ပန်းဝေသီလဲ သွားချင်လှပါပြီရှင်... ဒါပေမယ့် ဘယ်... ...ယ်...ကိုမှ...သွားစရာ မရှိလို့ပါ"

"ဟာဗျာ"

"ပန်းဝေသီ ဝဋ်လည်ပါပြီ ကိုမိုးစွေရယ်"

"ဘာကိုလဲ ပန်းဝေသီရယ်"

"မွေးစားသား လို့ ကိုမိုးစွေကို နှစ်နှစ်နာနာ ပြောခဲ့တာ ...သ"

"ခုတော့ ပန်းဝေသီကိုယ်တိုင် အားငယ်စွာခိုစားနေရပါပြီ ...င်"

"မိ မရှိ ဘ မရှိ ပြန်စရာမရှိတဲ့ဘဝနဲ့ ကိုမိုးစွေဆီမှာ ...ကပ်နေရပါပြီ...အဆိုးဆုံးက ပန်းဝေသီဆီမှာ ပိုက်ဆံတပြားမှ ...ရှိပါဘူး"

"အို...ဒါတော့ ပန်းဝေသီ ကြိုက်သလောက် ယူသုံးပါ"

"ရန်ကုန်ကို ပြန်နိုင်ဖို့ လမ်းစရိတ်လေးတော့ ပေးပါလို့ ...ာ်ရက်နဲ့ပဲ တောင်းပါရစေတော့"

"မရှက်ပါနဲ့ဗျာ...ယူပါ...ရန်ကုန် ပြန်မယ်ဆိုတာ ...င်းလျားလမ်းအိမ်ကို သွားမှာလားဟင်"

"အဲဒီကိုလဲ ပြန်လို့ မဖြစ်တော့ပါဘူးလေ...ဟိုမှာ ကိုကို ... ရောက်နှင့်နေရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မွေးစားသမီးလို့ ပြောပြီးသည်နှင့် လက်ထပ်ခွင့်တောင်း သော ဇာနည်သန့်အကြောင်းကို ပြောပြပြီးခဲ့ပါပြီ။

"ဒါဆို...ပန်းဝေသီ ရန်ကုန်ပြန်လို့ ဘယ်ဖြစ်ပါ့မလဲ

"ဖြစ်အောင် ပြန်ရတော့မှာပေါ့လေ...ဒီ...ဒီမှာနေ တာ..."

"ဒီမှာ နေရတာသာဖြစ်လို့လဲဟင်"

"ဒီမှာနေရတာ အားလဲနာတယ်...အားလဲငယ်တယ်... ပြီးတော့ မနေသင့်မှန်းသိရက်နဲ့ နေရတာလဲ ရှက်လှပါပြီ... ကိုမိုးစွေရယ်...ပန်းဝေသီ သေခွင့်ရအောင်ပဲ ကူညီပေးပါတော့ ရှင်"

"ခိုကိုးစရာမရှိတဲ့ဘဝနဲ့ ပန်းဝေသီ ဒီလောကကြီးမှာ ဘယ် လိုလုပ်နေလို့ ဖြစ်ပါ့မလဲနော်"

"မဟုတ်သေးပါဘူးကွယ်...ကိုယ် ပန်းဝေသီကို သိ သနားတယ်...ပန်းဝေသီ ဖြစ်ချင်တာမှန်သမျှ ကိုယ် လုပ်ပေးမ ပန်းဝေသီ"

"စေတနာကို လေးစားပါတယ်...ဒါပေမယ့် ဘဝ လေ"

"ဗျာ..."

"မွေးစားသားတစ်ယောက်အနေနဲ့ ကိုမိုးစွေလဲ ပန်းဝေ ကို ကူညီနိုင်မှာ မဟုတ်ပါဘူးရှင်"





ကိုမိုးစွေ၏ ဘဝမှန်ကို ပန်းဝေသီ သိရှိခွင့်မရသေး။

ဘဝတူဆိုတာကမှ တော်သေးသည်။ ကိုမိုးစွေဟာ ချမ်းမြေ့ ဂေဟာရဲ့ မျိုးဆက်သွေးဟု သူ သိသွားလျှင် ပိုပြီးဆိုးတော့မည်။ က်မည်၊ ကြောက်မည်၊ အားနာမည်။

သည်စိတ်များနှင့် အမြန်ဆုံး ထွက်ပြေးသွားမှ အခက်.. ကိုမိုးစွေ ရင်ကွဲ၍ ကျန်ရစ်ရပါလိမ့်မည်။

"ချမ်းမြေ့ဂေဟာမှာ နေရတာ ကိုမိုးစွေ အားငယ်မှာပဲနော်"

"ဟုတ်ပါတယ်"

"ခုမှ ကိုယ်ချင်းစာတတ်လာပြီ ကိုမိုးစွေရယ်...ဒီ အရွယ် ရောက်လာပြီးမှ ချက်ချင်းကြီး သိလိုက်ရတော့ ပန်းဝေသီလေ သချင်လောက်အောင်ကို စိတ်ထိခိုက်ရပါတယ်ရှင်"

မျက်ဝန်းလှလှလေးဆီမှ မျက်ရည်နှစ်သွယ်သည် မှဲ့နေ သော တ်ခမ်းလေးဘေးမှ စီးဆင်းသွားသည့် မျက်နှာလေးကို ကိုမိုးစွေ ကြည့်ရက်နိုင်တော့။ သည်မြင်ကွင်းကို ဆက်လက် ကြည့် နေရဲသည့် သတ္တိမရှိ...

"ဒီမှာ ပန်းဝေသီ"

"အင်း"

"ဦးမျိုးသန့်က ပန်းဝေသီကို တကယ်စိတ်ပူတာ သိပ်ချစ် တာ...ကျွန်တော်တို့အသိပါ...ဒီလိုလုပ်ရအောင်ပါလေ... ကျွန်တော်ရယ်၊ အကြီးမိုးရယ် ရန်ကုန်လိုက်ပို့မယ်လေ... ဦးမျိုးသန့်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ခွေးနွေးရင် ပန်းဝေသီအတွက် အကောင်းဆုံးအဖြေတစ်ခု ရနိုင်
မယ်ထင်ပါတယ်"

အင်အားမဲ့စွာဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြီးမှ...

"မဖြစ်ပါဘူးလေ...သူတို့အိမ်မှာ မနေစေချင်လို့ ဒီကို
ပို့ထားခဲ့ပြီပဲ"

"ဒါပေမယ့်..."

"တော်ပါတော့ ကိုမိုးစွေရယ်...သူတို့သားက နိုင်ငံခြား
ပြန် မြင့်မြတ်တဲ့အမျိုးက ပေါက်ဖွားလာသူလေ...ပန်းဝေသီက
တော့ ရေထဲက ဆယ်လာရတဲ့ အောက်တန်းစား မွေးစားသမီး
နီးစပ်သွားမှာ စိုးရိမ်ကြမှာပေါ့"

"အင်း"

ကိုမိုးစွေ၏ သက်ပြင်းချသံကြားရမှ ပန်းဝေသီသည် အသ
တရားတစ်ခုကို ရသွားသလို...

"အခု ပန်းဝေသီ ပြောနေမိတာ တကယ်ခံစားရတဲ့အတိုင်း
ပြောမိတာပါရှင်...ရန်ကုန်ကို မပြန်ချင်တာသာ ဖြစ်ပါတယ်...
ဒီမှာ နေချင်လို့မဟုတ်ရပါဘူးနော်...ပန်းဝေသီ သွားပါ့မယ်"

တုန်နေသော အသံနှင့် ရှိုက်သံများရောထွက်လာပြီး
လက်ဝါးပေါ်သို့ မျက်နှာမှောက်ချကာ ပန်းဝေသီ အားပါးတရ ရှိုက်
ငိုရှာတော့သည်။

"ဟာဗျာ...ဟို...ဒီ... ဒီလိုပါ"





ပန်းဝေသီကို ကိုင်တော့မလို၊ ထိတော့မလို လုပ်ပြီးမှ
ထိရက် မကိုင်ရဲဖြင့် လက်ကြီးကာထားရင်း...

"ပန်းဝေသီအတွက် အခွင့်ပြေနိုင်မလားလို့ ပြောကြည့်
တာပါဗျာ...ကျွန်တော် တောင်းပန်ပါတယ် ပန်းဝေသီရယ်...
န်းဝေသီ ငိုနေတာ ကျွန်တော် မကြည့်ရက်ဘူး...ပန်းဝေသီကို
ပ်သနားရပါတယ်ဗျာ"

သနားသူရှေ့မှာ ငိုပြမနေချင်၍ ပန်းဝေသီ မျက်နှာမော့လာ
ီး အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။

"ကျွန်တော် တစ်ခုပြောပါရစေ"

"ဟုတ်ကဲ့"

"ဒီခြံဟာ ကျွန်တော့် ခြံပါ ပန်းဝေသီ"

"ဟင်"

ပန်းဝေသီ၏ တအံ့တသြ အကြည့်ကြောင့်...

"အဲ...ဟဲ...အကြွေးလွန်သွားတယ်...ကျွန်တော့်
ူငယ်ချင်းတစ်ယောက်ရဲ့ ခြံပါ...သူတို့ ရန်ကုန်ပြောင်းသွားလို့
ွန်တော့်ကို အပ်ခဲ့တာပါ...ကျွန်တော်ပဲ တာဝန်ယူ စောင့်ရှောက်
းနေရပါတယ်...ဒါကြောင့် ဒီခြံမှာပဲ ပန်းဝေသီနေပါလို့ ကျွန်တော်
ောင်းပန်ပါတယ်ဗျာ"

ပန်းဝေသီ တွေဝေစွာ ကြည့်လာသည်။

"ဒီခြံမှာ နေရခိုက်မှာ ပန်းဝေသီ စိတ်ချမ်းသာမှုရအောင်



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ဆောင်ရွက်ပေးပါ့မယ်...အိုဗျာ...ပန်းဝေသီသာ အ
ရပ်မယ်ဆိုရင် ကျွန်တော့် အသွေးအသား အသည်းနှလုံးတွေနဲ့ လဲလှ
ပေးရဲပါတယ် ပန်းဝေသီရယ်...ကျွန်တော့်ကို ခွင့်လွှတ်ပါ ကျွန်တော်
ရင်ထဲက စေတနာပါဆိုတာ ပန်းဝေသီ ယုံကြည်နိုင်ပါစေသားဗျ

ပန်းဝေသီ သူ့ကို ဖြည်းဖြည်းချင်းလှည့်ကြည့်လာသည်။

စေတနာအပေါင်းနဲ့ ပြည့်ဝနေသော ကိုမိုးဇွေ၏မျက်နှာ...

အပြစ်ကင်းစင်သော သူ့ မျက်ဝန်းအကြည့်က ရင်ငြိမ်းချမ်း
မြေ့စရာပါ...

"ကမ်းမမြင်တဲ့ ပင်လယ်ပြင်မှာကူးခတ်နေရတဲ့ ဘဝမျိုး
ကိုမိုးဇွေ...ဒီအချိန်မှာ ကျွန်းတစ်ခုကိုတွေ့လိုက်ရသလို ကိုမိုးဇွေ
ကူညီမှုကထိရောက်လှပါတယ်...ဒါပေမယ့်ရှင်.."

"ဟင်..ဒါပေမယ့်...ဘာဖြစ်လဲ"

"လောကကြီးမှာ တစ်ယောက်တည်းသီးခြားတည်ရှိသ
ဖြစ်နေရတဲ့ ပန်းဝေသီရဲ့ဘဝကတော့ မထူးတော့ပါဘူးရှင်.. အသိုက်
အဝန်း အပေါင်းအသင်းတွေရှိနေတဲ့ ကိုမိုးဇွေများ ပန်းဝေသီအတွက်
သိက္ခာကျမလား"

"ဟာ...ပြောရက်လိုက်တာဗျာ"

"ဘာကိုလဲ"

"ကျွန်တော်လိုကောင်က ဘာ သိက္ခာကျစရာရှိလဲဗျာ..
အသိုက်ဝန်းမဲ့သွားတဲ့ ပန်းဝေသီသာ နေရဲမယ်ဆိုရင်...အိုဗျာ..





ဘာမှ ပြောနေစရာမလိုတော့ဘူး...နေပါ...ဒီမှာပဲ နေပါတော့
နော်..ပန်းဝေသီ..နော်.."

မျက်ရည်မျက်ဝန်းမှာ အပြုံးရောင်စဉ်တန်းလေးတစ်ခု
မြတ်သန်းသွားသလို မြင်တွေ့လိုက်ရပြီးသည့်နောက်မှာ ပန်းဝေသီ
ခေါင်းညိတ်ချလိုက်တော့သည်။

"သြော်...သဟဆိုတာ လွင်တီးခေါင်မှာ နေရစဉ်တုန်းက
တော့ ရေကြည်တပေါက်ကို မတွေ့နိုင်ခဲ့ပေမယ့် အဆင်ပြေလာတဲ့
အခါကျတော့လဲ စမ်းချောင်းဆောမှာ ထိုင်နေခွင့်ရရုံမက ကြည်မြ
သန့်စင်သော မိုးစက်ပွင့်များပါ သွန်ကျလာတတ်သည်သို့ပါလား.."

ကိုမိုးဇွေ ဘဝတွင်းသို့ ဖခင်ရင်း ရောက်ရှိလာသည်။

နောက်...

သနားစဖွယ်ကောင်းလှသော မိန်းကလေး...

မြတ်နိုးအပ်သော မိန်းမလှ...

သူ့ ရင်တွင်းမှ တတ်စွမ်းသမျှသော စေတနာ၊ ကြည်ဖြူမှု၊
ချစ်ခြင်းမေတ္တာ၊ အနစ်နာခံနိုင်ခြင်းစသော အမြတ်တရားများစွာကို
ပေးအပ်နှင်းဆက်ခွင့် ရလိုလှသော...ပေးအပ်ချင်လှသော..
ကိုမိုးဇွေဆိုသည်....

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ . . . ဒုက္ခပါပဲ"

"အေး . . . မိုးကုတ်တမြို့လုံး အဲဒီလိုပဲ သတင်းဖြစ်နေသတဲ့"

"ခက်တော့တာပါပဲ ကြီးကြီးမိုရယ်"

"အကျိုးဖြစ်ဖို့ အကြောင်းထင်လာတယ်လို့ပဲ မှတ်လိုက်ပေါ့အေ"

"အို . . . ဒီလိုဆို ပန်းဝေသီ မသွားတော့ဘူး"

"အဟား . . . ဟား . . . အစကားစတာပါကွယ် . . . သမီးလေးကို သမီးလေးလိုချစ်လို့ စတာပါ . . . ကဲ . . ကဲ . . စိတ်မြေ





လက်ပျောက် သွားလည်ကြပါ . . . မောင်မိုးစွေ သိပ်ပျော်နေရှာတယ်"

မိဖုရားစောမွန်လှ တည်ခဲ့သော ရွှေစာရံစေတီတော်သို့ သွားရောက် ဖူးမြော်ကြရန် စီစဉ်ထားသည်။

ထားရမဟုတ်သော်လည်း ခေတ္တခိုလှုံခွင့်ရခဲ့ပြီဆိုသော အသိစိတ်ဖြင့် ပန်းဝေယံ စိတ်ချမ်းသာစွာ ရှိနေဆဲမှာ . . .

မိုးကုတ်မှာ သတင်းဖြစ်နေတာက . . .

"ဦးမျိုးခန့် ဒေါ်ငြိမ်းငြိမ်းထွေးတို့၏ မွေးစားသား ကိုမိုးစွေက ဦးမျိုးခန့်၏တူမအရင်း ရန်ကုန်တက္ကသိုလ်မှ ကထိကကြီး၏ သမီးအထွေးလေးကို ခိုးယူထွက်ပြေးသွားပြီတဲ့ . . ."

ဆိုသော သတင်းကို ဒေါ်ခင်မိုက တဆင့်ပြောပြ၍ ပန်းဝေသီ၏မျက်နှာလေးမှာ အရှက်ကြောင့် ပန်းနုရောင်ပြောင်းသွားရသည်။

"ကား အဆင်သင့်ဖြစ်ပါပြီ ပန်းဝေသီ"

သူဌေးသမီး သွားကာနီး ရိုကျိုးစွာလာပြောသော ဒရိုင်ဘာတစ်ယောက်လို အမူအရာနှင့် ကိုမိုးစွေကို ကြည့်ပြီး ပန်းဝေသီ အားလည်းနာသည်။ ရယ်လည်း ရယ်ချင်မိပါသည်။

တွယ်ရာမဲ့ ပန်းဝေသီကိုပင်လျှင် ဘုရင့်သမီးတော်တစ်ပါးများ ထင်မှတ်နေကြလေသလား မသိ။ ပန်းဝေသီစားဖို့ သောက်ဖို့ နေထိုင်ဖို့ကို ဂရုစိုက်လွန်းပုံများ . . . ပန်းဝေသီ ရေချိုးဖို့ ရေနွေးအိုး



www.burmeseclassic.com

www.burmeseclassic.com



ကအစ ကိုမိုးစွေ တည်ပေးခဲ့ရသည်။

"ပန်းဝေသီက သိပ်ခမ်းနားတဲ့ ဧည့်သည်တော်ကြီးကျနေတာပဲ...အားနာလာပြီ သိလား"

"ကျွန်တော့်ဘဝအတွက်တော့ ဒီထက်အရေးကြီးတဲ့ ဧည့်သည် ဒီတစ်သက်မှာ ပေါ်လာစရာအကြောင်းမရှိတော့ပါဘူးလေ တက်ပါ ပန်းဝေသီ"

ကားတံခါးကို ဖွင့်ပေးသဖြင့် လဲန်ရိုဗာကားပေါ်သို့ တက်ခဲ့ရသည်။ ကားကို ကိုမိုးစွေကိုယ်တိုင် မောင်းနှင်ပါ၏။

မြင်ဦးလွင်၏ တောင်ဆင်းလမ်းလေးမှာ သဘာဝ၏အလှအပအပေါင်းကို သည်နေရာမှာလာ၍ စုစည်းမေးထားသလား ထင်မှတ်ရသည်။

မွှဲပြာရောင် တောင်ခိုးတွေ၊ စိမ်းညို့သော တောတန်း တောင်ဆင်းလမ်းဘေးမှ လှပသော ပန်းပေါင်းစုံ သစ်ပင်ကြီးငယ်များ၊ မြေသားနှင့် ကျောက်ခေါင်းကျောက်တောင်ကြီးကို လူ့သားတို့၏ အားမာန်နှင့် ဖောက်ထွင်းထားသည့် ကတ္တရာခင်း ကားလမ်းအထပ်ထပ် အဆင့်ဆင့်များ...။

"ဓာတ်တော်ချိုင့်ကို အရင်သွားကြမလားဟင်"

"ပန်းဝေသီ မပြောတတ်ဘူး...သူ အဆင်ပြေသလို သွားပါ"

ကားမောင်းရင်း ရွှန်းစေသောအကြည့်ဖြင့် တချက်လှည့်ကြည့်ပြီး ကိုမိုးစွေ ပြုံးလိုက်သည်။





ပန်းဝေသီလည်း ပြုံးဖြစ်ပါ၏။

အတိတ်ဟောင်းကိုလည်းကောင်း၊ မျှော်လင့်ခြင်းကင်းမဲ့သော အနာဂတ်ကိုလည်းကောင်း ပန်းဝေသီ မတွေးချင်...လက်ရှိ ပစ္စုပ္ပန်၌သာ ချမ်းမြေ့ကြည်မွေ့နေမိသည်။

ဘဝဆိုတာ တောင်ပေါ်လမ်းလေးလိုပဲ အနိမ့်အမြင့်၊ အဆင်းအတက်၊ အကွေ့အဝိုက်တွေနဲ့ပါလားဟူ၍ ပန်းဝေသီ တွေးလာမိသည်။

"ဆွယ်တာလေး ဝတ်ထားပါလား...ပန်းဝေသီ ချမ်းနေမယ်"

သူ့စကားကို နာခံလိုစိတ်ဖြင့် ဝတ်လိုက်ပြီးမှ...

"ဒီနေ့ သိပ်မအေးသေးပါဘူး နော်"

"မြေပြန့်နဲ့စာလေ...အအေးပေါ့လေပါ"

ပန်းဝေသီ ခေါင်းညိတ်ပြီး ရှုခင်းများကို ကြည့်မဝ... ရှုမဝနိုင်သော အလှရှင်များလို စူးစူးစိုက်စိုက် လိုက်ကြည့်နေမိပါ၏။

လမ်းဖြောင့်လေးသို့ ရောက်လေတိုင်း ကားကို အရှိန်သတ်ပြီး ပန်းဝေသီဘက်သို့လှည့်ကာ လှည့်ကာ ခိုးကြည့်နေသော ကိုမိုးစွေ၊ သူ ရှက်သွားမည်စိုး၍ ပန်းဝေသီ မမြင်ယောင်ဆောင်နေရသည်။

"ဓာတ်တော်ချိုင့်ဆိုတာ ကျောက်လိုဏ်ခေါင်းကြီးလိုပဲ အောက်ကို ဆင်းရတယ်...အရှိန်ပြင်းတဲ့ ရေတံခွန်စီးကျသံဟာ



www.burmeseclassic.com

www.burmeseclassic.com



ရှုညှိနေတာပဲ ပန်းဝေသီရဲ့ • • အခဆင်းခက်သလောက် အတက်လဲ မတ်စောက်လို့ ပန်းဝေသီ မောနေမှာစိုးရတယ် • • ရေစိုနေတဲ့ ကျောက်ဆောင်တွေကလဲချော်လို့ရယ် • • ဒီနေ့တော့ မသွားပါနဲ့တော့နော် • •"

"ကိုမိုးဇွေ သဘောပါ"

"ကျွန်တော် စီစဉ်ထားတဲ့ ဒုတ္တဝတီမြစ်ကမ်းဘေးကိုပဲ သွားရအောင်ပါ နော်"

နားဗျောင်းကျချောင်းကို ဖြတ်ပြီးနောက် • • ရွှေစာရံဘုရားလမ်းခွဲသို့ ကွေ့ချိုးပြီး ပထမဆုံး သူ့အသိတဲအိမ်ကလေးတခုရှေ့ မှာရပ်၍ ပန်းဝေသီ မကြားသာသောစကားများကို မှာကြားနေသည်။

"လာ • • • ပန်းဝေသီ • • • ပုဂံပြည်ကနေပြီး ရှမ်းပြည်နယ်အပြန်ခရီးမှာတည်ခဲ့တဲ့ မိဖုရားစောမွန်လှရဲ့ လွမ်းစေတီကိုသွားဖူးရအောင်နော် • • •"

"သူ့ ရာဇဝင်က သနားပါတယ် • • • သူ့များ ကုန်းချောတာနဲ့ပဲ အနော်ရထာမင်းကြီးကယုံပြီး နှင်လွှတ်ပစ်လိုက်တာနော် • • သူ့ လွမ်းစေတီက သူများလို အမည်သက်သက်မဟုတ်ဘူး • • တကယ့် လွမ်းစေတီစစ်စစ်ပဲနော် ကိုမိုးဇွေ"

"ဟုတ်မှာပေါ့ ပန်းဝေသီရယ် • • တွေးတတ်လိုက်တာဗျာ • • ကဲ • • • ဘုရားရှိခိုးရအောင်နော်"

ယခင်က စေတီငယ်လေးကို နောင်းလူတို့ ပြန်လည်ပြုပြင်သဖြင့် သပ္ပာယ်သည့် မြေနိုက်စေတီတော်ကြီးကို ဖူးမြော်ရှိခိုးအပြီး





မှာ • • •

"ပန်းဝေသီ တောင်းတဲ့ဆုတွေ ပြည့်ဝနိုင်ပါစေ"

"ဟင် • • • ဘာဆုတောင်းလဲလို့ဖြင့် သူ မသိပဲနဲ့"

"မသိလို့ တောင်းတဲ့ဆုတွေ ပြည့်ပါစေလို့ ပြောတာပေါ့ ပန်းဝေသီရဲ့"

"တွေတွေတွေးတွေးတော့ မတောင်းပါဘူး ကိုမိုးဇွေရယ် • • ငြိမ်းချမ်းတဲ့ဘဝတစ်ခုကို အမြန်ဆုံး ပိုင်ဆိုင်ခွင့်ရပါစေလို့ပဲ ဆုတောင်းမိပါတယ်"

ကိုမိုးဇွေ၏ ကြည်လင်သော အပြုံးကို မြင်ရပြီးနောက်မှာ ပန်းဝေသီတို့ မိဖုရားစောမွန်လှ၏ ဘုရားမှ အပြန်တွင် • • •

"လာ • • ပန်းဝေသီ • • • စမ်းချောင်းဘေးက စန္ဒကူးပင်ရိပ်မှာ နားရင်း ထမင်းစားဖို့ စီစဉ်ခိုင်းထားတယ် • • • သွားကြရအောင်နော်"

ငြိမ့်လေးစွာ စီးဆင်းနေသော စမ်းချောင်းဘေးအရောက်တွင် • • •

"ဒီနေရာလေး ကြိုက်ရဲ့လားဟင် • • • ပန်းဝေသီ"

"ရပါတယ်"

အရှက်ဝင် အပြုံးနှင့် ခေါင်းငုံ့ပြီး ပြောလိုက်သည့် ပန်းဝေသီကြောင့် • • •

"ကျေးဇူးပဲ • • • ကိုလှမြင့် • • • ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သွားမယ်...လိုတာရှိရင် လာပြောပါနော်"

"ကောင်းပြီ"

ကိုလှမြင့်ဆိုသူ ပြန်သွားတော့ ခင်းထားသည့် ပလပ်စတစ် ဖျာအသစ်ပေါ်သို့ သူ မထိုင်မီ...

"ပန်းဝေသီထိုင်ပါ...ဒီနေရာလေး သာယာလို့ တမင် ရွေးထားတာ...ကြိုက်ရဲ့လားဟင်"

"ကြိုက်ပါတယ်"

"ဒီတစ်နေ့ အားလုံးကို မေ့ထားပြီး စိတ်အေးလက်အေး အပန်းဖြေပါနော်..."

ပန်းဝေသီ ထိုင်ပြီး ကြည့်လိုက်တော့ ဧရာဝတီမြစ်ရေ သည် ညင်ညင်သာသာ စီးမြောနေပါ၏။

"မြစ်လို့သာခေါ်နေတာ...တခြားမြစ်တွေလို ရေက မညစ် ဘူး...စမ်းရေပဲနော်...ပန်းဝေသီ"

"စမ်းရေကို ကြည့်ရတာ တကယ်ရင်အေးစရာ ကောင်း တယ်နော်"

"ဟုတ်တယ်...ပင်လယ်ဆိုတာက အမြဲ လှိုင်းတွေ ထန်နေမယ် ထင်တယ်...ကိုမိုးစွေ ပင်လယ်ကို ရောက်ဖူးလား ဟင်"

"ရောက်ဖူးပါတယ်...ပေလီကိုပါ"

"ပန်းဝေသီရဲ့ မွေးဖွားရာဇာတိဟာ ပင်လယ်ပြင်ထဲက ကျွန်း





သားမှာတဲ့"

ပန်းဝေသီသည် စမ်းရေစီးရာလမ်းကို ငေးမျှော်ရင်း ပင်လယ် ပြင်ကို တမ်းတနေသလို ရှိပါ၏။

ပန်းဝေသီ၏ ဘဝအစကို ကိုမိုးစွေလည်း သိခွင့်ရပြီးခဲ့ပါ ပြီ...

"ပန်းဝေသီ အဲဒီကို ပြန်သွားရရင် ကောင်းမလားဟင်... ဆွေမျိုးတွေ ရှိချင်ရှိနေဦးမှာ"

"ဒါတွေ မတွေးပါနဲ့ဦး ပန်းဝေသီရယ်...သာနေရာပေါ့ ...မုန့်မင်းစားမလား...ပေါင်မုန့် စားမလားဟင်...အစုံယူလာတယ်"

သစ်ပင်ခြေရင်းမှာ ခြင်းတွေနှင့် စားစရာတွေမြင်မှ ကြိုတင် ပြင်ဆင်ပြီး သယ်ယူလာကြောင်း ယခုမှပင် ပန်းဝေသီ သတိထားမိ သည်။

"ရပါတယ်...ဘာပဲဖြစ်ဖြစ်ပါ"

"စားချင်တာ ပြောပါ"

"ကိုမိုးစွေ ကျွေးတာစားမယ်"

သိပ် ပျော်သွားသည်။

ခြင်းထဲမှ စားစရာတွေကို ကိုမိုးစွေ သွက်လက်စွာ ထုတ် ယူလာသည်။

ကျိုင်းတုံ ပေါင်မုန့်နှင့် ငါးသေတ္တာကို ဆဲန်ဒဝစ်လို ညှပ်ပြီး ခွဲချပ်ပေးပြီးမှ ကိုကာကိုလာ သံဘူးကိုဖွင့်၍ ကမ်းပေးပြန်သည်။

www.burmeseclassic.com



"ကိုမိုးစွေလဲ စားဦးလေ"

"မဆာပါဘူးဗျာ...ရင်ထဲမှာ သိပ်ပျော်နေမိတယ်"

"ဒါဆို သူများလဲ မစားတော့ဘူး"

ဆိုးဆိုးနွဲ့နွဲ့ အမူရာလေးမျိုး ဖြစ်သွားလေပြီ။

"အာ...ဒါဆို စားပါ့မယ်ဗျာ"

ပန်းဝေသီ လက်ထဲမှ စားလက်စ ပေါင်မုန့်ကို သူ ခွဲ... လိုက်ပြီး အသစ်နှစ်ချပ်ကို အစားထည့်ပေးသည်။ ပန်းဝေသီ ... လိုက်ဖို့ပင် အချိန်မရတော့...

ကိုမိုးစွေက ကိုကာကိုလာကို တဆက်တည်းမော့သော... ပြီး ဗူးပိန်သွားအောင် ညှစ်လိုက်ပြီးမှ ရေလယ်ရောက်အော... တအားလွှဲပစ်လိုက်သည်။ သံဗူးလေးမှာ ဆောက်တည်ရာမရအော... ပတ်ချာလည်ပြီးမှ ရေစီးနှင့်အတူ ပါသွားတော့သည်။

"ချောက်"

ဆိုသော အသံဆုံးသည်နှင့် သီချင်းသံပေါ်လာသည်... ကက်ဆက်ငယ်ပါ သူ သယ်ယူလာခဲ့ရှာပါ၏။

မင်း မရှိရင်... နေရဲ့ အလင်းရောင် ခံယူပေမယ့်
အဲလှမမြင်...
မင်း မရှိရင်...နွေရဲ့ဘဝပြင်...နေချင်စရာ ဘယ်
မှာရှိမလဲ...ကိုယ့်ရဲ့ဘဝ... အတွယ်... အတာ





ကင်းကင်းနဲ့...ဖြစ်ပါ့မလား...မင်းမရှိရင်...

× × ×

မင်းမရှိရင်...မှောင်မိုက်ညအသွင်... မြင်မြင်
ရာ ဝိုးတဝါးထင်...
မင်း မရှိရင်...ကိုယ်လဲ ရှူချင်...ဖြေသိမ့်စရာ
ဘာကျန်မှာလဲ...ကိုယ့်ရဲ့ဘဝတွယ်တာ ကင်းကင်း
နဲ့...ဖြစ်ပါ့မလား...မင်းမရှိရင်...

× × ×

တသားချို့ချို့ အဆိုတူးတူး၏ အောင်မြင်သော မင်းမရှိရင် ...ဘားသံကို မသိသလိုလို မကြားသလိုလို လုပ်နေရသည်။

"ကျွန်တော် အဲဒီနေရာမှာ ပန်းချီ လာလာပြီး ဆွဲတယ်"

"ဟုတ်လား...ဒီနေ့ရော ဆွဲဖို့ပါလာသေးလား"

"ဘယ်ယူခဲ့ပါ့မလဲ...ကျွန်တော် ပန်းချီဆွဲနေရင် ပန်းဝေသီ ...ငင်းနေမှာပေါ့"

"မပျင်းပါဘူး...ဒါပေမယ့် အရင်တစ်ခါလို ပန်းချီကားကြီး ...သွင့်ပစ်ချပြီး စွတ်ဟောက်မှာ ကြောက်ပါတယ်"

"မပြောနဲ့ဗျာ...မျက်နှာပူတယ်"

သူ့လက်မှာ မျက်နှာကာလျက် လက်ချောင်းကလေးတွေ ...ပြီး ပြုံးကြည့်နေ၍...

"ပန်းဝေသီလဲ နှစ်နှစ်နှာနှာ ပြောမိခဲ့တာပါပဲ...ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဖန် ခုမှ ဘဝတူတွေ လာဖြစ်နေကြတယ်နော်...”

“အဲဒီကိစ္စကို ပန်းဝေသီ ကျေနပ်ရဲ့လားဟင်...”

“မေးနေစရာ လိုသေးလို့လား...အလကား အပိုတွေ”

သူ့ရယ်သံသည် စမ်းရေစီးသံထက် သာယာစွာ ကျ

လောင်သွားတော့သည်။

“နေတွေ...လတွေ...စက္ကန့်တွေ...နာရီတွေကို ရပ်ထာ

ပစ်ချင်တယ်”

“ဘာကြောင့်”

“ဒီနေရာလေးကနေ ပန်းဝေသီ ပျောက်ဆုံးသွားမှာစိုးလို့”

“လုပ်ပြန်ပြီ...ပြန်စရာ မရှိပါဘူးဆို”

“ပန်းဝေသီ”

“အင်း”

“ပြန်စရာရှိလို့များ ပြန်သွားရင်လဲ ကျွန်တော် ရင်ကွဲ

ကျန်ရစ်ခဲ့မှာ သေချာတယ်”

ပန်းဝေသီသည် ဝေးဝေးဆီမှ တောင်တန်းကြီးများ

တွေဝေးစွာ လှမ်းကြည့်နေမိသည်။

“စိတ်ဆိုးမှာ ကြောက်လွန်းလို့ မပြောရဲလို့ပါ...ဘယ်

မသွားပါနဲ့တော့လား ပန်းဝေသီရယ်”

“ဒီစကားပြောတာ စောလွန်းလှပါတယ် ကိုမိုးစွေရယ်...

ပန်းဝေသီဟာ ကိုမိုးစွေဘဝထဲကို မဖိတ်ခေါ်ပဲနဲ့ ဝင်လာရသူပါ...





ဘ်ဆက်ပြီး ပြန်သွားနိုင်တဲ့အင်အား မရှိမှန်းလဲ သိရက်နဲ့...”

“ပန်းဝေသီရယ်... ကျွန်တော်...ကျွန်တော့်မှာဒီလို

ိတ်မျိုး မရှိပါဘူးဗျာ... အင်မတန် တန်ဖိုးထားတဲ့စိတ်... ပြီးတော့

ြတ်နိုးတဲ့စိတ်နဲ့ ပြောမိတာပါ...မကျေနပ်ရင် ကျွန်တော် တောင်း

န်ပါတယ် ပန်းဝေသီရယ်...နော်”

“ကိုမိုးစွေ”

“ဗျာ”

“ပန်းဝေသီဟာလေ ကိုမိုးစွေကို တံခါးခေါက်ပြီး ခေါ်လာ

ရသူပါ...ဒီလို အပေါစားဆန်နေတဲ့ မိန်းကလေးကို လက်တွဲရဲ

သို့လား”

“ဘယ်လို ပြောလိုက်တာလဲဗျာ...ပန်းဝေသီဟာ ရုတ်

တရက်ချက်ချင်း ဖြစ်ပေါ်လာတဲ့ အခြေအနေကြောင့် ခုလို အိမ်

ပြေးမလေးဘဝ ရောက်ရတာ ကျွန်တော် အသိဆုံးပါ...ပြီးတော့

ကျွန်တော်ဟာလဲ ဘာကောင်မှ မဟုတ်ပါဘူး...ပန်းဝေသီ ကြိုက်

တဲ့ ပုံစံမျိုးနဲ့ ပန်းဝေသီရဲ့ဘဝကို ဖေးမကူညီခွင့်ပေးလို့ ကျွန်တော်

တောင်းပန်ပါတယ်ဗျာ...ပန်းဝေသီအတွက် ကျွန်တော် လုပ်မပေး

နိုင်တဲ့အရာ...မစွန့်လွှတ်နိုင်တဲ့အရာ မရှိစေရပါဘူး ပန်းဝေသီရယ်”

ရင်၌ဖြစ်သော စကားတို့ကို လှိုက်လှဲစွာ ပြောကြားနေ သည့်

ကိုမိုးစွေ၏ စကားသံကို အသည်းနှလုံးဖြင့် နားယူမိပါ၏။

ပန်းဝေသီကိုယ်တိုင်လည်း ကိုမိုးစွေကို အားကိုးစိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာနေမိသည်ကဖြင့် အမှန်ပါ။

ရင်တွင်းနလုံးသား၌ အသီးသီးဖြစ်တည်နေကြသော ခံစားမှု များကို တစ်ယောက်နှင့် တစ်ဦး မြင်သာနေကြပါသော်လည်း...

ခံစားမှု၏ အစိတ်အပိုင်း အစအနများကိုသာ ဖွင့်လှစ်ကြသည်။

ကက်ဆက်မှ သီချင်းများသည် သူ ကြိုတင်စီစဉ်၍ ရွေးပြီး ကူးလာသည် ထင်ပါ၏။

တူးတူး၏ မင်းမရှိရင် ပြီးတော့...

××လိုက်လျောပါရစေကွယ် × ×

×× ဘာမဆို ကိုယ်ခွင့်လွှတ်နေမယ် ××

ဆိုသော ဂျေမောင်မောင်၏ စန္ဒီ...

ပြီးတော့..

××ချစ်ရတဲ့သူကို ××ဒါတွေသာပြောခွင့်ရရင် ××

ရင်နာရမလား×× ကြင်နာရမလားကွယ်××

သိလား××

× × ×

အထီးကျန် ဇာတ်လမ်းကို ××ဆက်ချင်လဲ××

သူ့စိတ်ထဲမှာ ××ဘယ်လိုရှိမယ်××ကြိုတင်မတွေးရဲပါ××

သူတယောက်ကလွဲရင်××ဘယ်သူမှ ချစ်လို့မရပါ××





သူ့ သိသားနဲ့×× နေနိုင်လား အချစ်ရယ်××သိလား××

× × ×

ချစ်ရတဲ့သူဆီက××လိုချင်တာ တောင်းခွင့်ရရင်××

အကြင်နာသစ်ဆို××အကြင်နာသစ်ဆုကို တောင်းမယ်××

× × ×

ခိုင်တူး၏ တည်ငြိမ်ခြင်း၊ လိုက်လျှောခြင်းများနှင့် သီဆိုထားသာ "သိလား"

ပန်းဝေသီမှာ သူ့ကိုယ်စား သီဆိုနေသော တေးများကို ကြားချင်ဟန်၊ သတိမထားမိဟန်ဆောင်ပြီး...

"ဒါနဲ့..ကိုမိုးဇွေ ဘာလို့ကျောင်းဆက်မတက်တာလဲ ဟင်"

"စယ်ကာနဲ့ယီးယား ဖြေပြီး ကျုတာနဲ့ ကျောင်းလဲ ဆက်တက်ချင်တော့ဘူး....ဝါသနာပါတဲ့ ပန်းချီပညာမှာပဲ နှစ်မြှုပ်လိုက်တော့တယ်"

"ကျောင်းတက်တာ မနှစ်လေးမှာလား"

"ဟုတ်ပါတယ် ပန်းဝေသီ"

"ကျောင်းဆက်တက်ဖို့ ကောင်းတာပေါ့...ပန်းဝေသီက ကျောင်း သိပ်နေချင်တာ...ကျောင်းတက်ခွင့် မပေးလို့သာ"

"အေးဗျာ...အိမ်နဲ့ ကျောင်းက လမ်းလျှောက်သွားလို့ ရတာပဲ...သူတို့မှာ ဘာတာဝန်ရှိတာ မှတ်လို့...ထားပေးသင့် ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ပန်းဝေသီ တွေးမိတာပါ"

"ဘာကို တွေးမိတာလဲ"

"ကျောင်း ထားမပေးရုံ မဟုတ်ဘူး . . .သူတို့အိမ်မှာပင် မနေစေချင်တာ"

"ဘာဖြစ်လို့လဲ"

"ကိုဇာနည်သန့် ပြန်လာလို့ပေါ့"

ထောင်ထားသည့် ဒူးပေါ်သို့ မေးလေးတင်ပြီး အားငယ်သည့် အသံလေးနှင့်ပြောနေသော ပန်းဝေသီကို ကြည့်ပြီး အသည်းနိုက်အောင် သနားသွားရပါပြီ။

"ကျွန်တော် သဘောပေါက်ပါပြီ . . .စိတ်မကောင်းစရာတွေ မတွေးပါနဲ့တော့ဗျာ"

ပန်းဝေသီအတွက် ပန်းဝေသီထက်ပင် ပိုပြီး ခံစားနေရရှာသော ကိုမိုးစွေကို ပန်းဝေသီလည်း ပြန်၍သနားလာမိသည်။ ကိုယ့်အကြောင်း၊ ကိုယ့်ဒုက္ခတွေကို မတင်ပြချင်တော့ပါ၍ . . .

"ကိုမိုးစွေက ကျောင်းလဲ ဆက်မတက် . . .အလုပ်လဲ ဘာမှမလုပ်တော့ဘူးလားဟင်"

"အသက် သုံးဆယ်ပြည့်မှပဲ အလုပ်လုပ်တော့မယ် . . . အဲဒီအခါကျရင် . . .အဲ"

စကားကို ရပ်ပစ်လိုက်ရသည်။ အဖြစ်မှန်ကို လျှို့ဝှက်ထားဦးမှ ပန်းဝေသီလည်း ရိပ်မိသွား၍ . . .





"တအိမ်တည်းနေခဲ့ဖူးတယ် ဆိုပေမယ့် စကားလဲမပြောဖြစ်ကြပါဘူး . . .ဒီအထဲမှာ ရန်ကုန်ဖြစ်လိုက်ရသေးတော့ အနေပိုဝေးသွားကြတယ်လေ"

"ဟုတ်ပါရဲ့နော်"

"ကိုမိုးစွေအကြောင်း ပန်းဝေသီကို ပြောပြနိုင်မလားဟင်"

"ဒီကလဲ ပြောချင်နေတာပါဗျ . . .နားမထောင်ချင်မှာစိုးလို့"

"ဈေး မတက်ပါနဲ့ နော်"

"မတက်ပါဘူး။ လျှော့ဈေး . . . လျှော့ဈေး"

လွတ်လပ် ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။

"ဆယ်တန်းအောင်ပြီး မန္တလေးဒေသကောလိပ်မှာ ကျောင်းသွားတက်တဲ့နှစ်က မိန်းကလေးတယောက်တွေ့တယ် . . .သူ့နာမည်ရင်းက ခတ္တာ . . .တဲ့၊ ဒါပေမယ့်တက္ကသိုလ်မှာ သူပြောင်းခဲ့တဲ့ အမည်က သက်ထားနွယ်တဲ့ . . ."

"သက်ထားနွယ်"

ရင်ထဲမှာ ခေါ်မိသည်။ ကိုမိုးစွေ၏ ပထမ အချစ်ပါလား ဆိုသော အသိနှင့်အတူ ရင်တွင်း၌ တစုံတခုကိုလေးနက်စွာ ခံစားလိုက်ရသည်။

"အဲဒီ သက်ထားနွယ်ကို ကျွန်တော် အတော်လေး စိတ်ဝင်စားခဲ့ပါတယ်။ စကား မပြောရဲလို့ စာပေးခဲ့တယ်၊ သူကလဲ စာပြန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် အဖြေပေးတာ မဟုတ်ဘူး‥အချစ်ဆိုတာ လောင်မြိုက်တတ်လို့ သူ့ရင်မှာ မပျိုးချင်သေးဘူး။ ပညာသင်ချိန်မှာ ဘာညာဘာညာပေါ့လေ …သူ့ရဲ့ဒဿနတွေ တင်ပြလာတယ်။ စာရေးလဲကောင်းတယ်‥သိပ်လဲလည်တယ်"

"ဒါပေမယ့် ကျွန်တော်က သိပ်စိတ်ဝင်စားနေမိသူဆိုတော့"

"စကားလုံအောင် မပြောပါနဲ့လေ"

"ဘာကိုလဲ ပန်းဝေသီရဲ့"

"သိပ် စိတ်ဝင်စားတယ်ဆိုတဲ့အစား …"

"ကျွန်တော် မညာပါဘူး ‥သိပ် စိတ်ဝင်စားတာအမှန်ပါ။ အိပ်ချိန်၊ စားချိန်၊ စာသင်ချိန်တွေမှာလဲ သူ့အကြောင်းပဲ ခေါင်းထဲမှာ ရှိနေခဲ့ပါတယ်။ သူ့အကြောင်းတွေပဲတွေးနေချင်တယ်‥အဲဒါ သိပ်စိတ်ဝင်စားတာသာ ဖြစ်ပါတယ် ပန်းဝေသီ‥သိပ်ချစ်တာမဟုတ်ပါဘူး သိပ်ချစ်တယ်ဆိုတဲ့ ခံစားမှုကတခြားပါဗျာ"

နတ္တဝတီကို ငေးကြည့်နေသော ပန်းဝေသီ၏ ဘေးတိုက်မျက်နှာလေးကို ကြည့်ပြီး …

" အဲဒီလို ချစ်သူလဲ မဟုတ်၊ မိတ်ဆွေလဲ မဟုတ်နဲ့နေကြယင်းက သူ့အိမ်ကို အလည်ခေါ်တယ် … ကျွန်တော် လိုက်သွားတော့ သူ့မေမေနဲ့ မိတ်ဆက်ပေးတယ်၊ အဘွားကြီးကလဲ ဝင်ပါ၊ ထွက်ပါပေါ့ ကျွန်တော်လဲ ပျော်သွားပြီး တပတ်တခါကနေ နေ့စဉ်လို သူတို့အိမ်ကို သွားဖြစ်ခဲ့ပါတယ်"





"သူငယ်ချင်း အားလုံးကတော့ ကျွန်တော်နဲ့ သက်ထားနွယ် ချစ်နေကြပြီ ထင်ကြတယ်၊ ကျောင်းမှာလဲ ဆရာတွေကအစ ကျွန်တော်တို့နှစ်ယောက် တွဲနေကြတာသိကြတယ်၊ ချစ်သူတွေလို့ပဲ သတ်မှတ်ကြတယ်…"

"ချစ်နေကြတာ မဟုတ်ဘူးလား …"

"သူက အဖြေ မပေးပါဘူးဆိုမှ …"

"အင်း … ဆက်ပါအုန်း …"

"ဒီလိုနဲ့ ဒုတိယနှစ် စာမေးပွဲ ဖြေအငြီးမှာ သူ့အမေက ကျွန်တော့်ကို ခေါ်ပြောတယ်‥မင်းရဲ့မိဘ နှစ်ပါးကို ခေါ်ခဲ့ပါ။ ခတ္တာနဲ့ စေ့စပ်ထားရအောင်တဲ့ ‥ဘွဲ့ရတော့ လက်ထပ်ကြပါတဲ့"

"ကျွန်တော်လဲ သိပ်ကြောင်သွားပြီး ဖေဖေက လိုက်မှာ မဟုတ်ဘူးလို့ ရုတ်တရက် ပြောချလိုက်မိတယ်‥ အဲဒီမှာ "ဒေါ်ခင်မမ" ဆိုတဲ့ အမျိုးသမီးကြီးက သံသယဖြစ်သွားလိမ့်မယ်ထင်ပါတယ်‥ ကျွန်တော်အကြောင်းကို စုံစမ်းတယ်လို့ နောက်တော့သိရပါတယ်။ သူတို့ ထင်နေတာက မိုးကုတ်မြို့က သူဌေးဦးမျိုးခန့်နဲ့ ဒေါ်မြင့်မြင့်မြမ်းတွေ တို့ရဲ့ တဦးတည်းသော သားကြီးဆိုပြီး အထင်ကြီးနေတာတဲ့ … "

"အဲဒီလို ပြောပြီးတဲ့ နောက်နေ့မှာပဲ … ကျွန်တော် သက်ထားနွယ်နဲ့ နှစ်ယောက်ချင်းတွေ့ ဖြစ်တယ် …"

စိတ်ဝင်စားသော်လည်း ပန်းဝေသီ … သူ့ကို မကြည့်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သူ့ကို ပြောတယ်။ သက်ထားနွယ် ကိုယ့်ကို ပိုင်ဆိုင်ချင်တာလား ... ချစ်တာလားလို့ မေးတော့ ..."

"သက်ထားဟာ သမီးလိမ္မာတယောက် ဖြစ်ချင်တယ်။ မေမေတို့ စီစဉ်တာကို နာခံမယ် ..."

"လို့ဆိုတော့ ကျွန်တော် တော်တော်လေး ဒေါသဖြစ်သွားမိတယ်၊ ကျွန်တော်လိုချင်တာ သက်ထားနွယ်ရဲ့ ကိုယ်ခန္ဓာမဟုတ်ပါဘူး။ သက်ထားနွယ်ရဲ့ ရင်ထဲကအချစ်ကိုလိုချင်တာလို့ ပြောမိတယ်"

"ဒီတော့ သူက‥ စိတ်ကူး မယဉ်ချင်စမ်းပါနဲ့ ကိုမိုးစွေရယ်။ သက်ထားကတော့ ဘဝကိုလှလှပပလေးတည်ဆောက်ချင်ပါတယ်လို့ ပြောတယ်"

"ဒီလိုနဲ့ ကျွန်တော်တို့ချင်း အယူအဆ အတွေးအခေါ် ကွဲပြားနေကြဆဲမှာပဲ ဒေါ်ခင်မမဆိုတဲ့ မိန်းမကြီးက ရင်ဘတ်စည်တီးနဲ့ ကြေငြာတော့တာပါပဲဗျာ"

"မိုးစွေဆိုတဲ့ အကောင်ဟာ လမ်းဘေး မိုးထဲ ရေထဲက ကောက်လာတဲ့ မွေးစားသား။ ဦးချမ်းမြေ့ရဲ့ အမွေတပြားမှ မရနိုင်တဲ့ကောင်။ အလကား လိမ်လည်လှည့်ဖြားပြီး သူ့ကိုသူ မိုးကုတ်သူဌေးသား ဟန်ဆောင်နေတာ ..."

လို့ လှည့်လည်ကြေငြာပြီး သူ့သမီးနဲ့ လုံးဝဆက်သွယ် ခွင့်မပေးတော့ဘူးလို့ သူငယ်ချင်းတယောက်ကတဆင့် ပြောခိုင်းလိုက်တော့ ကျွန်တော်လေ အဲဒီနေ့က ကိုယ့်ဘဝကိုယ်နာကျည်းလွန်းလို့





ငိုမိခဲ့ပါတယ် ပန်းဝေသီရယ်"

"ဒါနဲ့ပဲ ကျောင်းဆက် မတက်တော့တာလား ကိုမိုးစွေ"

"ဟုတ်ပါတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် မိုးကုတ်သူဌေးသား ဟန်ဆောင်ပြီး မိန်းကလေးတယောက်ကို လိမ်ညာ တွဲခဲ့တယ်။ အခု သားအရင်းမဟုတ်မှန်းသိလို့ မိန်းကလေးဘက်က ပြန်သိမ်းလိုက်ပြီဆိုတဲ့ သတင်းဟာ ကျောင်းတခုလုံး တောမီးလို ပျံ့နှံ့သွားခဲ့ပါတယ် ပန်းဝေသီ။ ဒါကြောင့် ကျောင်းပြန်တက်ချင်စိတ် မပြောနဲ့ မန္တလေးကိုတောင်သွားချင်စိတ် မရှိတော့ဘူး ..."

"အခုတော့ ပန်းဝေသီကြောင့် ရောက်ခဲ့ရပြီလေ"

"မဟုတ်ပါဘူး ‥ အယင်တုန်းကလဲ သွားရတာပါပဲ၊ အခုဟာက မန္တလေးမှမဟုတ်ပဲ ပြင်ဦးလွင်ကို ရောက်လာတာပါလေ။ အဲဒီ သူငယ်ချင်းခြံက လာနေကျပါ ..."

"အင်းလေ ... မွေးစား သားသမီး ဆိုယင်ကို လူတွေက အလိုလို အထင်သေးတတ်ကြတယ် ထင်ပါရဲ့နော် ..."

"ဟုတ်မှာပေါ့။ ကျွန်တော်လဲ မိန်းမတွေကို စိတ်နာရုံမက လောကကြီးကိုပါ စိတ်နာပြီး အခုလို နေချင်တဲ့နေရာမှာနေ၊ အိပ်ချင်တဲ့နေရာမှာ အိပ်နေမိတော့ပါပဲ"

"မိန်းကလေး တယောက်အတွက်နဲ့ ကိုယ့်ဘဝကိုယ် မဖျက်သင့်ပါဘူးလေ"

"ကျွန်တော် နာယူပါ့မယ် ပန်းဝေသီ။ အလုပ်အကိုင် ကတော့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ ဖြစ်လာမှာပေါ့လေ"

သူ၏ မျှော်မှန်းချက်အတိုင်း ပြောသော်လည်း ပန်းဝေသီ နားမလည်နိုင်ခဲ့ပါ။

"ရော့..."

ပန်းဝေသီက ရေပုလင်းထဲမှ ရေကြည်ကြည် သန့်သန့်ကို ဖန်ခွက်ထဲ ငှဲ့ထည့်ပြီး ကမ်းပေးလိုက်၍ ...

"စကားတွေ အများကြီး ပြောလိုက်ရပေမယ့် မမောပါဘူး ဒါပေမယ့် ပန်းဝေသီပေးတဲ့ ရေတခွက်ဟာ ကျွန်တော့်ရင်ကို ထာဝရ အေးမြနေစေမှာပါဗျာ ..."

ပန်းဝေသီ သူ့ကို ကြည့်သော်လည်း မျက်နှာမှာ အပြုံး အစအနလေးတွေနှင့်ပါ။

"ကိုမိုးဇွေ နေခဲ့ပါလား။ အဲဒီ စမ်းချောင်းလမ်းလေးဘေးကို ပန်းဝေသီ ခဏလျှောက်ကြည့်ချင်လို့"

"ကျွန်တော်လဲ လိုက်ခဲ့မယ်"

"နေခဲ့ပါ ဒီပစ္စည်းတွေနဲ့"

ဖျာဘေးမှ ချွတ်ထားသော ဖိနပ်ကို စီးပြီး ထွက်လာခဲ့တော့ ကိုမိုးဇွေ ထိုင်ပြီး ကျန်ရစ်ခဲ့သည်။

လောကတွင် လူသားတို့ ဆင်ယင် ဖန်တီးအပ်သော အလှ အပတို့သည် သဘာဝ၏ အလှအပကို ဘယ်သောအခါမှ မမီနိုင်ပါ။

ဆိတ်ငြိမ်လှသော တောတန်းနှင့် တောင်စဉ်အထပ်ထပ်





တို့ အလယ်မှာ ငြိမ့်ညောင်းစွာ စီးဆင်းနေသော စမ်းချောင်းလေး။

ဤဒုတ္တဝတီမြစ်သည် အထက်ဆီ၌ နမ္မတူ၊ သည်အလယ် ၌ ဒုတ္တဝတီဟု ခေါ်တွင်ပြီး ... မန္တလေးမြို့အနီးတွင် မြစ်ငယ်မြစ် ဟု အမည်သုံးခုတွင်သည့် မြန်မာပြည်၏ တခုတည်းမြစ်ဖြစ်လေ သည်။

ပန်းဝေသီမှာ သဘာဝ၏ အေးမြမှုများအလယ်တွင် မိမိ သောကကို ခေတ္တမျှ ပြေပျောက်အောင် မေ့ထားပစ်လိုက်မိသည်။

ကိုယ့်ကို ဂရုတစိုက်ရှိလွန်းလှသော စေတနာရှင် ကိုမိုးဇွေ နှင့် တနေ့တာ ခုလို ဆုံဆည်းခွင့် ရခြင်း၌လည်း မွေ့လျော်နေမိ၏။

"ပန်းဝေသီ"

"အာ ... လန့်လိုက်တာ"

သူ့အကြောင်း တွေးမိနေဆဲ သူ့အသံ ကြားလိုက်ရသဖြင့် ရင်ဘတ်ကလေးဖိပြီး မျက်လုံးဝိုင်းသွားသည့် အမူရာကို မြတ်နိုးစွာ ကြည့်နေ၍ ...

"ဘာလို့ လိုက်လာလဲ၊ ပါလာတဲ့ ပစ္စည်းတွေ စိတ်ချရ လို့လား"

"ရပါတယ် ဘယ်သူမှလဲ မယူပါဘူး၊ ယူသွားလဲ အကြောင်း မဟုတ်ဘူး။ ပန်းဝေသီ တယောက်တည်းတော့ မလွှတ်လိုက်နိုင်ပါ ဘူးဗျာ။ ဘယ်အထိသွားမှာလဲ ဟင် ..."

"အဲဒီ စမ်းချောင်းလေးအတိုင်း လိုက်သွားချင်တယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီနဲ့ ပေါင်းဆုံမှာနော်"

"ဟုတ်ပါတယ်"

"ရောဝတီနဲ့ တခါ ထပ်လိုက်သွားယင် ပင်လယ်ပြင်အထိ ရောက်နိုင်မှာ မဟုတ်လား"

"ဘဝရဲ့ နောက်ဘက်ကို ပြန်လှည့်ကြည့် မနေပါနဲ့တော့ ပန်းဝေသီ ... ဟိုမှာ ကြည့်စမ်း ငှက်ကလေးနှစ်ကောင်ပျံသွား လိုက်တာ"

တောတန်းအထက်မှာ ရောင်စုံငှက်ကလေး နှစ်ကောင် ရှေ့ဆင့် နောက်ဆင့် ပျံသွားနေသည်ကို ကြည့်ပြီး ...

"သူတို့နှစ်ကောင် ဘယ်အထိ ပျံကြမှာလဲ မသိဘူးနော်"

"ကျွန်တော် သိတယ်"

"တကယ်လား"

"တကယ်သိတာပေါ့ ... ချစ်ခြင်းမေတ္တာဆိုတဲ့ အသိုက် အမြိုက်အမြုံမှာ ခိုလှုံကြဖို့ပေါ့"

ဘာမှ မပြောပဲ ဆက်လျှောက်လာခဲ ... ရေစပ် ရေညှိတင်ကျောက်တုံးကို နင်းမိ၍ ပန်းဝေသီချော်အသွားတွင် ကိုမိုး လှမ်းဆွဲလိုက်၍ ပြန်လည်တည့်မတ်သွားရပါ၍ ဆွဲသူမရှိလျှင် လဲ သေချာသည်။

ကိုမိုးစွေက ပန်းဝေသီ၏ လက်ခုံနုနုလေးကို ဆုပ်ထားရာ လွှတ်မပေးတော့ ...





"ပန်းဝေသီ"

"ရှင်"

လက်ကို ရုန်းလေ၊ ဆုပ်ကိုင်မှုက တင်းကျပ်လေ ...

"ကျွန်တော့်ကို စိတ်ဆိုးချင်လဲ ဆိုးပါတော့ အပြစ်ပေးယင် ခံ ကျွန်တော်ခံပါ့မယ်။ ကျွန်တော့်ရဲ့ ခံစားမှုကို မထိန်းချုပ်ချင်တော့ဘူး ပန်းဝေသီရယ်။ ကျွန်တော် ပန်းဝေသီကို အမြတ်နိုးဆုံး သော မေတ္တာနဲ့ သိပ်ချစ်နေမိပါတယ်"

"အို ..."

အလန့်တကြားနှင့် လက်ကို ဆောင့်ရုန်းလိုက်တော့၊ သူက ခုံစွန်းနှစ်ဘက်ကို ဖွဖွလေးကိုင်ပြီး ပန်းဝေသီ၏ မျက်နှာကို အနီး ၍ ကြည့်လျက် ...

"သိပ်ချစ်တယ် ပန်းဝေသီရယ် .. ကျွန်တော့်ကို ခွဲမသွားပါ တော့မှာ ..."

ပန်းဝေသီ သူ့ကို မကြည့်ရဲ၍ ခေါင်းငုံ့ထားလိုက် သော်လည်း ချုပ်ကိုင်မှုမှ ရုန်းမထွက်ဖြစ်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ ခြောက်သွေ့လှတဲ့ ဘဝနှစ်ခု တခုတည်း စုစည်းပြီး၊ အေးမြ ချမ်းငြိမ်းအောင် ဖွမ်းဆောင်ကြပါ နော် ... ပန်းဝေသီ"

ပန်းဝေသီ ဘာမှ မပြောရဲ။

"ကျွန်တော့်ဘဝမှာ အသည်းနှလုံးထဲက တကယ် ချိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လှဲလှဲချစ်မိတာ ပန်းဝေသီ ပထမပါပဲကွယ်"

"စောစောကပြောတာ ပထမအတွေ့အကြုံသာ ဖြစ်ပါတယ် စိတ်ဝင်စားရုံပါ။ သိပ်ချစ်တဲ့ အချစ်ဟာ ပန်းဝေသီအတွက် ပါ လို့ ကျွန်တော်ကိုယ်တိုင် ပန်းဝေသီနဲ့ တွေ့မှပဲ သိခွင့်ရပါတော တယ်။ ဒီမှာ ပန်းဝေသီ"

"ရှင်"

"ကျွန်တော့်ဘဝထဲကို ရဲရဲ ဝင်လာလှည့်စမ်းပါဗျာ။ ပန်းဝေသီ ရဲ့ သောက အပေါင်းကို ကျွန်တော် ပြောင်းယူပြီး ပန်းဝေသီက အေးမြိမ်းအောင် ထားချင်လွန်းလို့ပါ"

စေတနာ ရနံ့က စကားလုံးတိုင်းမှာ သင်းပျံ့လျက် ...

"ပန်းဝေသီ"

"ရှင်"

"ကျွန်တော့်ကို တခုခု ပြောကြားပါအုန်းဗျာ"

"ကိုမိုးဆွေ"

"ပန်းဝေသီ"

"ကိုမိုးဆွေ လက်တွင်းသို့ ကျရောက်လာတဲ့ သားကော တယောက်လို့ ပန်းဝေသီကို မယူဆဘူး လို့တော့ ယုံကြည်ပါတ လေ"

"နောက်ရော ..."

"ပြောနေတာတွေဟာလဲ အမှန်တွေပဲလို့ ထင်မိပါတယ်"





"ဘယ်လို သစ္စာမျိုးနဲ့ပဲ ဖြစ်ဖြစ် ကျိန်ဆိုရဲပါတယ်ဗျာ .."

"ယုံပါတယ်လေ ..ကိုမိုးဆွေ အပိုင်းကိုယုံပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့်ကြီးက ဘာဖြစ်လို့ ထည့်ရပြန်တာလဲဗျာ"

"ပန်းဝေသီရဲ့ ဒါပေမယ့်ဟာ ကိုမိုးဆွေအတွက် မဟုတ်ပါ ဘူး ပန်းဝေသီအတွက် ..."

"ဟင် ... ပန်းဝေသီ အတွက် ..."

"ဟုတ်ပါတယ် ... လမ်းကြုံလိုက်ပြီး ခိုလှုံခွင့်တောင်းခဲ့တဲ့ ကလေးဟာ အချိန်တန်ယင် ပြန်ထွက်သွားသင့်တာပေါ့"

"အို ဗျာ"

"ပြန်မထွက်ပဲ ကိုမိုးဆွေ ဘဝထဲဝင်ရမှာကို စိုးရိမ်စိတ် နက်ကဲနေမိပါတယ်"

"ဟာ ... အဲဒါ မဆိုင်ပါဘူး"

"အဲဒါ ဒီလောကမှာရှိတဲ့ လူသားအားလုံးတွေနဲ့ မဆိုင်တဲ့ မိန့်ခြင်းပါ"

"ဗျာ"

"ကိုမိုးဆွေ တယောက်တည်းအတွက်ပါ"

"ပန်းဝေသီပြောတာ ကျွန်တော် နားမလည်ပါလား ..."

"ရှင်းရှင်းပဲ ပြောပါရစေတော့ ကိုမိုးဆွေရယ်"

"ပြောပါဗျာ"

"ကိုမိုးဆွေ ကိုယ်တိုင်က အထင်သေးမှာ ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ"

သူသည် ငုံ့နေသော ပန်းဝေသီ၏ မျက်နှာကို မော့

"အထင်ကြီးခြင်း၊ လေးစား မြတ်နိုးခြင်းတွေအကုန် စုစည်းပြီး ချစ်တာပါ ··အချစ်ရယ် ··ဒီကအချစ်ကို အထင် ရက်အနန်း ···"

"အား ···"

ပန်းဝေသီ၏ တကိုယ်လုံး မွှန်မွှန်ကြွေသွားမတ် တ ဖက်ပစ်လိုက်သော ကိုမိုးစွေ၏ရင်ခွင်မှာ ပန်းဝေသီကလည်း မျက်နှာလေးကို တအားတိုးကပ် ကွယ်ဝှက်ထားလိုက်သည်။

"ချစ်ရယ် ···"

"ပန်းဝေသီလေ ···သူ့ကို အားကိုးလို့ ကြည်ညို လေးစားလို့ ချစ်တာပါ။ အထင်သေးမှာ သိပ်ကြောက်တာပဲရှင်"

"ကြည်ညိုလို့ လေးစားလို့ ချစ်တာပါတဲ့လားကွယ် ပြ ည့်စမ်း ပါအနန်း ··· ချစ်တာပါဆိုတဲ့ မျက်နှာလေး ကြည့်ရအောင်"

"အင် ··· မကောင်းဘူးကွာ"

"မရဘူးကွာ"

မျက်နှာဝှက်သူနှင့် မျက်နှာဖော်သူတို့ လုံးလုံးထွေး လုကြယက်ကြတော့ ရေစပ်မှာ နှစ်ယောက်လုံးလဲကျသွား တော့သည်။

"အာ ··· အာ ···နာသွားလား··နာသွားလားဟင်"





"သွား ··· သူသိပ်ဆိုးတာပဲ"

သန်မာ ဖျတ်လတ်သော ကိုမိုးစွေ၏ လက်များမှ မရုန်း တော့။ မြေပြင်တွင် ထိုင်နေသော ကိုမိုးစွေ၏ ရင်ခွင်တွင်းမှာ ဝေသီ နှစ်မြုပ်နေတော့သည်။

"ချစ်တယ် ··ကိုယ့် တဘဝတာလုံးရဲ့ အပျော်ဆုံးအချိန် ားပါပဲကွယ်"

အချစ်ဆုံးကို နမ်းပင်မနမ်းရက်။ ရုက်သွားမှာလည်း သနား းပါ၍ သူ့မျက်နှာလေးကိုသာ ငုံ့ကြည့်နေမိတော့သည်။

"ချစ် ဘယ်မှ မသွားနဲ့တော့နော် ··· မောင်တို့နှစ်ယောက် ···"

"အမယ် ··· ကြည့်စမ်း ··မောင် တဲ့ ···"

"မောင်ဆိုတာ ချစ်သူတို့ရဲ့ သင်္ကေတပဲကွယ် ··ခေါ်

"သွားပါ။ မခေါ်ချင်ပါဘူး"

"ထပ် ပြောပါအုံး"

"ဘာလဲ ···"

"ခုနလို ထပ်ပြောပါအနန်း၊ သိပ်လှလွန်းလို့"

"ကွယ် ··ဖယ်စမ်းပါအနန်း။ စောစောက ဝကားဖြင့်မဆုံး သေးဘူး"

"သြော် ··· ဟုတ်ပါရဲ့ ချစ် ဘယ်မှ မသွားနဲ့တော့နော်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့နှစ်ယောက်ရဲ့ နှစ်ဘဝကို တဘဝတည်း ပေါင်းစည်းကြ
နော်"

"အင်းလေ ··· ရေစက်ပဲလား မသိပါဘူး။ မွေးစားသားသ
ဆိုတဲ့ အနိမ့်ခံ ဘဝတူတွေပဲ နော်"

ပန်းဝေသီ မသိအောင် သက်ပြင်းငွေ့ငွေ့ ချမိသည်။ သိမှာ
သွားယင် ပြဿနာ တက်လေမလား ···

"ကိုမိုးဇွေ"

"ဟာ ··· ဒီလို မခေါ်နဲ့တော့လေ"

"ဘယ်လို ခေါ်ရမှာလဲ

"မောင်လို့ ခေါ်ပါဆိုမှ"

"ခေါ်ရသေးဘူး။ ပြီးတော့ သူက ဒီကထက် အများကြီ
ကြီးတာ"

"ကြီးတာတွေ ငယ်တာတွေ ထားလိုက်စမ်းပါချစ်ရဲ့ ချစ်
တို့အတွက် သီးသန့် အခေါ်ဝေါ်ဖြစ်တဲ့ "မောင်" ဆိုတဲ့ စကား
လေးကို ချစ်ဆီက ကြားချင်လွန်းလို့ပါဗျာ"

"ဟင် ··· ပန်းဝေသီ ရှက်တယ်ကွယ်"

"လာ ··· လာ ··· ဒီနေရာလေးမှာကပ်ပြီး တိုး
တိတ်တိတ်လေး ခေါ်ကြည့်"

သူ့ရင်ခွင်ကို လက်နှင့်ပုတ်ပြီး ပြောတော့ ပန်းဝေသီ
ချစ်သူအလိုကျ သူ့ရင်ခွင်မှာ မျက်နှာအပ်လိုက်ပြီး ···။





"မောင်ရယ် ···"

"အာ···"

"အို ··· ဘယ်လို ဖြစ်သွားရတာလဲ။ ကြည့်စမ်းပါအုန်း
ယ်ပါ"

ပန်းဝေသီကို ကြုံးဖက်ပြီး ပက်လက်လှန် လှဲချလိုက်တော့
န်းဝေသီပါ ကစဉ့်ကလျား။

"မဖယ်ဘူး။ ဘယ်တော့မှ မလွှတ်တော့ဘူး။ မောင့်ရင်ခွင်
ထဲကို တခါတည်း ထည့်ထားလိုက်ချင်ပြီ ချစ်ရယ်၊ မောင်လေ ချစ်ကို
သိပ်ချစ်တာပဲကွယ်"

"ပန်းဝေသီလဲ မောင်နဲ့ ထပ်တူပဲပေါ့ ရှယ်ရယ်"

"စမ်းချောင်းလေးကလဲ လှ၊ ပန်းကလေးတွေကလဲ လှ၊
တောင်းကင်ပြာကြီးကလဲ လှ၊ အို ··· အချစ်ဆုံးကလဲ အလှဆုံးမို့
ာမှာ လောကကြီးတခုလုံး အလှဆုံးတွေနဲ့ ချယ်သထားတဲ့
တ်တမ်းဝင် နေ့လေး တနေ့ပါပဲလား ချစ်ရယ်"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးခန့် ဝင်လာတော့ ဆရာစက္က မျက်နှာပျက်သွားသည်။

“ဒါ ... ဘာလာလုပ်တာလဲ ဆရာ”

“ဟို ... ဘုရား ... ဘုရားစင်ကို ရှင်းပေးမလို့ပါ။ ညက အိပ်မက် မက်လို့ ...”

“ဘာ အိပ်မက်လဲ”

“ဘုရားစင် မသန့်ရှင်းဘူးလို့ အာရုံရလို့ ရှင်းတာပါ”

“ရှင်းယင် ရှင်းယံပေါ့၊ ဘာလို့ ဘုရားကျောင်းဆောင်ကြီး တခုလုံး ရွှေ့ရတာလဲ”

“မရွှေ့ရသေးပါဘူးလေ”





မှန်စီရွှေချ ဘုရားကျောင်းဆောင် စောင်းနေသည်ကို ကြည့်ပြီး ဦးမျိုးခန့်က သံသယ မျက်ဝန်းနှင့်ကြည့်၍ သူကိုယ်တိုင် တွန်းရွှေလိုက်သည်။ ကျောင်းဆောင်သည် အောက်ခြေနှင့် အသေခံ သံ သုံးချက်ရိုက်ထားသဖြင့် တွန်းလိုက်လျှင်လည်း လည်သွားရုံသာ၊ လုံးလုံးလျားလျား ရွှေ့မသွားပါချေ။

ဦးမျိုးခန့်သည် ဆရာစက္ကအား ယုံကြည် အားကိုးစိတ်နှင့် အိမ်ပေါ်သို့ တင်ထားပြီးကာမှ ယခုတကြိမ် သံသယသည် ဘယ်လိုမှ ချေဖျက်၍ မရနိုင်တော့ ...

မိတ်ဆွေ တဦး၏ မိခင်ကြီး အသုဘသို့ သွားပို့မည်ဟု ထွက်လာခဲ့ပြီးမှ အသုဘအိမ်တွင် ခေါင်းတွေ ချာလည်လည် အောင် မူးလာသဖြင့် ပြန်ခဲ့ရသည်။

ဦးမျိုးခန့်၌ သွေးတိုးရောဂါရှိသော်လည်း သူ့ရောဂါကို သူ ဘယ်တော့မှ ဂရုမစိုက်ခဲ့။ ယနေ့တော့ အသုဘ လိုက်ပို့လို့ မဖြစ်၊ အိမ်ပြန်ပြီး သွေးကျဆေး သောက်၍ နားနေမည်ဟု ကြံရွယ်ပြီး ပြန်ရောက်သင့် အချိန်ထက် စောစီးစွာ ပြန်ရောက်လာသဖြင့် ဆရာ စက္က၏ လျှို့ဝှက်မှုကို ပက်ပင်းတွေ့လိုက်ရခြင်းဖြစ်ပေသည်။

“ဒီလူမှာ အကြံအစည် တခုခုတော့ ရှိနေပြီ”

“သူ့ အကြံများ ဦးနှင့်သွားပြီလား”

“ဒါ ..သူ့ကို အိမ်ပေါ်တင်ပြီး ယုံစားမိတာ မှားပြီထင်တယ်”

“ဘုရား ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



နဖူးပြင်မှ ချွေးသီး ချွေးပေါက်ကြီးများ ကျလာသည်။

မြင်ကွင်းများ ဝေဝါးလာပြီး ခေါင်းတခုလုံး နောက်ကျိကြီးထွားလာသဖြင့် ...

"မငြိမ်း ..မငြိမ်း"

"ဟော့ ..လာကြစမ်းပါအုန်း"

အသံကုန် ကြုံးဟစ်လိုက်တော့မှ ဆရာ စတ္တုက ပြေးဖက်ပြီး ဖေးမသည်။ အိမ်ဖော် မချိုနှင့် ဒေါ်အေးစိန်တို့ ပြေးတက်လာကြသည်။

အလွန် သတိကြီးသူမို့ လဲကျမသွားသော်လည်း သူ့ဟာသူ ရပ်တည်နိုင်စွမ်း မရှိတော့။ အားလုံးက ဖေးမ တွဲခေါ်ပြီး အိပ်ရာထဲ ပို့ကြရသည်။

"မငြိမ်းရော ..."

"ဈေးသွားပါတယ် ဆရာ"

"ကျုပ်သိပါတယ် ဒေါ်အေးစိန်၊ သူ့သားကိစ္စကိုပဲ လိုက်စုံစမ်းနေတာ၊ အာ..မူးလိုက်တာ..."

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဦးမျိုးခန့်"

"ဆရာစတ္တု ကားမောင်းသွားပါ၊ ဒေါက်တာ သက်ခွေကို ခေါ်လာခဲ့ပါ၊ အမြန်နော် ..."

"စိတ်ချပါ" သွေးတိုးကြောင့် မူးဝေတိုင်း သွေးကျဆေးတိုက်ကြ၊ ယပ်ခတ်ကြ၊ သံပရာသီးရှူရန် နှာဝတော့ပေးနေကြ စသော





အလုပ်များက ဒေါ်အေးစိန်နှင့် မချိုတို့ကျွမ်းပြီးသား။

နာရီဝက်အတွင်းမှာပင် ဆရာစတ္တု ဒေါက်တာ သက်ခွေကို ခေါ်လာနိုင်ခဲ့ပါ၏။

သွေးချိန်တိုင်း ကိရိယာကို သိမ်း၊ နားကျပ်ကိုဖြုတ်ပြီး၊ ဒေါက်တာ သက်ခွေက ...

"ကိစ္စ မရှိပါဘူး။ ခါတိုင်း ဖြစ်နေကျလောက်ပါပဲ။

မကြာခင် ပုံမှန်ဖြစ်သွားမှာပါ"

"ဦးမျိုးခန့် ဘယ်လို ဖြစ်သွားတာလဲ ဆရာရယ်၊ ကျွန်တော် မြင့် လန့်သွားတာပဲ"

"သွေးတိုးကြောင့်ပါ၊ ပူပြီး ပင်ပန်းတာရယ်၊ စိတ်လှုပ်ရှားစရာရယ် တွေ့သွားလို့ ဖြစ်မှာပါ"

ဆရာစတ္တု အမေးကို ဆရာဝန်က ဖြေတော့ လူနာ ဦးမျိုးခန့်က ...

"ဆရာ ဘာကို ဆိုလိုတာလဲ"

"ဦးမျိုးခန့် အသုဘ သွားပို့တာဆို"

"ဟုတ်ပါတယ်"

"ဒီနေ့ နေသိပ်ပူတယ်လေ။ ဒါကြောင့် ပူတာရယ်၊ ပင်ပန်းတာရယ်။ ဘာပဲ ပြောပြော အသုဘဆိုတော့ စိတ်လှုပ်ရှားစရာတွေ့လို့ဖြစ်မှာပါ။ ကျွန်တော် ဆေးတွေပေးခဲ့မယ်။ နားလိုက်ပါအုန်းနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာစက္ကနှင့် ပတ်သက်၍ စိတ်လှုပ်ရှားသွားကြောင်းဖြင့် ဒေါက်တာ သက်ဆွေ မသိရှာ။

ဆရာဝန် ပြန်သွားပြီးသည့် ထိုနေ့ညက ဦးမျိုးခန့် အိပ်ရာထက်မှာ ကောင်းစွာ အနားယူယင်း လက်ရှိ ဖြစ်ရပ်များကို အသေးစိတ် သုံးသပ် တွေးတောနေမိတော့သည်။

၀ ၀ ၀





ဆရာ စက္ကသည် ရိုးသားသော မျက်နှာရှိသော်လည်း ဂနာမငြိမ်သော သူ့မျက်ဝန်းများက တစုံတခုအတွက် လှုပ်ရှားနေသလို ရှိ၏။

ဦးမျိုးခန့် အကဲခတ်လေ၊ သူ မနေတတ်လေ ဖြစ်နေသည်။

ဦးချမ်းမြေ့၏ ဝိညာဉ်က သူ့ကိုယ်မှာ လာပူးကပ်သည်ဆိုသည့် အဖြစ်ကတော့ သဘာဝလွန် ဖြစ်ရပ်မို့ ယုံကြည်ရန် ခပ်ခက်ခက်။

သို့ပါသော်လည်း ...

ဦးချမ်းမြေ့နှင့် ကာယကံရှင် နှစ်ဦးတည်းသာ သိရှိကြသည့် အကြောင်းရာများကို သူက တိတိကျကျကြီး သိရှိနေနေသည်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ထူးဆန်းလွန်းလှသည်။

"ဦးချမ်းမြေ့နှင့် ဆရာတော် ဦးဝိသုဒ္ဓ ကိစ္စ"

"ဦးချမ်းမြေ့နှင့် ကိုမိုးဇွေ ကိစ္စ"

အပါအဝင် မြို့ရှင်မြို့စား ကိစ္စများတို့သည် ကျန်ရစ်သူ တို့က ထုတ်ဖော် ဖွင့်ပြောစရာအကြောင်း လုံးဝမရှိ။

သူနှစ်ယောက်တည်းသာ ကြံစည် ဆောင်ရွက်ထားသော ကိစ္စမှာ ...

တဦးက သေဆုံးပြီ ...

တဦးက မိမိအကျိုးအတွက်၊ သို့မဟုတ် သူတပါးအားသိမခံ ဝံ့သော ကိစ္စများအတွက် နှုတ်ပိတ်ထားပါလျက် သူ...ဆရာစက္ကူ သည် အသေးစိတ် တလုံးမကျန် သိနေနိုင်သည့် ကိစ္စအတွက်တော့ ပေါ့ပေါ့လေး တွေးလို့မဖြစ်။

ဝိညာဉ်လောကကိုပဲ ယုံကြည်လိုက်ရမလား။

သို့မဟုတ် ...

နက်ရှိုင်းကြီးမားသော လျှို့ဝှက်အကြံစည်ကြီး ရှိနေပေ သလား ...

သည် နှစ်ခုအနက် တခုတော့ သေချာသည်။

ဆရာစက္ကူကို စိတ်ချ၍ မဖြစ်တော့။

ဒီနေ့ပဲ ကြည့်လေ ...

ဘုရားကျောင်းဆောင်ကြီးကို အကြောင်း မရှိပါလျက်၊ သူ





တွန်းရွေ့နေသည်။ ဖုန်သုတ် သန့်ရှင်းသည် ဟူသော အကြောင်း ပြချက်က ယုတ္တိ မတန်။

"အင်း ... ဒီနေ့ ငါ အချိန်ကြာမယ်ထင်ပြီး သူဘုရား ခန်းမှာ တယောက်တည်း လုပ်ချင်တာတွေ လုပ်နေတာ ဖြစ်ရမယ်"

သူ ... သို့မဟုတ် ...

"သူနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်ဟာ ဒီဘုရားခန်းမှာပဲ ရှိလိမ့်မယ်"

"ဘုရားခန်းမှာပဲ အဖြေပေါ်လိမ့်မယ်"

"ဒီကိစ္စကို ဘယ်သူမှ မသိစေရအောင် နောက်ဆုံး မပြီးမီ ကိုယ်တိုင်ကိုတောင် အသိမပေးပဲ ဘုရားခန်းထဲမှာ ငါကိုယ်တိုင် မြေလှန်ရှာမယ်"

အခုတော့ ...

"ဘကြူရေ ... ဟေး ... ဘကြူ"

တပည့် ကိုဘကြူကို လှမ်းခေါ်လိုက်ပြီး သူ့အခန်းတွင်းမှ ခိုင်ခန့် ကြီးမားသော ကြေးသော့ခလောက်ကြီးကို ကိုင်လျက် ...

"ရော့ ... ဘကြူ၊ ဘုရားခန်းကို သော့ခတ်ထား၊ ပြီးတော့ အဲဒီသော့ကို ငါ့ဆီ ပြန်လာပို့ ကြားလား"

"ဟုတ်ကဲ့၊ စိတ်ချပါဆရာ၊ ဆရာသာ နေကောင်းအောင် နေပါ"

"အေး ... အထူး သတိဝီရိယနဲ့ နေကြကွာ။ ဆရာစက္ကူ



www.burmeseclassic.com

www.burmeseclassic.com



ကို လုံးဝ မျက်ခြည်ပြတ်လို့ မဖြစ်တော့ဘူးနော်"

"ကျွန်တော် နားလည်ပါတယ် ဆရာ၊ စိတ်ချပါ ဆရာ"

"အေး ... သွားတော့၊ သိပ်အရေးကြီးတဲ့ အချိန်ရောက်လာပြီ ဘကြူ"

ဝ ဝ ဝ



"ဒါ နေမကောင်းနေတာ သိရက်နဲ့ မင်းက မန္တလေး ဘာကိစ္စသွားမှာလဲ"

"ဩော် ... ဦးထွန်းကြိုင်တို့ဆီမှာ အပ်ထားတဲ့ မန္တလေးကမြေကိစ္စအကြောင်း သွားစုံစမ်းမလို့ပါ"

"အဲဒါ နောင်နှစ်ခါမှ သွားလဲရတယ်။ တိုက်ပေါ်က အငှားတွေ ဖယ်ချဖို့ စွဲထားတဲ့ တရားမမှုဆိုတာ နှစ်ပေါင်းများစွာကြာမှပြီးတဲ့ ကိစ္စမျိုး ..."

"ရက်လဲ သိပ်မကြာပါဘူး။ အသွားအပြန် လေးရက်ထဲပါ၊ ဘာလဲ ယူမသွားဘူး။ ဆရာစက္ကလဲ ရှိနေတယ်၊ ကိုကိုလဲ နေကောင်းတော့ သုံးချင်တာ သုံးဖို့ ထားခဲ့မယ်"



www.burmeseclassic.com

“မင်းက ဘာနဲ့သွားမှာလဲ”

“လိုင်းကားနဲ့ ဆင်းမလို့ လက်မှတ်တောင် ဝယ်ထားပြီး

“မင်းက အပိုင်လုပ်ထားတာကို”

ဒီလိုလဲ မဟုတ်ပါဘူးလေ ... မန္တလေးနဲ့ မိုးကုတ် ဒီလိုပဲ သွားနေကျ လာနေကျပါ”

“ငါသိတယ် မငြိမ်း၊ ငါ့ မင်းထက် ပါးတယ်၊ မင်းထ လည်တယ်၊ နားလည်လား”

လင်သားရယ် ... လို့ စကားပြောသည့်အခါ ဇနီးသည် အပေါ် ပြေလည်ညွတ်ပျောင်းခြင်း ဘယ်သောအခါမှ မရှိ ...

သားကိုမိုးစွေကို ကောက်ရလာတာပါဟု အလိမ်ည ပေါ်သွားသည့်နေ့မှစ၍ သူ့ဒေါသသည် နှစ်ပေါင်း နှစ်ဆယ်တိုင် မ နိုင်ပါလား။

ဇနီးသည်ကို မကျေနပ်သော်လည်း ဤစည်းစိမ် ဤဂေဟ နှင့် အမွေများစွာတို့ကို စွန့်လွှတ်ပြီးတော့ဖြင့် သူထွက်မသွားနိုင် ပါ။

ဦးမျိုးခန့်သည် စည်းစမ်းဥစ္စာနှင့် ဂုဏ်အရှိန်အဝါ တပ်မက်စိတ်ကြီးသည်။

ပစ္စည်းဥစ္စာကို တပင်တပန်း ရှာဖေစုဆောင်းတတ်သည် ငွေမက်သည်။ ဒေါသကြီး။ စိတ်ပြင်းသည်။

ဤစိတ်ထားများမှလွဲ၍ သူ့တပါးပစ္စည်းကို လိမ်လ





ကောက်ကျစ်ပြီး အပိုင်စီးလိုခြင်းမျိုး ...

အရက်သေစာ အလွန်အကျူး သောက်စားခြင်းနှင့် လောင်းကစား ဝါသနာပါခြင်းမျိုး အလုဦးမရှိ။

မိန်းမလိုက်စားခြင်း၊ မယားငယ်ထားခြင်းတို့မှ ရှောင်ကြဉ်သည်။

ဤသို့ ... ဤသို့သော စိတ်ဓာတ်စာရိတ္တများကြောင့် ဒေါ်ငြိမ်းငြိမ်းထွေးမှာ ခင်ပွန်းသည်ကို ကြောက်ရွံ့ ရှိသေရသော ဇနီးသည်အဖြစ် ရာသက်ပန် ပေါင်းဖော်နေရခြင်းဖြစ်လေသည်။

“မငြိမ်း”

“ဟုတ်ကဲ့”

“ဟိုအကောင်အကြောင်း မင်းစုံစမ်းလို့ရပြီလား”

“ရှင်”

“ပြောမှာသာ ပြောပါ”

“ဟုတ်ကဲ့”

“ဒါကြောင့် မင်းလိုက်သွားမှာ မဟုတ်လားဟင်”

အမှန်ကို အပြောခံရ၍ ဒေါ်ငြိမ်းငြိမ်းထွေး ငြိမ်နေလိုက်သည်။

“မင်းတဘဝလုံးမှာ ဒီကောင်ဟာ ပထမမို့ ... မင်းအဖြစ်သည်းလေ ... ငါသောက်မြင်ကတ်လေပဲ”

ဒါမျိုးက အပြောခံရ နေကျ ...

www.burmeseclassic.com



ဒါပေမယ့် ရင်ထဲမှာ ရှိး မသွားပါ။ သားကြီးနှင့် ပတ်သက်သော အနိမ်ခံစကားများ ကြားရလေတိုင်း ရင်ထဲမှာ နာကျင်စွာ ထိတ်ထိတ် ခုန်လာရစမြဲ။

"ဒီမှာ မငြိမ်း"

"အင်း"

"မင်း သားကို ပေးခဲ့တယ်ဆိုတဲ့ နီလာ ငါ့ကို ခထောင်နိုင်မလား"

"သူတို့ မြေးအဘိုးချင်း ပေးခဲ့တာ ငြိမ်းတောင် မသိပါဘူး"

"အခု အဲဒါ ဘယ်မှာလဲ"

"မသိဘူး"

"တောက် ... ငါ့မှာ မင်းတို့ လိမ်တိုင်း လှည့်တိုင်း ခံနေရတဲ့ နွားကြီးကို ဖြစ်လို့ ..."

နှစ်ပေါင်းများစွာ ကာလဆီမှ အဖြစ်ပျက်တို့သည် ဤမော်မောင်နှံ နှစ်ဦးကြားမှာ ဘယ်သောအခါမှ မေးမှိန်မသွား။

"မင်း အပျို မဟုတ်ဘူးဆိုတာ သိပြီးမှ ယူခဲ့တဲ့ ငါက သားတယောက်ရှိတယ် ပြောလဲ ရရဲ့သားနဲ့ မိုးရေထဲက ကောက်သလေး ... ဘာလေးနဲ့ ငါ့ကို အရူးလုပ်ခဲ့ကြတာ၊ ခွေးတကောင်လို အမြီးနဲ့ ခိုင်းခဲ့တာ"

ဤကိစ္စပေါ်ပြီးမှ ဦးချမ်းမြေသည် သားမက် အမျက်ပြေစေရန် ဟိုခေတ်က ငွေသားနှစ်သောင်း တိတိ ပေးဆက်အပ်နှင်း





ဝလျက်နှင့် ...

"ဖေဖေ မျက်ကွယ်ပြုသွားချိန်မှာ ယခုလို အကျယ်တဝင့် ဒေါ်သလေသံနှင့် ပြောလာခဲ့သည်။ ဖေဖေ မြင်စမ်း ကြားစမ်း စေချင်သပါသည်။"

"ဒီမှာ အဲဒီ နီလာဟာ ဘယ်နှစ်ရတီလောက်ရှိသလဲ၊ နဲ့ဖိုးကရော ..."

"ငြိမ်း မသိပါဘူး ကိုကိုရယ်"

"ဒီလို ပြောလိမ့်မယ်ဆိုတာ ငါ သိပြီးသား။ သူ့ဆီမှာရော သေးသလား"

"မရှိတော့ဘူးလို့ ထင်ပါတယ်"

"အေး ... ဒီလို ပြောတော့လဲကိစ္စ ပြတ်တာပေါ့ကွာ ဒီသား မတန်တဆနဲ့ ရောင်းလိုက်တာလဲ ပါချင် ပါမှာပေါ့။ ကျောင်းတက် အလုပ်မလုပ်၊ ပန်းချီဆွဲလိုက်၊ စာဖတ်လိုက်နဲ့ ဟိုယောင်ဆောင် သည်ယောင်ယောင်ကောင်ပဲ၊ တသက်လုံး မကြီးပွားမယ့်ကောင် ..."

ဒေါ်ငြိမ်းငြိမ်းထွေးသည် နာကျင်သော ရင်၊ နာကျည်းသော ဆဝန်းများဖြင့်သာ စိုက်ကြည့်နေလိုက်သည်။ ဘာမှ မပြောတော့

တခွန်းစလိုက်သည်နှင့် ရန်ပွဲက စည်ကားတော့မည်

သူ သွေးတိုးချိန်မှာလည်း စိတ်လှုပ်ရှားစရာ ဒေါသထွက်စရာများ မဖြစ်စေချင်ပါ။ နှလုံးနှင့်ပါ ယှဉ်နေသော သွေးတိုးရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်လှုပ်ရှားတိုင်း ဆရာဝန် ခေါ်ရသည်ချည်းမို့ ဒေါ်ငြိမ်းငြိမ်း ထွေးကချည်းသာ အမြဲတမ်း လျှော့ရပါ၏။

"ငါ မေးပါရစေအုန်း"

"ဟုတ်ကဲ့"

"ဖေဖေ မသေခင်က ဖေဖေနဲ့အတူ အမြဲလိုက်ရှိနေတဲ့ ကြေး… သေတ္တာလေးရော"

"ငြိမ်း မသိပါဘူး"

"ငါလဲ ဒါကို ခဏခဏ မေးတယ်။ မင်းလဲ ဒီလို ခဏခဏ ဖြေတယ်။ ဒီမှာ မငြိမ်း …"

"ဟုတ်ကဲ့ ကိုကို"

"အထဲမှာ ဘာတွေ ရှိမယ် ထင်သလဲ ဟင်၊ အရေးကြီး တဲ့ ပစ္စည်း အဖိုးတန်တဲ့ ရတနာတွေ ပါမယ်ထင်သလား"

"ငြိမ်း မထင်တတ်ဘူး"

"ဘာမှ ဆွေးနွေးလို့ မရတဲ့ မိန်းမ။ ဒီမှာ အဲဒီ သေတ္တာ… တစုံတယောက် ယူမသွားနိုင်အောင် ငါကိုယ်တိုင် မြေလှန်ရှာမယ်"

"ရှာပါ"

"အေး … မတွေ့တွေ့အောင် ရှာမယ်။ အဲဒီ ကြေး… သေတ္တာဟာ ဖေဖေ ဦးချမ်းမြေ့ရဲ့ အရေးကြီးလွန်းတဲ့ ပစ္စည်းတ… တာပဲ ဖြစ်ရမယ်။ ဖေဖေဆုံးတာ ခုနှစ်နှစ်ရှိပြီ။ ခုထိ ရှာမရနိုင်တာ… အံ့ပါရဲ့။ ဒီလိုနေလို့ မဖြစ်တော့ဘူး။ တွေ့အောင်ကို ရှာမှ"





ဆရာစက္က ဘုရားစင်ကို ရွှေသလို သူလည်း ရွှေ့ကြည့် …ည်။ ရှာကြည့်မည်၊ သည်အကြောင်းအရာကို ဆရာစက္က သိနှင့်ပြီး …ကိုများ လျှို့ဝှက် ထားလေသလား …

ပူလောင် ပင်ပန်းသော လောဘတွေးများနှင့် တဆက် …ည်း ဇနီးသို့ မေးသော ပုစ္ဆာများက …

"မင်း သော့လည်းကောင်း၊ ငါသော့လည်းကောင်း၊ နှစ် …ယောက်လုံးသော့လည်းကောင်း ပေါ့ကွာ … သေသွားကြယင်၊ …ကောင်ရဲ့ ရပိုင်ခွင့်က ဘာရှိနိုင်သလဲ"

ဒေါ်ငြိမ်းငြိမ်းထွေးမှာ ဝဲလာသော မျက်ရည်များကို မမြင် …သာစေရန် မျက်လွှာချထားလိုက်သည်။

"ဒမြ လူသတ်ကောင်ရဲ့ သားနဲ့ ငါ့ သမီးတွေနဲ့ တော့ …ဉ်ပြီး တန်းတူ အမွေ မပေးနိုင်ဘူးနော် မငြိမ်း"

ဒေါ်ငြိမ်းငြိမ်းထွေး သက်ပြင်းလုံးကြီး ချလိုက်သည်။

"ငါ အယင်သေသွားယင် ဒီကောင့်ကို ငါ့ သမီးတွေနဲ့ …တန်းတူ အခွင့်အရေး မပေးနဲ့လို့ ငါ မှာခဲ့မယ်။ ပေးခဲ့ယင်လဲ …ရောက်လေရာ ဘဝက ငါမကျေနပ်ဘူးလို့ မှတ်"

"ကိုကိုရယ် …"

"ရှိုး … မင်းသာ အယင်သေလို့ကတော့ … …ဒီအကောင်ကို ငါ့အိမ်ပေါ်က ချက်ချင်း နှင်ချလိုက်မှာပဲ … …နှင်းရှင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငြိမ်းငြိမ်းထွေး သူ့နားမှာ ဆက်လက် နေချင်စိတ် မရှိတော့။ နေနိုင်စွမ်းလည်း မရှိတော့။ ဦးမျိုးခန့်က အနားက ရုတ်တရက်ထပြီး အခန်းဝသို့ အမြန် လျှောက်လာချိန်မှာ ...

"အေး ... မကြားဝံ့ယင် သွား ... ဒီခြံ ဒီပစ္စည်းတွေနဲ့ ချမ်းမြေ့ဂေဟာရဲ့ ပိုင်ဆိုင်မှုအားလုံး မင်းရဲ့သားကြီး တပြားမှ မရစေရဘူးဆိုတာ မင်းမြဲမြဲ မှတ်သွားပါ"

ဒေါ်ငြိမ်းငြိမ်းထွေး အံကို တင်းတင်းကြိတ်လိုက်သည်။ ခံစားမှုများစွာကို ခံနိုင်ရည်ရှိလာသော ရင့်ကျက်သည့်အရွယ် ရောက်လာသဖြင့် မျက်ရည် မကျဖြစ်တော့ ...။

သားကိုသာ တိုင်တည် တမ်းတနေမိ၏။

"သားကြီးရယ် ... မိုက်လိုက်ပါ ဘိတော့"

"ဒီ မိန်းမမှ ခိုးပြေးရတယ်လို့"

"အခု ဇာနည် ပြန်သွားပြီ"

"ရန်ကုန်အိမ်က လူတွေနဲ့ ပြဿနာ ဘယ်လိုရှင်းရအာန်းမယ် မသိသေးဘူး"

"ဘာပဲဖြစ်ဖြစ် ..."

ဘာပဲဖြစ်ဖြစ်လေ။ မေမေရဲ့ ဆန္ဒကိုတော့ မပြောင်းနိုင်ဘူး သားကြီးရယ် ...

○ ○ ○





"စားအုန်းလေကွယ်"

"ဒီလောက်များတဲ့ ဟင်းတွေကို ဘယ်လိုလုပ်ပြီး စားနိုင်မှာလဲလို့"

ထမင်းစားပွဲ အလယ်မှ ဝါးလီဆိုင်က ဝယ်ခဲ့သော တရုတ်ဟင်းလျာ စားစရာတွေက အစုံအလင်။ ဝက်စတူး ပဲန်းကန်ကြီး ကြည့်ပြီး ပျို့ချင်လာသည်။

"စတြော်ဘယ်ရီရှိတ်(က) သောက်မလားဟင်။ စက်နဲ့ မောင်ဖျော်ပေးမယ်လေ၊ ဟင် ... ချစ်"

"တော်ပါပြီကွယ်။ အလကားနေယင်း အစားတွေပဲ ဖိကျွေးနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာလုပ်ပေးရမလဲ ပြော၊ ခိုင်ထူးလို ဟာစ်ရမလား။ မင်းအောင်လို ဟဲ့ရမလား၊ မိုးဝင်းလို ကျွမ်းပစ်ပြီး ကပြရမလား"

"မောင်ကလဲလေ ... စိတ်ညစ်ရတဲ့အထဲ"

"ဟုတ်တယ် ... ချစ်ရဲ့ မောင်လဲ စိတ်ညစ်တာပဲ"

"မောင် တကယ်စိတ်ညစ်တယ်လား။ ပန်းဝေသီ အတွက် ကြောင့်လား ဟင်"

"ဟုတ်တယ်၊ ပန်းဝေသီကြောင့်"

"တကယ်"

"တကယ်ပေါ့။ စနေ တနင်္ဂနွေကြီးက အလကား မောင်တို့ ကြားမှာ လာခံနေလို့ စိတ်ညစ်လိုက်တာမှ အိပ်လို့တောင် မရဘူး။ အရေးထဲ ချမ်းကလဲ ချမ်းသေးသဗျ"

"သွား ... ဒါပဲ ပြောနေတာပဲ"

ပန်းဝေသီ နှုတ်ခမ်း စူပစ်လိုက်သည်။

"အဖြေပေးလဲ ကြာသပတေးလောက်က ပေးရတယ် ကလေးမရဲ့"

"မောင်နော်"

"ဟုတ်တယ်လေ။ သောကြာနေ့ကြီးကျမှ အဖြေလာပေး တော့ သွားရော။ ဘာမှ စီစဉ်လို့ မရတော့ဘူး ..."

လက်သီး နုနုက သူ့ပုခုံးသား မာမာကြီးကို နာအောင် တကယ် ထုထည့်ပစ်လိုက်တော့သည်။





"ချစ်"

"ဘာလဲ"

"တနင်္လာနေ့ ရောက်ချင်လှပြီဗျ"

"သွား"

"တနင်္လာနေ့ ကျယင် အဲဒီ နှုတ်ခမ်းစူနေတဲ့ ကောင်မလေး တို့ အိမ်ရှင်မကြီး ဖြစ်ပေတော့မယ်ဟေ့"

"အဲဒီကျမှ သေပြီသာမှတ်။ စည်းကမ်းချက်တွေ အပြတ် သတ် မှတ်ပြမယ်"

"ရတယ် ... တနင်္လာနေ့ ရုံးမှာ လက်မှတ်ထိုးပြီး ပြန်လာတာနဲ့ ဒေါ်ပန်းဝေသီ နွားတကောင် ဝယ်လာပြီလို့သာ မှတ်လိုက်ပါ ခင်ဗျား"

"တကယ်နော်၊ နွားကြီး မရုန်းနိုင်အောင်ကို ခိုင်းပစ်မယ်။ ကြည့်နေ"

"နွားကြီးကလဲ ဟောဒီလို ... ဟောဒီလို ခွေ့ပစ်မယ်။ ကြည့်နေ"

"အား ... ကြည့်စမ်း။ မောင်နော်၊ မကောင်းဘူးကွာ"

ကိုမိုးခွေက ခေါင်းငိုက်စိုက် ချလိုက်ပြီး သူ့ခေါင်းကြီးကို သွက်သွက်လည် ယမ်းခါလျက် ပန်းဝေသီ၏ ရင်ခွင်ကြားသို့ အတင်း တိုးခွေ့တော့သည်။

ချစ်သူနှစ်ဦး၏ ကြည်နူးမှုမှ ဖြစ်ထွန်းလာသော ရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



လွှင်လွှင်သည် ပြင်ဦးလွင် ကုန်းမြေအနံ့ ပျံ့မည် ထင်ပါ၏။

"ချစ် ... မသိမ်းနဲ့လေ"

"ဩော် ... သိမ်းလိုက်ပါမယ်။ တော်ကြာ အကြီးမို့ လာသိမ်းနေပါအုန်းမယ်"

"သိမ်းပါစေ။ သူလဲ ကုသိုလ်ရတာပေါ့"

"မဟုတ်တာ။ ဟိုက လူကြီး"

"ချစ်သူ လူငယ်တွေရဲ့ ပါရမီကို ဖြည့်ပေးယင် လူကြီးတွေလဲ ကုသိုလ်ရတာပဲပေါ့။ ထားလိုက်"

"နေစမ်းပါ။ ကိုယ်စားပြီးသား ပန်းကန်တော့ ကိုယ် ဆေးပါရစေ။ လူကြီးတွေနဲ့ ဆုံတိုင်း မျက်နှာပူလို့ သေရတော့မယ် မောင်ရယ်"

"ချစ်ကလဲကွယ်"

"တကယ် ပြောတာပါ။ လက်မထပ်ရသေးတဲ့ ယောကျ်ားလေးတယောက်ရဲ့ အိမ်ပေါ်ကို ကြိုပြီး တက်နေရတဲ့ မိန်းကလေး တယောက်ရဲ့အဖြစ်ဟာ ဘယ့်လောက်သိက္ခာကျစရာကောင်းလဲ မောင်ရယ်"

"ချစ်ကလည်းကွာ ... သိက္ခာကျချမယ့်လူမှ တယောက်မှ မရှိတာ။ ဘယ်သူမှလဲ မသိပါဘူး။ ခုပဲ စနေနေ့ ညနေစာ စားပြီးကြပြီ။ သန်ဘက်ခါ ဒီအချိန်ဆိုယင် ချစ်ကို မောင် ပိုင်ဆိုင် ခွင့်ရပြီလေ။ ပျော်ပျော်နေစမ်းပါ ချစ်ရယ်။ မျက်နှာလေးညှိုးနေ တာကို





မကြည့်ရက်လွန်းလို့ပါ။ ထားထား ... မောင် ဆေးလိုက်မယ်"

ပန်းဝေသီ၏ လက်တွင်းမှ ပန်းကန်များကို အတင်းလုပြီး ရေကန်ငယ်ကလေးမှာ သူကိုယ်တိုင် ဆေးနေရှာတော့သည်။

"ဩော် ... မောင်က သူဌေး မိသားစုရဲ့ မွေးစားသားမို့ ဂုဏ်ငယ်နေရရှာတာပါ ... သနားပါတယ်။ မောင့်ရဲ့ပုင်ကို သဘော ကိုက ဖြူစင် မွန်မြတ်တာ ...

ငါ့ပေါ်မှာလည်း သိပ်ပြီး ညှာတာရှာတယ်၊ နိုကိုးရာမဲ့ အဖြစ် နဲ့ သူ့ဘဝအတွင်း ဝင်လာရှာတယ်ဆိုပြီး ငါ့ကိုလည်း ဂရုစိုက်လိုက် တာမှ သူ့မှာ ထားစရာ နေရာတောင် မရှိအောင်ပါပဲ ...

မောင့်လိုလူကို ခင်ပွန်းအဖြစ်နဲ့ ပိုင်ဆိုင်ခွင့် ရရှိတော့မယ့် ငါဟာ ကံကောင်းပါတယ်လေ ...

တနင်္လာနေ့ကျလို့ ရုံးမှာ လက်ထပ်ပြီး ကြယင် ... မန္တလေးဖြစ်ဖြစ် ပြောင်းပြီး အလုပ်တခုခု လုပ်ရအောင်လို့ မောင့် ကို ငါပြောမယ် ...

ဒီ အိမ်မှာလဲ တို့ ကြာကြာနေလို့ ဘယ်ဖြစ်ပါ့မလဲလေ ဒါက သူ့သူငယ်ချင်းခြံဆိုတော့ ခေတ္တပဲ နေလို့ရမှာပေါ့"

ကိုမိုးဇွေ၏ ဘဝမှန်ကို မသိရှာသော ပန်းဝေသီမှာ အကြင်နာ အတွေး၊ အကြင်နာ အမြင်၊ အကြင်နာ မေတ္တာများ ဖြင့် သူ၏ အချစ်ဆုံးသော အချစ်ဦးကို မြတ်နိုးလွန်းစွာ ကြည့်နေ မိပါ၏။

"ချစ်"



www.burmeseclassic.com

www.burmeseclassic.com



"နှာမည့် ခေါ်စမ်းပါ။ လူကြီးတွေ ကြားပါ့မယ်"

ဒီတော့လည်း အနားတိုးကာ အသံမထွက်အောင်လေသံနှင့် . . .

"ချစ်နဲ့မောင်နဲ့ ပန်းခြံထဲ သွားရအောင်"

"မောင်ဟာလေ နောက်ရွှတ်နေတာပဲ"

"ဟုတ်တယ်၊ ပန်းဝေသီရယ် . . . မောင့်ရင်မှာ ကြည်မွေ့လွန်းတော့ လုပ်ဆောင်ချက်တိုင်းဟာ ပျော်ရွှင် ချမ်းမြေ့ဖွယ်ရာတွေချည်း ဖြစ်နေရပါတယ်။ မောင်လေ . . ."

"အင်း"

"မောင့် အသက်နဲ့အမျှ ခုချိန် ခုအခါလောက် ပျော်ရွှင်ချမ်းမြေ့တဲ့ ခံစားမှုမျိုး တခါမှ မခံစားဖူးသေးပါဘူးဗျာ"

"မောင်ရယ် . . ."

"ဟာ . . . ချစ်ရဲ့ လက်ဖျားလေးတွေ အေးလို့။ မောင်အနွေးထည် ယူပေးမယ်နော်"

တန်းပေါ်မှ ယုံမွေးဆွယ်တာ ဇိုရဲရဲလေးကို ယူပေးရုံမကသူကိုယ်တိုင် ဝတ်ဆင်ပေးပြီး ပန်းဝေသီ၏ လက်ကို တွဲလျက်

"ခြံထဲမှာ သွားထိုင်ကြမယ်နော်"

ပန်းဝေသီက ခေါင်းလေးငုံ့ပြီးမှ ညိတ်ပြလိုက်မိသည်။

ခြံထဲမှ မောင့်အချစ်တော် ခွေးကြီး "တိုးဖြူ" က ချစ်သူနှစ်ဦးနားမှာ အမြီးလေး လှုပ်ယမ်းယင်း လိုက်ပါလာသည်။ ဤ





တိုးဖြူကို ပန်းဝေသီ ချစ်နေပြီး သူကလည်း ပန်းဝေသီ လမ်းလျှောက်တိုင်း ဘေးက ပါလာမြဲပါ၏။

ခြံအတွက်လည်း ဥယျာဉ်မှူးတယောက် ငှားထားသဖြင့် တခြံလုံး ရှင်းသန့်နေပေသည်။

"ပန်းဝေသီ ကြိုက်တဲ့ နေရာလေးမှာ သွားထိုင်ကြရအောင်နော်"

"စိန်ပန်းပြာပင် အောက်လား . . ."

"ဟုတ်တယ်လေ ချစ်"

"ဟင်အင်း ကွယ် . . . အဲဒီနေရာက ပန်းဝေသီအကြာကြီး ငိုထားတဲ့ နေရာကြီး . . ."

"ဟာ . . . ဟုတ်ပြီ၊ ဒါဆို . . . ဟိုက စိန်ပန်းနီနီပင်ကြီးအောက်ကို သွားကြမယ်နော် ချစ်လေး"

ပန်းဝေသီ၏ လက်ကို ဆွဲကိုင် ဆွဲယူပြီး၊ ရှေ့က ပြေးတော့ ပန်းဝေသီလည်း ပြေးပြီး လိုက်ခဲ့ရသည်။

ပြေးခြင်းကြောင့် နှလုံးသား အခုန်မြန်လာသည်။ ဒါပေမယ့် ပန်းဝေသီ မမောပါ . . .

"လှလိုက်တာ ချစ်ရယ် . . ."

"မောင်ကလဲကွယ် . . . ဒီလောက်ကြီး ကြည့်နေတော့ ဘယ်လို နေရတော့မလဲ"

"တကယ့်ကို ကြည့်ကောင်းလွန်းလို့ ပါကွယ် . . . ဟိုးပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်စမ်းပါ ချစ်ရယ်"

"ကောင်းကင်ကြီး တခုလုံး ပြာလွင် နေတယ် ... ပြီးတော့ ရဲရဲနီနေတဲ့ စိန်ပန်းပင်ကြီးရဲ့ ရွက်စိမ်း အားလုံးကို ဖုံးပြီး ပွင့်နေတဲ့ စိန်ပန်းနီပင်ကြီး အောက်မှာ ဆွယ်တာရဲရဲလေး ဝတ်ပြီး ထိုင်နေတဲ့ အလှဆုံး မျက်နှာလေး ..."

"အဲဒီ အလှဘွဲ့က ဘယ်နန်းတော်ကို ဆက်သွင်းမလို့ပါလိမ့်"

"တကယ်ပါ၊ ချစ်ဝတ်ထားတာ ကြည့်စမ်း၊ လုံချည်က အပြာရောင် တောက်တောက် လွင်လွင် ကောင်းကင်ပြင်က အရောင်နဲ့ အပြိုင် ...

ပြီးတော့ ..အောက်ခြေကို ကြည့်လိုက်၊ မြက်ခင်းစိမ်းပေါ်မှာ စိန်ပန်းနီ ပွင့်ဖတ်ကြွေတွေက ပြန့်ကျဲလို့ ...

ပန်းချီဆရာတောင် ဆေးချက်တင်ဖို့ မလွယ်လို့ စုတ်ဖ ကိုင်ပြီး မှိုင်နေရမယ့်အဖြစ်"

"ပန်းချီဆရာကလဲလေ ပန်းချီဆန်ဆန်အမြင်ပဲ လောက အားလုံးကိုမြင်နေတယ် ..ကဲပါ။ လာပါ အပေါ်မှာထိုင်လေ။ ဘယ့်နှယ် ပန်းဝေသီရဲ့ အောက်က ထိုင်နေရတာလဲ မောင်ရဲ့"

"ခုံတန်းလျားလေးပေါ်မှာ ထိုင်နေတဲ့ ပန်းဝေသီကို မြက် ခင်းပြင်က ထိုင်ပြီး ကြည့်နေရတာ မထနိုင်လောက်အောင် မြင်ကွင်း က လှလွန်းလို့ပါဗျာ"

"ကွယ် ..မောင်ကလဲ ပန်းဝေသီ မနေတတ်တော့ဘူး"





ကိုမိုးစွေက လိုက်လျောချင်စိတ် ဆန္ဒနှင့်သာ နေရာမှ ထိလိုက်ရသည်။ အလှကြည့်ကွင်းလေးကို မစွန့်လွှတ်ချင်သေး။

ပန်းဝေသီမှာ အရှက်မျက်နှာလေးနှင့် ပြောတော့လည်း မြတ်နိုးစရာ။ မျက်ရည်မျက်နှာလေးကို မြင်ရပြန်တော့လည်း ရင်နိုက် အောင် သနားစရာ။ နဂိုနေ မျက်နှာ ကျပြန်တော့လည်း အသည်း ခွဲအောင်၊ နှလုံးသား တုန်လှုပ်စေအောင် ချစ်စရာပါလားကွယ်။

"မောင်...ဘာတွေ တွေးနေတာလဲဟင်"

"ချစ်ရဲ့အကြောင်းကလွဲလို့ မောင့်မှာ ဘာမှတွေးစရာမရှိ ပါဘူး ချစ်ရဲ့"

ကိုမိုးစွေက ခုံတန်းလျားလေးဘေးမှာ ပန်းဝေသီနှင့် ယှဉ် ပြီး ဝင်ထိုင်တော့...

"မောင်...ပန်းဝေသီကို တကယ်ချစ်ရဲ့လား ဟင်..."

"အဲဒီစကားမေးတာ စိတ်အဆိုးဆုံးပဲဗျာ"

"ချစ်ကိုယ်ကို အသေးလေးချုံ့ပြီး မောင့်ရင်ထဲမှာ ထည့် ထားချင်တယ် သိလား"

"မောင်ရယ်..."

ပန်းဝေသီ၏ လက်ခုံလေးကို မြတ်နိုးယုယစွာ ကိုင်ပြီး နှုတ်ခမ်းလေးနှင့် ငုံ့နမ်းနေ၍...

"မောင်က ပန်းဝေသီကို ချစ်ခွင့်တွေတောင်း...ပန်းဝေသီ က အချိန်ယူစဉ်းစားဆုံးဖြတ်ပြီးမှ အဖြေပေးရတဲ့ တန်ဖိုးရှိအချစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်လိုက်တာ…အခုတော့ လမ်းပေါ်ကတွေ့လာတဲ့ မိန်းကလေး မောင့်ဘဝထဲကို အတင်းဝင်လာတဲ့ မိန်းကလေးဖြစ်နေလို့ ပန်းဝေ အားငယ်မိတယ်"

"တော်တော့ ချစ်…"

"မောင် မကြိုက်တာကို ပြောနေတာ မဟုတ်ပါဘူး… ပန်းဝေသီလေ မောင့်ကို သိပ်ချစ်တယ်… အဲလိုပဲ မောင့်အချစ် ကိုလဲ ရချင်လွန်းလို့ပါ"

"ချစ်…မောင့်ကိုချစ်တဲ့ အချစ်တွေထက်တော့ မလျော့ နည်းတဲ့အချစ်…ပိုကဲတဲ့အချစ်တွေနဲ့ ချစ်မှာပါ…အဲဒီချစ်ခြင်း မေတ္တာတရားဟာလဲ မောင့်နလုံးခုန်သံရပ်တဲ့အချိန်မှာမှ ရပ်တန့် သွားမယ်ဆိုတာ အချစ်…ယုံ"

ပန်းဝေသီသည် ကိုမိုးစွေ၏ လက်ယာဘက် ပခုံးစွန်း ခေါင်းကို မှီချလိုက်သည်။ ပြီးတော့ ကိုမိုးစွေ၏ လက်မောင်းသား ကို သူ့ လက်လေးနှစ်ဘက်ဖြင့် ဆုပ်ကိုင်ထားမိ၏။

ကြည်ညိုခြင်း၊ မှီခိုလိုခြင်း၊ အားကိုးခြင်း၊ မြတ်နိုးခြင်း စသည်တို့ဖြင့် ဖွဲ့စည်းအပ်သော ချစ်ခြင်းမေတ္တာဖြင့် ပန်းဝေသီသည် ကိုမိုးစွေကို ချစ်မိပါသည်။

ကိုမိုးစွေသည်လည်း သူ၏ လက်ဝဲလက်ဖြင့် ပန်းဝေသီ၏ ညက်ပြေသော နဖူးပြင်ပေါ်မှာ သွယ်ကျနေသော ဆံယဉ်စလေး များကို သပ်တင်ပေးပြီး နှစ်သိမ့်ကြင်နာမှုများကို ပြနေရှာပါ၏။





ဤ အချစ်ဆုံးနှစ်ဦး၏ ဆုံတွေ့မှုကာလက တိုတောင်းလှ ပါသော်လည်း ချစ်ခြင်းမေတ္တာ၏ ကြီးမြင့်မှုက ဂန္ထဝင်အချစ်ရှင်တို့ နှင့် မခြားနိုင်ပါ။

သနားခြင်း ချစ်သော အချစ်နှင့်…

ကြည်ညိုစိတ်ဖြင့် အားကိုးသော မေတ္တာတရားတို့ကြောင့် နှလုံးသားအညီသမျှ အချစ် တည်ပေလိမ့်မည်။

"မောင်…"

"ချစ်လေး…"

"မွေးစားသားလို့ မောင် သိတဲ့အချိန်က မောင် အားငယ် သွားဟင်"

"မောင်က စခေါ်လာတဲ့နေ့ထဲက သိနေတာပဲ…ကဲပါ… ဒါတွေထားလိုက်ပါ…ပြီးခဲ့တာတွေကို မောင့်ချစ်လေး ကမှပြန်မတွေးနဲ့တော့နော်…မောင်တို့ရှေ့က လုပတဲ့အနာဂတ် ကိုပဲ လှမ်းမျှော်ကြည့်ကြပါစို့ရဲ့နော်…ချစ်လေး…နော်"

ပန်းဝေသီ၏ မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေ့သီလာ သည်။

ဒီတစ်ကြိမ် ဝေရသောမျက်ရည်က ဝမ်းနည်း၍မဟုတ်ပါ။ မျက်ရည်ဆိုသည်မှာ ဝမ်းသာကြည်နူးလွန်းလျှင်လည်း ကျတတ်ကြတတ်သည်ပါလားကွယ်။

"အို…မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝေသီ၏ မေးစေ့လေးကို ဆွဲယူပြီး မော့လာသော မျက်နှာလေးကို ကြာမြင့်စွာကြည့်ပြီးမှ နဖူးပြင် ပြေပြေပေါ်မှာ လေး နမ်းရှိုက်လိုက်သည်။

ရမ္မကင်းမဲ့သော အကြင်နာအနမ်းသည် ပန်းဝေသီ၏ နှ အိမ်ကို နှင်းစက်ပွင့်များနှင့် သွန်လောင်းချလိုက်သလား မှတ်ရသည် ရင်ခွင်တပြင်လုံး အေးမြ စိမ့်ကြည်သွားရပါပြီ။

"ချစ်...လက်ဖျားလေးတွေအေးလို့ သွေးမှုလာအော ခြံထဲမှာ လမ်းလျှောက်ကြရအောင်နော်..."

မငြင်းဖြစ်...

အလုပ်တွေ စွန့်ပစ်ထားသလို၊ ကြည့်လေရာ နေရာတိ မှာ လုနေသော ခြံတွင်းမှ ပန်းခင်းများကိုကြည့်ပြီး ပန်းဝေသီ ကြ နှုးမဆုံးနိုင်...

သန်ဘက်ခါဆိုသော တနင်္လာနေ့သည် ဘာမျှမရှည် တော့...

မောင်သည် သူ့ကိုယ်သူ ပိုင်ဆိုင်၏။ အရင်ကပင် မိုးကု အိမ်မှာ ကြာကြာမနေ။ မန္တလေးဆင်းလိုက်၊ ပြင်ဦးလွင်တက်လိုက် မိုးကုတ်မှာ ရှိနေပါလျက်နှင့်လည်း အိမ်သို့ ဆယ့်လေးငါးရက်ကြ မှ တခါပြန်လာချင် လာတတ်သူပါ။

သူ့ကို ထာဝရ မကျေနပ်နေသော ဦးမိုးခန့်နှင့် မဆုံအောင် ချင်၍ဟု မောင် ပြောပြဖူးသည်။





မောင့်ဘဝကို မောင် နဂိုကတည်းက ပိုင်ဆိုင်ပြီးသား။

"ပန်းဝေသီဘက်ကလဲ မွေးစားသား...ဘာအလုပ်မှမရှိ သူ...မတောက်တခေါက် ပန်းချီပညာနဲ့ ထမင်းဝမှာမဟုတ်ဘူး"

စသော နှိမ့်ချစကားများဖြင့် တားမြစ်မည့်လူသား ဤ ာကတွင် တစ်ဦးတစ်ယောက် တစုံတရာမျှ မရှိပါချေ။

"ပန်းဝေသီ ယောက်ျားရသွားပြီ"

ဆိုသော သတင်းသည် သူတို့အတွက် မင်္ဂလာအပေါင်း ငြိပြည့်စုံသော သတင်းတရပ် ဖြစ်ပေလိမ့်မည်သာ။

ဒါဆို ဘာများလိုသေးလဲလေ။

မောင် ပြောသလို ပန်းဝေသီတို့ အချစ်ဆုံးနှဝဦး၏ လုပ သာအနာဂတ်သည် အနီးဆုံးနေရာမှာ ရှိနေခဲ့ပြီ။ လှမ်းမျှော် မြင် ရပါပြီ။

"အို...နှမြောစရာကြီး...ဘာလို့ ခူးလိုက်ရတာလဲ ာင်ရယ်"

ခရမ်းနှင့် ပန်းရင့်ရောင်စပ်ထားသည့် သစ်ခွနွယ်လေးတ ကို မောင် ခူးလိုက်၍ပါ။

"ရှော့...ချစ်...အပင်မှာ ရှိနေတာထက် ချစ်ကိုင်ထား က ပိုပြီးလှတယ်...ကျက်သရေရှိတယ်...ကြည့်နေရတဲ့ ောင့်ရင်ကို အေးမြစေလွန်းလို့ပါကွယ်"

"မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ဆံပင်လေးတွေနောက်ကို လွှင့်နေပုံ...ဟောဒီ ပန်းကလေးကိုင်ထားတဲ့ ချစ်ရဲ့ပုံတူကိုလေ ပြင်ဦးလွင်ရဲ့ ဆည်းဆာနောက်ခံထားပြီး မောင် ပန်းချီရေးချင်လိုက်တာ ချစ်ရယ်"

"ဆွဲလေ...မောင် ပန်းဝေသီ အကြာကြီးရပ်ပေးနေမယ်လေ"

"ရပ်မခိုင်းရက်ပါဘူး...ဆွဲဖြစ်ရင် ထိုင်နေခိုင်းမှာပါ...မောင့်မှာ ပန်းချီပစ္စည်း ဘာမှမပါခဲ့ဘူးလေ...ကင်မရာတောင် ပါမလာခဲ့ဘူး ချစ်ရဲ့"

"ဟုတ်မှာပေါ့...အိပ်ရာထဲကနိုးပြီး ဒုက္ခပေးဖို့ ခေါ်လာခဲ့တာလေ"

"ကောင်မလေးနော်...ဘာ ဒုက္ခလဲ...ဒီမှာ သုခတွေများလွန်းလို့ ဘယ်ထားရမှန်းတောင် မသိတော့ဘူး...ဗျ"

မချင့်မရဲလေသံနှင့် ပြောလာတော့ ပန်းဝေသီ ခိုးခိုးခစ်ခစ်ရယ်မိသည်။

"ပြင်ဦးလွင်ကလဲ နေမဝင်ခင် အေးနေပြီနော်မောင်"

"ချစ်...ချမ်းနေလားဟင်...အိမ်ထဲဝင်ကြမလား...မီးသွားလှုံရအောင်"

"ဒီလောက်ကြီး မဟုတ်သေးပါဘူး မောင်ရ...ခြံထဲမှာနေရတာ ပိုပြီးပျော်တယ်...နေရတာလဲ ပိုပြီးလွတ်လပ်တယ်...အိမ်ထဲမှာဆို လူကြီးတွေနဲ့နေရတာ တမျိုးကြီးပဲ"





"ချစ်စိတ်ကိုက အားငယ်နေလို့ပါ...မောင့်ရဲ့ ကြီးကြီးနဲ့ မောင့်ရဲ့အဖေက ချစ်ကို ချစ်ကြပါတယ်"

"မောင်ရယ်...မောင်ပြောပြတဲ့ မောင့်အဖြစ်ကလဲ ဆန်းတယ်နော်"

"အင်း"

"မောင့်ဖေဖေက သနားပါတယ်နော်...ဒါပေမယ့် အခုတော့ သူလဲ သိပ်ပြီး ပျော်နေပုံရပါတယ်... မောင့်ဆို အမြဲလိုက်ကြည့်နေရှာတာ...သနားပါတယ်နော်...မောင်"

ကိုမိုးစွေ တွေဝေသွားရသည်။

သူ့အချစ်ဆုံး ပန်းဝေသီသို့ ပြောပြသမျှသည် သူ၏ဇာတ်လမ်းအကုန်အစင်ဟု ပန်းဝေသီ ယုံကြည်နေရှာသည်။

သူ့ဖခင်မှာ ယခု ဦးမြင့်ဖြစ်သည်။ သူနှင့် အကြာကြီးကွဲနေပြီးမှ အမှုတစ်ခုနှင့် ထောင်ကျသည်။ ဘာမှုရယ်လို့ အတိအကျမပြောပြခဲ့ပါ။ ဒါကလည်း ကိုမိုးစွေ၏ သတ္တိနည်းခြင်း၊ မပွင့်လင်းဝံ့ခြင်းဟု ခေါ်ဆိုနိုင်ပါသည်။

ဒမြတိုက်သူ လူသတ်သမား ဦးမြင့်မှာ မောင့် အဖေပါဟု ပန်းဝေသီကို မသိစေရ။

ထောင်ကျဖူးသောကိစ္စကို ပန်းဝေသီကလည်း အလေးအနက်မထားရှာပါ။ သည်မျှ ကြီးကျယ်သောပြစ်မှုကြီး ဖြစ်လိမ့်မည်ဟုလည်း သူ မတွေးမိ။ သူနှင့် မသက်ဆိုင်၊ ဘေးပန်းကိစ္စများဟု



www.burmeseclassic.com

www.burmeseclassic.com



သာ ပန်းဝေသီ ယူဆထားရှာပါ၏။

ကိုမိုးစွေသည် ဒေါ်ငြိမ်းငြိမ်းထွေး၏ သားအရင်းပါဟူ၍ဖြင်း လုံးဝ ပြောမပြ။

ပြောမပြရသည့်အကြောင်းရာကလည်း "မွေးစားသား" ဟူ၍ သိစေခြင်းဖြင့် ဘဝချင်းညှို၍ရအောင်၊ ပန်းဝေသီ၏ သနားကြင်နာမှုကို ရရှိအောင် တမင် ထိမ်ချန်ထားခြင်းသာ ဖြစ်ပါ၏။

သူ့ကို အလွန်အမင်းချစ်သော ဒေါ်ငြိမ်းငြိမ်းထွေးမှာ သူ ဆောင်ရွက်သမျှ ကျေနပ်သည်ချည်းသာ။

ဦးမျိုးခန့်ကတော့ ပြဿနာမရှိ။ သူ့အိမ်ကလွင့်သွားလျှင် အကြိုက်ဆုံးဖြစ်လေမည်။

ဦးမြဒင်နှင့် ပတ်သက်၍ ပန်းဝေသီ ဘာမှ မခံစားရ၍ တော်ပါသေးသည်။

ဤ မြတ်နိုးအပ်သော မိန်းမကို စွန့်လွှတ်ရခြင်းဆိုသော ပြဿနာ သူ့ဘက်မှာ ဘာဆိုဘာမှ ရှိမနေပါ။

အားငယ်နေရှာသော အချစ်ဆုံးလေးကို အမြန်ဆုံး ပိုင်ဆိုင်ခွင့်ရချင်လှပါပြီ။ ဒါမှ သူ ရဲရဲတင်းတင်း အားကိုးဝံ့ရှာပေမည်။ အခုတော့ တကယ့်ကို သနားစရာ...

ဒါကြောင့် ယောကျ်ားမြတ်တို့၏ အကျင့်သိက္ခာမှ အစ်တဖျားစာ စွန်းမထွက်ရလေအောင် သူ အတတ်နိုင်ဆုံး ထိန်းသိမ်းနေပါသည်။ ချစ်သူတို့ဘာဝ ယုယမိုက်ထွေးပြီး အနမ်းလေးများ





ပေးဆပ်ခြင်းဆိုသော ချစ်သင်္ကေတမျိုးကိုပင် ကိုမိုးစွေ မပြခဲ့...

"မောင်...အဲဒီ သစ်ခွရုံက သစ်ခွတွေက သိပ်လှတာပဲနော်...သစ်ခွဆိုတာ ပန်းလောကမှာ စိတ်ဝင်စားစရာ အကောင်းဆုံးနဲ့ လူတွေအနှစ်သက်ဆုံးပန်းပဲ"

"ဟုတ်တယ်...ခုဆို မင်္ဂလာပွဲတွေ... အခမ်းအနားတွေ နောက်ဆုံးကွယ်...သူ့ဒေးနဲ့ ဂုဏ်သရေရှင် အသုဘကအစ စကော်ပနိုင်ငံဘက်ကနေပြီး ပလပ်စတစ်အထပ်ထပ်နဲ့ ထုပ်ပိုး သေတ္တာရိုက်ပြီး ပို့ပေးနေကြတာ..."

"ဟိုနိုင်ငံတွေမှာတော့ အကြီးအကျယ် စိုက်ပျိုးလို့ပေါ့ နော်"

"ဒါပေါ့...ဒီခြံမှာကတော့ လခစားလုပ်နေတဲ့ ဥယျာဉ်မှူးက ခြံရှင်တွေလာရင် စိတ်ကြည်နူးဖို့ အလှစိုက်ရုံပဲရှိမယ်"

"ဒီခြံပိုင်ရှင် မောင့် သူငယ်ချင်းက အတော်ချမ်းသာတယ် နော်"

"သိပ်ချမ်းသာတယ် ချစ်ရဲ့...ဪ...ချစ်.. သစ်ခွ အကြောင်း စိတ်ဝင်စားသလားဟင်"

"အင်း...ပန်းဆို ကြိုက်တာပဲ...သစ်ခွအကြောင်းက စိတ်ဝင်စားစရာကောင်းတယ်လို့တော့ ကြားဖူးတယ်...မောင် သိလို့လား"

"သိတာပေါ့...ပြောပြမယ်"

ကိုမိုးစွေ၏ သည်ခြံအကြောင်းမှ လမ်းလွှဲ၍ သစ်ခွ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရောက်အောင် ပြောကြားကြောင်းကိုဖြင့် ပန်းဝေသီ မသိ ရှာ...

“ကဲ...ပြောပြစမ်းပါ...သစ်ခွဆိုတာ ဘယ်နိုင်ငံက စ ပေါက်တာလဲဟင်”

“ကမ္ဘာဦးစပြီး လူသားတွေအတွက် အလှဆင်ဖို့ သစ်ပင် ပန်းမာလ်တွေ ပေါ်ပေါက်လာချိန်ကစပြီး ဖြစ်ထွန်းလာသလားလို့ တော့ မပြောတတ်ဘူး...သူ့ကို စတင်မှတ်တမ်းတင်တဲ့ အစော ဆုံးသစ်ခွရာဇဝင်ကတော့ ခရစ်တော် မပေါ်မီ ဘီစီ ၅၅၁ မှ ၄၇၉ အတွင်းမှာဖြစ်တယ်”

“ဘယ်နိုင်ငံက မှတ်တမ်းတင်တာလဲ မောင်...”

“တရုတ်ပြည်က ပညာရှိကြီး ကွန်ဖြူးရှပ်(စ်)ပဲ ပန်းဝေသီ”

“အဲဒီကနေ နောက်ပိုင်း အေဒီ ၂၉၀ မှာ တရုတ်နိုင်ငံ ဇင် မင်းဆက်လက်ထက်မှာ ရုက္ခဗေဒပညာရှင် “ကီဟန်”ဆိုသူ က သစ်ခွအကြောင်း သီးသန့်ပြုစုတဲ့ ရေးဟောင်းစာပေကို အစောဆုံး တွေ့ရတယ်”

“ဟုတ်ကဲ့”

“ဒါပေမယ့် ဩကစ်(Orchid)လို့ ခေါ်တာကတော့ ဂရိ ဘာသာစကား ချစ်ရဲ့”

“ဘယ့်နှယ်...ဘယ့်နှယ်...တရုတ်ပြည်ကနေ ဂရိအ ကြောင်း ရောက်သွားတာလဲ”





“ဒီလို ချစ်ရေ...အဲဒီကွန်ဖြူးရှပ်(စ်)မှတ်တမ်းပြုပြီး နှစ် ပေါင်းနှစ်ရာခန့်အကြာမှာမှ အနောက်နိုင်ငံတွေမှာ သစ်ခွအကြောင်း မှတ်တမ်းပြုလာကြတာကို အစောဆုံး တွေ့ရှိရတယ်”

“ပန်းဝေသီ နားလည်အောင် မောင် ပြောပြ”

“မြေထဲပင်လယ်ဒေသ ဂရိကျွန်းတွေမှာ တွေ့ရှိပြီး မှတ် တမ်းပြုခဲ့ကြတယ်...”

“ဂရိ ရုက္ခဗေဒပညာရှင် “ဒိုင်အိုခရိုင်ဒီး” ရေးသားတဲ့ စာ အုပ်မှာ ဩကစ်ဆိုတဲ့ အမည်ကို ပထမဆုံး စတင်သုံးစွဲခဲ့တယ်လို့ မှတ်တမ်းပြုထားကြတယ်ချစ်”

“ဩကစ်ဆိုတာ ဘာအဓိပ္ပာယ်လဲဟင် မောင်”

“အဟဲ...”

“ဘာ ရယ်တာလဲ”

“မသိချင်ပါနဲ့”

“အမယ်...ဈေးမကိုင်ပါနဲ့ ပြောပြစမ်းပါ”

“ဩကစ်ဆိုတာ ကပ်ပယ်အိတ်နှစ်ခုလို့ ဂရိဘာသာအရ ခေါ်တာတဲ့ဗျ”

ပန်းဝေသီ သူ့ကို လှည့်မကြည့်တော့။

“သစ်ခွမျိုးစုပေါင်း ၇၃၅ ခန့်ရှိတယ်...မျိုးစိပ်ပေါင်းက နှစ်သောင်းနီးပါး...လူတွေမျိုးစပ်ဖန်တီးလို့ ဖြစ်ထွန်းလာတာနဲ့ဆို ရင် သစ်ခွမျိုးပေါင်း သုံးသောင်း ငါးထောင်လောက်တောင် ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချစ်ရဲ့"

ပန်းဝေသီ ဘာမှ ညှော်ထောက်မခံတော့...

"ကမ္ဘာပေါ်မှာ သစ်ခွပြိုင်ပွဲတွေလဲလုပ်ကြတယ်...ဆုရတဲ့ သစ်ခွတွေကို သူတို့ရဲ့ မျိုးစပ်နည်းတွေရောင်းချပြီး စီးပွားအကြီးအကျယ် ဖြစ်နေကြတာတွေလဲရှိတယ် ချစ်ရဲ့..."

ပန်းဝေသီ၏ အချစ်ကိုရရှိပြီးလေမှ ပန်းဝေသီဟု တခါမှ ကိုမိုးဇွေ မခေါ်။ ချစ်ဟုသာ ပါးစပ်ဖျားမှမချအောင် ခေါ်နေပေတော့ သည်။

"သစ်ခွပြိုင်ပွဲတွေကို အမေရိကန်နိုင်ငံမှာ ပြည်နယ်အလိုက် ကျင်းပနေသလို ထိုင်း၊ စင်္ကာပူနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာလဲ ပြိုင်ပွဲ တွေ ကျင်းပတာပဲ...သစ်ခွဝါသနာရှင် အသင်းတွေရယ်လို့လဲ ကမ္ဘာအရပ်ရပ်မှာ ရှိကြတယ်"

"မောင်က သစ်ခွ ဝါသနာပါတယ်လား"

"ပါတယ်...ပန်းတွေ သစ်ပင်တွေ စိုက်ပျိုးတာရယ်... ပန်းချီဆွဲတာရယ်...မောင် သိပ်ဝါသနာပါတယ်...အဲဒါတွေဟာ လူသားတွေနဲ့ မရောထွေးတဲ့ သက်မဲ့အရာတွေမို့လို့...သူတို့နဲ့ ပတ်သက်ရတာ ရင်ချမ်းမြေ့ပါတယ် ချစ်ရယ်.."

"မောင်က လူတွေကို စိတ်ညစ်တာလား...သက်ထား နွယ်နဲ့ ပတ်သက်ပြီး နာကျည်းနေတာလား"

"သက်ထားနွယ်ဆိုတာ မောင့်ဘဝထဲမှာ လုံးဝမရှိတော့ ပါဘူး





ချစ်ရယ်...သူနဲ့ပတ်သက်ပြီး မောင့်မှာ ဘာမှမခံစားရတော့ပါဘူး အဲ...တခုတော့ရှိတယ်ပေါ့လေ"

"ဘာလဲ...မောင်"

"သူ့ကြောင့် လူတွေရဲ့ စရိုက်ကို မောင် နားလည်လာရ ပါတယ် ချစ်"

"အင်း"

"မွေးစားသားဆိုဖဲ့ မိုးဇွေဆိုတဲ့ကောင်ကို အသိအမှတ် ပြုချင်တာမှ မဟုတ်ပဲလေ"

"ဒီကတော့ အဲဒါ ဘဝတူချင်းဆိုပြီး ပိုပြီး သနားရတာပါ နော်..."

"ဟုတ်ပဗျာ...ဟုတ်ပ"

ခြံပတ်လည်လျှောက်ပြီး ကြည်နူးရင်ငြိမ်းဖွယ်ရာ စကားလေး များကို ပြောကြားနေရသော အချစ်ဆုံးနှစ်ဦး၏ နှလုံးသားမှာ နှင်းရည် စက်တို့နှင့်အပြိုင်ပါ...

ပြာလွင်သော ကောင်းကင်မှာ အနက်ရောင်ဘက်လုကာ ပြာညို့လာလေပြီ။

အိပ်တန်းပြန် ငှက်ကလေးများတန်းစီ၍ ပျံသန်းနေသည့် မြင်ကွင်းက မြင်ရသူတို့ထံ အလွမ်းများကိုသယ်ဆောင်လာသလိုလို။

ဆောင်းကြွင်းနှင်းငွေ့တို့သည် ပြင်ဦးလွင်ကို သံယောဇဉ် ကြီးစွာ တွယ်တာနေကြဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်...ချမ်းနေပြီလား"

"မချမ်းပါဘူး မောင်ရယ်...အပြင်မှာပဲ နေချင်တယ်.. မှောင်မှပဲ အိမ်ထဲဝင်ကြတာပေါ့နော်"

"ချစ်...သဘောပါဗျား"

"မောင်"

"ဟင်"

"ဒီ အာဖရိကန်ဒေစီတွေက စိုက်ခင်းအကွက်တိုင်းမှာ ရောင်စုံရောထားတယ်နော်...အနီတတန်း...ပန်းရောင်တတန်း နှင်းဆီဝါတတန်းဆို ပိုပြီး မလှဘူးလားဟင်"

"မောင်က အခင်းတခုတည်းမှာ ရောင်စုံမြင်ချင်လို့ ရော ထွေးစိုက်ခိုင်းထားတာ...ဒီတစ်ခါ အသစ်ထပ်ပျိုးရင် ချစ်ရဲ့ အကြိုက် အရောင်တူတွေ တကန့်စီ စိုက်ပေးမယ်နော်"

"အမယ်...သူ့ခြံကျနေတာပဲ"

"မောင့်ခြံမဟုတ်ပေမယ့် ပန်းပင်တွေကို မောင် ကြိုက်သ လို စိုက်နိုင်ခွင့်ရှိပါတယ်"

"ကဲပါ...စိုက်နိုင်ခွင့်ရှိတယ်ပဲထားပါဦး...ဒီခြံမှာ နေခွင့် ရဦးမှကိုး"

"ဒီမှာနေမှာ ချစ်ရဲ့"

"ပြောလိုက်တာ အပိုင်ပဲ"

"မပိုင်ပေမယ့် မောင်နေတယ်ဆိုရင် သူငယ်ချင်းက ပိုပြီး





ဝမ်းသာမှာ...နောက်ပြီး မောင် မိန်းမရသွားပြီဆိုတာ သူသိရင် ပိုတောင် ကူညီချင်ဦးမှာ...ကြိုက်သလောက်နေနိုင်းမှာ...နေ ဖို့တော့မပူနဲ့"

"စားဖို့ရော"

"အချိန်ကျတော့ မောင် အလုပ်လုပ်မှာပေါ့"

"ဟင်...သူ့အချိန်ကျမှာက အသက်သုံးဆယ်မှဆို... အဝေးကြီး လိုသေးတယ်"

"ဟုတ်ပါရဲ့...မောင် အသက်သုံးဆယ်ဆိုရင် ကလေး သုံးလောက်အဖေ ဖြစ်လောက်ပြီနော်..."

"ကဲ"

သူ့လက်မောင်းသားကို နာအောင် လိမ်ဆွဲပစ်လိုက်တော့ သူ့ ရယ်သံက လွင်ကြည်စွာ လွင့်ပျံ့လာသည်။

"မပူစမ်းပါနဲ့ ချစ်ရယ်...ချစ်ရဲ့တဘဝလုံးအတွက် မောင် တာဝန်ယူနိုင်ပါတယ်"

"ဆင်းရဲမှာ မပူပါဘူး မောင်ရယ်...ဘယ်ဘဝမှာပဲ နေရ နေရ ချစ် နေရဲပါတယ်...မောင်နဲ့ခွဲရရင်သာ သေမှာ"

"မောင်က သေမှပဲ ချစ်ကို ခွဲမယ်...ဘယ်လိုအကြောင်း ကမှ မောင်နဲ့ချစ်ကို မကွဲကွာစေဘူး...ချစ်... စိတ်ချနော်... ထမင်းငတ်မှာလဲ မကြောက်နဲ့သိလား...ဒီမှာကြည့်"

"ဒါက ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခါးထောက်ပြီး အသက်ရှိုက်သွင်း၍ ကြွက်သား မျှား ဘယ်လီများထုတ်ပြသလိုလုပ်နေ၍ ပန်းဝေသီ မမေးတော့ . .

"ဗလတွေ ပြတာလေ . . ကူလီထမ်းကျွေးနိုင်ပါတယ် ဆိုတာ ယုံအောင်လို့"

"မောင်ရယ်ကွယ် . . . မောင်နဲ့နေရတာ ပန်းဝေသီ အားကိုး တယ် . . . အားရှိတယ် . . . ပြီးတော့ ကြည်နူးချမ်းမြေ့ရပါတယ်ရှင်"

ပန်းဝေသီမှာ တွဲထားသောလက်ကို ဖြုတ်လိုက်ပြီး ပခုံး ပေါ်သို့ လက်နှစ်ဘက်လုံးယှက်တင်၍ မြင့်သောအရပ်ရှင်၏ မျက်နှာ ကို အားကိုးတကြီး မော့ကြည့်နေမိတော့သည်။

ဆည်းဆာနေသည့် ကမ္ဘာတခြားဘက်ခြမ်းအတွက် ထွက်ခွာ မှုနှုန်း မြန်လွန်းလှချေသည်။

နေခြည်နု ရပ်သိမ်းချိန်၌ နွေးထွေးခြင်းအပေါင်းကိုပါ သယ် ဆောင်ယူငင်သွားခဲ့လေပြီ . . .

ရမ္မက်မဲ့သော ထိတွေ့မှုဖြင့် ကိုမိုးစွေသည် ပန်းဝေသီ၏ ပခုံးကို ရှုရှုလေးသိုင်းဖက်လျက် အိမ်တွင်းသို့ ဖြည်းဖြည်းချင်း ဝင် လာခဲ့ကြတော့သည်။

အိမ်ဆိုသောအဆောက်အအုံ၏ အရိပ်ကိုခိုလှုံလိုက်ရသည် နှင့် အနွေးဓာတ်က ဆီးကြိုပွေ့ဖက်လိုက်သည်။

ညည့်ခန်းမီးဖိုရှေ့တွင် သနပ်ဖက်လိပ် တယောက်တတိုစီ ဖွာရှိုက်လျက် ဒေါ်ခင်မီနှင့် ဦးမြင်တို့ မောင်နှမနှစ်ယောက် ထိုင်





နေကြသည်။

သူတို့နားသို့ မရောက်လာမီက စကားလုံးမကွဲသော်လည်း စကားသံတို့ကို ကြားနေရ၏။ ပန်းဝေသီတို့ ဝင်လာချိန်မှာ စကား ရပ်ပြီး သူတို့နှစ်ယောက်ကိုသာ ငေးကြည့်နေကြသည်။ ဘာမှဖြင့် မပြောကြ . . .

"ချစ် မီးလှုံဦးမလားဟင်"

"ဒီလောက်ကြီး မချမ်းပါဘူး"

"ဒါဆို ထမင်းစားခန်း သွားကြရအောင်နော်"

"ပန်းဝေသီ၏လက်ကို တွဲဝင်သွားသော ကိုမိုးစွေက မြူး ကြွနေသော်လည်း စိတ်အားငယ်သော ပန်းဝေသီမှာ လူကြီးများ ကို ရှက်ကြောက်စိုးရွံ့လှပါသည်။

"နက်စ်ကော်ဖီပူပူလေး သောက်လိုက်ရင် ချစ် နွေးသွား မှာ"

"ပန်းဝေသီ ဖျော်ပေးမယ်လေ"

"နေ . . . နေ . . . လက်ဖက်ရည်ဆိုင်မှာ လူလိုရင် ဝင်နိုင် အောင် ကျင့်နေတာ . . ."

ဟာသစကားတွေပြော၊ စေတနာတွေနှင့်ပြုစုနေသော အချစ်ဦးနှင့် တညဦးလုံး ကြည်နူးချမ်းမြေ့စွာ အတူယှဉ်တွဲနေပြီး-

အိပ်စက်ချိန်ရောက်ကာမှ တစ်ယောက်တခန်းစီ ခွဲလိုက် ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် • • •ကရုဏာလျှမ်းသော ချစ်ခြင်းမေတ္တာများကို ခံစားခွင့်ရရှိနေသော ပန်းဝေသီ၏ ဘဝသစ်နှိဒါန်းလေးမှာ ချမ်းမြေ့ ကြည်နူးဖွယ်။ ရှိက်မက် မြတ်နိုးဖွယ် ကောင်းလှချေသည်တကား။

၀ ၀ ၀





ငြိမ်ငြိမ်နေပါ။ စိတ်ရောလူပါ အနားယူပါ။ စိတ်ညစ်စရာ တွေးပါနဲ့။ စိတ်လှုပ်ရှားစရာကိစ္စတွေ ရှောင်ကြဉ်ပါ။ အိပ်ရေးဝဝ အိပ်ပါ။

ဟူသော ဆရာဝန်၏ အမှာစကားအားလုံးနှင့် ဆန့်ကျင်၍ ဦးမျိုးခန့် လှုပ်ရှားသွားလာနေသည်။

ခုရက်ပိုင်းအတွင်းမှာလည်း ကြီးလိုက်သည့်ဒေါသ၊ အိမ်သားတိုင်းမှာ သူ့ အအော် အငေါက်နှင့် ဆူပူဆဲရေးခြင်းများကို အမြဲတစေ ခံနေရ၍ တအိမ်လုံးရှိ အလုပ်သမားအားလုံးလည်း စိတ်ဆင်းရဲနေကြရသည်။

"သမီး • • •နှင့်အမေ ဘာမှာသွားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူး မမှာပါဘူး ဖေဖေ...အသွားအပြ
လေးရက်ပဲကြာမယ်တဲ့"

"အေး...အိပ်ရာပေါ်က သမီးကိုလဲထားခဲ့တယ်...
ကိုလဲ ဂရုမစိုက်ဘူး"

"သမီး မထနိုင်တာကလွဲလို့ နေကောင်းပါတယ်ဖေဖေ ရယ်

"သမီး မေမေဘက်က မဖုံးပါနဲ့...သမီးလဲ အသိပါ...
ဒီတလောကလုံးမှာ သူ့အတွက်အရေးကြီးဆုံးဟာ တစ်ယော
တည်းရှိတယ်...အဲဒါ ခွေးသားမိုးစွေပဲ"

ဝသန်မှာ မျက်ရည်လည်လာသည်။

အောက်ပိုင်းသေ ဝေဒနာနှင့် အိပ်ရာထဲလဲနေချိန်၌ မိခ
ကြီးကလည်း ခရီးထွက်သွားသည်။ ဖခင်ကလည်း ဒေါ်သမီးအေ
ဟုန်းဟုန်းတောက်နေချိန်...

သူ့ကို တယုတယပြုစုပေးခဲ့ရှာသော ပန်းဝေသီလည်း ...
တော့...

စိတ်ရင်းစေတနာမွန်မြတ်လှသော ပန်းဝေသီမှာ ဝသန်
အညစ်အကြေးများကအစ မရွံမရှာ သုတ်သင်ပေးလေသူပါ...

သည်အိမ်မှာ အေးအေးလူလူနေပါလျက်နှင့် သက်သ
လာနေ‌ေ့သူက ဇာနည်သန့်...

အစ်ကိုဇာနည်သာ ရောက်မလာရင်၊ ရောက်လာခဲ့သည်
တိုင် ပန်းဝေသီကို မောင်နှမမဟုတ်ဘူးလို့ ဖွင့်ပြောပြီး ရည်





တားမပြောခဲ့ရင်...

"ပန်းဝေသီ ထွက်ပြေးသွားမှာမဟုတ်ဘူး"

"အင်း...ခုတော့လဲ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီပေါ့
သ"

"ကိုကို ကိုမိုးစွေနဲ့ နိုးရာလိုက်ပြေးသွားလောက်အောင်
တို့ချင်း ဘယ်တုန်းကများ ချစ်သွားကြပါလိမ့်"

ဝသန်သည် အိပ်ရာထဲမှာ လဲလျောင်းနေရင်းက ပန်းဝေသီ
နှင့် သူ့ကိုကိုအကြောင်းကို တွေးနေမိသည်။

ဝသန်တို့၏အသိမှာ အခုအချိန်ထိ ကိုမိုးစွေနှင့် မအေတူ
အကွဲ မောင်နှမဆိုသောအဖြစ်ကို သိခွင့်မရသေး။

ဒေါ်ငြိမ်းငြိမ်းထွေးကိုယ်တိုင်က သူ့သမီးများကို အသိမခံ
...

သမီးများသိသွားလျှင် မောင်နှမအရင်းဆိုသောစိတ်နှင့်
ရင်းတနှီး နေဖြစ်ကြလိမ့်မည်။ သည်အခါမှာ ပြဿနာမီးမွေးမည့်
သာ ဦးမျိုးခန့်။

သူ့ကိုယ်တိုင်ကလည်း ဘယ်သူ့ဆို ဘယ်သူ့ကိုမှမသိစေ
... သူ ခံလိုက်ရသည့်အတွက်မို့ ရှက်စိတ်နှင့် အဖြစ်မှန်ကို ဖုံး
...လိုပေမည်။

နဂိုကတည်းက အေးအေးနေတတ်သော ကိုမိုးစွေ အတွက်မူ
...လို တသီးတခြားပုံစံနှင့် နေနေသည်က အကောင်း ဆုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



ငွေရင်းငွေနှီးအားကောင်းသဖြင့် ရင်းနှီးမြှုပ်နှံငွေများများ ထည့်ဝင်နိုင်သဖြင့် ကုန်စည်များ အရောင်းအဝယ်ပြုရာ၌ အမြတ်ကလည်း များများစားစား ရနိုင်ခဲ့လေသည်။

ဒေါ်ငြိမ်းငြိမ်းထွေးမှာ သူ့အတိတ်ဘဝဆိုးကို ပတ်ဝန်းကျင်သို့တင်ပြရဲသည့် သတ္တိမရှိသည်ကလွဲ၍ ကိုမိုးစွေအပေါ်၌ တာဝန်ကျေလွန်းသော မိခင်တစ်ယောက်ပါတည်း။

သာ သုံးဖို့ ရာတန်အထပ်လိုက် ပေးလေ့ရှိသော်လည်း အေးဆေး၍ သိက္ခာရှိသော ကိုမိုးစွေမှာ မပျက်စီး။ အသုံးအစွဲလည်း မကြီးရှာခဲ့ပါ။

ဝသန်သည် ဖေဖေထွက်လိုက် ဝင်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေသည်ကိုကြည့်ပြီး စိတ်သက်သာမှုရရှိစေရန်...

"ဖေဖေ ညီမလေးတွေဆီက စာရတယ်...နေ့လည်က စာမေးပွဲပြီးပြီးချင်း ပြန်တက်ခဲ့တော့မယ်တဲ့..."

"ဟုတ်လား...ဒီကောင်မနှစ်ကောင်ကို ဘယ်သူက လိုက်ပို့မှာလဲ"

"ဦးလေး ဦးမျိုးသန့်ကိုယ်တိုင် လိုက်ပို့မှာတဲ့..."

"ဇာနည် ရောက်ပြီတဲ့လား..."

"မပါဘူး ဖေဖေ...အစ်ကိုဇာနည်အတွက် စာတစ်စောင်ပါလို့တောင် သမီး မဖတ်ပဲ သိမ်းထားပါတယ်"

"အင်း...ဒီစာဟာ ဇာနည် ပြန်မရောက်ခင်က ရေးလိုက်





တာဖြစ်မှာပေါ့...ခုလောက်ရှိ ငါ့ညီကို သူ ဘာတွေပြန်ပြောမယ်မသိဘူး"

"ဟုတ်ပါရဲ့ ဖေဖေ...ပန်းဝေသီကိစ္စရော သူ ပြောမလားမသိဘူး"

"ပြောမယ်ထင်တယ်...ပြောလဲ ပျောက်သွားတယ်လောက်ပဲ ပြောမှာပေါ့...သူ ပြန်သွားတဲ့နေ့က ဖေဖေတို့တောင်မှ သတင်းမရသေးဘူးလေ"

"ဟုတ်တယ်နော်..."

"အေး...သူ ပြန်သွားပြီးမှ ပန်းဝေသီက ဒီအိမ်က အကောင်နဲ့ လိုက်ပြေးသွားတဲ့သတင်းက ရတာ..."

"ဟုတ်ပါတယ် ဖေဖေ"

"အေး...မျိုးသန့်က အစ်ကိုလုပ်သူ ငါ့ကိုများ အပြစ်တင်မလားမသိဘူး...သူက အဲဒီမွေးစားသမီးကို သိပ်ချစ်တာ"

"ပန်းဝေသီဟာ တကယ်လဲ ချစ်စရာကောင်းပါတယ် ဖေဖေရယ်"

"အေးလေ...မိုးစွေနဲ့ သူတို့ချင်းကျတော့ တန်သွားပြီလို့သာ မှတ်လိုက်တော့...ဖေဖေတော့ မှန်တာပြောရရင် ဒီကောင် မိန်းမရသွားတာ တပူအေးတာပဲ...သူရော ပန်းဝေသီပါ ငါ့အိမ်ကို လုံးဝမလာစေရဘူး"

"ဒီတစ်ခါ မိုးစွေ ထွက်သွားတာဟာ ချမ်းမြေ့ဂေဟာကို



www.burmeseclassic.com

www.burmeseclassic.com



အပြီးတိုင်စွန့်ခွာသွားတာလို့ပဲ မှတ်ယူလိုက်တော့ သမီး...ဒီကောင်ကို ဖေဖေ အိမ်ပေါ်တက်မခံတော့ဘူး"

ဓါသကြီး၍ ပစ္စည်းမာန၊ ဤအိမ်ကြီး၏ ပိုင်ဆိုင်မှုမာနများက ဦးမျိုးခန့် ဘ၀တခုလုံးကို လွှမ်းခြုံနေပေသည်။

"ဖေဖေလဲ နားပါဦး...ဆရာ၀န်က စိတ်လှုပ်ရှားမှု...ကိုယ်ခန္ဓာလှုပ်ရှားလွန်မှုတို့ မဖြစ်အောင် နေပါလို့ ပြောထားတယ်ဆို.."

"အေး..."

"သမီး နေလို့ဖြစ်ပါတယ် ဖေဖေ...ဒေါ်ဒေါ်အေးစိန်ကလဲ ဂရုစိုက်ပါတယ်...ဖေဖေလဲ နားဦးလေ"

"မနားနိုင်သေးဘူး သမီး"

"ဘာတွေများ အကြောင်းထူးရှိလို့လဲ ဖေဖေရယ်"

"ဆရာစက္ကပေါ့...သူ့ရဲ့ မသမာမှုတစ်ခုကို ဖေဖေ တွေ့သွားလို့ လစ်ပြီလေ"

"ဟင်...ဘာ...ဘယ်လို ဖေဖေ"

"ဪ...ဒီလိုပါ...ဘုရားခန်းမှာ ဘုရားကျောင်းဆောင်ကြီးကိုရှေ့ပြီး တခုခုရှာနေတုန်းမှာ ဖေဖေ ရောက်လာလို့ သူ သိပ်မှုပျက်သွားတယ်...သွေးဆုပ်သွားတဲ့အတိုင်း မျက်နှာကို ဖြူသွားတာပဲ"

"ဘာတွေယူသွားလဲ"





"ဘာမှတော့ မယူဘူး...ဘာမှလဲ မပျောက်ဘူး"

"ဒါဆိုလဲ ဖေဖေ စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်..ဆရာ စက္ကက သဘောကောင်းပါတယ် ဖေဖေ"

မိခင်ကြီးက ကိုယ့်အတွက်ပင့်လာရာသော ဆရာစက္ကဘက်က ၀သန် ကာကွယ်ပေးမိ၏။

"ဆရာ မန္တလေး ပြန်သွားပြီလား"

"မပြန်သေးဘူး...သူ့ တပည့်တစ်ယောက်အိမ်မှာ"

"သူ့ပစ္စည်းတွေရော"

"မယူသေးဘူး...အပေါ်ထပ်မှာပဲ သမီး"

"ဒါဆို သူ ပြန်လာလဲ ပြေပြေလည်လည် ဆက်ဆံလိုက်ပါ ဖေဖေရယ်"

ဦးမျိုးခန့်မှာ သမီးစကားကြားသော်လည်း နားမ၀င်ပဲ သမီးကို ကျောခိုင်းပြီး အ၀ေါ်သို့ အမြန်တက်ခဲ့သည်။

"သူ့ပစ္စည်း...သူ့ပစ္စည်း"

"ဟုတ်တယ်...သူ့သေတ္တာနဲ့ လက်ဆွဲအိတ်တစ်ခုကို ငါ ပြောင်ပဲ သော့ဖျက်ဖွင့်ပြီး ရှာကြည့်တော့မယ်"

ဆရာစက္က၏ နိုင်ငံခြားဖြစ် ဖိုင်ဘာသေတ္တာပြာပြာကြီးကို ခဲခဲယဉ်းယဉ်း ဖွင့်ယူရသည်။ လက်ဆွဲအိတ်အတွင်းမှာတော့ ဆေးလုံးလင်းတွေ၊ စိတ်ပုတီးတွေနှင့် မျက်မှန်၊ ရှူဆေးဗူး၊ ရေနွေးအိတ်စသော တိုလီမိုလီ ပစ္စည်းများသာ။



www.burmeseclassic.com

www.burmeseclassic.com



ချွေးပြန်အောင် ဖွင့်ယူရသော သေတ္တာအတွင်းမှာတော့ ပစ္စည်းကအပြည့်။

မေတ္တာစာတ်ဖြင့် ကုသော မြန်မာဆေးဆရာမို့ ကန်တော့ထားကြသည့် ပုဆိုး၊ မျက်နှာသုတ်ပဝါ၊ ပိတ်စ စသည်တို့က အပြည့်။

ဦးစက္ကူ တခုကောင်းသည်က ငွေကြေးဘယ်လောက်ရမှ ကုသမည်ဟု ဘယ်သောအခါမှမပြော။ အိမ်ထောင်မရှိသော လူပျိုကြီးဖြစ်၍လည်း လောဘနည်းသည်။ နောက်ပိုင်းတွင် မရမနေ စီးပွားရှာစရာမလို။

ဘခါမှ နာမည်ပျက်မရှိပါပဲလျက် သည်တိုက်ရောက်မှ မသင်္ကာဖွယ်ရာ လုပ်ဆောင်ချက်များကို တွေ့နေရသည်။

သဘာဝလွန်ဖြစ်ရပ်များကို ကြားသိနေရသည်။

ဦးမျိုးခန့်မှာ တွေးရင်းက သူ့ပုဆိုး၊ သူ့အင်္ကျီ၊ သူ့စွပ်ကျယ်မှမကျန် အကုန်လှန်လှောရှာဖွေသည်။ သားရေပိုက်ဆံအိတ်ငယ်အတွင်းမှာ ငွေ လေးရာနှစ်ဆယ့်နှစ်ကျပ်သာရှိသည်။

မသင်္ကာဖွယ်ရာ ဘာမှမတွေ့။

ဦးမျိုးခန့်မှာ စိတ်ပျက်လက်ပျက်ဖြင့် ပစ္စည်းများကို တခုချင်းပြန်ခေါက်၊ သေတ္တာအတွင်းသို့ အစီအစဉ်အတိုင်း ပြန်ထည့်ရန် အောက်ခြေမှ ပိုးသားအပြာရောင်စကို လက်နှင့်သပ်လိုက် တော့ …

"ဟင်…ဘာပါလိမ့်"





ခပ်ပြားပြား ဖုဖုလေးကို စမ်းမိသဖြင့် ဖြေထားသည့် ချုပ်ရိုးကြားမှ ဆွဲထုတ်ယူလိုက်တော့ …

စာရွက်ငယ်တထပ်။

အားလုံးပေါင်း ရှစ်ရွက်ရှိသည်။ စာရွက်ငယ်များကို ဖတ်ကြည့်လိုက်တော့ …

ဘုမ္မရာဇာ၊ ရေနေတောက်မြစ်၊ ဇာတိပ္ပိုလ်၊ သိန္ဓော၊ ဖရုံခါးစေ့၊ စမုန်နက်၊ မန်ကျည်းခေါက်…

စသော မြန်မာဆေးဖော်ရန် ဆေးအချိန်အဆများ။ တချွေးသားမှအစ…တမူးသား၊ တမတ်သား၊ တကျပ်သား စသည့် စာရင်းများနှင့် ဆေးဖော်နည်း စာရွက်များချည်းသာ…

ဤစာရွက်ငယ်များ၏နောက်တွင်လည်း သူ့ မှတ်ချက်များရေးထားသည်မှာ အပြည့်။ ဘယ်ဘုရားမှာ ပုတီးစိပ်သည်။ ယကြာချေသည်။ ပြီးတော့ ခရီးအတွေ့အကြုံမှတ်တမ်းများ။ ဘာသင်္ကာစရာမှမတွေ့။ ဘာမှ ထူးထူးခြားခြား မပါရှိ။

စာရွက်မှာ ဝါကြင်နေသော်လည်း အကောင်းစား ဒိုင်ယာရီပေါင်းမှ ဖြုတ်ဖြတ်ထားခြင်းဖြစ်သည်။

စာရွက်များကို နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်တော့လည်း ဆရာစက္ကူ၏ တိုတိုထွာထွာ မှတ်စုများ…

နောက်တစ်ရွက်…နောက်တစ်ရွက်…

နောက်တစ်ရွက်ကို ကြည့်လိုက်တော့…



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒါ…ဒါ…ဖေဖေ့ လက်ရေးပါလား"

ယောကျ်ားမကြီးနှင့် နှစ်ပေါင်းများစွာ အလုပ်အတူလုပ်၊ စာရင်းအတူတွက်၊ သူနှင့်လွှဲလျှင် စာရေးပြီးပြောနေကျ ဖြစ်သဖြင့် ဦးချမ်းမြေ့၏လက်ရေးကို ဦးမျိုးခန့် မှတ်မိနေလေသည်။

"ထူးဆန်းလှချည်လား…ဖေဖေ့လက်ရေးက ဘယ့်နှယ် ဆရာစက္ကူလက်ရေးနဲ့ ရောနေရတာလဲ"

အသိရခက်သောစိတ်ဖြင့် ဦးချမ်းမြေ့၏ စာရွက်နှစ်ရွက် အနက် ပထမစာရွက်ကို ဖတ်ကြည့်လိုက်တော့…

ဒီနေ့ သဝိတ်ကျောင်းက ကိုမြတ်စံ လာသည်။

မအေးမယ်ဆုံးကြောင်းကြားရ၍ စိတ်မကောင်း…

သူ့အတွက် အလှူဒါနပြုရန် ငွေတစ်ရာ ပေးလိုက်သည်။

ဒုတိယစာရွက်၌…

ဒီနေ့ ချမ်းသာကြီးဘုရားကုန်း သွားသည်။

ဂေါပကအဖွဲ့နဲ့ ဘုရားပွဲကိစ္စ ဆွေးနွေး။ အကြောင်းထူး မရှိပါ။

"ဟာ…ဒါ…ဒါ…ဖေဖေ့ရဲ့ ဒိုင်ယာရီပဲ"

ဦးမျိုးခန့် လန့်လန့်ထိတ်ထိတ်ဖြစ်သွားတော့သည်။

စာရွက်ထိပ်များဆီမှာ စာက တိုတိုလေးတွေ၊ သည် အောက်မှာ ဆရာစက္ကူက သူရေးချင်တာတွေ ဆက်ရေးထားခြင်း ဖြစ်၏။

ဦးချမ်းမြေ့ရဲ့ ဒိုင်ယာရီ…





ဦးချမ်းမြေ့ရဲ့ ဒိုင်ယာရီ…

ဦးမျိုးခန့်၏ အတွေးထဲမှ စကားသံသည် သူ့ရင်ခွင်းမှ နှလုံးသားကို ယိမ်းထိုးသွားအောင် မြည်ဟည်းသွားတော့သည်။

"တောက်…ငါ့ကိုယ်ငါ လည့်လှပြီမှတ်နေတာ…ဒီ တချိုလဲ အကြီးအကျယ် ခံလိုက်ရပြန်ပြီကွာ"

"ဆရာစက္ကူ…ဆရာစက္ကူ"

"ဝိဉာဉ်ပူးသလေး…သူဟာသူ မဟုတ်တော့ပဲ ဦးချမ်းမြေ့ ဖြစ်သွားသလေးနဲ့ ငါ့ကို သင်း လှည့်လိုက်တာ…"

"လက်စသတ်တော့ သူ့လက်ထဲမှာ ဦးချမ်းမြေ့ရဲ့ ဒိုင်ယာရီ တွေ ရှိနေတာကို"

အဖြစ်မှန်၏ အဖြေများပေါ်လေပြီ။

ဒေါသဖြင့် ရစ်ဖွဲ့ထားသော ဦးမျိုးခန့်၏ ကိုယ်ခန္ဓာသည် ရန့်ရင်းကြမ်းတမ်းနေပါ၏။

ဆရာစက္ကူ၏ ပွင့်နေဆဲ သေတ္တာကို ဆောင့်ကန်လိုက်သ ဖြင့် အဝတ်အစားများ ဖရိုဖရဲ ပျံလွင့်ကုန်သည်။

"ဘကြူ…ဘကြူ"

"ဟေး…ဘကြူ"

သူ့တပည့်တစ်ဦးဖြစ်သော ဒရိုင်ဘာကို အသံကုန်ဟစ် ခေါ်လိုက်သဖြင့် မောက်လျက်မလဲရုံတမယ် ပြေးတက်လာသော ကိုဘကြူအား…



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း . . . ဦးထွန်းလွင်တို့တိုက်မှာ ဆရာစက္ကုရှိတယ် အခု အမြန်လိုက်ခဲ့ပါလို့ သွားခေါ်ခဲ့"

"ဟုတ်ကဲ့ ဆရာ"

"မင်း ချက်ချင်းပြန်လာနော်"

"ဟုတ်ကဲ့ ဆရာ"

"ဒီမှာ . . . မင်း ဆရာစက္ကုကိုပဲ တခါတည်းခေါ်ခဲ့နော် ကြားလား"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . စိတ်ချပါဆရာ"

ကိုအကြူ ထွက်သွားတော့ ဦးချမ်းမြေမှာ ခြေသံပြင်းပြင်းနင်းပြီး မနားတမ်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ပြီးတော့ ကုလားထိုင်မှာထိုင်လိုက်၊ ချက်ချင်း ပြန်ထ လိုက်၊ ပြတင်းဝမှနေ၍ လမ်းမဆီ လှမ်းမျှော်လိုက်နှင့် တချက်ကလေး မှ ဂနာမငြိမ်နိုင်အောင် ဒေါသတရားများဖြင့် ချွေချွေခုန်နေတော့ သည်။

"ဒါကို ငါ ဘာလို့ မစဉ်းစားမိတာလဲ"

"ဒီအကြောင်းတွေ ငါ ဘာလို့ မတွေးမိရတာလဲ"

"ဦးချမ်းမြေရဲ့ ဝိညာဉ် သူ့ခန္ဓာကိုယ်မှာ မှီတွယ်နေတယ် ဆိုတဲ့ အဓိပ္ပာယ်မဲ့ စကားတွေ ငါ ဘာကြောင့်များ ယုံနေရတာလဲ လက်ခံနေရတာလဲ မျိုးခန့်ရယ်"

သူ့ကိုယ်သူ အပြစ်တွေ အထပ်ထပ်တင်နေမိသည်။

ဘာမဟုတ်သည့် ဆရာစက္ကုလိုလူက သူ့လို ရှေးခေတ်





ဘွဲ့ရ သုတေသီအမည်ခံ ခြံမြေများပိုင်ရှင် ချမ်းမြေ့ဂေဟာကြီး၏ အရှင်သခင်ကိုမှ တက်ပြီးလိမ်ရဲရသလား . . .

"ဒီလိုလူ လိမ့်တာ နှပ်တာခံရတာတော့ နာလွန်းလှတယ်ကွာ"

စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် စောင့်မျှော်နေဆဲမှာ ကားဝင်လာသည်။

ပြတင်းပေါက်သို့အရောက် ပြေး၍ပင်သွားကြည့်မိသည်။

ပါလာပါသည်။ လဲန်ရိုဗာ၏ ရှေ့ခန်းမှာ ဆရာစက္ကု . . .

ဆရာစက္ကုသည်လည်း စိုးထိတ်သောမျက်နှာနှင့် အိမ်ပေါ် တက်လာပြီးသည်နှင့် . . .

"ဟင် . . . ဒါ ဘာလုပ်တာလဲ . . . ကျုပ်သေတ္တာကို ဘာလို့ ဖွင့်ရတာလဲ"

"ဖွင့်ချင်လို့ ဖွင့်တာ . . . ခင်ဗျားကို မသင်္ကာလို့ဖွင့်တာ"

"မသင်္ကာရအောင် ခင်ဗျားပစ္စည်း ငါးပြားမခိုးဘူး . . . ကျုပ်သေတ္တာထဲမှာ ခင်ဗျားတို့ပစ္စည်းတွေ့ရင် ရဲတိုင် . . . ကျုပ် အဖမ်းခံမယ်"

"တွေ့တယ် ဆရာစက္ကု . . . အခုတွေ့လို့ ခေါ်ခိုင်းလိုက်တာ"

"ဟင် . . . သူများပစ္စည်းကို တံတွေးပေါက်ထင်တာ . . . တွေ့ရင်ပြစမ်းပါ . . . ကျုပ် ဘာမှမယူဘူး . . . ခင်ဗျား မတရားမစွပ်စွဲပါနဲ့ ဦးမျိုးခန့်"



www.burmeseclassic.com

www.burmeseclassic.com



"မတာရား မစွပ်စွဲပါဘူး...တရားသဖြင့် စွပ်စွဲမှာပါ...ဒီမှာ...ခင်ဗျား နှိုးထားတာ"

"ဘာလဲ...ဘာဆိုင်လဲ...ဘုန်းကြီးတပါးရဲ့ ဆေးကျမ်းထဲက ကူးထားတဲ့ ဆေးစာပဲ"

"ဒါဆိုရင် ဒီစာရွက်ဟာ ခင်ဗျားပိုင်ပေါ့...ခင်ဗျားစာရွက်ပေါ့ ဟုတ်လား"

"ဟုတ်တယ်...ကျုပ် စာရွက်"

"ဒါလား...ခင်ဗျားစာရွက်...ဒီမှာ ကြည့်စမ်း...ဒါဘာလဲ"

လွန်ခဲ့သော ကိုးနှစ်ကျော်ကာလဆီမှ ရက်စွဲခေါင်းစဉ်ဖြင့် စာတမ်းကို လက်ညှိုးထိုးပြလိုက်တော့ သူ ကြောင်သွားသည်။ ဦးမျိုးခန့်၏ ဆိုလိုရင်းကို သူ နားလည်ပုံမရ။

"ဘာလဲဗျ"

"ဘာရမလဲ...ဒါ ဖေဖေရဲ့ ဒိုင်ယာရီ...ဦးချမ်းမြေ့ရဲ့ နေ့စဉ်မှတ်တမ်းလေ"

"ဟိုက်"

ဆရာစက္က အကြီးအကျယ် တုန်လှုပ်သွားလေပြီ။ စက္ကန့်ပိုင်းအတွင်းမှာပင် ဇောချွေးတွေ ပျံ့နှံ့သီးလာ၏။

"ခင်ဗျား ပြောခဲ့တာတွေအကုန်လုံးဟာ ဒီဒိုင်ယာရီဖတ် ပြီးနေတာ မဟုတ်လားဟင် ဆရာစက္က..."





ဆရာစက္က ငြိမ်ကျသွားသည်။ ခေါင်းက ငိုက်စိုက်...

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ဒါတွေလုပ်နေတာလဲဟင် ပြောစမ်း...ပြောစမ်းပါ"

"ဘာ ရည်ရွယ်ချက်မှမရှိဘူး"

"ဒါဖြင့် ဘာလို့လိမ်နေရတာလဲ"

"ကျုပ် လိမ်ပေမယ့် ခင်ဗျားပစ္စည်းကို ဘာတစ်ခုမှ ညာမယူခဲ့ဘူး"

"ခင်ဗျား လူလိမ်... လူညာ"

"ဒီလောက် မအော်ပါနဲ့ဗျ"

"ဘယ်မလဲ ကျန်တဲ့ ဒိုင်ယာရီထဲကစာရွက်တွေ"

"မသိဘူးလေ"

"ဒီလိုလုပ်လို့မရဘူးလေ...ဆရာစက္က...ကျုပ်မေးနေတယ်...အဘိုးကြီးရဲ့ ဒိုင်ယာရီ ဘယ်မှာလဲလို့"

"မသိဘူး"

"ဒီလိုမလုပ်နဲ့လေ...ရတဲ့နည်းနဲ့ယူနိုင်းလိုက်ရင် ခင်ဗျား ခံမယ်နော် ဆရာစက္က"

ဆရာစက္က၏ မျက်နှာတခုလုံး နီမြန်းနေသည်။ အတော်ကြီး စိတ်လှုပ်ရှားနေကြောင်း သူ့နှုတ်ခမ်းများ ဆတ်ဆတ်တုန်နေသည်က သက်သေခံနေပါ၏။

သူ့တသက်လုံးမှာ ဤမျှ အရှက်ရပြီး စိတ်လှုပ်ရှားခဲ့မျိုး



www.burmeseclassic.com

www.burmeseclassic.com



မခံစားရဖူးသေး။ သူ ဘယ်သူ့ပေါ်မှ မကောက်ကျစ်ဖူးပါ။ စဉ်းသ
ခြင်းကင်းစွာ အားလုံးပေါ်၌ ဆက်ဆံခဲ့သဖြင့် ယခုလို ကိုယ့်အမှာ
နှင့် မရင်ဆိုင်ခဲ့ရ။

ဦးမျိုးခန့်၏ လှုပ်မိုးမှုက ကြီးမားလှချေသည်။

"ကဲ...ခင်ဗျား အမှန်အတိုင်းပြောမလား...ကျွန်တော်
ရဲကိုတိုင်ရမလား"

"ရဲ တိုင်ရအောင် ကျွန်တော် ခင်ဗျားတို့ရဲ့ အကျိုးပျက်
မှုကို တခုမှမလုပ်ဘူး...ဒီအိမ်ကပစ္စည်း တပြားတချပ်မှ မခိုး
ကျွန်တော့်ကြောင့် ခင်ဗျားတောင် အကျိုးရှိသေးတာပဲ"

ဆရာစက္ကသည် ရဲနှင့် မဖြေရှင်းချင်။ သူ့ဘ၀တွင် နာမည်
ပျက်လုံးဝခံနိုင်ပါ။ သည့်အတွက် သူကလည်း မရဲသော်လည်
ပြေးခဲ့စေဆိုသည့် ကျင့်ထုံးအရ ခပ်တည်တည် ခပ်မာမာပင် ရှ
ပြလိုက်သည်။

"ကဲ...ထိုင်စမ်း...ထိုင်စမ်းဗျာ...ကျုပ် ခေါင်းတွေ သိ
မူးနေတယ်"

ဦးမျိုးခန့်မှာ ခေါင်းကလက်နှင့်အုပ်ကိုင်ပြီး ဧည့်ခန်းကုလ
ထိုင်သို့ သွားထိုင်ရင်း ပြောလိုက်သည်။

သူ့လေသံ ခက်ထန်မှုသည် စောစောကလောက် မပြ
ထန်တော့...

"ဘယ်မှာလဲ အဲဒီဒိုင်ယာရီတွေ"





"တချို့လဲ မီးရှို့ပစ်လိုက်ပြီ"

"နေပါဦး...ခင်ဗျား ဒါတွေဘယ်ကရတာလဲ"

"မန္တလေးက"

"ရင်လဲ ကိုယ်နဲ့မှ မဆိုင်တာ...ဟာဗျာ...ခင်ဗျား
ကလိန်စေ့ငြမ်းဆင်ပုံက အင်မတန်ခံပြင်းစရာကောင်းတယ်... ကျုပ်
စိတ်ကို ကျုပ်ထိန်းထားရတာနော်...ခင်ဗျားကို သတ်မိလိမ့်မယ်"

ဒေါသကြောင့် ခက်ထန်နေသော ဦးမျိုးခန့်၏မျက်နှာကြီး
မှာ ကြောက်ခမန်းလိလိပင် နီမြန်းရဲတွတ်နေ၏။

ဆရာစက္က၏ မျက်နှာသည် ဆီးရွက်ပမာဏလောက်အထိ
ငယ်ကျသွားတော့သည်။

"ဆရာစက္က"

"အင်...ဗျာ"

"ကျုပ် သိသလောက် ခင်ဗျား ကျုပ်ဆီက တပြားတချပ်
မှ မလိမ်ညာဖူးဘူး မှန်တယ်...ဒါပေမယ့် ဘယ်လိုရည်ရွယ်ချက်
နဲ့ ကျုပ်အိမ်ကိုလာပြီး အဲဒါတွေ ပြောဟောနေရတာလဲ"

ဆရာစက္က ဘာမှပြန်မပြော။ သူ့လက်ကလေးတွေ တဆတ်
ဆတ်တုန်နေ၏။

ကျားရှေ့မှ သမင်ငယ်လေး၏ မျက်လုံးလို ကြောက်ရွံ့ခြင်း
ဖြင့် ဝိုင်းဝိုင်းလည်နေသည်။

"အဲဒီ ဒိုင်ယာရီတွေ မန္တလေးမှာ တကယ်ရှိသလား...



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ဘယ်လိုလုပ်ခဲ့ရသလဲ"

"မန်း...မန္တလေးမှာ မဟုတ်ပါဘူး"

"လုပ်ပြန်ပြီ...ဒါဖြင့် အခုဘယ်မှာလဲ"

ဦးမျိုးခန့်၏ အော်သံက တိုက်ကြီးတစ်ခုလုံး ဟည်းသွားတော့သည်။

"ကျွန်...ကျွန်တော် အားလုံးပြန်ပေးပါ့မယ်ဗျာ...ကျွန်တော့်ကို ဘာအမှုမှမလုပ်ပါနဲ့...ကျွန်တော် တောင်းပန်ပါတယ်"

ဆရာစက္က မျက်ရည်များပင် လည်လာသည်။

"ဘယ်တော့ ပြန်ပေးမလဲ...ဘယ်မှာလဲ"

"ဦးလှညို့ အိမ်မှာပါ"

"အခုချက်ချင်း သွားယူလို့ရမလား"

"ရပါတယ်...အားလုံး ပြန်ပေးပါ့မယ်...အဖြစ်မှန်ကိုလည်း ပြောပြပါ့မယ်...ဦးမျိုးခန့်လိုက်ခဲ့ပါ...ကျွန်တော် မညာပါဘူး...တခုပဲ တောင်းပန်ပါရစေ"

"ပြော"

"ဦးလှညို့တို့ မသိပါစေနဲ့...ဒီ ဒိုင်ယာရီတွေ ယူလာပြီး ဦးမျိုးခန့်လက်ကို အပ်ပြီးမှ ကျွန်တော် အကြောင်းစုံပြောပါ့မယ်"

"ကောင်းပြီ...ကြားတယ်...လာ အခုပဲ သွားကြမယ်"

○ ○ ○





ဒီနေ့ ခြံစည်းရိုးပြင်ဖို့ သံဆူးကြိုးဝယ်ရန် ဘလွန်းကို လွှတ်လိုက်သည်။

မိုးနဲ့မှ ပင့်လာသောဘုရားအနေကဏ တင်သည်။

သမီးလေးနဲ့ မိုးခန့် စကားများသံကြားရ၊ စိတ်မချမ်းသာ။

မန္တလေးပွဲရုံမှ ငွေလွှဲနံပါတ် ၃၆၀၄ နှင့် ငွေနှစ်သောင်းခွဲ ပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေးကြီးမိုးစွေ ဆယ့်ကိုးနှစ်ပြည့်လျှင် ပဋိသန္ဓေရက်နှင့် ရဟန်းဝတ်ပေးရန် စီစဉ်၏။ မြေးကြီး နားထောင်ရှာသည်။

ကျပ်ပြင်မှ အေးစေတီ မွမ်းမံရန်အတွက် ငွေသုံးထောင် လှူသည်။

စသော...စသော...မှတ်တမ်းများ...

ဦးမျိုးခန့်သည် ဒိုင်ယာရီစာအုပ်များကို ပိတ်လိုက်၏။

အားလုံး ငါးအုပ်...

သူဖတ်ရသော အကြောင်းရာများက မထူးခြားလှ။

ထူးခြားသည့်အကြောင်းရာပါ စာရွက်များကိုဖြင့် ဆုတ် ဖြဲထားသည်များ တွေ့ရ၏။

ထိုစာရွက်များထဲမှ အကြောင်းရာတို့ကို ဆရာစက္ကသည် ဖတ်ရှုမှတ်သားပြီး ဦးချမ်းမြေ့၏ ဝိညာဉ်ကူးကပ်လာသယောင် ယောင်နှင့် ဦးမျိုးခန့်တို့ကို လာရောက်ညာဝါးနေခြင်းသာဖြစ်တော့သည်။

"ပြောစမ်း...ဘာရည်ရွယ်ချက်တွေနဲ့ ခင်ဗျား ခုလို မကြံအပ်မစည်ရာတွေ ကြံစည်နေတာလဲဟင်"

"ကျွန်တော်...ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်ဗျာ"

"ပြော"





"ဘာရည်ရွယ်ချက်မှကို မရှိတာ အမှန်ပါ"

"ခင်ဗျား ညာနေဖို့အချိန်မဟုတ်တော့ဘူး ဆရာစက္က"

"သေခြင်းဆိုးနဲ့ သေရပါစေရဲ့ဗျာ...ဒီကအပြန် ကားမှောက် သေဗျာ...ကဲ...ဒီလောက်ကျိန်ရင် ယုံ...ဘာရည်ရွယ်ချက်မှ ကို မရှိတာ"

"ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျား ဒီလောက်ရှုပ်နှမ်းတဲ့ အလုပ်ကို လုပ်နေရတာလဲ...ဟင်"

"အမှန်ဝန်ခံရရင်ဖြင့် ဗိုပြီးအကြည်ညို ခံချင်လို့ပါဗျာ"

"ဘာ"

"ဒေါ်ငြိမ်းငြိမ်းထွေးက ကျွန်တော့်ကို သိပ်ပြီးကြည်ညိုလေး စားအားကိုးပြီး သမီးလူမမာကို အပ်တော့..."

"နေပါဦး...အိပ်မက်ရသလိုလို ဘာလိုလိုနဲ့ ခင်ဗျားဟာ ခင်ဗျား အိမ်ကိုလာတာ မဟုတ်လား"

"ဦးမျိုးခန့် ခုမှာစိုးလို့ အမှန်ကိုမပြောကြတာ... ဒေါ်ငြိမ်းငြိမ်း ထွေးက ကျွန်တော့်ကို ကြည်ညိုအားကိုးနေတာ ကြာလှပြီ"

"တယ်...ဒီဝိန်းမဟာ"

"ဒါပေမယ့် ဒေါ်ငြိမ်းငြိမ်းထွေး ကန်တော့တဲ့ အဝတ်အစား ကာလွဲလို့ ငွေတပြားမှမယူခဲ့တာ သစ္စာဆိုပါတယ်ဗျာ"

"အင်း"

ဒါတော့ ဦးမျိုးခန့်လည်း ယုံကြည်ပါ၏။ ဆရာစက္ကသည်



www.burmeseclassic.com

www.burmeseclassic.com



အသပြာဆရာမဟုတ်။

သူ၏ဆေးများသည် တကယ့်မြန်မာဆေးစစ် ဆေးကောင်းများဖြစ်သည်။ တတ်ယောင်ကားနှင့် ညာဝါးခြင်းတော့ လုံးဝ မဟုတ်ရာပါ။

"အဲ...ကျွန်တော့်ကို ကြည့်ညိုနေတော့ ကျွန်တော်က လဲ ဝိုပြီး တန်ခိုးပြချင်တဲ့စိတ်နဲ့ ဒိုင်ယာရီထဲကအကြောင်းတွေဖတ်ပြီး ဦးချမ်းမြေ့ဝိညာဉ်ပူးသလို...အာရုံထွေ ရသလိုလိုနဲ့ လျှောက်ပြောမိတာပါ...ကျွန်တော် ဝန်ခံပါ့မယ်...ကိုယ့်ကို အထင်ကြီးအောင်လုပ်နည်းတမျိုးပါပဲ...ပုထုဇဉ်တိုင်း တမျိုးမဟုတ်တမျိုးရှိကြတဲ့အထဲမှာ ကျွန်တော်လဲ ပါမိပါတယ်...ဦးမျိုးခန့် ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

မှန်သည်။

လူသားတို့သည် လူအများရှေ့မှာ ဣန္ဒြေနှင့် သိက္ခာနှင့် ဟိတ်နှင့် ဟန်နှင့် ပညာရှိကြီးပီသစွာ နေလေ့ထိုင်လေ့ရှိသော်လည်း...

တစ်ယောက်တည်းနေသည့်အခါ သို့တည်းမဟုတ် တစ်ကိုယ်တည်းစိတ်ကူးယဉ်သည့်အခါမျိုးတွင် တစ်ယောက်တနည်းဖြင့်ရူးတတ်ကြသည်ချည်းသာ။

ပစ္စည်းဥစ္စာဘက် ယိုင်သူက ငါ ချမ်းသာအောင် ဘယ်လိုလုပ်ပြီး ချမ်းသာရင် ဘယ်လိုနေလိုက်မယ် ဆိုတာမျိုး...





အချစ်ရူးက ကောင်လေးငယ်ငယ်နှင့်သော်လည်းကောင်း၊ ကောင်မလေးငယ်ငယ်နှင့် သော်လည်းကောင်း ငါ တွဲပစ်လိုက်ရရင် ဘယ်လို...ငယ်ချစ်ဦးကို ပြန်တွေ့ရရင် စသည်...စသည်။

ယခု ဆရာစက္ကုတို့လို ဥစ္စာလည်း မမက်၊ အချစ်လည်း မလိုသည့် လူပျိုကြီးမျိုးကျပြန်တော့လည်း သူ့ကို အထင်ကြီးအောင်တဲ့။

ရူးခြင်းတစ်မျိုးပါပဲလား

"ကဲ...ထားပါတော့...ဒီစာအုပ်တွေ ခင်ဗျားဘယ်ကရလဲ"

"၂၆ လမ်းမှာ ဦးချမ်းမြေ့ရဲ့ တိုက်တလုံးရှိတယ်လေ...အောက်ထပ်က ဗီနပ်ဆိုင်"

"အင်း...ဟုတ်ပြီ...အဘိုးကြီး မန္တလေးဆင်းရင် အဲဒီအပေါ်ထပ်မှာ နေနေကျ"

"အဲ...အဲဒီအိမ်မှာစောင့်ရတဲ့ လူပျိုကြီး ကိုဟန်ငွေက ကျွန်တော့် မိတ်ဆွေ"

"အင်း..."

"မန္တလေး မီးကြီးလောင်တော့ သူတနိုင်ပစ္စည်းတွေ သယ်တဲ့အထဲမှာ အထုပ်တထုပ်ပါလာတာပဲ...စာအုပ်ငါးအုပ်ထပ်ပြီး ငင်သား အဝတ်ဖြူ အိတ်ငယ်နဲ့ထည့်ပြီး အပ်နဲ့ အထပ်ထပ်ချုပ်ထားတယ်...ကိုဟန်ငွေကလဲ ဗီရိုရိုက်ဖွင့်တော့ အခုလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီအထုပ်ကြီးတွေလို့ အရေးကြီးမလားဆိုပြီး သယ်လာခဲ့တယ်တဲ့ ကျန်တာတွေတော့ မီးထဲ ပါကုန်ပြီထင်ပါရဲ့"

"သူကိုယ်တိုင် မိုးကုတ်အိမ်မှာ မီးရှို့ပစ်တာတွေလဲ ကျွန်တော် တွေ့ဖူးတယ်"

"စမ်းကြည့်တော့ စာအုပ်တွေမို့ ဆေးကျမ်းလား ဗေဒင်ကျမ်းလားဆိုပြီး ဖြေကြည့်ခဲ့မိပါတယ်…အဲဒါတွေမဟုတ်ပဲ နေ့စဉ်မှတ်တမ်းတွေဖြစ်နေလို့ အစအဆုံး ဖတ်ကြည့်မိတယ်"

"ကျွန်တော့် ယောက္ခမက အင်မတန်တိကျသေချာပြီး စေ့စပ်တဲ့သူပါ"

"အဲဒီအချိန်က ကျွန်တော်လဲ မိုးကုတ်နဲ့ မန္တလေးသွားလိုက်ပြန်လိုက်လုပ်ပြီး ဒေါ်ငြိမ်းငြိမ်းတွေနဲ့လဲ ဆက်သွယ်မိနေပါပြီ ဒါကြောင့်…"

"အင်း"

"ကျွန်တော်ပြောတာ အဖြစ်မှန် အကုန်ပါပဲဗျာ…တခုမှ မညာပါဘူး…ဦးမျိုးခန့်တို့ဆီကလဲ တပြားတချပ်မှ လိမ်ညာမစားခဲ့ပါဘူးဆိုတာ သစ္စာရေသောက်ရဲပါတယ်"

"ဟုတ်ပါပြီလေ"

"ကျွန်တော်ဟာ ငါးပါးသီလ စောင့်ထိန်းတယ်…ဝါတွင်း ဝါပ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလယူတယ်…ပုတီးစိပ်ပါတယ်… မဟုတ်တဲ့အလုပ် မလုပ်ခဲ့ဖူးပါဘူး…ဒါကြောင့် ဒီတကြိမ်တခါ





မိုက်မှားမိတာကို ခွင့်လွှတ်ပေးပါ ဦးမျိုးခန့်ရယ်…ကျွန်တော် အထူးပဲ အနူးညွတ် တောင်းပန်ပါတယ်ဗျာ"

ဆရာစက္က၏ စကားရပ်တိုင်း အမှန်တွေချည်းမို့ ဦးမျိုးခန့် ရင်မှ အဟုန်ပြင်းပြလှသော ဒေါသတရားတို့ ပြေပျောက်လေပြီ။

"ဩော်…နောက်တခုပြောဖို့ရှိပါသေးတယ်…ခင်ဗျာ"

"ဘာများလဲ ဆရာစက္က"

"ဘုရားခန်းမှာ ဘုရားကျောင်းဆောင်အောက်မှာလို့ ရေးပြီးမှ ပြန်ဖျက်ထားတာတွေလို့…"

"အဲ…အဲ…ဟုတ်ပြီ…ဟိုနေ့က ခင်ဗျား"

"ဟုတ်ပါတယ်…ဘာများရှိလဲလို့ ရှာကြည့်နေတုန်း ဦးမျိုးခန့် ရောက်လာတာပါ"

"တကယ် ဘာမှမတွေ့ဘူးလား"

"ဘုရားကျောင်းဆောင်တောင် ရွှေ့လို့မရခဲ့ပါဘူးခင်ဗျာ… တကယ်လို့ တစုံတရာရှာတွေ့ရင်လဲ ကျွန်တော် မယူပါဘူး… အိပ်မက်ရတယ်…ဘာညာနဲ့ပြန်ပြောပြမလို့ပါ"

"ဒါဆို တခုခုတော့ ရှိမယ်ထင်တယ်"

"ဟုတ်လိမ့်မယ်…ဩော်…ကျွန်တော် စဉ်းစားမိပြီ"

"ဘာလဲ"

"ဦးမျိုးခန့်တို့ ပျောက်ဆုံးနေတယ်ဆိုတဲ့ ကြေးနီသေတ္တာလေး…"



www.burmeseclassic.com

www.burmeseclassic.com



"အဲ...ဟုတ်ပြီ...ဟုတ်ပြီ...ဖြစ်နိုင်တယ်...သိပ်ဖြစ်နိုင်တယ်"

ဦးမျိုးခန့် ဝမ်းသာလုံးဆို့ပြီး လဲကျသွားတော့မလောက်ဟန်ပျက်ယွင်းသွားတော့သည်။

"ဒါဆို ကျွန်တော် အိမ်ပြန်မယ်...ဘုရားကျောင်းဆောင်အောက်မှာ သွားရှာလိုက်ဦးမယ်...ခင်ဗျား နေခဲ့တော့ ဆရာစက္က"

ဒိုင်ယာရီစာအုပ်ကို လမ်းဘေးမှာ ကားရပ်ပြီးဖတ်နေခဲ့ကြရာမှ ဆရာစက္ကနှင့် လမ်းခွဲရန် နှုတ်ဆက်လိုက်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါရဲ့လားဗျာ"

"ခင်ဗျားမှာ ဘာအပြစ်မှမရှိပါဘူးလေ...ခင်ဗျားကြောင့် ကျွန်တော် ငွေနစ်သောင်းလောက် ရခဲ့တာပဲ...ခင်ဗျားကို ကျေးဇူးတင်တယ်"

"ဝမ်းသာလိုက်တာ ဦးမျိုးခန့်ရယ်"

"ကောင်းပြီ...ကျွန်တော့်ကိုလဲ ခွင့်လွှတ်"

"ခွင့်လွှတ်ပါတယ်ဗျာ...ဦးမျိုးခန့်ရှာနေတဲ့ ကြေးနီ သေတ္တာကို အမြန်ဆုံးတွေ့ပြီး အထဲမှာ အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ တွေ့ရှိပါစေ...တသက်လုံး သုံးမကုန်နိုင်အောင် ချမ်းသာပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်"

ဦးမျိုးခန့်၏ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ ဆရာစက္က၏ ဆုတောင်းတိုင်း မဖြစ်နိုင်စရာအကြောင်းမရှိ။





ဒါဆိုရင်...

ဦးမျိုးခန့်၏မျက်ဝန်းသည် လောဘဖြင့် ဝင်းဝင်းလက်သွားလေတော့သတည်း။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com



"ဦးမျိုးသန့်သည် ညှော့ခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

အလွန်အေးငြိမ်းပြီး စာအုပ်နှင့်မျက်နှာ မခွာပဲနေလေ့ရှိ သော ဦးမျိုးသန့်။ ယခုလို လှုပ်လှုပ်ရှားရှားဖြစ်လေတော့ သူများ ထက်ပိုပြီး ခံစားနေရရှာသည်။

"အေး...သူမှာအစက အစီအစဉ်ရှိချင်ရှိမှာ...မင်း လိုက်သွားလို့ ငါ့သမီးလေး ခုလို လောလောဆော်ဆော် အိမ်ထောင် ပြုသွားတာ"

သတ္တဗေဒဌာနမှ ကထိကဦးမျိုးသန့်မှာ သူမွေးခဲ့ရသော သမီးလေး ပန်းဝေသီအတွက် သောကမီးတွေ တောက်လောင်နေ





ရှာသည်။

ဒေါ်ခင်ဖြူသွယ်၏ မျက်နှာကတော့ ပြုံးလို့။ ထိုအပြုံးကို မမြင်သာအောင် ကွယ်ဝှက်ထားရပါ၏။

ဒေါ်ခင်ဖြူသွယ်မှာ သူ့သားဇာနည်သန့်နှင့် ပန်းဝေသီကို မတန်ဟု ထင်လေသူသာ...

သူ့သားက ယနေ့ ခေတ်အစားဆုံးသဘောသားမို့ သူ့ဌေး သမီး၊ သို့မဟုတ် ဆရာဝန်မလောက်နှင့်မှ တန်သည်။ ပေးစားချင် သည်။

သား ပြန်လာတော့ သိပ်လှနေသည့် ပန်းဝေသီကို မျက်စိ ကျနေသဖြင့် ဆင်းရဲလိုက်ရသည့် စိတ်။

မိုးကုတ်ကို ပို့ထားလိုက်တော့မှ စိတ်အေးသွားသလိုရှိခဲ့ သား လိုက်သွားသည်ဆိုတော့ တခါဆတ်ဆတ်လူး ပူရပြန်သည်။

မျက်စိမှုက် မျက်နှာမှုက်နှင့် သားဖြစ်သူပြန်လာပြီး ပန်းဝေသီ မှာ မွေးစားသား မိုးစွေနောတ် လိုက်ပြေးပြီဟု ဆိုကာမှ သူ့ရင်ထဲ က အပူလုံးကြီး ဝုန်းကနဲ ပြုတ်ကျသွားရသော ဒေါ်ခင်ဖြူသွယ်..

သားကို ချစ်လွန်းတော့လည်း အတ္တဆန်လွန်းနေမိသော ဒေါ်ခင်ဖြူသွယ်နှင့် ဆန့်ကျင်စွာ...

ဦးမျိုးသန့်မှာ အကြီးအကျယ် ဝမ်းနည်းနေရှာသည်။

"ငါ့အသက်သခင် ကျေးဇူးရှင်ရဲ့ သမီးလေးကွ...မြို့ ကျေးမွေးလို့ အရွယ်လေးလဲရောက်လာရော ရင်ဝကို ဆီးကန်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတာ...”

“ဒီမှာ သွယ်သွယ်..ငါ့သမီးကို တကူကလိုလိုမထားပဲ မိုးကုတ်ကိုပို့လိုက်တာ ငါ မသိဘူးများထင်နေလို့လားဟင်”

“ကလေးက အင်မတန် လိမ္မာတာ..ခုတော့..မင်း တို့လုပ်လို့ ကျောင်းမနေ..ဘွဲ့မရတဲ့ မွေးစားသားနဲ့ ညားသွားပြီကွ”

ဦးမျိုးသန့် တအားဒေါပွတော့ အားလုံးငြိမ်နေကြရသည်။

ကိုမိုးစွေသည် ဦးချမ်းမြေ၏ မွေးအရင်း၊ ဒေါ်ငြိမ်းငြိမ်းထွေး၏သားဆိုသည်ကို ဦးမျိုးသန့်တို့ကိုယ်တိုင်ပင် မသိကြ။

ဦးမျိုးခန့်က သူ၏ “ခံရချက်”ကို လုံးဝ သူ့ဘက်သို့ ဖွင့်ပြီးမပြောခဲ့။

ပန်းဝေသီသည်သာ မွေးစားသမီးဟူ၍ ဦးမျိုးခန့်တို့ မိသားစုဘက်က သိနှင့်နေကြခြင်းပင်ဖြစ်သည်။

“ပစ္စုန်နဲ့ အမှုန်”

ဦးလေး၏ခေါ်သံကြောင့် ညီအစ်မနှစ်ယောက် တုန်သွားကြသည်။

အမြွာဆိုသော်လည်း ညီအစ်မနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မတူကြ။

“သမီးတို့ စာမေးပွဲဖြေဖို့က တပတ်လိုသေးတယ်... ဦးဦး သွားနှင့်မယ်”

“အို..ဖေဖေကလဲ ပစ္စုန်နဲ့ အမှုန် စာမေးပွဲပြီးမှ သွားပါ





စာမေးပွဲဖြေနေဆဲမှာ ဖေဖေမရှိတော့ အားငယ်မှာပေါ့”

ဦးမျိုးသန့်၏ သမီး စုယဉ်သန့်က ဝင်၍ပြောလိုက်သည်။ အိမ်မှာ ဇာနည်သန့်မရှိ။

“ငါ မနေနိုင်ဘူး စုယဉ်သန့်...ငါ့သမီးလေး မျက်နှာငယ်နဲ့ ဘယ်များရောက်နေလဲ မသိဘူး...ငါ ပစ်မထားနိုင်ဘူး... လိုက်သွားရမယ်...ဒီည ရထားနဲ့ပဲ လိုက်သွားမယ်”

“သွားပါစေ သမီးရယ်...သူ့ သမီးတွေးကို သူက ငုံထားချင်အောင် ချစ်တာမဟုတ်လား”

ငေါ့ထေ့သော စကားဖြင့် ဒေါ်ခင်ဖြူသွယ်က လိုက်လျောနေပေသည်။

ဘာပဲဖြစ်ဖြစ် ဘယ်သူတွေပဲလုပ်ကြ လုပ်ကြ...လုပ်ကြပါစေ...လိုက်ကြပါစေ။ သူ့သားဇာနည်သန့် ပန်းဝေသီနှင့် လွဲသွားရသည့်အတွက် ဒေါ်ခင်ဖြူသွယ်မှာ အကျေနပ်ကြီးကျေနပ်နေလေတော့သည်။

ဦးမျိုးသန့်သည် သူ၏ချစ်လှစွာသော သမီးလေး၏ သတင်းများ၊ အကြောင်းရာများ ကြားသိခွင့်ရနိုင်စေရန် မိုးကုတ်မြို့သို့ လိုက်သွားပေတော့မည်။

ဖခင်တစ်ယောက်၏ ဝတ္တရားနှင့်အညီ သူ ဆောင်ရွက်နှင်သည်။

မွေးစားသားမို့ ကိုမိုးစွေကို စွန့်ပစ်ထားကြစေဦး... သူသာ



www.burmeseclassic.com

www.burmeseclassic.com



မစွန့်လွှတ်နိုင်။ သည်ကလေးနှစ်ယောက်နှင့် တွေ့ဆုံဖြစ်အောင် ရှာဖွေပြီး သူတို့ နေရေး စားရေး • •ရေးအတွက် အိမ်ထောင်ထူ ထောင်ရေးများကို ဆွေးနွေးပြီး သူ တတ်နိုင်သမျှ အကူအညီများ ပေးခဲ့မည်ဟူသော စေတနာအပြည့်ဖြင့် • • •

ဦးမျိုးသန့်၏ မိုးကုတ်ခရီးစဉ်ကို ချက်ချင်းပင် စပေတော့ မည်တည်း • • •။

○ ○ ○





"ဟင် • • •ကြီးကြီးငြိမ်း မှာလိုက်တယ်ဆိုလို့ မောင် • • • အဲ ဟို • • •ကိုမိုးစွေ မန္တလေး ဆင်းသွားပြီ"

ခြံတွင်းသို့ ဂျစ်ကားတစ်စီး ဝင်လာသဖြင့် လှမ်းကြည့်နေ ဆဲ ဒေါ်ငြိမ်းငြိမ်းထွေး ဂျစ်ကားပေါ်မှ ခုန်ဆင်းလာသဖြင့် ယခင်လို စိတ်နှင့် ပန်းဝေသီ ဆီး၍ပြောမိသည်။

"အို • • •"

ကြီးကြီးငြိမ်း၏ မျက်နှာထားကြောင့် ပန်းဝေသီ လန့်သွား သည်။ ကိုမိုးစွေနှင့် တအိမ်တည်း၌ ရှိနေရသည့်အတွက်လည်း ကျက်ကြောက်စိတ်များစွာ • • •

အိမ်တွင် ဘာဘာဦးမြဲဒင်မရှိ။ မောင် မှာခဲ့သ၍ြင် ပန်းဝေသီ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သော ကုန်းဘောင်ကြီးကြော်ကို ရှန်ဟဲဆိုင်မှာ သွားဝယ်နေ ခဲ့ပါ။

ဒေါ်ခင်မှိုကတော့ ဒေါ်ငြိမ်းငြိမ်းထွေးလည်း မြင်လိုက်ရော အိမ်တွင်းခန်းသို့ ဝင်ပြေးပုန်းကွယ်နေလိုက်သည်။ သူ့ အစီအမံများ ဟု အပြစ်တင်ခံရမှာ ကြောက်၍ပင်ဖြစ်မည်။

"ထိုင်စမ်းပါဦး ပန်းဝေသီ"

ဒေါ်ငြိမ်းငြိမ်းထွေး၏ စကားသံက တုန်နေသည်။ အလွန် အမင်း လှိုက်မောနေဟန်ရှိပါ၏။ ခံစားမှု ပြင်းပြင်းထန်ထန် ရှိနေ ပုံရသည်။

"သားကို မန္တလေးကနေ တမင်မှာလိုက်တာ...ကြီးကြီး ဒီလာချင်လို့ တမင်လွှဲအောင်"

"ရှင်"

"ပန်းဝေသီနဲ့ တွေ့ရအောင် သက်သက်လာခဲ့တာ"

ထိုင်နေသည့် ကုလားထိုင်လက်တန်းလေးကို ယောင် ယောင်ယမ်းယမ်းဖြင့် လှမ်းဆုပ်ထားမိသည်။

"ပန်းဝေသီနဲ့ သားနဲ့ ကြိုက်နေတာ ဘယ်လောက်ကြာ ပြီလဲ"

"ရှင်"

"အိမ်မှာ နေကတည်းကလား"

"မ...မ... ဟုတ်ပါဘူး"





"ဒါဖြင့် ဘယ်တုန်းကလဲ"

"မ...မကြာသေးပါဘူးရှင်"

"ဦးချမ်းမြေ့ရဲ့ မြေးဆိုတာ သိတဲ့အချိန်ကစလို့ပေါ့... ဟုတ်လား"

"ရှင်"

ဒေါ်ငြိမ်းငြိမ်းထွေး၏ စကားသံက မာလှသည်။ သူ့စကား အဓိပ္ပာယ်ကိုလည်း ပန်းဝေသီ လုံးဝနားမလည်ပါ။

"ကြီးကြီးဟာ မင်းကို တူမလေးလို ချစ်ခဲ့တာပါ...ရိုးရိုး အေးအေးလို့လဲ ထင်ခဲ့မိတယ်...အခုတော့ လည်လှချည်လား ပန်းဝေသီရယ်...ဟင်"

"ပန်း...ပန်းဝေသီမှာ...ဘာ...အပြစ်ရှိလို့လဲရှင်"

"ဩော်...ဒီထက်သာ အပြစ်ကြီးလေးရရင်လဲ တို့ တိုက်ကြီးတခုလုံး ညည်း ဒမြလုပ်ပြီး တိုက်ယူဖို့ပဲရှိတော့တယ်"

"အို...ကြီးကြီးငြိမ်း ဘာစကားတွေပြောနေတာလဲ... ပန်းဝေသီ ဘာမှနားမလည်ပါလားရှင်"

"ရိုးချင်ယောင် ဆောင်မနေစမ်းပါနဲ့ ပန်းဝေသီ...ငါ့ သားကြီးအတွက် ငါ့နလုံးသားတွေ ကွဲထွက်တော့မယ်အေ့"

သူ့ ရင်ဘတ်ကြီးကိုပုတ်၍ပြောရင်း မျက်ရည်များ ဗိုးဗိုး ပေါက်ပေါက် ကျလာတော့သည်။

"ငါ့သားလေး သူ့ဟာသူ ကျုပ်ပြင်အိမ်မှာ အိပ်နေတာ ညည်း



www.burmeseclassic.com

www.burmeseclassic.com



သွားနှိုးခေါ်ခဲ့တာ မဟုတ်လား...ကားသမားတွေ ငါ့ ဖြန်ပြောပြကြတယ်...မိန်းမကများ ယောက်ျားလေးကိုနှိုးပြီး ခိုးယူရအောင် ရဲတင်းလှချည်လား ပန်းဝေသီရဲ့"

"အမယ်လေး...ဘုရား.. ဘုရား...မဟုတ်ဘူး...မဟုတ်ဘူး"

ပန်းဝေသီလည်း ကြုံးအော်ပြီး အားပါးတရ ငိုချလိုက်မိတော့သည်။

"သူဌေးကြီး ဦးချမ်းမြေ့ရဲ့ အမွေတွေ ပိုင်ဆိုင်ရတော့မယ့် မိုးစွေ...ကျုပ်သားအရင်း မိုးစွေဆိုတာသိ..."

"အို...ဘာ...ဘာ ကိုမိုးစွေဟာ ကြီးကြီးသား...ဟုတ်ဟုတ်လို့လားရှင်"

"ငါ့ ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ ငါ့ ရင်သွေးစစ်စစ်ပဲ"

"ကြီးကြီးငြိမ်းရယ်...ကိုမိုးစွေကို ရှောင်သွားဆို သွားပါ့မယ်...ပန်းဝေသီကို မဟုတ်တာတွေ လာပြီး ညာမနေပါနဲ့ရှင်"

"ဘာ...ညာတာ ဟုတ်လား...အေး.. ငါ ညာခဲ့တာ ကတလောကလုံးကို...ညည်းကိုပြောနေတဲ့စကားက အမှန် တရားနားလည်ရဲ့လား"

ခေါ်ငြိမ်းငြိမ်းဖွေး လှုပ်ရှားနေသလို ပန်းဝေသီ၏ နှုတ်ခမ်းလေးများလည်း ဆတ်ခနဲတုန်နေရှာသည်။

"အိမ်မှာနေကြတုန်းက ငါ့သားနဲ့ ညည်းနဲ့ လုံးဝသမီးရည်





စား မဖြစ်ကြပါဘူး...ငါ သိတယ်...ဇာနည်သန့်က ညည်းကို လိုချင်တယ်ဆိုပြီး ရောက်လာတယ်...ဇာနည်ကိုလည်း ညည်း မလိုချင်ဘူး...ငါ့သားက ဇာနည်ထက် အဆတထောင်လောက် ချမ်းသာတာကိုအော်"

ညည်းတွေ ငါတွေနှင့် ရင့်သီးလွန်းသော စကားသံများက ပန်းဝေသီ၏ မျက်ရည်တို့ကို ပေါက်ပေါက်ကြွေစေသည်။

"အဲဒီတော့ ညကြီးမင်းကြီးထွက်ပြေးပြီး ကိုမိုးစွေရယ် ကယ်ပါ ဘာညာနဲ့ သွားခေါ်လာတာ မဟုတ်လား"

"မဟုတ်ပါဘူး...မဟုတ်ရပါဘူးရှင်...ပန်းဝေသီ ကိုမိုးစွေဆီကို ထွက်ပြေးလာတာမဟုတ်ပါဘူး ကြီးကြီးငြိမ်းရယ်"

"ငါ အကုန်သိပြီးပါပြီ ပန်းဝေသီ...ညည်း ခေါ်လာတာ လှုနစ်ဆယ်လောက် မြင်တာပါအေ...ညာမနေပါနဲ့"

"အမယ်လေး...ဒုက္ခပါပဲ"

ပန်းဝေသီမှာ ဤနေရာမှနေ၍ တခြားသော စကြာဝဠာသို့တိုင် လွင့်ပြေးနိုင်သောစွမ်းအင်များ ခုချက်ချင်း ရချင်စမ်းပါဘိ။

"အေး...ခုတော့ ညည်းက ဒီတိုက်မှာငြိမ့်လို့ပေါ့လေ... ဒီတိုက်ကလဲ သူပိုင်တိုက်ပဲကိုး"

"ဟင်...ရှင်"

"အဲဒါ...ငါ့အဖေတိုက်...သူ့နာမည်နဲ့အပြီးလွှဲပေးခဲ့လို့ ဂရန်တောင် ထွက်နေပြီ...ဒီမှာကြည့်...ညည်းက မယုံပါဘူးလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးနဲ့ . . . ခုလို ငြင်းရင်ပြုရအောင် ယူလာတာ"

"သူ လက်ကိုင်အိတ်ကြီးတွင်းမှ စာအိတ်ညိုညိုကြီးကို ဆွဲထုတ်၍ ဖြန့်ပြသည်။

ရုံးတုံဆိပ်တွေ၊ ချိပ်တွေ၊ စာချုပ်တွေအလယ်မှ . . .

"ဦးမိုးစွေ"

ဆိုသောနာမည်ကို ပန်းဝေသီ မြင်လိုက်သည်။

ဒါကြောင့်သာ သူ ပိုင်ပိုင်နိုင်နိုင်နေထိုင်ပြီး ခြံသမားကြီးကလည်း တလေးတစား။ လက်ထဲမှာလည်း ရာတန်တွေ အထပ်လိုက်၊ လဲန်ရီဗာကားကလည်း အချိန်ပြည့် ခြံထဲမှာ . . .

"ဒီခြံဟာ သူပိုင်ပါဆိုတာ ယုံပြီလား"

"ယုံ . . . ယုံပါပြီရှင်"

"အေး . . . ယုံရင် ဆက်ပြောမယ် . . . ငါ့ရဲ့ပထမဇနီးမိထောင်နဲ့ရတဲ့ ငါ့ရဲ့ သားအရင်းကို ငါ့အဖေဟာ သိပ်ချစ်တယ် . . . ဒါကြောင့် အမွေတွေ လွှဲသွားတာ သိန်းပေါင်းများစွာဖဲ ပန်းဝေသီ"

"အို"

"ဒါကြောင့် . . . အဲ . . . စိတ်ဆိုးချင်လဲဆိုးတော့ . . ပန်းဝေသီ ကြီးကြီး ရှင်းရှင်းပဲပြောပါရစေတော့လေ . . ."

"ပြော . . . ပြောပါရှင်"

"သိပ်ချမ်းသာတဲ့ သားကြီးဟာ သူနဲ့ထိုက်တန်တဲ့ မိန်းမတစ်ယောက်ယောက်နဲ့ပဲ လက်ထပ်ပါစေအေ . . . ညည်းလို မိဘ





မျိုးရိုးမသိ၊ ပင်လယ်ကမ်းခြေတစ်နေရာက ကောက်ယူလာတဲ့ မွေးစားသမီးနဲ့တော့ ငါ့သားကို မပေးစားပါရစေနဲ့ . . . ဒါပါပဲ . ."

"အမယ်လေး . . . အမယ်လေးရှင်"

ပန်းဝေသီမှာ နားနှစ်ဘက်ကို လက်နှင့်ပိတ်ပြီး ခေါင်းယမ်းပစ်လိုက်တော့ မူးမိုက်၍ ကုလားထိုင်ပေါ်မှ ထိုးစိုက်ကျခါနီးမှာမှ လက်တန်းကို ကမန်းကတန်းဆွဲကိုင်ပြီး ကိုယ်ကိုထိန်းမတ်လိုက်ရသည်။

"မန္တလေးက စက်သူဌေးကြီးရဲ့ တစ်ဦးတည်းသမီး ဆရာဝန်မလေးနဲ့လဲ စကားကမ်းလှမ်းပြီးသား . . . သားကသာ . . ."

"တော်ပါတော့ . . . တော်ပါတော့ ကြီးကြီးငြိမ်းရယ်"

ပန်းဝေသီမှာ မျက်နှာလေးမှောက်ချပြီး နှလုံးသားတစ်ခုလုံး ပွင့်ကွဲသွားတော့မတတ် ရှိုက်၍ရှိုက်၍ ငိုရင်း . . .

"ဪ . . . သားရင်တို့ရယ် . . . ဇာနည်သန့်အတွက်လဲ ဆရာဝန်မတဲ့ . . . သူဌေးသမီးနဲ့မှတဲ့ . . . ခု . . ခုလဲလေ"

"အဖြစ်ဆိုးလိုက်တဲ့ ငါ့ဘဝရယ်"

မွေးစားသမီးကိုတဲ့ တကောင်ကြွက်မ . . . တွယ်ရာမဲ့၊ မှီခိုရာမရှိ၊ မိဘဂုဏ်ခြံမပါတဲ့ ငါ့လို မိန်းကလေးကို ဘယ်သားရှင်ကမှ မလိုလားကြပါလားနော်။

မိန်းမတို့ရဲ့အလှ၊ မိန်းမတို့ရဲ့ ဣန္ဒြေ၊ မိန်းမပီသမှုဆိုတာဟာ ဂုဏ်ခြံတွေနဲ့ယှဉ်လိုက်တော့ . . . ဘာမှ တန်ဖိုးမရှိပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ပန်းဝေသီ"

"ပြောလို့ အားမရနိုင်သေးဘူးလား ကြီးကြီးရယ်"

"ကိစ္စမှ မပြတ်သေးပဲအေ... ဒီမှာ..."

"ပြောပါရှင်"

"ကြီးကြီး ဒီလောက်ပြောရင် သဘောပေါက်ပါတော့နော်"

"သဘောပေါက်ပါတယ်...သဘောပေါက်ပါတယ်ရှင်.. ပန်းဝေသီလဲ သူ သူဌေးမှန်းမသိလို့ပါ...ကိုယ်နဲ့ မတန်တာကို မမှန်းလိုပါဘူး...ပန်းဝေသီ သွားပါ့မယ်"

"အေး..ကြီးကြီးကလဲ လက်လွှတ်စပယ် မလွှတ်လိုက်ပါဘူးလေ...တောပြန်မယ်ဆိုလဲ ငွေကို ကြိုက်သလိုယူသွားပါ တစ်ယောက်ယောက် လိုက်ပို့ခိုင်းဖို့ လိုချင်လဲ ထည့်ပေးလိုက်မယ် ဟုတ်လား"

"မထူးတော့ပါဘူး..ကျွန်မဘာဝ ကျွန်မဖန်တီးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ပန်းဝေသီ...ဒါပေမယ့် မိန်းမချင်း ကိုယ်ချင်းစာတဲ့အနေနဲ့ ကြီးကြီးတောက်ပုံတာကိုတော့ လက်ခံပါ အပျိုရည် ပျက်ခဲ့ရတဲ့အတွက်လဲ..."

"အို.. မဟုတ်ဘူး...မဟုတ်ဘူး...ကျွန်မကို ဘာတွေ လာပြောနေတာလဲ...ကျွန်မတို့ဘာမှမဖြစ်ဘူးရှင့်...နက်ဖြန်မှ လက်ထပ်ကြမှာ"

"ဒါဆို အချိန်ရှိသေးတာပေါ့လေ"





"ရှိပါတယ်...ရှိပါတယ်...ရှိလဲ ဒီလောက်ဖြစ်မနေကြပါနဲ့...ကျွန်မ သေပေးပါ့မယ်...စိတ်ချပါ...ကြီးကြီး သားကို ကျွန်မမယူပါဘူးရှင့်...ကျေးဇူးပြုပြီး ကြီးကြီး ဒီအိမ်က ဖြန်ထွက်သွားပါတော့..."

"ဒီအိမ်ကထွက်သွားပါတော့ ဟုတ်လား...အဲဒါ ငါ ပြောရမယ့်စကားပဲ ပန်းဝေသီ"

ပန်းဝေသီ တကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။ မူးမေ့မသွားအောင် ကိုယ့်ကိုယ်ကို မနည်းထိန်းထားရပါ၏။

ဘဝပျက်ရသော၊ အသည်းကြေရသောကြောင့်ဖြစ်ထွန်းလာသော မျက်ရည်တို့သည် မျက်ဝန်းအိမ်မှ တာကျိုးသည်သို့ အဆီးတားမဲ့ သွန်ကျလာတော့သည်။

"ကျွန်မ ကိုမိုးစွေနဲ့ တွေ့ချင်သေးတယ်"

"ဟင်...ဘာ...ဘာ..."

"သူကိုယ်သူ မွေးစားသားပါ...မျက်နှာငယ်ရသူပါ လို့ ကျွန်မကို ဘာလို့ လိမ်ရ ညာရတာလဲ...အယုံသွင်းရတာလဲ... လို့"

"ယောက်ျားဆိုတာ ဒီလိုပဲ ပန်းဝေသီ...သူဌေးကြီး ဆိုရင် ညည်း မချစ်ရဲမှာစိုးလို့ မွေးစားသမီး ညည်းနဲ့ တန်းညှိတာ ဖြစ်မှာပေါ့ ညည်းကိုလဲ သူ တကယ်ယူမှာမဟုတ်ပါဘူး ပန်းဝေသီ"

"ကျွန်မ မယုံဘူး...ကိုမိုးစွေမှာ သိမ်ဖျင်းယုတ်ညံ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့စိတ်မရှိဘူး...သူဟာ သစ္စာသိပ်ကြီးတဲ့ ယောကျ်ား.. ကျွန်မ သူနဲ့တွေ့ချင်တယ်...သူ့ကို အဖြစ်မှန်ပြောပြီးမှ ကျွန်မ ပြန်နိုင်မယ်"

"ဒီလို မလုပ်ပါနဲ့သမီးရယ်..သူနဲ့တွေ့ရင် ပိုရှုပ် ကုန်မှာပေါ့ သမီး သူ့ကိုချစ်ရင် အနစ်နာခံပေးပါကွယ် နော်"

ဒေါ်ငြိမ်းငြိမ်းတွေးတို့ အချိုသတ်လေပြီ။

"ကြီးကြီးငြိမ်းရယ်..ကြီးကြီးငြိမ်းလဲ ငယ်ရာကကြီး လာတာပါ ကိုမိုးစွေရဲ့ ဖခင်ဆိုတာနဲ့ ဇာတ်ကြောင်းရှိခဲ့ဖူးမှာပါ...ကိုယ်ချင်း စာကြည့်ပါရှင်"

"ငါ့ရဲ့ ငယ်ကျိုးငယ်နာတွေကို ညည်းကို ဘယ်သူပြောလဲ"

"ကိုမိုးစွေဟာ သားအရင်းဆိုလို့ ပြောရတာပါ"

"အေးလေ...ဘာပဲဖြစ်ဖြစ်...ခုနေမှာတော့ ကြီးကြီး ငြိမ်းဟာ ဇာတ်ထဲက မိန်းမကြမ်းကြီးလို ဖြစ်နေမှာပေါ့... ဒါပေမယ့် တစ်နေ့ကျရင် မိခင်တစ်ယောက်ရဲ့ ကြီးမားတဲ့ မေတ္တာကို သား နားလည်လာမှာပါ..."

"ဟုတ်ပါပြီ...ဟုတ်ပါပြီရှင်...မိခင်ရှိသူ ဖခင်ရှိသူတွေ ကတော့ ကိုယ့်သားသမီးဘက်က နာကြမှာပေါ့လေ..မုန်းဝေသီလို အမိမဲ့ အဖမဲ့နိုကိုးရာမဲ့သူကိုတော့ ရင်ဝကိုဆီးကန်ပြီးနှင်ထုတ် ရက်ကြတယ်ပေါ့ရှင်"

ငိုရှိုက်ရင်း ပြောကြားရာ၍ အသံလေးများ တုန်တုန်ခိုက်နေ သည်။





"ဒီမှာ ကြီးကြီးငြိမ်း"

"ဆို..."

"ကျွန်မ ကိုမိုးစွေကို ချစ်တယ်...သိပ် ချစ်တယ်.. နက်ဖြန်မှာ လက်ထပ်ကြမယ်လို့လဲ စီစဉ်ပြီးသားပါ"

"အလို..."

"ဒါပေမယ့် လန့်မသွားပါနဲ့ရှင်...ကျွန်မ လမ်းဖယ်ပေးပါ့မယ် တခုတော့ ကျွန်မ ပြောခဲ့ပါရစေ"

"ပြော...ပြောပါကွယ်"

လမ်းဖယ်ပေးပါမယ်ဆိုသော စကားကို ကြိုက်သွား ပြီမို့ ပန်းဝေသီ ဘာတွေပဲပြောပြော ပြောစမ်းပါစေ။

"ပန်းဝေသီဟာလေ ကိုမိုးစွေကို ချစ်တာ၊ အခု ကြီးကြီး ပြောသလို ပစ္စည်းတွေပိုင်ဆိုင်လို့ သူ့ငွေကြီးမြေးမှန်း သိလို့ချစ်တာ လုံးဝမဟုတ်ရပါဘူး...ဒီခြံဟာလဲ သူ့သူငယ်ချင်းခြံလို့ သူ ပြော ခဲ့ပါတယ်ရှင်"

ပန်းဝေသီမှာ အငိုဆက်နေရ၍ စကားလုံးများပင် ရပ်တန့် သွားရသည်။

"သူ့ကို ချစ်မိတာတော့ မှန်ပါတယ်...ဒါပေမယ့် သူ့ငွေး သားမှန်းသိလို့ မဟုတ်ရပါဘူးရှင်...ဒီစကားမှန်ရင်လေ ကြီးကြီးငြိမ်း ခွဲပေမယ့် မကွဲပဲရှိရပါစေ"

"အို...ညည်း ကျိန်ပုံကြီးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကျွန်မ ဘာလုပ်ရမလဲ...ပန်းဝေသီ ဘယ်သွားရမလဲ...အို...တခါတည်း သေသွားတာအကောင်းဆုံးပါ...ပန်းဝေသီကို သတ်ခဲ့ပါ...ပန်းဝေသီကို သတ်ပစ်ခဲ့ပါတော့ ကြီးကြီးငြိမ်းရဲ့..."

ပန်းဝေသီမှာ ကုလားထိုင်ပေါ်မှထပြီး ဒေါ်ငြိမ်းငြိမ်း ထွေးရှိရာသို့ ပြေးသွားပြီး ကြမ်းပြင်၌ ထိုင်ချလိုက်ပြီးမှ ဒေါ် ငြိမ်းငြိမ်းထွေး၏ ဒူးနှစ်ဘက်ကို ဆွဲကိုင်လှုပ်ခါရင်း မချိတင်ကဲ အော်ငိုပစ်လိုက်တော့သည်။

ဒေါ်ငြိမ်းငြိမ်းထွေးသည်ပင်လျှင် ရင်ထဲ၌ တချက်တော့ဆို့သွားကာ...

ဒါပေမယ့် မတတ်နိုင်ဘူးလေ...ကိုယ့်သားကြီး အတွက် အမျိုးမြတ်သော၊ ချမ်းသာကြွယ်ဝသော ဇနီးကောင်းရစေဖို့က အဓိကပဲမဟုတ်လား။

ဒေါ်ခင်မှိုသည် မီးဖိုခန်းမှ ချောင်းကြည့်ပြီး ပန်းဝေသီ အတွက် မျက်ရည်လည်လာမိ၏။ ပန်းဝေသီ မချိတင်ကဲ ငိုနေပုံက သနားစရာကောင်းလွန်းလှသည်။

"အင်း...ငါတော့ ထွက်ပြီးနစ်သိမ့်ချင်ပါရဲ့...ဒါ ပေမယ့် မငြိမ်းနဲ့တွေ့လို့မဖြစ်ဘူး...သူ့သားနဲ့ ငါတို့နဲ့ ဆက်ဆံတာကို လုံးဝကြိုက်တာမဟုတ်ဘူး... သားက တိတ်တိတ်တို့ကို ဆက်ဆံပေးကာနေတာ...ငါ့ကို တွေ့သွားရင် သူတို့သားအမိချင်းပါ မပြေမလည်ဖြစ်





ကုန်ကြတော့မယ်... ငါ ပုန်းနေတာပဲ ကောင်းပါတယ်လေ"

ဒေါ်ခင်မှိုမှာ သည်အတွေးများဖြင့် ဆက်လက်ပုန်း လျှိုးနေလိုက်ရတော့သည်။

"ဒီလိုလုပ်ပါလား ပန်းဝေသီ"

ပန်းဝေသီ၏ ပခုံးကိုဆုပ်ကိုင်ပြီး ပြောလိုက်တော့ မျက်ရည်ဖြင့် နစ်နေသောမျက်နှာလေးက မော့လာသည်။

"တစ်ယောက်တည်း ဒီတိုင်းထွက်သွားလို့လဲ မဖြစ်သေးဘူးလေ...ကြီးကြီးငြိမ်းနဲ့ပဲ မန္တလေးကိုလိုက်ခဲ့"

"ရှင်"

"မန္တလေးရောက်တော့မှပဲ တခုခု စီစဉ်ကြတာပေါ့ လေ"

"ဩော်...ပန်းဝေသီဟာ အသက်ရှင်လျက်နဲ့ မလှုပ်ရှားနိုင်တဲ့ ကစားစရာ အရုပ်ကလေး တရုပ်ပါပဲရှင်... ကြိုက်သလိုသာ စီစဉ်ကြပါ...ကြိုက်သလိုသာ စီစဉ်ကြပါတော့"

"မန္တလေးလိုက်ခဲ့ပြီး မန္တလေးမှာ နေချင်ရင်လဲ စီစဉ်ပေးမယ် ရန်ကုန်ပြန်ချင်ရင်လဲ အဖော်တစ်ယောက်ထည့်ပြီး လိုက်ပို့နိုင်းမယ် ဟုတ်လား"

"ကောင်းပါပြီရှင်...ကောင်းပါပြီ"

"ကဲ...ကဲ ဒါဖြင့် အဝတ်အစားတွေယူ"

ပန်းဝေသီ သူ့အခန်းတွင်းကို တလှမ်းချင်း ဝင်လာ တော့ ဒေါ်ခင်မှိုက တံခါးအကွယ်မှ စောင့်ပြီး လေသံတိုး နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး အကုန်ကြားတယ်…လိုက်မသွားနဲ့လေ"

ပန်းဝေသီ ခေါင်းမဲ ခါယမ်းပြလိုက်သည်။

လူငယ်ချစ်သူနှစ်ဦးတို့ ဘဝချင်းပေါင်းစပ် လက်ထပ်ကြခါနီးမှာ ယောကျ်ားလေးဘက်က သဘောမတူပါဟု အပြောခံရသော မိန်းကလေးတစ်ယောက်၏ နာကျည်းခံပြင်း စရာကောင်းလွန်းလှသော ဝေဒနာအပြင်…

"သူက သိပ်ချမ်းသာတဲ့ သူဌေးသား…ငါနဲ့ မတန်ပါဘူးလေ ပြီးတော့ ငါ့ကို ဘာလို့ အမုန်တရားကို ဖုံးကွယ်ထားရတာလဲ… သူနဲ့ ထိုက်တန်သူပဲ ယူပါစေတော့… ငါ သွားပါ့မယ်…မောင်ပိုင်ဆိုင်တဲ့ဒီခြံ ဒီမြေက ငါ ထွက်ခွာသွားပါတော့မယ်ကွယ်"

ဤဆုံးဖြတ်ချက်နှင့်အတူ မျက်ရည်စက်လက်ဖြင့် အဝတ်များ သိမ်းရင်းက…

"သူ စီစဉ်တဲ့ မန္တလေးမှာတော့ ငါ မနေဘူး…ရန်ကုန်ကိုပဲ ပြန်မယ်"

ငါ တစ်ယောက်တည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး လျှောက်သွားနေလို့လဲ မဖြစ်သေးပါဘူးလေ"

"မိန်းကလေးဆိုဝမ်း လူသားတစ်ယောက်ရဲ့ လုံခြုံရေး ဟာ အရေးကြီးလှပါဘိတော့ကွယ်"

မိမိဘဝ၏ လွတ်ရာလမ်းမရှိသော အကျဉ်းအကျပ် တွင်းသို့ ရောက်ရှိလာချိန်မှာ တသက်လုံး ညှာတာအလိုလိုက်ခဲ့သော မွေးစား





ဖခင် ကျေးဇူးရှင်ကြီး…

"ဖေဖေ"

"ဖေဖေရယ်…သမီးအဖြစ်ကို မြင်လှည့်ပါတော့ ဖေဖေရဲ့"

"သမီးဘဝအတွက် ခိုကိုးစရာ တစ်နေရာမှ ဒီလောက မှာ မရှိတော့ပါလား ဖေဖေရေ…"

"သမီး ဘယ်မှသွားစရာမရှိဘူး…သမီးကို အားလုံး က နှင်ထုတ်နေကြပါပြီ ဖေဖေရယ်"

"သမီး ပြန်ခဲ့မယ်… သမီး ဖေဖေ့ဆီကို ပြန်ခဲ့ပြီး အကြောင်းစုံ အသေးစိတ် သမီး ပြန်ပြောပါရစေ"

"အခု ဒီမိန်းမကြီးနဲ့ သမီး မန္တလေးလိုက်သွားပြီး မီးရထားနဲ့ ဖေဖေ့ဆီကို ပြန်ခဲ့ပါတော့မယ် ဖေဖေရေ"

သည်သို့ ပန်းဝေသီတစ်ယောက် ငိုယိုတမ်းတရင်း ယနေ့ည ရထားနှင့်က ရန်ကုန်သို့ပြန်ရန် သူ ဆုံးဖြတ်လိုက်ချိန်မှာ…

ဦးမျိုးသန့်သည်လည်း သူ့ချစ်သမီးလေး ပန်းဝေသီ အကြောင်းစုံစမ်းရန် ယနေ့ည ရထားနှင့်ပင် မန္တလေးသို့ လိုက်လာဖို့ စီစဉ်နေပြီး ဖြစ်ပါတော့သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



ခဏတာမျှ မျှော်မွေကြည်နူးခဲ့ရာ ဤ ခြံသာယာ လေးမှ ထွက်ခွာသွားရတော့မည်။

"မောင်"ဆိုသော မိမိဘဝ၏ ပထမဆုံးသော အချစ်ဦးကိုလည်း ဘယ်သောအခါမှ ပြန်လည်ဆုံတွေ့ခွင့် မရနိုင် အောင် အပြီးတိုင် စွန့်လွှတ်ခြင်းဖြင့် ခွဲခွာရပေတော့မည်။

"မောင်"

"ပန်းဝေသီရဲ့ အချစ်ဆုံးရေ···"

"ပန်းဝေသီ ရင်နင့် တနင့် ခံစားသွားရသလို မောင် မခံစားရပါစေနဲ့"

"ပန်းဝေသီကို လွယ်လွယ်နဲ့ပဲ မေ့သွားနိုင်ပါစေ"





"ထိပ်ထိပ်ကြဲ သူဌေးသမီးဆိုသူတွေနဲ့ လက်တွဲပြီး တာဝရ ချမ်းမြေ့ပျော်ရွှင်ကြပါစေလို့··· ပန်းဝေသီ ဆုတောင်း ပေးခဲ့ပါတယ် အချစ်ရယ်··"

ကားနောက်ခန်းမှ မတက်မီ. မောင် ပိုင်ဆိုင်သည် ဆိုသော အလှခြံမြေလေးပေါ်မှာ ပန်းဝေသီ၏ မျက်ရည်တွေ ကြွေရစ်ခဲ့ပါသည်။

ပန်းဝေသီ သေတ္တာကြီးကိုမတင်၍ နောက်ခန်းမှ ဝင်ထိုင်ပြီးကာမှ စိတ်ချသွားသလို ဒေါ်ငြိမ်းငြိမ်းထွေးက သူ့ လက်ကိုင်အိတ်ကြီးကို ပွေ့ပိုက်ပြီး ကားရှေ့ခန်းမှာ တက်ခါနီးတွင်···

"မာိုက်"

တအံ့တသြကြီး အော်သံကြား၍ လှည့်ကြည့်လိုက်တော့ ဒေါ်ငြိမ်းငြိမ်းထွေးက မျက်လုံးကြီးအပြူးသားနှင့်ရပ်လို့··

"အလို···မငြိမ်းပါလား"

"ကားမြင်လို့ ဘယ်ကဧည့်သည်များလဲလို့···ကိုယ့်ကို မှတ်မိသေးရဲ့လား"

ကိုမြဒင်သည် ကိုမိုးစွေ မှာကြားခဲ့သည့်အတိုင်း ပန်းဝေသီ တားဖို့ ကြက်သား ကုန်းဘောင်ကြီးကြော်ထုပ်ကလေးကိုကိုင်၍ ဝင်လာရင်း သူ့ငယ်ချစ်ဦးနှင့်ဆုံတွေ့ဖြစ်ကြသည်။

အတွေ့အကြုံများစွာနှင့် ဆောင်ထွက်ကြီး ဦးမြဒင်က ဘယောက်ျားဖြစ်၍လားမသိ သိပ်ပြီး ခံစားမှုပြင်းပြပုံမရ။

ဒေါ်ငြိမ်းငြိမ်းထွေးသည်မူ ···



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှ ရှုးသွပ်သွားပြီလား ထင်ရလောက်အောင်ပင် သူ့အမူအရာက ပြောင်းဆန်အောင် လှုပ်ရှားသွားလေတော့သည်။

"မငြိမ်း...သားကလေး...ကိုယ့်ကို"

"တော်...တော်...တော်ပါတော့ရှင်"

"ဟဲ့...နေပါဦး...သမီး ပန်းဝေသီက ငိုလို့ပါလား...ဘယ်လိုဖြစ်ကြတာလဲ"

"အို...မမေးနဲ့...ဘာမှ မမေးနဲ့"

ဒေါ်ငြိမ်းငြိမ်းထွေးကလည်း မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာပြီး ကြုံးအော်လိုက်တော့သည်။ သားအဖနှစ်ယောက်ပြန်ပေါင်းခန်းဖြစ်နေကြောင်း သူ သိရှိသွားလေပြီ။

ယခုအချိန် ပန်းဝေသီ ဆင်းနေခဲ့လျှင် ဖြစ်ပါသည်။ ဘာဘာဦးမြဒင်သည် သူ့ဘက်ကရှိလိမ့်မည်မှာ ယုံကြည်နိုင်လောက်ပါ၏။

သူ့ငွေသားမို့ အပိုင်ကြံတာ...

သူ့အမေက သဘောမတူဘူး...

ပန်းဝေသီက နှိုးပြီးခေါ်လာတာ...

ဆိုသော အမည်းစွန်းကြီးသည် သူ့ဘဝ၌ ထာဝရပေါ်နေပေလိမ့်မည်။

ပန်းဝေသီကိုယ်တိုင်က ပြန်ဆင်း၍ မနေရစ်ခဲ့ချင်တော့...

"ကဲ...စိန်အောင်...မောင်း...မောင်း... မြန်မြန်မောင်းစမ်း"





ကားပေါ်သို့ ကသောကမြောတက်ပြီး ဒေါ်ငြိမ်းငြိမ်းထွေး ကြုံးအော်သည်နှင့် ဒရိုင်ဘာကိုစိန်အောင် က အရှိန်ပြင်းစွာ ဆောင့်ထွက်လိုက်တော့သည်။

ပန်းဝေသီ၏ မျက်ဝန်းအိမ်မှာ စိမ့်အိုင်နေသော မျက်ရည်များကြောင့်...

အချစ်ဦးနှင့် ချစ်မှုးခဲ့ရာ ကြည်နူးရိပ်သာလေးမှာ မှုန်ဝေဝါးရင်းက တဖြည်းဖြည်းဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေပြီတကား...။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကနဲဖြစ်လိုက် ထိန်းလိုက်ဖြင့် ချွေးသီးချွေး ပေါက်များနှင့် တကိုယ်လုံးနစ်ပြီး မှုးဝေနေသော ဦးမျိုးခန့် သည်…

"မငြိမ်း…ဒီနေ့ပြန်တက်လာတော့မှာ…သူ ဒီမလာ ခင် ဒါကို ရအောင်ဖော်နိုင်မှဖြစ်မယ်"

"သေချာတယ်…ဒီ ဘုရားကျောင်းဆောင်အောက် မှာ ရတနာသေတ္တာ ရှိမှာပဲ"

"မငြိမ်းဟာ သူ့သားအတွက်ပဲ သူယက်နေ…ဖို့နေ သယ် ငါလဲ ငါ့ဘဝအတွက် ကြိုးစားရမယ်"

"အဘိုးကြီး မြှုပ်ခဲ့တဲ့ ရတနာထုပ်ရရင်…တော်ပြီ မိုးကုတ် မှာလဲ ငါမနေတော့ဘူး…ရန်ကုန်ကို ငါ ပြန်မယ်"





မိသားစုစိတ်ကင်းမဲ့စွာ ခုံးဖြတ်ပြီး ဘုရားကျောင်း ဆောင်ကြီး၏ အောက်ခြေကြမ်းပြင်ကို သံနတ်၊ သံတူရွင်းများဖြင့် ထိုးကော်ခွာထုတ်နေလေသည်။

ဘုရားကျောင်းဆောင်မှာ ကြမ်းပြင်နှင့် အသေကပ်ရိုက်ထားသည်ကိုက မသက်ာစရာ။ ဒီ ရတနာသေတ္တာသာ တွေ့ရင် ဆရာစက္ကကျေးဇူးပဲ…သူ ရှုးကြောင်ကြောင်ထလုပ် တာကလွဲလို့ သူဟာ ငါ့အတွက် အကျိုးရှိစေတဲ့လူပါပဲလေ။

ဆရာစက္ကသို့ ခွင့်လွှတ်တွေးများနှင့်အတူ ဌလေးလံလှ သော ဘုရားကျောင်းဆောင်ကြီးကို တစ်ယောက်တည်းခက်ခဲစွာ တွန်းရွှေ့ လိုက်သည်။ ကျောင်းဆောင်တွင်းမှဘုရားများ ကစဥ့်ကလျားလိမ့်လဲ ကုန်သည်ကိုပင် ကိုမျိုးခန့်ဂရုမစိုက်နိုင်၊ လော့ဘမီးငွေ့တွေ တရှိန်ရှိန် တက်နေ၏။

ဆက်လက်ပြီး လေ့ကားသုံးထစ်တက်ရသည့် ပလ္လင်လိုမြင့် ထားသော ဘုရားစင်၏ကြမ်းပြင်များကို တချပ်ချင်း ပင်ပန်းကြီးစွာ ခွာယူရသည်။

အိမ်တွင် သမီးကြီးဝသန်နှင့် အိမ်ဖော်မချိုသာရှိ၏။ သူကို ဘယ်သူမှ လာမကြည့်နိုင်။ အကယ်၍ တစုံတစ်ယောက် ရောက်လာ စေဦး၊ သူလုပ်ဆောင်ချက်ကို မမြင်နိုင်အောင် ဘုရားခန်းတံခါးကို အသေအချာကန့်လန့်ထိုးထားပြီးလေပြီ။

ကြမ်းပြင်များ ကွာသွားပြီးချိန်မှာ ဦးမျိုးခန့် ရင်အစုံသည်



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ချီမြင့်ချီဖြစ်နေသည်။ သူ မောဟိုက်လှပြီ။

"ဟာ...ဒီမှာ အံဝှက်ကလေးတစ်ခုပါလား"

သူ့ မောပန်းမှုကို အောင်မြင်မှုက ဖုံးအုပ်နိုင်ခဲ့လေပြီ။

အံဝှက်ကလေးကလည်း သော့နှင့်အခန်းတွင်း၌ အသင့်ယူထားသော လက်သမားကိရိယာ သေတ္တာလေးအတွင်းမှ တူနှင့် ဆောက်များကို အသုံးပြုပြီး သော့ကိုဖျက်လျက်အံဝှက်ကို ဖွင့်လိုက်တော့...

"ဟာ...ဟာ"

"အမယ်လေး...ဟုတ်လိုက်လေ...တကယ်ပါပဲ တကယ့်ကိုပါပဲဗျာ"

ဦးမျိုးခန့် ရူးမတတ် ဝမ်းသာသွားရပါပြီ...အံဝှက်ကလေးအတွင်း၌...

"သေတ္တာလေး...ကြေးနီသေတ္တာလေး"

ဦးချမ်းမြေ့ သေဆုံးချိန်မှစ၍ ပျောက်ဆုံးနေခဲ့သော ရတနာသေတ္တာလေး...

အလျားတပေခွဲ အနံတပေခန့်ရှိသည့် ကြေးနီသေတ္တာလေးကို ဆတ်ဆတ်တုန်နေသော လက်ဖြင့်ဆွဲထုတ်ပြီး...

"ဦးချမ်းမြေ့ ဦးချမ်းမြေ့ ငါ့ကိုမပေးချင်လို့ တမင်ဝှက်ထားခဲ့တဲ့ ပစ္စည်းသေတ္တာ"

"ဟင်...အခုတော့ ဘာတတ်နိုင်သေးလဲ"





"ငါ ရပြီ"

"ငါ အကုန်ပိုင်ပြီ"

သေတ္တာကို ရင်မှာမြတ်နိုးစွာပိုက်ထားလိုက်မိသည်။ နှစ်ပေါင်းများစွာ အင်္ဂတေကန့်လန့်အတွင်းမှာထားရှိနေရ၍ သေတ္တာလေးမှာ အေးစိမ့်နေပါ၏။

ဒေါ်ငြိမ်းငြိမ်းဝေ၏ လှည့်စားမှုကြီးပေါ်ပြီးချိန်မှစ၍ ဇနီးသည်အပေါ်၌ မေတ္တာပျက်ခဲ့နာကျည်းခဲ့သော ဦးမျိုးခန့်ကို ယောက္ခမကြီး ဦးချမ်းမြေ့ကလည်း သဘောမတွေ့။ သို့သော်လည်း လူကြီးလည်းဖြစ် စီးပွားဖန်တီးနိုင်သူလည်းဖြစ်၍ သူ့သားမက်ကို ကျေနပ်ဟန်ပြနေခဲ့သော်လည်း ....

ယခု ရတနာသေတ္တာကိုမူ သမီးဖြစ်သူနှင့် ဘယ်လိုနားလည်မှုယူပြီး ဝှက်ခဲ့ကြသည်မသိ။

"ဟား...ဟား...သေရာကထပြီး လာကြည့်စမ်းပါ ဦးချမ်းမြေ့ရယ်"

"မငြိမ်း...မငြိမ်း...မင်းအဖေထားခဲ့ပေမယ့် ငါနဲ့ ထိုက်လို့ရတဲ့ပစ္စည်း ငါပဲယူရုံပေါ့ကွာ"

ဝမ်းသာခြင်းမဟုန်ဖြင့် ကြေးနီသေတ္တာလေး၏သော့ကို ခဲခဲယဉ်းယဉ်းဖွင့်လိုက်သည့်အခါ...

စာရွက်ရှည်ထည့်ထားသည့် စာအိတ်ညိုညိုကြီး တအိတ်ကို ဦးစွာတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စာအိတ်အောက်မှာ ပူးတာပူး။ အမြန်ဖွင့်ကြည့်လိုက် တော့ တချိန်က အဘိုးကြီးရှိထားခဲ့သည့် ဝဏ္ဏကျော်ထင် ဆုတံဆိပ်တစ်ခု။

တောင်ပေါ်ဒေးဇေတီ တည်စဉ်က ဗွာပနာခဲ့သော ကျောက် သံပတ္တမြားစာရင်း• • •

"ဟင်• • •ဘာပစ္စည်းမှလဲ မရှိပါလား"

သေတ္တာကို လှန်ကြည့်၊ ခေါက်ကြည့်၊ မှောက်ကြည့်တော့ အံဝှက်အံပိုလည်းမရှိ၊ ဘာမှလည်း ထွက်မလာ။

"ဒီ• • •ဒီစာအိတ်က ဘာမို့လို့ ဒီလောက်အရေးတယူ သိမ်းဝှက်ထားရတာလဲ"

တုန်ယင်သောလက်ဖြင့် အိတ်ကိုဖွင့်ဖောက်ပြီးကြည့်လိုက် တော့ စာရွက်များစွာထွက်လာသည်။

စာချုပ်စာတမ်းများ• • •မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်နှင့် ကျောက်မြင်ရှိ မြေ တိုက်တာတို့၏ ဂရန်များ• • •

နောက်• • •ဘဏ်၌ငွေသေအပ်ထားသော စာရွက် စာတမ်းနှင့် ချက်လက်မှတ်များ• • •

"ဟာ• • •ဒီမှာ မန္တလေးက ဝတ်လုံတော်ရကြီး ဦးထင်မှတ်ရဲ့ နေရုပ်လိပ်စာနဲ့ ဘွဲ့တွေရေးထားတဲ့ တရားဝင်စာရွက်တစ်ခု• • •"

ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာ၌ မသေမီက သေတမ်း စာနှင့် အမွေပေးခဲ့နိုင်သော တရားဥပဒေမရှိသော်လည်း• •

ဦးချမ်းမြေ့သည် သူ၏ချစ်လှစွာသော မြေးအရင်းဖြစ်သည့်





ဩရသခုကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မောင်မိုးဇွေမှာ အသက်ဆယ့်ရှစ်နှစ် ပြည့်ပြီး သူဖြစ်သည်။

ထို့ကြောင့် စွန့်လွှတ်စာတမ်းနှင့် အရောင်းစာချုပ် များချုပ်ဆိုပြီး အပြီးအပိုင် လွှဲပြောင်းပေးခြင်း ကိစ္စများကို ကျွန်ုပ် ကိုယ်တိုင်ဦးစီးဆောင်ရွက်ပြီး တရားဝင်အမွေ ဆက်ခံ ခွင့်ရှိအောင် ကရားဥပဒေဘောင်နှင့်အညီ ဆောင်ရွက်ခဲ့ သည်။

"ဟင်• • •ဟင်• • •အမယ်လေး• • •နောက်• • •နောက် ဒါက ဒါက• • •ဘာတွေလဲ"

"ဦးချမ်းမြေ့၏ ဘဏ်စာရင်းမှ ငွေများအားလုံး မောင်မိုးဇွေ၏ ငွေစာရင်းသို့ လွှဲပြောင်းခြင်း"

အသက် တစ်ဆယ့်ရှစ်နှစ်ရှိသူ မောင်မိုးဇွေအား ငွေဖာစ် ဆယ့်ရှစ်သိန်းကို လွှဲပြောင်းပေးခဲ့သော်လည်း• • •

နောင် ဆယ့်နှစ်နှစ်အကြာ မောင်မိုးဇွေ အသက်သုံးဆယ် တိတိပြည့်သောနေ့၌ အတိုးရင်းနှင့်တကွကျသင့်မည့် ငွေသိန်းပေါင်း များစွာကို မောင်မိုးဇွေ၏ သဘောဆန္ဒအရဘဏ်မှ ကြိုက်သလိုထုတ် ယူသုံးစွဲနိုင်ခွင့်ရှိသည်။

ယခုလက်ရှိနေထိုင်သော ချမ်းမြေ့ဂေဟာခြံကိုပင် မောင်မိုးဇွေ အမည်နှင့် တရားဝင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း အသိသက်သေ ကျွန်ုပ်က တရားဝင်• • •



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း...ကြည့်စမ်း...ဒါ..ဒါ.. ဟိုကောင်မ မိငြိမ်း လက်ချက်လဲပါမယ်...အဘိုးကြီးကလဲ ငါ့ကို မကျေနပ်လို့ ဒီလို လုပ်ခဲ့တာ"

"ဒါဆို ငါ တစ်သက်လုံး နွားဖြစ်ခဲ့ရတာ ဒီအမွေ တွေမက်လို့ သည်းခံခဲ့တာ"

"အလကား...အလကားပေါ့"

"သွား...သွား"

ခြေစုံထရပ်ပြီး စာရွက်တွေနှင့် ကြေးနီသေတ္တာကို တအားလွှဲ၍ ပစ်ပေါက်လိုက်တော့...

"ဝုန်း...ဒိုင်း...ချလွမ်း"

ဆိုသော ထိခိုက်သံ၊ မှန်များကွဲသံနှင့်အတူ...

"အား...အမယ်လေး"

ဦးမိုးခန့်မှာ မျက်လုံးတွေပြူးပြီး ချာချာလည်သွားခြင်း နှင့်အတူ ဘုရားစင်မြင့်ပေါ်မှ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

"လာကြပါဦး"

"ငါ့ကိုကယ်ကြပါဦး"

ဆိုသော ကြောက်မက်ဖွယ်အသံနက်ကြီးနှင့် ရူးရူး ဝါးဝါး ကြုံး၍အော်လိုက်သံနှင့်အတူ...

"ဝုန်း"

ဆိုသောအသံပါ တဆက်တည်း ထွက်ပေါ်လာတော့သည်။





အောက်ထပ် ဝသန်၏အခန်း၌ ဝသန့်ကို ထမင်းကျွေး နေသော မချိုနှင့် ဝသန်ကြားကြ၍...

"ဖေဖေ ဘာဖြစ်တာလဲ သွား...သွား...မချို မြန် မြန်သွားကြည့်စမ်းပါ"

ဝသန်ကလည်း ကြုံးအော်သဖြင့် မချိုမှာ လှေကား အတိုင်း တဟုန်ထိုး ပြေးတက်သွားလျက် အသံကြားရာ အခန်းတံခါးကို ဆွဲဖွင့်တော့...

အတွင်းမှ ပိတ်ဆီးထား၍...

"ဘကြီး...ဘကြီး ဘာဖြစ်တာလဲ တံခါးဖွင့်ပါ"

တံခါးပုတ်သံနှင့်အတူ မချို၏ ခေါ်သံသဲ့သဲ့ကို ကြား နေရသော ဝသန်သည် စိတ်ဇောကြီးစွာ စိုးရိမ်စိတ်လွှန်ကဲစွာ အပေါ်ထပ်မှ အသံကို နားစွင့်နေဆဲမှာ...

မချိုသည် တံခါးမကြီးမှကြည့်မရ၍ လသာခန်းဘက်မှ လှည့်ပြီးကြည့်တော့ ကွဲနေသည့်မှန်ပေါက်ကြားမှ မြင်လိုက်ရသည်က ကြမ်းပြင်မှာ ပက်လက်ကြီး မျက်လုံးက အပြူးသား၊ ပါးစပ်မှာ အမြှုပ်တွေနှင့်သေနေသော ဦးမိုးခန့်၏ကြောက်စရာမျက်နှာကြီး...

"အမယ်လေး လာကြပါဦး"

"ဘကြီး သေနေပြီထင်တယ်"

"လာကြပါဦး...ကယ်ကြပါဦး"

အိမ်ဖော်မလေး မချိုမှာလည်း ကြောက်လန့်တွန်းလှုပ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ရာမရအောင်ဖြစ်ပြီး အပေါ်ထပ်မှာပင် ခွေခွေခွန်ပြီး ကြုံးအော်နေတော့သည်။

"လာကြပါဦး. . .လာကြပါဦး"

"ဘကြီးသေနေပြီ"

"ဘကြီးသေနေပြီ"

အော်သံတွေကို စူးစူးဝါးဝါး ပီပီသသကြီး ကြားလိုက်ရသော ဝသန်သည် အိမ်၌ သူနှင့်မချိုကလွဲ၍ ဘယ်သူမှ မရှိဟူသောအသိကြောင့် သူက ဘယ်သူမှခေါ်မနေတော့။

သူ့ကိုယ်သူလည်း မေ့လျော့သွားလေပြီ။

ဇောက အိမ်ပေါ်၌သာ။ ဖေဖေသေပြီဟူသော အသိစိတ်ကြောင့် တုန်လှုပ်လွန်းစွာ ခံစားရပြီး. . .ရေမှ ထမင်းပိုင်းကိုတွန်းဖယ်လျက် ခုတင်ပေါ်မှခြေစုံထ၍ ရပ်လိုက်သည်။

စိတ်က အပေါ်ထပ်သို့သာ ဖခင်ကြီးဆီသို့သာအမြန်ပြေးသွားရန်မျှသော ဆန္ဒတစ်ခုတည်းသာရှိနေသော ဝသန်မှာ. . .

အခန်းတွင်းမှ ပြေးထွက်သွားနိုင်ခဲ့လေပြီတည်း။

အောက်ပိုင်းသေနေသော ဝသန်မှာ ရုတ်တရက် ကြားသိကြုံတွေ့ရသော ထိတ်လန့်ချောက်ချားဖွယ်ဖြစ်ရပ်ကြောင့် လမ်းထ၍ လျှောက်နိုင်ခဲ့လေပြီတည်း. . .

ထိုအချိန်တွင် မချိုမှာ သတိဝင်လာသလိုပြန်ဖြစ်ပြီး လှေကားမှ ပြေးအဆင်းတွင် လမ်းထလျှောက်နေသော ဝသန်ကို ထပ်မံမြင်





တွေ့လိုက်ရပြန်သဖြင့်. . .

"အမယ်လေး. . .မမဝသန် လမ်းလျှောက်နေတယ် ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"အမယ်လေး. . .လာကြပါဦး"

"ကယ်ကြပါဦးရှင်. . .ကယ်ကြပါဦး"

မချို၏ အသံကုန် ကြုံးအော်မှုကြောင့် ခြံစောင့်ကြီးနှင့်လမ်းမှဖြတ်သွားသူနှစ်ဦးတို့ ချက်ချင်းလိုပင် တိုက်ကြီးဆီသို့ပြေးတက်လာကြတော့သည်။

ဝသန်သည် မချိုကိုဖက်လျက် တုန်နေရှာသည်။ နှုတ်မှလည်း. . .

"ဆရာဝန် ခေါ်ပေးကြပါ"

"ဖေဖေ့ကို ဆေးရုံပို့ပေးကြပါ"

"သေချင်မှ သေမှာပါရှင်. . .ကယ်ကြပါဦး"

ဝသန်၏ တောင်းပန်မှုကြောင့် အပေါ်ထပ်သို့ ပြေးသူကပြေး။ အနီးနားသို့ အကူအညီတောင်းသူကတောင်း။ ဆရာဝန်ကို ပြေးခေါ်သူကခေါ်နှင့် ရှုပ်ယှက်ခတ် ဆောင်ရွက်နေကြတော့သည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com



နားကျပ်ကို ကိုင်ပြီး အပေါ်ထပ်မှ ဆင်းလာသော ဒေါက်တာ သက်ဆွေက ခေါင်းကိုခါယမ်း၍ . . .

“ဝမ်းနည်းပါတယ်ကွယ် . . . ဦးမျိုးခန့် အသက်မရှိတော့ဘူး”

“အမယ်လေး . . . ဆရာရယ်”

“အရှုံးထဲက အမြတ်ပေါ့ကွယ် . . ဝသန် လမ်းထလျှောက်နိုင်ပြီလေ”

ငိုနေသော ဝသန်က ဖခင် ဆုံးရှုံးရသည့်နေ့တွင် သူ့အမြစ်ကိုလည်း သူ ဝမ်းမသာနိုင်အားပါ။

“အလောင်းကို ဆေးရုံပို့ဖို့ကိစ္စ”





“ဘုန်းကြီးနှင့် ရပ်ရွာလူကြီးတွေ အကြောင်းကြားရန်” ဆိုသော စီစဉ်ချက်များနှင့်အတူ . . .

“မန္တလေးရောက် ဒေါ်ငြိမ်းငြိမ်းထွေးကို အမြန်ဆုံးမှာကြားခေါ်ယူရန်” နှင့်

“ရန်ကုန်မှ သူ့ညီအရင်း ဦးမျိုးသန့်ထံသို့အကြောင်းကြားရန်” စသော ဆောင်ရွက်ဖွယ်ကိစ္စများကို လူကြီးများက ကူညီစီစဉ်ပေးနေကြလေတော့သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာပဲ...မေမေ့က သိပ်အရေးကြီးလို့ မန္တလေးကို ဆင်းခဲ့ပါဆိုလို့ ငါ ဆင်းခဲ့တာ"

"အေး..မင်း မလာဘူးထင်ပြီး သူ လိုက်သွားတာဖြစ်မှာမေ့ မန္တလေးကအတွက် ပြင်ဦးလွင်အတက်မှာ အဘွားကြီးကို မြင်လိုက် တယ်လို့ ကိုစံမြင့်ကြီး ပြောသွားတာပဲ"

"ဒါဆို လွဲကုန်ပြီ"

"ဘာလဲ...မင်း ပြန်တက်တော့မလို့လား"

ကိုမိုးစွေက မော်တော်ဆိုင်ကယ်နှင့် ဆင်းလာခဲ့သဖြင့် လျှ အိတ်ကိုပြန်စွပ်ပြီး မော်တော်ဆိုင်ကယ်သော့ကိုကောက်ကိုင်လိုက် သဖြင့် သူငယ်ချင်း "အောင်နီ"က မေးလိုက်သည်။





"အေး...ပြန်တော့မယ်...ငါ့ကောင်မလေး မျှော် လှတော့မယ်ကွ"

"မင်း တော်တော် ဟုတ်တဲ့ကောင်...နေမယ့်နေတော့လဲ အကြာကြီး...ဖြစ်ထွန်းချင်တော့လဲ ချက်ချင်းပါလားကွ"

"ဒီလိုပေါ့ကွ...ကဲ...ငါ ပြန်တော့မယ်...ငါ့ အဘွားကြီး လာရင်သာ မင်း ကြည့်ပြောလိုက်တော့...သူ မှာလို့လာတယ်.. အခု ပြန်သွားပြီပေါ့ကွာ"

"အေး..အေး ဆိုင်ကယ်လဲဖြည်းဖြည်းစီးဦးနော် ပြင်ဦးလွင် အတက်က ကွေ့တွေမှာအရေးကြီးတယ်"

"စိတ်ချ...နက်ဖြန် မိန်းမရမယ့်ကောင်ကွ...ဒီနေ့ သေ လို့ ဘယ်ဖြစ်ပါ့မလဲ"

မန္တလေးမှာ ခေါင်းပြီးပြီးတွေးတို့ ဆင်းလာသည့်အခါ တည်းခို သည့် သူတို့ပိုင်တိုက်တွင် ကိုမိုးစွေ၏သူငယ်ချင်း အောင်နီက အိမ် စောင့်ရင်း ကျောင်းတက်သူဖြစ်လေသည်။

ဦးမျိုးသန့်တို့လာလျှင်လည်း ဤတိုက်တွင် တည္ကာတည်း ခိုပြီးမှ မိုးကုတ်သို့ တက်ကြလေ့ရှိပါ၏။

ကိုမိုးစွေက မော်တော်ဆိုင်ကယ် စက်နှိုးပြီးထွက်ခါနီးဆဲ ဆဲမှာ...

"တီ...တီ...တီ"

ဆိုသော ဟွန်းသံဆူဆူညံညံဖြင့် ဂျစ်ကားဘစ်စီး အေး



www.burmeseclassic.com

www.burmeseclassic.com



မောင်းဝင်လာသည်။

"မောင်မိုးစွေ...မောင်မိုးစွေ...မငြိမ်းဝေ့ရော"

မိုးကုတ်မှ ဦးမျိုးခန့်တို့၏ အလုပ်သမားကြီး ဦးသူတော်က အပြေးအလွှားဆင်းလာပြီး...

"မငြိမ်းရော ဟင်...မငြိမ်း"

"ဦးလေးသူတော်...ဘာဖြစ်လာတာလဲဗျ"

"ဘာဖြစ်ရမလဲကွ...မင်းအဖေ သေပြီ"

"ဘာ"

"ဦးမျိုးခန့် သေပြီ...နှလုံးနဲ့သွေးတိုးကြောင့်ဆိုလား ဦးနှောက်ကြောပြတ်ပြီး သေတာတဲ့...ဘုရားခန်းထဲမှာ"

"ဟင်"

"အင်း...အဲဒါ မင်းလိုက်ခဲ့ပါ...ဟိုမှာလဲ ဝသန်တစ်ယောက်တည်း ဘာလုပ်တတ်မှာလဲ...ဩော်...ဝသန်လဲ လမ်းလျှောက်နိုင်ပြီ"

စကားတွေက ဆက်တိုက်မို့ ကိုမိုးစွေ ဘာကိုဘယ် ထိ နားထောင်ရမှန်း မသိတော့။

"ကဲ...မငြိမ်းရော မင်းရော အမြန်လိုက်ခဲ့ကြပါ...ဟိုက အသုဘကိစ္စကြီးကို တို့ မစီစဉ်တတ်ဘူး"

"ကျွန်တော် လိုက်လို့မဖြစ်ဘူး ဦးသူတော်"

"မင်းနှယ့်ကွာ...ဘယ့်နှယ်မလိုက်လို့ဖြစ်မလဲ...စီစဉ်နိုင်မယ့်





ယောက်ျားက မင်းတစ်ယောက်တည်း ရှိတာ"

ဦးသူတော်နှင့် ပြောနေရာမှ ကိုမိုးစွေက နောက်လှည့်ပြီး

"အောင်နီ ဒါဆို ငါ့အဘွားကြီးကို တွေ့လိုက်တယ်ဆိုတာ သူ ဒီသတင်းကြားလို့ မိုးကုတ်ကို လိုက်သွားပြီ ထင်တယ်နော်"

"ဟာ...မင်းကလဲ မိုးကုတ်သွားတဲ့လမ်းနဲ့ ပြင်ဦးလွင်သွားတဲ့လမ်းက တခြားစီပဲဟာ"

"ဘာပဲဖြစ်ဖြစ်လေ...ဒီကိစ္စမှာ ငါ့အဘွားကြီးရှိနေရင် ပြီးတာပဲ...ငါ မလိုက်တော့ဘူး"

"ဟာ...မောင်မိုးစွေနယ်...ဘယ်ဖြစ်မှာတုန်းကွာ မင်းအမေ ရှိရင်လဲ သူက ပူထူနေမယ့်သူမို့ မင်းပဲ စီစဉ်ပေးမှပေါ့"

"ဒါတော့ ဦးလေးသူတော်ပြောတာ မှန်တယ် သူငယ်ချင်း"

"ဟော့ကောင်...ငါ့အကြောင်း မင်းကို အကုန်ပြောပြီးမှပဲ"

"မှန်တယ် သူငယ်ချင်း... ဒါပေမယ့် ပန်းဝေသီ အတွက် ဘာပူစရာလိုလဲ...ဦးမြဒင်ရော ဒေါ်ခင်မှီရော ရှိ တာပဲ...သူတို့ ဂရုစိုက်ကြမှာပါ"

"နက်ဖြန် အစီအစဉ်ရော"

"နှစ်ရက်လောက်တော့ ရွှေ့လိုက်ပေါ့ကွာ"

ကိုမိုးစွေမှာ ခေတ္တတွေဝေနေပြီးမှ...

"ဒါဆိုလဲ ဒီလိုလုပ်ရအောင်"

"အေး...ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ချက်ချင်းတော့ မလိုက်နိုင်ဘူး··ပြင်ဦးလွင် တက်ပြီး အကျိုးအကြောင်းပြောပြီးမှ ငါ လိုက်သွားမယ် အောင်နီ"

"အမယ်လေး ငါ့တူရယ် မလုပ်လိုက်ပါနဲ့···ဒီအချိန် အမြန်ဆုံး ပြန်တက်မှ···လမ်းကလဲ သိတဲ့အတိုင်းကောင်းတာမဟုတ်ဘူး·· မောင်အောင်နီ မင်းသွားပြောပါလားကွာ"

"အေး·· ဟုတ်တယ်···ငါ ပြင်ဦးလွင်တက်ပြီး ပန်းဝေသီ ကို အကျိုးအကြောင်း ပြောပြလိုက်မယ်လေ"

"နေပစေ ငါ့ဟာငါပဲ သွားမယ်"

"မောင်မိုးဇွေ မလုပ်ပါနဲ့ကွာ···မင်းကို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်လာတဲ့ ဖခင်"

"ဦးလေးသူတော် မသိပါဘူးဗျာ···နေစမ်းပါ"

"သူငယ်ချင်း မိုးဇွေ"

"ဘာလဲ"

"ဦးမိုးခန့်အပေါ်မှာ မင်း ထားချင်တဲ့စိတ်ထားပါ·· ဒါပေမယ့် အခု ပရိဒေဝတောက်မှာက မင်းမိခင်···စီစဉ်ရ မယ့်သူက မင်းရဲ့မိခင် ဒေါ်ငြိမ်းငြိမ်းထွေး···အေး···ကြီးကြီးငြိမ်းကိုယ်တိုင်ကလဲ ဆီး ရောဂါကြောင့် နေကောင်းတာမဟုတ်ဘူး···ဒါတွေကို မင်း ထည့် တွက်ပါ"

မှန်သည်။ သူငယ်ချင်း၏စကားက လျော်ကန်နေသည်။ သို့ပေမယ့် ချစ်လှစွာသော ပန်းဝေသီဆီကို ပြန်သွားလိုသည်





တွေချင်နေသည်။ ခေတ္တလေးမျှ ခွဲခွာရသည်ကိုပင် ရင်နာအောင် လွမ်းနေမိသည်။

"ကဲ··စဉ်းစားမနေနဲ့ လိုက်သွား···ဆိုင်ကယ်ထားခဲ့··ငါ ချက်ချင်းသွားပြောပေးပါ့မယ်"

ဦးမိုးခန့် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းမရှိလှသော် လည်း မိခင်ဆိုသောချစ်စိတ်ဖြင့် ဒေါ်ငြိမ်းငြိမ်းထွေး၏ ပရိဒေဝ ကာလများအတွင်းမှာ သူ ကူညီသင့်ပါပေ၏။

"ကဲ···မင်း အသေအချာပြောပြနော်···ငါ နက်ဖြန် တစ်ရက်စီစဉ်ပြီး သန်ဘက်ခါ အသေအချာ ပြန်လာခဲ့မယ်လို့"

"အေးပါ"

"အကျိုးအကြောင်း၊ အသေအချာရှင်းပြလိုက်နော်·· ငါ့အဘိုးကြီးနဲ့ အကြီးမိုကိုလဲ ပန်းဝေသီကို အစွမ်းကုန်ဂရု စိုက်ပါလို့ ငါက မှာသွားတယ်လို့ မင်း ဆက်ဆက်ပြောနော် ဟောကောင်"

"စိတ်ချ···စိတ်ချ···ငါကိုယ်တိုင် စောင့်မပြီး ကြည့်ရှုထား လိုက်မယ်"

"ခွေးကောင်ကလဲ···အရေးထဲ"

ဦးသူတော်မှာ ကိုမိုးဇွေလိုက်ဖြစ်မည်ဆိုမှ သူ့ရင်မှ အလုံးကျ သွားသလို မျက်နှာ ကြည်သွားရှာတော့သည်။

"ဒါဆို မငြိမ်း မိုးကုတ်ကိုပြန်သွားတာပဲ ဖြစ်လိမ့်မယ် ကဲ ဆက် လူလေး အမြန်ဆုံး ပြန်ကြမှ"



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးရှိရာ မြင်ဦးလွင်သို့ မပြန်ဖြစ်တော့ပါပဲ မိုးကုတ်တောင်ပေါ်မြို့သို့ စိတ်လေးလံစွာဖြင့် ကိုမိုးဇွေတက်ခဲ့ရပါလေပြီ••

○ ○ ○





ချက်ချင်းသွားပြောပါမည်ဆိုသော အောင်နီသည် ကိုမိုးဇွေ သွားပြီးနောက်မှ ရေချိုးလိုက်သေးသည်။

နှစ်ထပ်တိုက်ကြီး၏အပေါ်ထပ် အောက်ထပ်တံခါး များကို အသေအချာပိတ်ပြီးမှ ကိုမိုးဇွေ ထားရစ်ခဲ့သော ဟွန်ဒါ မော်တော် ဆိုင်ကယ်ကြီးကို တိုက်တွင်းသွင်းရသည်။ သူ့ ဆိုင်ကယ်ကို ကျင်လည် သူ့မှာ မစီးတတ်။ စီးတတ်သည့်တိုင်လည်း မြင်ဦးလွင်လမ်းကို မစီးရဲပါ။

သူ တာဝန်ယူထားရသောတိုက်ကို အားလုံး လုံလုံခြုံခြုံ ပိတ်ဆည်းပြီး ထွက်ခါနီးတွင်မှ•••

"ဟာ•••ဘယ်က ကားပါလိမ့်"

ဝင်လာသောကားကို တိုက်ဝမှ စောင့်ကြို့ကြည့်လိုက်သော့



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ငြိမ်းငြိမ်းထွေးကြီးပါလား . . . သူ ဘာမှမသိသေးဘူးထင်တယ် . . သူ့မျက်နှာကြီးက တင်းလို့"

"ဟာ . . . နောက်မှာ ကောင်မလေးလှလှလေးက ငိုထားတဲ့မျက်နှာနဲ့ . . အဲဒါ မိုးစွေရဲ့ ပန်းဝေသီ ဆိုတာများလား"

"တဲ့ . . . မောင်အောင်နီ . . . ဘာကြောင့်ကြည့်နေတာလဲ . . တို့ အရိပ်အခြေကြည့်ပြီး မင်းတစ်ယောက်တည်းရှိတာ သေချာမှ ဝင်လာခဲ့တာ . . . ဒါနဲ့ သားလာသေးလား"

"လာတယ်"

"ခုရော"

"သွားပြီ"

ဒေါ်ငြိမ်းငြိမ်းထွေး စိတ်အေးသွားဟန်နှင့် ကားပေါ်မှဆင်းရန် ဟန်ပြင်သည်။

နောက်ခန်းမှ ပန်းဝေသီသည်မူ ကိုယ်ခန္ဓာတခုလုံးမှ အားအင်များ ထုတ်နုတ်ထားခြင်းခံရသူလို နွမ်းဖျော့စွာရှိနေရှာသည်။

"ဒေါ်လေးငြိမ်း . . . မဆင်းနဲ့ . . မဆင်းနဲ့"

"ဟဲ့ . . . ဘာတုန်း"

"လိုက်သွားတော့ . . . မိုးကုတ်ကိုအမြန်လိုက်သွားတော့"

"ဟင် . . . ဘာ . . . ဘာ"

တက္ကသိုလ်ကျောင်းသားဆိုသော်လည်း ရိုးသားသော အညာကျေးတောရွာမှ ကိုအောင်နီသည် အကွေ့အလှည့် လုံးဝမသုံး





"ဒေါ်လေးငြိမ်းယောက်ျား ဦးမျိုးခန့် သေပြီတဲ့ဗျ"

"အမယ်လေး မြတ်စွာဘုရား . . . တ . . တ . . တကယ်လားကွယ်"

"တကယ် . . . ဦးလေးသူတော် ခုပဲ လာခေါ်လို့ မိုးစွေတောင် မိုးကုတ်ကို လိုက်သွားပြီ"

"အမယ်လေးတော် ဘယ်လိုများဖြစ်ရတာတဲ့လဲ"

ဒေါ်ငြိမ်းငြိမ်းငွေးမှာ နှစ်ပေါင်းများစွာ ပေါင်းသင်းလာသော ခင်ပွန်းဖို့ ရင်ဘတ်စည်တီးနှင့် ငိုရှာပါတော့သည်။

"ဘုရားခန်းထဲမှာလဲပြီး ဦးနှောက်သွေးကြောပြတ်သွားတယ် ဆိုလား . . . သွေးတိုးရှိတယ်ထင်တယ်"

"အမယ်လေးနော် . . . ငါ ဘာလုပ်ရမလဲ ဒုက္ခပါပဲ"

ပရိဒေဝမီးသည် ဒေါ်ငြိမ်းငြိမ်းထွေး၏ စီစဉ်နိုင်မှုအသိဉာဏ်ထိအောင်လောင်ကျွမ်းလေပြီ။

"မိုးစွေသွားတာ မကြာသေးဘူး . . . ဒေါ်လေးလဲ လိုက်သွားလေ . . . မီနိုင်သေးတာပဲ . . . မိုးမချုပ်ခင် မိုးကုတ်ကို ဝင်မှာပေါ့ ဘားကလဲ ကောင်းပါဘိနဲ့"

"ကဲ . . . စိန်အောင် မောင်း . . . မောင်း . . . မိုးကုတ်ကိုမောင်းပါဟဲ့"

ဒရိုင်ဘာကလည်း ယောင်ယောင်ယမ်းယမ်းနှင့် စက်နှိုးလိုက်သဖြင့် ပန်းဝေသီက . . .



www.burmeseclassic.com

www.burmeseclassic.com



"အို...ကျွန်မ မိုးကုတ်ကို မလိုက်နိုင်ဘူး"

"ကြည်...အင်း...ဟုတ်ပါရဲ့...ညည်းကို မေ့နေလိုက်တာ...ကဲ...နေခဲ့...နေခဲ့...ဒီမှာပဲနေခဲ့...အောင်နီ ကူချပေးလိုက်စမ်း"

ပန်းဝေသီ ဆင်းပြီးသည်နှင့် ကိုအောင်နီက ပန်းဝေသီ၏ သေတ္တာကြီးကို သယ်ချလိုက်သည်။

ဒေါ်ငြိမ်းငြိမ်းထွေး၏ အမိန့်ဖြင့် ကားသည် အမြန်နှုန်းဖြင့် ထွက်ခွာသွားတော့သည်။

အစီအစဉ်မဲ့စွာ ကျန်ရစ်ခဲ့သော ပန်းဝေသီအတွက် ဒေါ်ငြိမ်းငြိမ်းထွေးမှာ တိရစ္ဆာန်တကောင်လောက်မှ တန်ဖိုးမထားတော့။

သူကိုယ်တိုင်လည်း ပရိဒေဝ၏ သားကောင်သည်ပဲလေ။

"ပန်းဝေသီဆိုတာ ခင်ဗျားလား"

"ဟုတ်...ဟုတ်ပါတယ်ရှင်"

"မိုးစွေမှာခဲ့လို့ ကျွန်တော်တောင် ခုပဲ ပြင်ဦးလွင်လိုက်လာတော့မလို့"

"ဟင်...သူ...သူ...ဘာမှာခဲ့လဲရှင်"

"အမေ တစ်ယောက်လုံးသေတာကို မလိုက်ဘူးလုပ်နေလို့ဗျာ...မနည်းကို ပြောလွှတ်လိုက်ရတယ်"

"ဒါဆို သူ မိုးကုတ်သွားပြီပေါ့နော်"

"ဟုတ်တယ်...မပန်းဝေသီကို စိတ်မချလို့တဲ့...ဦးမြခင်နဲ့ ဒေါ်ခင်မှီတို့က ဂရုစိုက်ကြဖို့နဲ့ သူ သန်ဘက်ခါ ပြန်လာမယ်ဆိုတဲ့





အကြောင်း ကျွန်တော် လာပြောမှာ... တော်သေးတယ်ဗျာ...လွဲများသွားရင်အခက်"

"အင်း..."

ပန်းဝေသီမှာ သက်ပြင်းမောကြီးကို ချလိုက်ပြီး...

"မောင်ရယ်...မှာနေပေမယ့် မထူးတော့ပါဘူးလေ မောင်နဲ့ ပန်းဝေသီ လမ်းခွဲကြဖို့ ပန်းဝေသီကိုယ်တိုင် ဆုံး ဖြတ်လိုက်ပါပြီရှင်"

နဂိုတည်းက ဘဝပျောက်နေတဲ့ ပန်းဝေသီဟာ အားငယ်လွန်းရတဲ့အထဲ...

အိပ်နေတဲ့မောင့်ကို နိုးခေါ်လာပြီး သူ့ဒွေးသား သူ့ဒွေးလောင်းမို့ ပန်းဝေသီက မိန်းမတန်မဲ့ အတိုင်ကြံတဲ့အဖြစ်မျိုးတော့ အဖြစ်မခံပါရစေနဲ့တော့ မောင်ရယ်"

မောင့်ကိုလေ ပန်းဝေသီ သိပ်ချစ်ပါတယ်ရှင်... ဒါပေမယ့် လေ..."

ပန်းဝေသီဟာ မောင်နဲ့မထိုက်တန်လို့ ပန်းဝေသီ ဖယ်ပေးမှာပါ...

ပြည့်ဝနေသော မျက်ဝန်းမှ မျက်ရည်တွေ ကြွေလာသည်ကို ကြည့်ပြီး...

"မငိုနဲ့လေဗျာ...ဟိုကောင် ပြန်လာမှာပေါ့...နှစ်ရက်လောက်ပဲခွဲရမှာပါ...ကျွန်တော့် သူငယ်ချင်းက ခင်ဗျားကို သိပ်ချစ်တာပဲဗျာ...ကဲ...လာလေ...အိမ်ထဲမှာဝင်ပြီး နားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူချင်းခွဲရလို့ အဖြစ်သည်းနေကြသည်ဟု ကိုအောင်နီ ထင်၏။

ပန်းဝေသီမှာဖြင့် ညှော်ခန်းဆိုဖာပေါ်ထိုင်လိုက်ပြီးသည်နှင့်။

"ဒီ လမ်းခွဲကနေပြီး မောင့်ကို အပြီးတိုင် ခွဲလိုက်ရတာတော့ ဟုတ်ပါပြီ•••"

"ငါ ဘယ်သွားမှာလဲ"

"ငါ ဘယ်ပြန်မှာလဲ"

"အိုကွယ်••• မိုင်ပေါင်း ထောင်သောင်းများစွာ ရှည်ဝေးကျယ်ပြန့်တဲ့ ကမ္ဘာမြေကြီးအတွင်းမှာ ငါ့တစ်ယောက်စာ ရပ်နားခိုကိုးဖို့ တစ်နေရာမှ မရရှိနိုင်ပါလားကွယ်"

○ ○ ○





"ကဲ•••ညှော်သည်တွေ ရှင်းသွားတုန်း မေမေ့ကို သားမေးပါရစေဦး"

"မေးပါသား"

"မေမေ သားကိုမှာပြီး ဘာလို့ပြင်ဦးလွင်ကိုတက်သွားရတာလဲ"

"ပန်းဝေသီနဲ့ တွေ့ချင်လို့"

"ပန်းဝေသီ ဟုတ်လား•••ပန်းဝေသီကို မေမေက ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲဟင်"

ဒေါ်ငြိမ်းငြိမ်းထွေးမှာ အောက်နှုတ်ခမ်းကို ကိုက်ထားပြီး စိတ်တင်းထားသော်လည်း မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

သူ ပန်းဝေသီကို ခေါ်လာပြီး မန္တလေးတိုက်တွင် ပစ်ထားခဲ့သည့်အကြောင်းကိုဖြင့် သားဖြစ်သူကိုမပြောပြရဲ...

"မငိုပါနဲ့ မေမေ...ဘာကိစ္စသွားရတာလဲလို့သာ ကျွန်တော် သိချင်တာပါ"

"သား..."

"ဟုတ်ကဲ့"

"ကွေ့ဝိုက်ပြီးလဲ မပြောချင်တော့ဘူး သားရယ်... မေမေ ရှင်းရှင်းပဲပြောတော့မယ်...သားနဲ့ ပန်းဝေသီကို မေမေ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

"ဗျာ"

"သား သိတဲ့အတိုင်း သားရဲ့အဘိုးဟာ သားအတွက် အမွေတွေအများကြီးထားခဲ့တာ...အင်း...ဒီအတွက်ကြောင့်ထဲ ကိုမျိုးခန့် သေရရှာတာ...လူတွေကတော့ မသိကြရှာဘူး"

ကိုမိုးစွေမှာ သူ့ပြဿနာကို ရှေ့တန်းတင်ချင်လှသော်လည်း ပထွေးဖြစ်သူ၏ အလောင်းကြီးကာမြေမကျသေး၊ နက်ဖြန်မှသင်္ဂြိုဟ်ပေမည်။ သည်အချိန်မှာမိခင်ကြီးနှင့် အတိုက်အခံစကားများ မပြောပါပဲလျက် ပန်းဝေသီ အတွက်တော့ခံပြင်းမိ၍...

"ပန်းဝေသီမှာ ဘာအပြစ်ရှိလို့ မေမေကသဘောမတူ တာလဲဗျာ"





"သူဟာ ဘယ်လိုမျိုးရိုးက ဆင်းသက်လာမှန်းမသိတဲ့ မွေးစားသမီး...ဇာနည်သန့်နဲ့တောင် သဘောမတူနိုင်လို့ ဒီပို့ထားတာ မေမေကရော ဘယ်လိုလုပ်ပြီး သဘောတူနိုင်ပါ့မလဲ သားကြီးရယ်"

"မဟုတ်ဘူး မေမေ"

"ဘာပဲဖြစ်ဖြစ် သားရယ်...လူဆိုတာ အမျိုးအရေးကြီးပါတယ်...မန္တလေးက ဦးစက်အောင်ရဲ့သမီးလေးနဲ့..."

"တော်ပါတော့ မေမေ...ပန်းဝေသီကို မျိုးရိုးမကြိုက်ဘူးလို့ပြောတယ်နော်...ကောင်းပြီ...ဒါဆို ကျွန်တော်ကရော ဘာကောင်လဲ...ထောင်ထွက်ဒမြ လူသတ်သမားရဲ့သားပါ မေမေရဲ့"

"အို..."

"သားနဲ့ သားရဲ့ဖေဖေ ပြန်လည်ဆုံဆည်းပြီး ပြင်ဦးလွင်အိမ်လေးမှာ စုစုစည်းစည်း နေနေကြပါပြီ"

"တွေ့ခဲ့ပါတယ်...ကိုမြဒင်ကို မေမေတွေ့ခဲ့တော့ သိပ်ကြည်သွားရပါတယ်"

"ဖေဖေ့အပေါ်မှာ မေမေ ဘယ်လိုသဘောထားသလဲ"

"ဘယ်လိုမှ သဘောမထားတော့ပါဘူး...ဒီအသက်အရွယ်တွေရောက်မှတော့ ဘာအာဃာတမှလဲ မရှိသင့်ကြတော့ဘူး ... သူဟာသူနေ...ကိုယ်လဲကိုယ့်ဟာကိုယ်နေပေါ့... သူ့လိုသမျှ ... ထောက်ပံ့လိုက်ပါ့ကွယ်...မေမေတော့ သူ့ကို မတွေ့ချင် ...ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မေမေ...ဒါဆို ကျွန်တော်တို့ကိစ္စ ဆက်ပြီး ဆွေးနွေးကြရအောင်"

"ဆွေးနွေးစရာဘာလိုလဲ သား...မေမေ သားကို ပန်းဝေသီနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး...ဒါပဲ"

"အဲဒါ သား ချမ်းသာလို့ အဘိုးရဲ့အမွေတွေအများ ကြီးရမှာ မဟုတ်လား"

"ဟုတ်တယ်...သား...မင်း ဒီလိုရအောင် မင်းချမ်းသာ အောင် ငါနဲ့ ဖေဖေနဲ့ အကြီးအကျယ် ကြံစည်ဆောင်ရွက်ခဲ့တာ ဒီမှာ သားရယ်...

မေမေဟာ ငါ့သားကို သားအရင်းပါလို့ ပြောခွင့်မပေးနိုင် တာကလွဲလို့ မေမေရဲ့သမီးသုံးယောက်နဲ့ မေမေ ရဲ့ယောက်ျားတို့ထ ပိုပြီးအဆပေါင်းများစွာ သားကိုချစ်လို့ ချစ်လွန်းလို့ မြတ်နိုးလွန်း ဒီအမွေတွေအားလုံး သားတစ်ယောက်တည်းရအောင် ကြိုးစားခဲ့ တာပါ သားရယ်.."

"သားကြောင့် လင်လဲဆုံးပြီ...အခု သားကိုပါထပ် အဆုံးမခံပါရစေနဲ့တော့ကွယ်"

"မေမေ့စေတနာကို ကျွန်တော် နားလည်ပါတယ် တ ထားပါတယ်...ဒါပေမယ့် အပြစ်မရှိတဲ့ ကျွန်တော့် ရဲ့ချစ်သူကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ပါဘူး မေမေ"

"ငါ သေချင်တယ်...ငါပါ သေသွားရင်ကောင်းမယ်"





"ဒီလို အကျပ်ကိုင်တဲ့သဘောမျိုး မေမေ မပြောပါနဲ့... သား အရွယ်ရောက်ပြီ...ချစ်သူတွေ့တယ်...အိမ်ထောင်ပြုမယ်... ဒါ ဖိုမတိုင်းရဲ့ ဓလေ့ပဲ...အဲဒီအတွက် ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ ထင်ပါတယ်"

"အပြစ်တော့မရှိဘူးပေါ့...ဒါပေမယ့် သိပ်ချမ်းသာတဲ့သားနဲ့ ပန်းဝေသီ မထိုက်တန်ပါဘူးကွယ်"

"ဒီမှာ မေမေ"

"ပြောပါ"

"အခုဟာက သားနဲ့မထိုက်တန်တာ မဟုတ်ဘူး.. "သိပ်ချမ်း သာတယ်"ဆိုတာနဲ့ မထိုက်တန်တာမဟုတ်လား"

"ဘာထူးလဲ သားရယ်"

"ထူးတယ်...ထူးပါတယ် မေမေ...အခုအချိန်မှာ အားကိုးရာမဲ့နေတဲ့ ပန်းဝေသီအတွက် သားလဲ ပြတ်သားရလိမ့်မယ်"

"ဟင်"

"သိပ်ချမ်းသာတယ်ဆိုတဲ့ ဘွဲ့ထူးကြီးကို ဒီမှာပဲ စွန့်လွှတ်ထား ...ပါမယ်"

"မေမေ တချိန်က စွန့်ပစ်ခဲ့ဖူးတဲ့ မိုးဇွေဆိုတဲ့ကောင် ...တစ်ယောက်တည်း ပန်းဝေသီဆီကို ပြန်သွားပါ့မယ်"

"ဘာ...မင်း ဘာတွေပြောနေတာလဲ မိုးဇွေ"

"သားကို လွှဲအပ်ထားတဲ့ အမွေတွေအားလုံး မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့လက်ကို တရားဝင်ပြန်လွှဲအပ်ပြီး သားတစ်ယောက်တည်း ပန်းဝေသီရှိတဲ့ဆီကို ပြန်သွားပါရစေ"

"မိုးစွေ...နင်...နင်...မိုက်လှချည်လား"

"ချစ်တယ်ဆိုတာ မိုက်တာမှမဟုတ်ပဲ မေမေရဲ့... ကျွန်တော့်ရဲ့ချစ်သူကို ကျွန်တော်ရရှိမယ့် သိန်းပေါင်းများစွာဆိုတာတွေထက် ပိုပြီးချစ်လို့ တန်ဖိုးထားလို့...မြတ်နိုးလို့ဆိုတာ မေမေ သဘောပေါက်လောက်ပါပြီ"

"အမယ်လေးနော်...ပြောရက်လိုက်တာ...ငါ့ ယောက်ျားသေနေချိန်မှာမှ ပြောရက်လိုက်တာ"

ဒေါ်ငြိမ်းငြိမ်းထွေးကို ကိုမိုးစွေ ဘာမှပြန်လည်မချေပ တော့။

သူ့ဆုံးဖြတ်ချက်ကို အပြီးသတ် တင်ပြပြီးလေပြီ။

ငိုနေသော ဒေါ်ငြိမ်းငြိမ်းထွေး၏ ရှေ့တည့်တည့်ကြမ်း ပြင်တွင် ထိုင်ချလိုက်ပြီး...

"နက်ဖြန် အသုဘချပြီးတဲ့အထိ အစစဆောင်ရွက်ခဲ့ပါ့မယ်

ကျွန်တော့်အပေါ်မှာ အပြစ်ရှိသမျှ ခွင့်လွှတ်ပါမေမေ...

သက်ဆိုင်ရာအမွေတွေကို ပြန်လွှဲပေးပြီး နက်ဖြန်မှာပဲ သား ချစ်သူရှိရာ ပြင်ဦးလွင်ကို သား သွားပါရစေတော့..

သား ကန်တော့ပါတယ် မေမေ"

ကြမ်းပြင်မှာထိုင်ပြီး ရိုကျိုး ရှိသေစွာ ဦးသုံးကြိမ်ချ၍ ရှိခိုး ကိုမိုးစွေ အောက်ထပ်သို့ ပြန်လည်ဆင်းသက်သွားတော့သည်။





အလောင်းစင်နှင့် မလှမ်းမကမ်းမှ ဧည့်သည်များဆီသို့ ဟိုလျှောက်လိုက်၊ သည်လျှောက်လိုက်ဖြင့် ဧည့်ခံနေရှာသော ညီမလေးဝသန်ကို ကြည်နူးစွာ မြင်တွေ့လိုက်ရသည်။

နက်ဖြန် ဒီလိုအချိန်လောက်ဆိုရင်ဖြင့် အချစ်ဆုံးရှိရာ ပြင်ဦးလွင်သို့ ပြန်ရောက်နေလောက်ပါပြီ။

စိတ်က အချိန်ပြည့် ချစ်ဆိုသောပန်းဝေသီဆီမှာချည်းသာ။

သူ့ချစ်သူသည် မျက်ရည်စက်လက်နှင့် မန္တလေးအိမ်သို့ ရောက်ရှိနေလေပြီ။ သူ့ကို အပြီးတိုင်လမ်းခွဲသွားရန် လမ်းခွဲမြို့သို့ ရောက်ရှိနေလေပြီဆိုသည်ကိုဖြင့် ကိုမိုးစွေ မသိရှာ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"ကို...အဲ..နာမည်က ကိုအောင်နီပါနော်"

"မှတ်ပါတယ်"

"ပန်းဝေသီကို တခုလောက် ကူညီပါလားရှင်"

"ပြောပါ...ပြောပါ...ဘာပဲဖြစ်ဖြစ် ကူညီပါ့မယ်"

"ဒီည ရန်ကုန်ထွက်မယ့်ရထားလက်မှတ် ဝယ်ပေးပါရှင်"

"ဟာ...ဒီအချိန်မှ မလွယ်တော့ဘူးထင်တယ်.. တ သောက်စ်နဲ့ဆိုရင်လဲ ထိုင်စရာမရ နေစရာမရနဲ့...ဒေါ့ နေ..ဦး စမ်းပါဦး...ရထားလက်မှတ်က ဘာလုပ်ဖို့လဲ"

"ပန်းဝေသီ ရန်ကုန် ပြန်မလို့ပေါ့"

"ဗျာ"





"ကျေးဇူးပြုပြီး ကူညီပါရှင်...ရထားလက်မှတ်က ဘယ်လောက်ကျလဲမောင်"

ပြင်ဦးလွင်မှပါလာသော ပိုက်ဆံအိတ်ကိုကြည့်လိုက် တော့ ငွေ ခုနစ်ဆယ်ကျော်သာပါရှိသည်။ မန္တလေး-ရန်ကုန် ရထားခ လေးဆယ်ဆိုတာလည်း မေ့သွားပြီ။ သည်ငွေနှင့် လောက်ပါ့မလားဟု ပူပန်စိတ်ဖြင့် မေးမိ၏။

"နေ...နေပါဦး မပန်းဝေသီက ဘာလို့ ရန်ကုန်ပြန်မှာလဲ"

"ဒီမှာ မနေချင်လို့ပေါ့"

"အဲဒါ ဟိုကောင်သိလား...မိုးစွေ သိလား"

"သူ ဘယ်သိပါ့မလဲ"

"အမယ်လေး..မလုပ်လိုက်ပါနဲ့ဗျာ..အခုတောင် ကျွန်တော် ပြင်ဦးလွင် လိုက်တော့မလို့...ကံသီပေလို့သာ..မဟုတ်ရင် လွဲမှာ"

"ပန်းဝေသီရှေ့မှာ ကြီးကြီးငြိမ်း ရှိမနေတာပဲ တစ်မျိုး ကောင်းပါသေးတယ်ရှင်...ကဲပါ...လက်မှတ်မရပဲ နေပါဦးမယ် ဘာပဲဖြစ်ဖြစ် ကူညီပါ့မယ်ဆို..."

"ဟင်အင်း.. ဟင်အင်း.. ဒါတော့ မလုပ်ပါနဲ့ဗျာ... ကျွန်တော့်သူငယ်ချင်းသာ ခင်ဗျားပြန်သွားပြီဆိုတာ သိရင် သူပဲ သေမလား...ကျွန်တော့်ပဲ သတ်ပစ်မလား...တခုခုပဲ"

"ဒေါ့...အခုတာက ကိုယ့်အကြောင်းနဲ့ကိုယ်ပါရှင်..



www.burmeseclassic.com

www.burmeseclassic.com



သူ သိလို့မဖြစ်လို့ပါ...ကျွန်မ ပြန်ပါရစေ...ကျွန်မ မသွားတတ်လို့ပါ...ရှော့ပါ ရထားလက်မှတ် အမြန်ဝယ်ပေးစမ်းပါရှင်"

"ဟာ...မလုပ်နဲ့...မလုပ်နဲ့ဗျာ"

သူ့မျက်နှာပေါ်မှ မျက်မှန်ကြီး လျှောကျသွားအောင် ခေါင်းကလည်းခါ၏။ လက်နှစ်ဘက်ဖြင့်လည်းကာ၍ ငြင်းနေသဖြင့်...

"ကဲ...ဒါဆိုလဲ ပြီးရောရှင်...ပန်းဝေသီဟာ ပန်းဝေသီပဲ သွားတော့မယ်...မန္တလေးမြို့ကြီးမှာ ဘယ်သူ့မေးပြီးသွားသွား ဘူတာရုံတော့ ရောက်မှာပဲ"

ပန်းဝေသီက စိတ်မရှည်တော့သလို သူ့ ဒေါ့ဂ္ဂာထဆွဲတော့...

"ဟာ...မလုပ်ပါနဲ့...မလုပ်နဲ့ဗျာ...ကျွန်တော် တောင်းပန်ပါတယ်...ခဏနေစမ်းပါဦး...ဟိုကောင် ကျွန်တော့်ကို သတ်လိမ့်မယ်"

"မသတ်ပါဘူးရှင်...ခုလောက်ရှိ သူတို့သားအမိချင်း ပြေလည်ရောပေါ့"

"ဟာ...မဟုတ်ဘူးဗျ...သူ့အဖေ သေပါတယ်လို့ ပြောတာကို မိုးကုတ်မလိုက်ပဲ ပြင်ဦးလွင် သွားမယ်လို့လုပ်နေလို့ဗျာ ကျွန်မနည်းထည့်လိုက်ရတာ...မပန်းဝေသီကို ကျွန်တော့် သူငယ်ချင်းက အသေအလဲ ချစ်တာပါဗျာ"

ချစ်သူထံမှ အချစ်သတင်းလေးများကြောင့် ပန်းဝေသီ





မျက်ဝန်းမှာ မျက်ရည်တွေ ဝေခဲ့ရပါပြီ။

"ပြီးတော့ မင်း ပြင်ဦးလွင်လိုက်သွားပြီး ကြည့်ထားပါလို့မှာသွားတာဗျ...အဲဒါ ကျွန်တော့်ဆီ ခင်ဗျားရောက်လာလျက်နဲ့ ခင်ဗျား ပြန်သွားတယ်ဆိုရင် ဟာ...မဖြစ်ဘူး...ဘယ်နည်းနဲ့မှ မဖြစ်ပါဘူးဗျာ...ကျွန်တော် ရှိနိုးဆို နိုးပါမယ်ဗျာ...ဟိုကောင် မလာမချင်း ခင်ဗျား ဘယ်မှမသွားပါနဲ့"

"ဒုက္ခပါပဲရှင်...ခက်တော့တာပဲ"

ပန်းဝေသီမှာ သေတ္တာကြီးကိုပြန်ချပြီး ဆိုဖာပေါ်သို့ အရုပ်ကလေး ကြိုးပြတ်ချလိုက်သလို ပုံကျသွားတော့သည်။

ဤဝန်းကျင်မှ ထွက်ပြေးချင်သော ဆန္ဒသာရှိသည်။ သွားရမည့်ခရီးဆုံးက ပျောက်ဆုံးလျက်ပါ။

"ဪ...ရန်ကုန်အိမ်ကလဲ သူတို့သားနဲ့ သဘောမတူလို့ ငါ့ကို ဒီပို့လိုက်တာ...

ဒီမှာကျတော့လဲ သူ့သားနဲ့ သဘောမတူဘူးဆိုပြီး ငါ့ကို နှင်ထုတ်ပြန်တယ်...

ငါ့ဘဝတခုလုံးမှာ အမည်းစွန်းတစ်ကွက်မှ မရှိပါပဲလျက် ဘာပြစ်ချက်မှ မရှိပါပဲလျက်...

"မိဘ"ဆိုတဲ့ အရိပ်အာဝါ ပျောက်ဆုံးနေတဲ့အတွက် ငါ့ကို ဘယ်သူမှ လက်မခံချင်ကြပါလားနော်..."

ပန်းဝေသီမှာ မျက်ရည်တွေစီးကျလာရင်း အိမ်ပြင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ငေးနေမိသည်။

အဆုံးမရှိအောင် ကျယ်ပြန့်သော လွင်ပြင်ပြန့်ကြီးမှာ ပျှပြင်းလှချေသည်။ ဤ ကန္တာရခရီးကြီးကို ပန်းတိုင်မဲ့…နားခိုရာမဲ့ဘဝဖြင့် ဖြတ်သန်းရတော့မည့် ပန်းဝေသီ…

မျက်စိရှေ့ရှိ ပင်စည်မြင့်ကြီးပေါ်မှ ရွက်ခြောက်လေးတရွက် လွင့်ကြွေလာသည်။ တောင်လေဝေ့တော့ မြောက်ဘက်၊ မြောက်လေဝေ့တော့ တောင်ဘက်သို့ လွင့်မြောပြေးလွှားနေရရှာသော ရွက်ခြောက်ကြွေလေးရယ်…ငါ့ဘဝနှယ်ပါလားကွယ်။

"မပန်းဝေသီ ထမင်းစားပြီးခဲ့ပြီလားဟင်…"

ခေါင်းယမ်းပြမိသည်။

ပန်းဝေသီအတွက် မောင်၏ မှာကြားချက်အတိုင်း ကြက်သားကုန်းဘောင်ကြီးကြော်ထုပ်ကလေးကို ကိုင်၍ဝင်လာသော အဘဦးမြဒင်ကို ပြန်လည် မြင်ယောင်လာမိသည်။

ကိုအောင်နီတစ်ယောက် ခဏပျောက်သွားပြီးနောက်…

"ကဲ…ထမင်းပြင်ပြီးပြီ…စားလိုက်ပါဦး ပန်းဝေသီ… ဟင်းတော့မကောင်းဘူးဗျာ…သွားဝယ်ရအောင်လဲ ခင်ဗျားကို ထားခဲ့ဖို့ စိတ်မချဘူးဗျ…ကဲ…ထမင်းစားရအောင်"

"ကျေးဇူးတင်ပါတယ် ကိုအောင်နီရယ်…စားလို့လဲ ဝင်မှာမဟုတ်ဘူး…စားချင်စိတ်လဲမရှိလို့ ဒီမှာပဲ နားနေပါရစေရှင် ခေါင်းလဲ သိပ်ကိုက်နေလို့ပါ"





"ဒါဆို ဒီအခန်းထဲမှာ နားပါလား…ခဏလှဲနေပါလားဟင်"

ညှော်ခန်းနောက်ဘက်မှ တစ်ယောက်အိပ်ခုတင်တလုံးနှင့် အိပ်ခန်းတစ်ခုကို မြင်နေရ၍ ပန်းဝေသီ သဲဘောတူစွာ အခန်းတွင်းသို့ ဝင်ခဲ့သည်။

ကိုအောင်နီက ပန်းဝေသီ၏ သေတ္တာကြီးကို စိတ်မချနိုင်သလို မပြီး အခန်းတွင်းသို့ သွင်းပေးရှာသည်။

ဤ အညာသား တက္ကသိုလ်ကျောင်းသား၏ အမူရာနှင့် မျက်နှာ မျက်ဝန်းတို့သည် ပကာတိ ရိုးသားစင်ကြယ်သော သွင်ပြင်ကို မြင်ရသည်။ စိတ်ချ ယုံကြည်လောက်သောသူတစ်ယောက် ဖြစ်မှာ သေချာပါလေသည်။

ရုတ်တရက်ပင် ပန်းဝေသီ အကြံတစ်ခု ရလာ၍…

"ဪ…ကိုအောင်နီ"

"ဟုတ်ကဲ့…ပြောပါ"

"ရန်ကုန်ကို ဖုန်းဆက်ချင်တယ်"

"ရတယ်လေ…ဟိုဘက်ပြမှာရှိတယ်…လိုက်ပို့ပေးပါ့မယ်…စကားနည်းနည်းလေးပြောရင် တဆယ်ပေးရတယ်…အခု သွားမလား"

"အခု…"

ပန်းဝေသီ လက်မှနာရီကိုကြည့်လိုက်တော့ ရှေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီ…မဖြစ်သေး။ အိမ်၌ ဖေဖေမရှိ။ ဖေဖေနှင့် တိုက်ရိုက်တွေ့ချင်သည်။ ပန်းဝေသီ၏ လက်ရှိဒုက္ခအပေါင်းမှ ကယ်တင်ခြေရှင်းပေးနိုင်မည့်သူမှာ သူ့ကိုချစ်သော ဦးမျိုးသန့်တစ်ယောက်သာရှိပါလေ၏။

"နေဦးရှင်…ဖေဖေက ညနေမှ အိမ်မှာရှိတာ…ညနေကျမှ ဆက်တော့မယ်"

"ဟုတ်ကဲ့…ကောင်းတာပေါ့"

ကိုအောင်နီတစ်ယောက် အခန်းထဲမှ ထွက်သွားပြီး တိုက်၏သံဆွဲတံခါးသော့ကို အသေအချာပိတ်၍ သော့ကို သူ့ခါးကြားမှာ သွပ်လိုက်သည်။ ပန်းဝေသီ ထွက်မပြေးနိုင်ရန် ကာဆီးထားသည့်သဘောပါ။

ပန်းဝေသီမှာ သစ်လွင်သန့်ပြန့်သော အိပ်ရာပေါ်သို့ နွမ်းလျှာ လှဲချလိုက်မိတော့သည်။

"ဒီတိုက်ကလဲ မောင့်တိုက်မဲ့ ထင်ပါရဲ့"

ဆိုသောအတွေးဖြင့် ဟိုကြည့်သည်ကြည့် ကြည့်မိတော့

"အို"

ခုတင်ဘေး စာကြည့်စားပွဲပေါ်မှာ ဆွဲလက်စပန်းချီကားကချို့နှင့် ထောက်ထောင်ထားသော မောင့်ဓာတ်ပုံလေးတပုံ။

ပန်းဝေသီ လူးလဲထပြီးကြည့်လိုက်တော့ စာအုပ်တွေ ပန်းချီကားတွေပေါ်မှာ "မိုးစွေ"တဲ့…။





တိုက်ပုံအင်္ကျီနှင့် ကိုယ်တပိုင်းရိုက်ထားသော မောင့်ဓာတ်ပုံလေးကို တယုတယ ကိုင်တွယ်ပြီး ရင်မှာအပ်လျက် ဖက်တွယ်ထားရင်း…

"မောင်ရယ်"

"မောင့်ချစ်ရဲ့ ဒုက္ခတွေကိုကြည့်လှည့်ပါဦးကွယ်…ပန်းဝေသီ မောင့်ကို သိပ်ချစ်တယ်…သိပ်ချစ်ရပါတယ်ကွယ်…မောင့်ကို ချစ် ခွဲခဲ့ရမှာ နှလုံးသားကို ထက်ခြမ်းခွဲပြီး ထားခဲ့ရသလိုပဲ ရင်နာလှချည်ရဲ့ရှင်…မောင်…ပန်းဝေသီရဲ့ ချစ်ဦးရယ်…မောင့် ကို ပန်းဝေသီ တကယ်ပဲ ခွဲရတော့မယ်နော်"

မျက်ရည်ပေါက်တို့သည် မောင့် ပုံတူဓာတ်ပုံပေါ်မှာ စီးသွယ်ကျဆင်းလာသည်။

မြော်…ရင်မှာ နာကျင်ပင်ပန်းလှပါဘိကွယ်…

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"ပန်းဝေသီကို တွေ့ချင်လို့တဲ့ ဘိုးတော်တစ်ယောက်"

"ဟင်...ဘယ်သူများပါလိမ့်"

ကိုအောင်နီပြောသည့် ဘိုးတော်မှာ အထက်ဆရာကြီး မဟုတ်ပါ။ သူတို့အခေါ်နှင့်ခေါ်သော အဘိုးကြီးတစ်ယောက်သာ။ ပန်းဝေသီ ကြည့်လိုက်တော့...

"ဟာ...အဘ..အဘ ဦးမြခင်ပါလား"

"ဟုတ်တယ်...ငါ့သမီးကို စိတ်မချလို့ အဘ ဆင်းလာခဲ့တာ"

"အို...သမီး ဝမ်းသာသွားလိုက်တာ အဘရယ်... ကိုအောင်နီ တံခါးဖွင့်ပေးလိုက်ပါ...အဲဒါ မောင့်ရဲ့ အဖေ... ကိုမိုးစွေရဲ့ ဖခင်လေ"

ကိုအောင်နီ မျက်စိလည်ပြီး နားရှုပ်သွားပုံရသည်။ သို့သော် လည်း ကာယကံရှင်များ အရေးကြီးနေ၍ သူ ဘာမှ မေးမနေတော့ပဲ တံခါးဖွင့်ပေးလိုက်တော့...





"အဘ ...အဘရယ်"

ပန်းဝေသီက ပြေးဖက်ပြီး ဆီးငိုတော့သည်။

ပန်းဝေသီ၏ အခက်အခဲ အကျဉ်းအကြပ်တွင်းမှ ကယ်တင်ဖို့အတွက်များ အဘ မွေးဖွားလာလေသလားပင်။ အရင်တခါ ချမ်းမြေ့ဂေဟာမှ ထွက်ပြေးစဉ်ကလည်း ကယ်တင်သူမှာ အဘသာ ပင်...

"မငိုနဲ့သမီးလေး...မငိုနဲ့..အဘ အကြောင်းစုံသိပြီ... အစ်မမိုပြောပြတယ်...ဒါကြောင့် လိုက်လာတာ... လိုင်းကား ဆိုတော့ လူစောင့်ရတာနဲ့ ကြာသွားတာ...မငိုပါနဲ့ သမီးလေးရယ်"

"အဘရယ်..သမီးကို ရန်ကုန်လိုက်ပို့ပါလားရှင်"

"ဖြည်းဖြည်းစဉ်းစားတာပေါ့ကွယ်... သားလေးနဲ့လဲ တိုင်ပင်ပါဦး"

"သူနဲ့ တိုင်ပင်လို့ မဖြစ်တော့ပါဘူး သူ့အမေက..."

"သိတယ်...သိတယ်...အစ်မက မငြိမ်းပြောသွားတာတွေအားလုံး သိလိုက် ကြားလိုက်တယ်...အင်း...မငြိမ်း...မငြိမ်း ..ခုထိ ငွေတွေ ဂုဏ်တွေကို ရှေ့တန်းတင်တုန်းပါကွယ်"

ဘာပဲဖြစ်ဖြစ် တွယ်ရာမဲ့လွန်းစွာ အားငယ်လွန်းစွာဖြင့် ဤတိုက်ကြီးတွင် ကိုအောင်နီလို ရှယ်တူနှင့် နှစ်ယောက်တည်း ရှိနေချိန်မှာ အဘလိုက်လာခြင်းအတွက် ပန်းဝေသီ၏ အားတက်ဝမ်းသာ ရမှုက မြင်းမိုရ်ထက် မြင့်လေသတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"အေး...အခု ရထားနဲ့ ရောက်လာတာပေါ့ကွ... မင်း တစ်ယောက်တည်းလား မောင်အောင်နီ"

"အင်း...ဪ...ဟို..ညှော်.. ညှော်သည်တွေတော့ ရှိတယ်"

ကိုအောင်နီတို့ အခက်ကြီးခက်နေသည်။

ဤအိမ်၌ ပန်းဝေသီရှိနေသည်ဟု သူ မပြောရဲ။

"ဦးလေးသန့်က သတင်းကြားလို့ လိုက်လာတာလား"

"ဟုတ်တယ်..ဒါကြောင့် ချက်ချင်းလိုက်လာခဲ့တာပေါ့"

မန္တလေး အခ်ိန်အမြန်ရထားနှင့် ရောက်လာသူက ရန်ကုန်မှ ဦးမျိုးသန့်...

ကိုအောင်နီက ဦးမျိုးခန့်သေဆုံးကြောင်းကြား၍ လိုက်လာသည်အထင်နှင့် မေးသည်ကို ဦးမျိုးသန့်က သူ့သမီးထွက်ပြေးသည့်ကိစ္စ မေးသည်ဟုထင်ပြီး ပြောနေတော့သည်။

ထမင်းစားခန်းအတွင်းမှာ ပန်းဝေသီ စားဖြစ်စေရန်သမီး ငယ်လေးတစ်ယောက်လို ချော့ကျွေးနေရှာသော ဦးမြဒင်နှင့် ပန်းဝေသီတို့မှာ အပြင်မှ စကားသံများကို ကြားလိုက်ရပြီးသည်နှင့်





ပန်းဝေသီသည် လက်ကိုရေနှင့်သာနှစ်ဆေးပြီး လက်ပင် မသုတ်ဖြစ်တော့ပါပဲနှင့် ပြေးထွက်လာတော့ တကယ်ပါပဲ.. ဦးမျိုးသန့်။

ပန်းဝေသီ၏ ဘဝတစ်ခုလုံး၏ အားကိုးရာ မွေးစားဖခင် ကြီး ဦးမျိုးသန့်...

"ဖေဖေ...ဖေဖေ..ဖေဖေရဲ့"

ပန်းဝေသီမှာ ရေနစ်သူတစ်ယောက် တွယ်ရာတစ်ခု ရသွား သလို တအားဖက်လျက် အားရပါးရ ငိုချလိုက်လေတော့သည်။

"တနည်ပြန်လာလို့ သမီး မောင်မိုးစွေနဲ့ ထွက်သွားကြ ပြီဆိုတာ သိရတာနဲ့ ဖေဖေ ချက်ချင်းလိုက်ခဲ့တာ.. ဒီမှာ တည်း နေကျမို့သာ လာခဲ့ရတာ...ငါ့သမီးလေးကို ဒီတိုက်မှာ ဆိုက်ဆိုက် မြိုက်မြိုက် တွေ့ရလိမ့်မယ်လို့ မထင်မိဘူး...မငိုနဲ့လေ သမီးလေး မောင်မိုးစွေနဲ့ရော အဆင်ပြေကြရဲ့လား"

ပန်းဝေသီ ခေါင်းယမ်းပြမိသည်။

"ကဲ...ကဲ..လာ..ထိုင်ဦး.. ဖေဖေ့ကို အကြောင်းစုံ ပြောပြစမ်း...ဘာအကြောင်းပဲဖြစ်ဖြစ် ငါ့သမီးရဲ့ရှေ့မှာ ဖေဖေ ရှိနေမယ်...ကြားလား...သမီး"

"သမီး အားရှိပါပြီ...သမီး ဖေဖေနဲ့လိုက်ခဲ့တော့မယ်.. သမီးဘဝကို ဖေဖေ စီစဉ်ပေးပါ ဖေဖေရယ်..သမီးရဲ့ ဒုက္ခအပေါင်း ကလွတ်အောင် ဖေဖေ ဖန်တီးစီစဉ်ပေးပါနော်...ရန်ကုန်အိမ်လဲ ပြန်မလိုက်ချင်ဘူး...ဒီမှာလဲ နေလို့မဖြစ်တော့ဘူး ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို...ဘယ်လိုဖြစ်ကြတာလဲကွယ်...ဒါနဲ့.. ငါ့ သမီးနဲ့ မောင်မိုးဇွေနဲ့ လိုက်ပြေးသွားကြတာဆို"

"ဟုတ်တော့ ဟုတ်ပါတယ်...ဒါပေမယ့် အခု မဟုတ်တော့ဘူး ဖေဖေရဲ့"

"ဟဲ့...သမီး...ဒါက ဘာစကားတွေလဲ"

ပန်းဝေသီမှာ ဇာတ်ရှည်လည်အောင် မပြောတတ်။

ပန်းဝေသီ၏နောက်မှ ထွက်လိုက်လာသော ဦးမြဒင်က ကြားဝင်၍...

"ဒီလိုပါခင်ဗျာ...ဒီကိစ္စ ကျွန်တော် ရှင်းပြပါ့မယ်"

"ဖေဖေ...ဒါ ကိုမိုးဇွေရဲ့ဖခင်အရင်း ဦးမြဒင်တဲ့..."

"ဪ...ဪ"

"ဟုတ်ကဲ့...ကျွန်တော် မြဒင်ပါ...အနှစ်နှစ်ဆယ်ကျော်က ကျွန်တော်တို့ဇာတ်လမ်းတွေတော့ ထားလိုက်ပါတော့လေ...ကျွန်တော် ထောင်ကလွတ်လွတ်ချင်း ဦးမျိုးသန့်တို့ ခြံရှေ့ လာသေးတယ်"

"ဗျာ"

"ကျွန်တော့်သားလေးများ ရန်ကုန်က သူ့ဦးလေးအိမ်မှာ ကျောင်းလာတက်သလားလို့ပါ...တက္ကသိုလ်ကျောင်းသားအရွယ် ရောက်ပြီလေ...ကဲ.. ထားပါတော့...အခု သမီးလေးပန်းဝေသီရဲ့ အကြောင်းပဲ ပထမပြောပါရစေ"





"ဟုတ်ကဲ့...ဟုတ်ကဲ့ ခင်ဗျာ"

"မောင်ဇာနည်သန့်လာပြီး လက်ထပ်ခွင့်တောင်းတာနဲ့ သမီးဟာ မွေးစားသမီးဆိုတာလဲ သိသွား...ဒေါ်ခင်ဖြူသွယ်က သူ့ကို တမင်ဒီပိုထားတာလဲ သိသွားတဲ့အခါမှာ အပျိုလေးဆိုတော့ ရက်ကြောက်စိတ်နဲ့ ဘာမှမစဉ်းစားပဲ ညဘက်ကြီး ထွက်ပြေးလာချိန်မှာ ကျွန်တော်နဲ့ တွေ့ပြီး..............

.................

.................

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဒင်ထံမှ နောက်ဆုံးအချိန်ထိ အကြောင်းစုံအသေးစိတ်ကို သိရပြီးချိန်မှာ...

"တောက်..ခေါင်မြိမ်းမြိမ်းထွေးသာ သမီးချင်းမစာနာဗျာ..ဒီလောက်အထိ ရက်စက်ဖို့မကောင်းပါဘူး...သူ့သမီးတွေကျွန်တော်ကိုယ်တိုင် ကြည့်ရှုစာသင်ပေး၊ စောင့်ရှောက်ပေးနေတာ ဒီမှာ...သမီး"

"ရှင်...ဖေဖေ"

"ဒီကိစ္စကို ဖေဖေ လုံးဝသည်းမခံနိုင်ဘူး..သမီး မောင်မိုးကို စွန့်လွှတ်နိုင်သလား"

"သမီး သူ့ကို သိပ်ချစ်တယ်...ဒါပေမယ့် သိပ်ချစ်





တဲ့သူ့ကို သမီး မယူချင်ဘူး"

"ကောင်းပြီ...သမီးတို့လဲ နက်ဖြန်မှ လက်ထပ်ဖို့ စီစဉ်ထားကြတာပဲ...တော်သေးတာပေါ့"

ဦးမိုးသန့်အတွက်မှာ သည်မျှ ဒေါသပြင်းပြသော ခံစားမှုမျိုး မဖြစ်ထွန်းခဲ့ဖူးသေး။

"ဒီမှာ...သမီး"

"ဟုတ်ကဲ့...ဖေဖေ"

"ပြန်ကြမယ်...သင်းတို့တိုက်မှာလဲ မနေချင်တော့ဘူး အိမ်ပြန်ရောက်လို့ ငါ့သမီးကို လက်မခံချင်ကြဘူးဆိုရင် ဖေဖေပါ အိမ်ပေါ်က ဆင်းမယ်...ငါ့သမီးလေးနဲ့ပဲ ဖေဖေ တသက်လုံးနေမယ်"

"ဖေဖေရယ်"

"သမီးရဲ့ဖေဖေကြောင့် ဖေဖေ ခုလို လူ့ဘဝမှာ အသက်ရှင်နေခွင့်ရခဲ့တာ...သမီးလေးကိုလဲ အပ်သွားရှာတာ...ငါ့သမီးကို ပစ်ထားရင် ဖေဖေ့လောက် မိုက်မဲတဲ့လူ ဒီလောကမှာ မရှိနိုင်တော့ဘူး...သမီးကို ပြုစုစောင့်ရှောက်နေတာဟာ အဘ ဦးဘိုးအံ့ကို ကျေးဇူးဆပ်နေတာနဲ့ အတူတူပဲ...ကဲ...တို့သားအဖနှစ်ယောက် ပြန်ကြမယ် သမီး...ရန်ကုန်ရောက်မှပဲ ကြည့်စီစဉ်မယ်... သမီးပစ္စည်းတွေယူ...သွားမယ်"

"အိုး...ဖေဖေ နေ...နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးမျိုးသန့်...နောက်တစ်ခု ပြောစရာလဲ ကျန်ပါသေးတယ်ခင်ဗျာ"

"ဘာအကြောင်းလဲ သမီး"

ပန်းဝေသီက မပြောရက်၊ မပြောရဲသလို ဦးမြဲခင်ကို အားကိုးစွာ လှည့်ကြည့်နေ၍...

"ဒီလိုပါ ဦးမျိုးသန့်...ပြောရမှာလဲ စိတ်မကောင်းစရာပဲ မနေ့ညနေက ဦးမျိုးခန့် ဆုံးသွားပါပြီ"

"ဟင်..."

"ဟုတ်ပါတယ် ဖေဖေ...အဲ...အဲဒါ ဖေဖေ သွားဦးမှ ကောင်းမှာပါ"

ဘာပဲပြောပြော နှစ်ယောက်တည်းသာရှိသော ညီအစ်ကို အရင်းချင်းမို့ ဦးမျိုးသန့် အတော်ကြီး စိတ်ထိခိုက်သွားရှာသည်။

"ဒီတော့...နက်ဖြန် ဦးမျိုးသန့် မိုးကုတ်ကို တက်လိုက်သွားပါ...သမီးလေးကို စိတ်ချ...ကျွန်တော်ကိုယ်တိုင် စောင့်ရှောက်ထားပါ့မယ်"

ဦးမျိုးသန့်က ခေါင်းကို ဖြည်းဖြည်းညိတ်ပြီး...

"သမီး"

"ရှင်...ဖေဖေ"

"ဒီမှာပဲ နေခဲ့...ဖေဖေ သွားပြီး ချက်ချင်းပြန်လာခဲ့မယ် ဒီလောက် နှိမ်ချင်တဲ့ မိန်းမကို တသက်လုံး ပတ်သက်မခံစေပါ နဲ့





သမီးရယ်...သမီး စိတ်ပြောင်းမသွားပါစေနဲ့"

"စိတ်ချပါ ဖေဖေ"

"အေး...ဖေဖေ မိုးကုတ်က ပြန်လာပြီးတာနဲ့ တို့သားအဖ နှစ်ယောက် ရန်ကုန်ပြန်ကြမယ်နော်"

"ကောင်းပါပြီ ဖေဖေ...သမီး ဖေဖေနဲ့ပဲ ပြန်လိုက်ခဲ့ပါတော့မယ် ဖေဖေရယ်"

ဆယ်တန်းစာမေးပွဲ ရက်ကပ်နေသော်လည်း ဦးမျိုးခန့်၏ သမီးအရင်းများဖြစ်ကြသော ပစ္စုန်နှင့် အမ္ဗုန်တို့နှစ်ယောက် လုံး ရောက်လာကြသည်။ မန္တလေးသို့လေယာဉ်နှင့်။ လေယာဉ်ပေါ်က ဆင်းဆင်းချင်း ကားနှင့်တက်ခဲ့သဖြင့် အချိန်မီလေသည်။

ကိုမိုးခွေ စိစဉ်သော နေ့လယ်လည်း အသုဘ မချဖြစ်၊ သမီးများကို စောင့်နေသဖြင့် ဂူသွင်းချိန် မီသွားတော့သည်။

အချိန်လည်း လင့်ပြီမို့ ထိုနေ့ညနေက ကိုမိုးခွေ မန္တလေး သို့မဆင်းနိုင်တော့ပါ။

မာန်စွယ်အားလုံး ကျသွားသော ဒေါ်ငြိမ်းငြိမ်းထွေး တယောက် ပူဆွေးစွာ ငိုကြွေးနေသည်ကို ကြည့်ပြန်တော့လည်း ဦးမျိုးသန့် စိတ်မကောင်းနိုင်တော့။

အမှန်မှာ ကိုမိုးခွေကို ပန်းဝေသီနှင့်ခွဲစေခြင်းမှာလည်း အတ္တ ဆန်လွန်းသောမိခင်၏ ကြီးမားသောချစ်မေတ္တာကြောင့်ပါလေဟု...

စိတ် ကောင်းစိတ်မြတ်ရှိသော ဦးမျိုးသန့် ဖြေသိမ့်လိုက်ပြီ။

www.burmeseclassic.com



တိုနေ့ညဦး မိသားစု စုံညီချိန်မှာ တူမလေး သုံးယောက်ကို အောက်ထပ်၌ နေစေပြီး ဦးမျိုးသန့် ဦးဆောင်၍ အပေါ်ထပ်၌ ဆွေးနွေးပွဲလေး စတင်သည်။

ဦးမျိုးသန့်က ကိုမိုးစွေသို့ အကြောင်းစုံ ဖွင့်ပြောပြခဲ့ပြီး လေပြီ။

ယခု အပေါ်ထပ်မှာ ဦးမျိုးသန့်၊ ဒေါ်ငြိမ်းငြိမ်းတွေးနှင့် ကိုမိုးစွေ။

"မမငြိမ်း စိတ် ပူဆွေးနေချိန်မှာ ဆွေးနွေးရတာ ကတော့ အားနာပါတယ်၊ ကျွန်တော်လဲ မနက်ဖြန်ပြန်ရတော့မှာမို့ပါ"

"ရက်လည်အောင်တောင် မနေတော့ ဘူးလားကွယ်"

"ခွင့်လွှတ်ပါ မမငြိမ်း၊ မမငြိမ်းပစ်ထားခဲ့တဲ့ ကျွန်တော့် သမီးလေး အားငယ်နေရှာလို့ ကျွန်တော်ပြန်တော့မယ်"

"အေးပေါ့လေ‥ မနေနိုင်လဲ ပြန်ပါကွယ်"

"တဆက်တည်းပဲ ပြောပါရစေ၊ မမငြိမ်းသားနဲ့ ကျွန်တော့် သမီးလေးကို သဘောမတူနိုင်သလို ကျွန်တော့်သမီးလေးကိုလဲ မောင်မိုးစွေနဲ့ မပေးစားနိုင်ပါဘူး"

"ဗျာ ..."

"ပန်းဝေသီဟာ ဖာကယ့် အပြစ်မဲ့တဲ့ ကလေးပါ။ မောင်မိုးစွေ မင်းချမ်းသာတာနဲ့ ..."

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး ဦးလေးသန့်"

"ငါ အကုန်လုံး အသေးစိတ် သိပြီးပါပြီ မောင်မိုးစွေ မင်းနဲ့ ပေးစားယင်လဲ မင်းအမေနဲ့ မလွယ်ဘူး။ ဒီငွေတွေ။ အမွေတွေရိုက်





ပြဿနာဟာ အမြဲတက်နေမှာပဲ၊ ဒီ အမွေကြောင့်ပဲ အစ်ကိုလဲ သေခဲ့ပြီ ဒီတော့ ... မလောင်သေးတဲ့ မီးကိုပဲ တားမယ်၊ ကျွန်တော့် သမီး ကျွန်တော် ပြန်ခေါ်သွားမယ်၊ ပန်းဝေသီကလဲ ပြန်လိုက်မယ်လို့ ဆုံးဖြတ်ပြီးပြီ၊ မမငြိမ်း ပြောခဲ့တာတွေလဲစိတ်နာမှာပေါ့ ‥ နာလဲနာလောက်အောင် ပြောခဲ့တာပဲလေ ..."

ဖခင်စိတ်နှင့် ပန်းဝေသီဘက်က နာကျည်းစွာ ပြောလိုက်မိသည်။

"ဒီမှာ ဦးလေးသန့် ... မေမေ ..."

"ဒီကိစ္စ သားနဲ့ မေမေ အကျေအလည် ဆွေးနွေး ပြီးပြီလေ"

"ဟုတ်ပါတယ် သား"

"ဦးလေးသန့်ရယ် မေမေ့ကို မေးကြည့်ပါဗျာ။ ကျွန်တော် ချမ်းသာလို့ မပေးစားနိုင်ဘူးဆိုယင် ဒီအမွေတွေအားလုံး စွန့်လွှတ်ထားခဲ့မယ်။ ပန်းဝေသီကို ကျွန်တော် မစွန့်လွှတ်နိုင်ဘူး။ နက်ဖြန် ကျွန်တော်လဲ မန္တလေးပြန်မှာပဲ"

"သားရယ်"

"ကျွန်တော် ဆယ့်ခြောက်နှစ်သားလေးမဟုတ်ဘူး မေမေ၊ သားအရင်းလို့ မပြောပါနဲ့ဆိုတဲ့ ထိမ်းချုပ်မှုကြီးကို ကျွန်တော် တသက်လုံး လိုက်နာခဲ့ပါတယ် မေမေရဲ့ အခုဟာက ကျွန်တော့်ရဲ့ နှလုံးသားရေးရာ တလျှာ၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ရှိတဲ့ကိစ္စ ‥ မေမေ မက်မောတဲ့ အမွေတွေ မေမေနဲ့ထားခဲ့မယ်လေဗျီးရောင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးဇွေ ဒေါ်သ မကြီးနဲ့လေ"

"ပြောပါစေ မောင်မျိုးသန့်ရယ်။ မမငြိမ်း ဘဝကလဲဆိုး ခဲ့တာကို၊ မင်းရဲ့အစ်ကိုကြောင့် သားကို သားလို့ မပြောနိုင်တဲ့ဘဝနဲ့"

"ကဲဗျာ · · ဒါတွေက မမငြိမ်းတို့ သားအမိချင်းရှင်းကြ။ ကျွန်တော် ပြောလိုတာက ကျွန်တော့်သမီးလေးနဲ့ မပေးစားနိုင်ဘူးဆိုတဲ့ အချက်ပဲ"

"ကျွန်တော် ပန်းဝေသီကို မစွန့်လွှတ်ပါရစေနဲ့ ဦးလေးရယ် ကျန်တာတွေအားလုံး စွန့်လွှတ်နိုင်ပါတယ်"

"သား"

"ပြောပါ မေမေ၊ သားမှားယင်လဲ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ် သားရယ်· · ခွင့်လွှတ်ပါတယ်။ မေ့မေ့မှာ ပြောစရာရှိပါတယ်။ မောင်မျိုးသန့်လဲ ထိုင်ပါအုန်း"

"ဟုတ်ကဲ့"

"ပြောပါ မေမေ"

"သားအဘိုး ကိုယ်တိုင်က စွန့်လွှတ်စာတမ်းနဲ့ ပေးခဲ့တဲ့ အမွေတွေကို မေမေ မယူလိုပါဘူးသား။ မေမေ ကိုယ်တိုင်က သမီး တွေထက်ပိုချစ်တဲ့ သားကြီးစံစားရစေချင်လို့ ဖေဖေနဲ့တိုင်ပင်ပြီးလုပ်ခဲ့ တဲ့ ကိစ္စပါ။ မေမေ သားဆီက ပြန်တောင်းချင်တာရှိပါတယ်"

"ပြောပါ မေမေ"

"ဒီ ချမ်းမြေ့ဂေဟာရယ်၊ ကျုပ်ပြင်က တိုက်နဲ့လုပ်ငန်း ရယ်က





သား ညီမလေးတွေအတွက် ပြန်ပေးခဲ့ပါ၊ ခုဆို ဝသန်လဲ လူကောင်း ပကာတိ ပြန်ဖြစ်သွားပါပြီလေ"

"ဒါတွေ ပြောနေစရာမလိုပါဘူး မေမေ"

"ဒါဆို ကောင်းပြီ။ ပန်းဝေသီဆီကို သားလိုက်သွားနိုင်ပါပြီ သားကြီးရယ်"

ကိုမိုးဇွေ၏ ဝင်းသာလွန်းသော မျက်နှာကို ဒေါ်ငြိမ်းငြိမ်း ထွေး ကြည်နူးစွာမြင်လိုက်ရပါပြီ။

"တခုတော့ရှိတယ် မောင်မိုးဇွေ"

"ပြောပါ ဦးလေး ခင်ဗျာ"

"သမီး ပန်းဝေသီဟာ မင်းနဲ့လမ်းခွဲဖို့ ဆုံးဖြတ်ပြီးပြီ။ အဲဒီတော့ ဦးလေး ကြားကတောင်းပန်ပါရစေ · · · "

"ဘာမှားပါလဲ ဦးလေး"

"ငါ့ သမီးလေး ကြိုက်သလိုဆုံးဖြတ်ပါစေကွယ်"

"ခင်ဗျာ · · · "

"နက်ဖြန် မန္တလေးရောက်လို့ မင်းနဲ့ နေခဲ့ချင်ပါတယ်ဆိုလဲ ခေါ်ထားနိုင်ပါတယ်။ တကယ်လို့ သူ့ဆုံးဖြတ်ချက်အတိုင်း ဦးလေးနဲ့ ပြန်လိုက်မယ် ဆိုယင်လဲ ဦးလေးပြန်ခေါ်သွားမယ် သမီးလေးကို ပြန် ခေါ်သွားမယ်၊ အဲဒီအခါမှာ မင်းမတားပါနဲ့"

ကိုမိုးဇွေ၏ ကြည်နူးဝမ်းသာမှုများ ညှိုးမှိန်သွားရလေပြီ။ သူတို့သားအဖ နှစ်ယောက်ပြန်ကြဖို့ စီစဉ်ပြီးသားမို့ သူ ပြန်တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



မို့မှ ပန်းဝေသီ ကျေနပ်ပါတော့မလား။

"ချစ်ရယ် ••ဖြစ်ခဲ့သမျှ အားလုံးကိစ္စမှာ မောင့်မှာအပြစ်မရှိပါဘူးကွယ်"

"ချစ်သည်သာ မောင့်ကို ခွင့်လွှတ်ပြီး မောင်နဲ့နေရစ်ခဲ့ပါယ်လို့ ဆုံးဖြတ်ပေးနိုင်ပါစေသားကွယ်"

ㅇ ㅇ ㅇ





ဦးမျိုးသန့်နှင့် ကိုမိုးဧွေတို့ပြန်ရောက်လာတော့ တိုက်တံခါးကြီး သော့ခတ်လျက် တွေ့ကြရသည်။

နှစ်ယောက်လုံး၏ ရင်မှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားကြရသည်။

ကိုမိုးဧွေထံ၌ ထာဝရရှိနေသော သော့တချောင်းဖြင့် တံခါးကို ဖွင့်ဝင်လိုက်ကြသည်။ ဧည့်သည်တို့အတွက်ထားသော အောက်ထပ် အိပ်ခန်းတွင်းသို့ ကိုမိုးဧွေ ပြေးဝင်ကြည့်လိုက်တော့ • •

"အမယ်လေး • • •တော်ပါသေးရဲ့ • • • ချစ်ရဲ့ သေ့ပ္ပာ ရှိနေတယ်၊ သူ ခရီးမဆက်သေးပါဘူးလေ"

"ဦးမြဒင်ပါရှိနေတော့ စိတ်ချရပါတယ်၊ မင်း သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ခပ်ကြောင်ကြောင်ရယ်...”

“သူတို့ ဘယ်သွားမယ်ထင်လဲဟင် ဦးလေး...ကျွန်တော် လိုက်ရှာမယ်ဗျာ”

“ဦးမြဒင်ပါတော့ ဘုရားတွေ ဘာတွေ သွားမယ် ထင်ပါရဲ့ ဦးမြဒင်ကလဲ သမီးလေးပေါ်မှာ အတော်ကြီးသံယောဇဉ်ရှိပုံရပါတယ်”

“ဟုတ်တယ် သိပ်လိမ္မာတဲ့ ပန်းဝေသီကို လူတိုင်း ချစ်ပါတယ်ဗျာ”

“မင်း လိုက်ရှာမနေနဲ့လေ မောင်မိုးစွေ... သူတို့ ပြန်လာမှာပါ”

ဦးမျိုးသန့်၏ အတွေးသည် ပညာရှိ ပီသလှပါပေသည်။

မြင်းရထားတစ်စီးနှင့် ဦးမြဒင်၊ ကိုအောင်နီ နှင့် ပန်းဝေသီတို့ ပြန်ရောက်လာကြသည်။

“ပန်းဝေသီ..မောင် ရောက်နေပါပြီ”

“ဟင်”

မြင်းလှည်းပေါ်မှ ဆင်းပြီး အံ့ဩလွန်းစွာ ပန်းဝေသီ ကြောင်ကြောင်ကြီး ရပ်နေမိသည်။ ဦးမြဒင်က...

“ပန်းဝေသီ မနက်ရထားနဲ့ ပြန်မှာမို့ အဖေ ဘုရားကြီးကို လိုက်ပို့တာ..ဦးမျိုးသန့်ရော ပါတယ်မဟုတ်လား”

“ဟုတ်ကဲ့..အဖေ သွားစကားပြောလိုက်ပါအုန်း”





“အေး..အေး..., လာ... အောင်နီ”

ဦးမြဒင်က နားလည်မှုရှိစွာ အိမ်ထဲဝင်သွားသော်လည်း အလိုက်မသိစွာ ချစ်သူနှစ်ဦးကိုငေးကြည့်နေသော ကိုအောင်နီကို အဘိုးကြီးအာပင် ခေါ်၍ဝင်သွားရတော့သည်။

“ပန်းဝေသီ... လာပါအုန်း အချစ်ရယ်”

တိုက်၏ ခေါင်းရင်းဘက်မှ ယုဇနရုံလေးရှိရာ ခုံတန်းလျားဆီသို့ ကိုမိုးစွေက လက်တွဲခေါ်ပြီး...

“ချစ် မောင့်ကို တကယ်ထားခဲ့ပြီးပြန်သွားတော့မှာလားဟင်”

“ဟုတ်တယ်”

“ပန်းဝေသီဆိုတဲ့ မိန်းကလေးကို သိပ်ချစ်တဲ့မောင့်မှာ ဘာအပြစ်ရှိလို့လဲ ချစ်ရယ်”

“မောင့်မှာတော့ အပြစ်မရှိပါဘူးလေ..ဒါပေမယ့် မောင့်မေမေကိုလဲ ကတိပေးပြီးပြီ ဖေဖေနဲ့ ရန်ကုန်ပြန်လိုက်သွားမယ်လို့လဲ ပြောပြီးခဲ့ပြီ မောင်...”

“ချစ်ရယ်”

“ပန်းဝေသီ ပြန်လိုက်သွားပါရစေတော့ကွယ်”

“မောင့်ဘဝကို မသတ်ခဲ့ပါနဲ့ ချစ်ရယ်.. ဒီကိစ္စတွေအားလုံး မေမေနဲ့ရော..ဦးလေးသန့်နဲ့ပါ ဆွေးနွေးခဲ့ပြီးပါပြီ...အမွေသာမက အားလုံးကို စွန့်လွှတ်ခဲ့ပါပြီ.. မောင် မစွန့်လွှတ်နိုင်တာက ပန်းဝေသီကိုပါ”

www.burmeseclassic.com



ပန်းဝေသီ မျက်ဝန်းမှ မျက်ရည်တို့ကြွေလာသည်။ ဆုံးဖြတ်ပြီးသော်လည်း အချစ်ဆုံး၏စကားသံများက နှလုံးသားကို ကိုင်လှုပ်သည်သို့ ဆုံးဖြတ်မှုတွေ ယိမ်းယိုင်စပြုနေပါပြီ။

"မန္တလေးမြို့တော်ဟာ မြန်မာပြည်ရဲ့ အလယ်ဗဟိုက ဒုတိယမြို့တော်ပါ ပန်းဝေသီ။ ဒီကနေပြီး ရန်ကုန်ပြန်လို့ရသလို၊ မိုးကုတ်သွားလို့လဲ ရတယ်။ ပြင်ဦးလွင်တက်လို့လဲဖြစ်တဲ့ လမ်းခွဲမြို့ပါ"

"ဒီမြို့ကနေပြီး ပန်းဝေသီ ရန်ကုန်ပြန်သွားရင် မောင်အသည်းနှလုံးကြွေပြီး ဘဝသေပြီး ကျန်ရစ်ခဲ့မှာပါ"

"မောင်ရယ်"

"ပြင်ဦးလွင်ခြံလေးကို ပြန်မယ်ဆိုရင်တော့ မောင်တို့နှစ်ယောက် တည်ဆောက်အံ့ဆဲဆဲ ဘဝသစ်ကလေးကို ပြန်လည်ပြီးလှပစွာ တည်ဆောက်နိုင်မှာ ချစ်ရယ်"

"ခုချိန်မှာ အရာအားလုံးဟာ ပန်းဝေသီပေါ်မှာပဲ မူတည်နေပါတယ်။ ချစ်ရဲ့ ဆုံးဖြတ်ချက်ဟာ မောင့်ဘဝရဲ့ အဓိပ္ပာယ်ဖြစ်နေပါတယ်။ ဒါကြောင့် ချစ်ကို မောင် တစ်ခုပဲမေးချင်ပါတယ်"

"ဟင်... ဘာမေးမှာလဲ မောင်"

"ချစ်ရယ်... လမ်းခွဲမှာ လမ်းခွဲမှာလားကွယ်"

○ ○ ○





ဦးမြခင်နှင့် ဦးမျိုးသန့်တို့၏ခြေရင်းကြမ်းပြင်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့နေကြသော သားနှင့်သမီးကိုကြည့်ပြီး အဘိုးကြီးနှစ်ယောက်တိုပင် မျက်နှာမထားတတ်အောင် ပြုံးယောင် ပြုံးချင်နေကြသည်။

"သမီးကို ခွင့်လွှတ်ပါ ဖေဖေရယ်...သမီး နေခဲ့ပါရစေတော့"

"ကောင်းပါပြီး သမီးရယ်...စိတ်ချမ်းသာကိုယ်ချမ်းသာရှိကြပါစေကွယ်"

"ဖေဖေ ပေးတဲ့ဆုနဲ့ ပြည့်ဝရပါစေ"

ဖခင်ကြီးနှစ်ဦးရှေ့မှ ပြုံးတူထလိုက်ကြသော ကိုမိုးစွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝေသီကိုကြည့်ပြီး ဦးမြခင်က...

"စိတ်ချခဲ့ပါ ဦးမျိုးသန့်...ကျွန်တော်လဲ ပြင်ဦးလွင်ခြံမှာ နေပြီး တရားဓမ္မအားထုတ်ရင်း ကလေးတွေကို ကြည့်ရှုစောင့်ရှောက်ပါ့မယ်ဗျာ"

"ကျေးဇူးတင်ပါတယ် ဦးမြခင်"

နောက်ဘက်ဆီမှ ပြေလည်နေကြသော အဘိုးကြီးနှစ်ဦးကို ကျောခိုင်း၍ ထွက်လာခဲ့ကြတော့သည်။

ကိုမိုးစွေသည် သူ၏ အသည်းနှလုံးထက်၊ သူ၏ဘဝထက်၊ သူ၏ စည်းစိမ်ဥစ္စာများစွာတို့ထက် ပို၍တန်ဖိုးထားရပါသော သူ အချစ်ဆုံး "ချစ်"၏လက်ကလေးကို မြတ်နိုးလွှန်းစွာတွဲခေါ်လျက်...

၀ ၀ ၀

...ပြီးပါပြီ...

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၂၄-၂-၁၉၇၅

ကြောင်နှစ်ကောင်စာပေ

BURMESE CLASSIC

www.burmeseclassic.com